
ပခုက္ကူစာပေဆု ဝတ္ထုရှည် တတိယဆုရ

# ရင်ဆိုင်တိုက်ပွဲ

## ကေတုလှနိုင်



၂၀၁၄ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု၊ ဝတ္ထုရှည်၊ တတိယဆု

# ရင်ဆိုင်တိုက်ပွဲ

## ကေတုလှနိုင်


တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)
စာတည်း (တာဝန်ခံ)
- ဒေါ်မျိုးမျိုးကြည်
စာတည်း

အဖုံးပန်းချီ - ဇော်နိုင်ထွန်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၅ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

တန်ဖိုး (၂၀၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်
ဦးအောင်သန်း (မင်းခန့်ရွှေ) က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

**ဒို့တာဝန် အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## အခန်း (၁)

# ရင်ဆိုင်တိုက်ပွဲ

ဤပတ်ဝန်းကျင်ရှိ အရာခပ်သိမ်းသည် ပူပြင်းခြောက်သွေ့နေသည်။ သစ်ပင်၊ ဝါးပင်တို့သည် အပူဒဏ်ကို ကြိတ်မှိတ်ငုံ့ခံနေရသလို ရှိသည်။ သစ်ရွက်တွေမှာ အစိမ်းရောင်ချည်းမဟုတ်။ တစ်စိတ်တစ်ပိုင်း ဝါကျင်နေကြပြီ။ နွေလေတွေ့၍ ကွေ့လာလျှင် ကြွေဟန်စောနေသော ညောင်ရွက်တွေက အလှုပ်မခံ၊ ပြုတ်ကြွေလျော့ဆင်း၍ သွားလေသည်။ တစ်ရွက်လည်းမဟုတ်၊ နှစ်ရွက်လည်းမက၊ သစ်ရွက်တွေ. . . သစ်ရွက်တွေ. . .

သစ်ရိပ်တန်းအောက် လူလျှောက်လမ်းကြောင်းကလေးမှာ သစ်ရွက်ခြောက်များ မဖုံးတစ်ဝက်၊ ဖုံးတစ်ဝက်။ သစ်ရိပ်တန်းဟိုမှာဘက်သို့ရောက်လျှင်ကား လူလျှောက်လမ်းကြောင်းကလေးသည် မြက်ရိုင်းတောကိုဖြတ်ကာ ရေစီးကြောင်းပင် မရှိတော့သောချောင်းအောက်သို့ ဆင်းသွားလေသည်။ ဟိုမှာဘက်ကမ်းရောက်လျှင် ကွေ့ကောက်၍ ချောင်းကမ်းပေါ် တက်သွားလေသည်။ သည်လမ်းကြောင်းကလေးမှာ ကျွန်တော်လျှောက်နေကျ။ အငြိမ့်မင်းသမီးကြီး ဒေါ်အောင်မြင့်ထံတွင် သီချင်းတက်ပြီး အိမ်ပြန်လျှင် သည်လမ်းကပြန်မြဲ။

ခုလည်း ကျွန်တော်သည် ဒေါ်အောင်မြင့်ထံတွင် သီချင်း တက်ပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်မြင့်က **“မန်းတောင်လက်ျာသီချင်း”** ကို တက်ပေးနေသည်။ သူက စည်းဝါးကိုင်၍ ပါးစပ်ကချပေးပြီး ကျွန်တော်က ဘင်ဂျိုနှင့် လိုက်တီးရသည်။ သူကိုယ်တိုင် ဘင်ဂျိုမတီးတတ်ပေမယ့် ကျွန်တော် လက်ကွက်မှားလျှင် သူသိသည်။ သူသည် အသက် (၅၀) ကျော် လာပြီမို့ အငြိမ့်မကတော့ပါ။ ဘုရားပွဲများ၌ဝင်သောဇာတ်များက လာငှားလျှင် သူလိုက်၍ ကပေးသည်။ ဒေါ်အောင်မြင့် ဇာတ်ကသည်ကို ကျွန်တော်မကြည့်ဖူးပေမယ့် ကြည့်ဖူးသူများက သူ့ကို နောက်ပိုင်းဇာတ်အလွမ်းပိုင်သည်ဟု ပြောသည်။ သဘင် ပညာကြွယ်ဝသော မင်းသမီးကြီးတစ်ဦးဖြစ်သည်။

ဘုရားပွဲအကြောင်း ဒေါ်အောင်မြင့် ကျွန်တော့်ကို ပြောဖူးသည်။

“ပုဂံခေတ်ကစပြီး ဘုရားပွဲတွေရှိခဲ့တာ ရှေးလူကြီးတွေ အမြော်အမြင်ကြီးတယ်လို့ ပြောနိုင်တယ်၊ အဲဒီခေတ်တွေမှာ စာရွက်စာတမ်း ပေထက်အက္ခရာမထွန်းကားသေးလို့ ကျေးလက် လူအများ အသိပညာတိုးတက်ဖို့ ဇာတ်နိပါတ်တွေနားလည်ဖို့ ရင်းနှီးဖို့ ဒါနခန်း၊ သီလခန်း၊ ဘာဝနာခန်းသိဖို့ ဘုရားပွဲတွေကို အားကိုးစရာ ဖြစ်နေတယ်မဟုတ်လား” ဟု ဒေါ်အောင်မြင့်က ရှင်းပြဖူးသည်။ သည်တော့မှပဲ ဘုရားပွဲ ပေါ်ပေါက်တည်မြဲနေသည့် အကြောင်းအရင်းမြစ်ကိုသိရသည်။ ကျွန်တော်သည် အရပ်ထဲသို့ လျှောက်ဝင်လာခဲ့သည်။



ကျွန်တော်တို့မြို့ကို ကေတုမတီဟုခေါ်တွင်ခဲ့ပြီး ယခုတော့ တောင်ငူဖြစ်လာပါတော့သည်။ တောင်အငူ၌ တည်ထားသော မြို့ဖြစ်သောကြောင့် တောင်ငူမြို့ဟုခေါ်တွင်ကြောင်း သိရဖူးသည်။ ကျွန်တော်တို့မြို့သည် မြေလတ်ပိုင်းဟုထင်စရာဖြစ်သော်လည်း မြေလတ်ပိုင်းမြို့မဟုတ်၊ အောက်ပိုင်းမြို့ဟုလည်း မှတ်ယူရန်ခက်သည်။ သို့သော် တောင်ငူဟုဖော်ပြလိုက်လျှင် ဘုရင့်နောင်နှင့် သူတည်ထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်ခေတ်ကာလကို သတိရကြမည်မှာ အမှန်ပါပေ။

တောင်ငူမြို့သည် ပဲခူးရိုးမအရှေ့ဘက်၌တည်ရှိပြီး မြို့အရှေ့ဘက်တွင်ကား ရှမ်းရိုးမကုန်းမြေမြင့်ကြီးတည်ရှိသည်။ စစ်တောင်းမြစ်ကြောင်းက ရေစီးကြမ်းသည်လည်းမဟုတ်သလို ရေစီးနှေးသည်လည်းမဟုတ်။ တောင်ငူအရှေ့ဘက်မှ ရစ်ခွေစီးဆင်းလျက် ရှိသည်။ မိုးရာသီမှာ စစ်တောင်းမြစ်ရေစီးကို ကြမ်းသည်ဟု ဆိုနိုင်သည်။ ခပေါင်းချောင်းက မြို့တောင်ဘက်မှာ အနောက်မှ အရှေ့ဘက်သို့ စီးသွယ်လာပြီး စစ်တောင်းမြစ်ထဲစီးဝင်သွားလေသည်။ တောင်ကျချောင်းမျိုးဖြစ်လေရကား မိုးရာသီတွင် ခပေါင်းချောင်းကို ဖြတ်သန်းသွားလာရန်မလွယ်ကူပါ။ ရေစီးအလွန်ကြမ်းသည်။

သည်စဉ်က ဒုတိယကမ္ဘာစစ်မီးတောက်လောင်မည့်ဆဲဆဲပါပေ။ ထိုစစ်သတင်းတွေ တစ်ဟုန်ထိုးပျံ့လွင့်လာသောအခါ ကြားသိရသူအားလုံး တုန်လှုပ်ချောက်ချားနေကြသည်။ သည်နှစ်သည်အချိန်ကျင်းပရမည့် ရာသီပွဲတော်မှာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ

တော်ဖြစ်သည်။ ကျွန်တော်တို့မြို့တွင် သီတင်းကျွတ်လျှင် နှစ်ကိုပ်ရှစ်ဆူဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ခမ်းခမ်းနားနား ကျင်းပမြဲဖြစ်သည်။ ထို့ကြောင့်လည်း စစ်သတင်းတွေကို ဘယ်လိုပဲကြားနေရပါစေ သည်နှစ်ကိုပ်ရှစ်ဆူဘုရားပွဲတော်ကိုတော့ သည်နှစ်အစဉ်အလာမပျက် လုပ်ဖြစ်အောင်လုပ်မည်ဟု မြို့မိမြို့ဖ နှစ်ကိုပ်ရှစ်ဆူဘုရားပွဲတော်ဖြစ်မြောက်ရေးအဖွဲ့က ဆုံးဖြတ်ထားသည်။

"ဟုတ်တယ်. . . ဒါမှ ကျုပ်တို့မြို့အန္တရာယ်ကင်းမယ်"

ဟု ထောက်ခံသူတွေသာများသည်။

"စိုးရိမ်စရာသတင်းတွေ အမျိုးမျိုးကြားနေရပါလျက်နဲ့ မင်းတို့မှို့နှစ်ကိုပ်ရှစ်ဆူဘုရားပွဲလုပ်ရတယ်လို့ကွာ"

ဟုလည်း ကန့်ကွက်ပြောဆိုသူများ ရှိပါသည်။ သို့သော် နည်းသည်။ မှန်ပါသည်။ ဒုတိယကမ္ဘာစစ်သတင်းတွေ ကြားနေရသည်မှာ ကြာပြီ။ သည်တော့. . . ဖြစ်ချင်မှဖြစ်ဦးမည်။ လောလောဆယ်ဘုရားပွဲက အရေးကြီးသည်ဟု တွေးဖြစ်ကြပါသည်။

သည်နှစ်. . . နှစ်ကိုပ်ရှစ်ဆူဘုရားပွဲတော်တွင် သုံးနှစ်ဆက်တိုက်ပါဝင်ကပြဖျော်ဖြေခဲ့သော သံမဏိဓားယိမ်းအဖွဲ့ကပြဦးမည်ဖြစ်သည်။ သံမဏိဓားယိမ်းကို ကျွန်တော်တို့ အာရှလူငယ်အစည်းအရုံးက တာဝန်ယူထားသည်။ နှစ်ကိုပ်ရှစ်ဆူဘုရားပွဲဆိုတာက အိုးစည်ဒိုးပတ် ယိမ်းအကအခုန်များနှင့်အတူ ဘုရားရုပ်ပွားတော်များကို မြို့တွင်းမြို့ပြင် လှည့်လည်အပူဇော်ခံခြင်းအခမ်းအနားမှာ အဓိကအကျဆုံးဖြစ်ပါသည်။ လော်လီကားလိုသည်။ ဆိုင်းအဖွဲ့လိုသည်။ မီးစက်လိုသည်။



လွန်ခဲ့သော သုံးနှစ်လောက်ကစတင်၍ အာရှလူငယ်အစည်းအရုံးကဦးဆောင်၍ သံမဏိဓားယိမ်းတင်ဆက်လာသည်ကို ဗြိတိသျှအစိုးရအာဏာပိုင်အဖွဲ့က ဘာသာရေးအခမ်းအနားတစ်ခုဖြစ်၍ ခွင့်ပြုထားရသော်လည်း ကျေနပ်လှသည်မဟုတ်။

ဘယ်သူမကျေနပ်ပေမယ့် ကျွန်တော်တို့ကမမှု။ ကျွန်တော်တို့ရှေ့မှာ ဆရာဦးချမ်းမြ (မြကေတု)၊ ဆရာဆောင်း၊ ဆရာငြိမ်းမောင်တို့ရှိသည်။ ကောလိပ်ကျောင်းသားတွေ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသား သပိတ်တိုက်ပွဲဝင်တွေ မျိုးချစ်စိတ်ဓာတ်အပြည့်ရှိသည်။

တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ရှိမှသာ ကျွန်ဘဝကလွတ်မြောက်မည်။ မြန်မာ့လွတ်လပ်ရေးရမည်ဖြစ်ကြောင်း ဆရာဦးချမ်းမြက ကျွန်တော်တို့ကို ရှင်းပြသည်။ သူကမြေပိုင်ရှင်သား၊ လူပုံကဖြူဖျော့ဖျော့ ပိန်သွယ်သွယ် မျိုးချစ်စိတ်ဓာတ်ကတော့ပြင်းထန်သည်။

ဆရာဆောင်းနှင့် ဆရာငြိမ်းမောင်တို့လည်း အချိန်ရလျှင်ရသလို သိသင့်သိထိုက်တာတွေကို ပြောပြသည်။ ရှင်းပြသည်။ သူတို့နှစ်ယောက်က ဦးတည်ချက်ချင်းတူပေမယ့် စရိုက်အနေမှာကျမတူ။ ဆရာဆောင်းက လူအေး၊ စာဖတ်ချင်ဖတ်မည်။ တယောထိုးချင်ထိုးမည်။ ဒါက ဆရာဆောင်း၏အဓိကအကျဆုံးအလုပ်ဖြစ်သည်။ ဆရာငြိမ်းမောင်က ခပ်ကြမ်းကြမ်း၊ တိုက်ယူရမည်ဆိုတာက စပြောတတ်သည်။ ဆရာဦးချမ်းမြရော ဆရာဆောင်းပါ ဆရာငြိမ်းကို သတိပေးရသည်မှာ အမော။

"ဒီပုဂ္ဂိုလ်က နာမည်ကသာဘိုနာမည်၊ မျိုးချစ်စိတ် အလွန်အမင်း ပြင်းထန်တာ၊ သူ့စိတ်ကူးတွေက ခေတ်လည်းမီတယ်၊ ဗြိတိသျှကိုလိုနီအစိုးရခေတ်မှာ ပဲရော့တက္ကစီကား ကုမ္ပဏီဖွင့်လှစ် တည်ထောင်နိုင်တဲ့ စိတ်ကူးဟာ ချီးကျူးစရာပဲ"

ဆရာဆောင်းက မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဖြစ်သော ပဲရော့ ဦးဆန်နီအကြောင်း ကျွန်တော်တို့ကို ပြောပြဖူးသည်။

"ပဲရော့တက္ကစီကားမောင်းတဲ့ယာဉ်မောင်းဟာ အနီရောင် မောင့်ကျက်သရေခေါင်းပေါင်း ပေါင်းထားရတယ်၊ တိုက်ပုံဝတ် ရတယ်။ သခင်မျိုးဟော့ တို့ဗမာလေ. . . ဒီလိုပဲဖြစ်ရမှာပေါ့"

သည်တော့ အိုင်ဆေးပါကြီးက. . . ဆရာဆောင်းပြောသမျှ ငြိမ်ငြိမ်ကလေးနားထောင်နေရာမှ. . .

"ဆရာဆောင်း. . . ကျွန်တော်မရှင်းတာလေးတစ်ခုလောက် မေးပါရစေ၊ ဆရာဆောင်း အခုပြောနေတဲ့ ပဲရော့တက္ကစီကား ကုမ္ပဏီပိုင်ရှင်ဦးဆန်နီဟာ ကျွန်တော်တို့သိထားတဲ့ ရုပ်ရှင်ကုမ္ပဏီ ပိုင်ရှင် ဦးဆန်နီပဲလား"

ဟု မေးလိုက်သည်။

"ဟုတ်တယ်လေ. . . ပဲရော့ဦးဆန်နီဟာ တစ်ယောက်တည်းပဲ၊ ရုပ်ရှင်လုပ်ငန်းက ပိုအောင်မြင်လို့ ပဲရော့တက္ကစီကုမ္ပဏီဖွင့်ခဲ့တာကို မသိကြတာ၊ မြို့မကျောင်းအုပ်ကြီး ဦးဘလွင်တို့၊ ပန်းကန်စက် ဦးသော်တို့လည်း ပဲရော့ဦးဆန်နီလို အင်မတန်မျိုးချစ်စိတ်ရှိကြတဲ့ လူတွေပဲ"

"ဒါဆို ဦးဆန်နီဟာ ရုပ်ရှင်အလုပ်ကို စလုပ်တာမဟုတ်ဘူးပေါ့"



ကျွန်တော့်အမေးကို ဆရာဆောင်းက ခေါင်းညိတ်လိုက်ပြီး

"ဟုတ်တယ် မိုးဝေ. . . သူက ရုပ်ရှင်ကို စိတ်ဝင်စားလှတာ မဟုတ်ဘူး၊ ပဲရော့တက္ကစီကားကုမ္ပဏီတည်ထောင်ပြီး အလုပ်ဖြစ် နေတဲ့အချိန် ပုံနှိပ်စက်တစ်လုံး အချောင်ရလိုက်လို့ သတင်းစာ ထုတ်မယ်စိတ်ကူးတုန်း လန်ဒန်အတ်ရုပ်ရှင်ကုမ္ပဏီဖျက်လိုက်တော့ ရုပ်ရှင်သမားတွေ သူ့ဆီရောက်လာတယ်၊ ဒီမှာပဲ ဦးဆန်နီဟာ ပဲရော့ရုပ်ရှင်ကုမ္ပဏီဖွင့်ဖြစ်သွားတာ၊ အမျိုးသားရေးစည်းရုံးတဲ့ နေရာမှာ ရုပ်ရှင်ကပိုမြန်မယ်လို့ ဦးဆန်နီတွက်လိုက်မိလို့ပဲ"

"သူ့အတွက် ခြေမှန်တာပေါ့၊ ပွဲဦးထွက် ၃၆ ကောင် ရုပ်ရှင်ကားမှာ ဒီ ၃၆ ကောင်ကြောင့် ကျွန်တော်တို့မြန်မာတွေ ဖွတ်ကြောပြာစုနေကြရတဲ့အကြောင်း တင်ပြနိုင်ခဲ့တာပဲကိုး"

"အဲဒီကားကို ဗြိတိသျှအစိုးရ ပိတ်ပစ်လိုက်တယ်လေ"

"ဟုတ်လား ဆရာဆောင်း"

"ဟုတ်တယ်. . . မင်းမဖတ်မိလို့ဖြစ်မယ် မိုးဝေ၊ သူရိယ သတင်းစာထဲမှာ ပါလာတာပဲ၊ ဒါပေမဲ့ ဦးဆန်နီရဲ့ ပဲရော့ရုပ်ရှင် ကားတွေ တော်တော်များများဟာ အမျိုးသားရေးစည်းရုံးမှုကား တွေ အတော်များတယ်၊ ၃၆ ကောင် နောက်ပိုင်းရိုက်တဲ့ ဒို့ဒေါင်းလံ၊ ဒို့ဘုရင်၊ လက်ကိုင်တုတ်၊ ရေနံမြေ၊ သတင်းထောက်အားလုံး အမျိုးသားရေးကားတွေပဲ"

ဆရာဆောင်းက ခုလို ကျွန်တော်တို့ကိုပြောနေရလျှင် စာဖတ်ဖို့ရော တယောထိုးဖို့ကိုပါ မေ့နေတတ်သည်။ ကျွန်တော်တို့ ကလည်း သူနှင့်စကားပြောလျှင် အသိပညာတစ်ခုခုရမြဲမို့ ထမင်းမေ့ဟင်းမေ့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ပါ မေ့သွားတတ်သည်။

"သြော်. . . ပဲရော့ဦးဆန်နီအကြောင်းပြောလို့ သူ့ဟောပြောချက်စာအုပ် ငါ့မှာရှိတယ်၊ မနက်ကတောင် ပြန်ဖတ်မိသေးတယ်"

ဟုပြောပြီး ဆရာဆောင်းသည် ထိုင်ရာမှထကာ စာအုပ်စင်မှ စာအုပ်တစ်အုပ်ယူ၍ ကျွန်တော့်ကို ပေးသည်။

"ဖတ်ပြီး ပြန်ပေး၊ မင်းတို့ကိုပဲ စာအုပ်ငှားတာ"

"အမြဲပြန်ပေးပါတယ် ဆရာဆောင်းရယ်"

"ဒီစာအုပ်မှာ သူရေးထားတာက တို့မြန်မာပြည်မှာ စာကြည့်တိုက်တွေ မြို့တိုင်းမှာဖွင့်ဖို့ရေးထားတာ၊ ဒီမှာသိရုံဖတ်ရမယ့် စာအုပ်နဲ့ မှတ်ရမယ့်စာအုပ်တွေအကြောင်းရေးထားတာ၊ မင်းတို့ ဖတ်ပြီးဆွေးနွေးကြဖို့ကောင်းတယ်"

ဆရာဆောင်းက ကျွန်တော်တို့အပေါ် သံယောဇဉ်ပိုမြဲဖြစ်သည်။ ဒေါသကုမ္ပာရဆရာငြိမ်းမောင်ကိုတော့ တွေ့တုန်းတွေ့ခိုက်သာ ဘာသိဘာသာနေသည်။ သူကလည်း လူလွတ်မဟုတ်၊ အိမ်ထောင်နှင့် ကလေးကနှစ်ယောက်။ ပြီးတော့ ယောက္ခမအိမ်ပေါ်တက်နေသူမို့ ကျွန်တော်တို့ကို သူ့အိမ်လာလည်ဖို့ပင်ပြောခဲသည်။ သူ့ဘာသာနေသည်ဆိုပေမယ့် စိတ်ဓာတ်ကမကင်းကွာပါ။

ဆရာဆောင်းက သူ့ဦးလေးအိမ်မှာနေသည်။ သူ့ဦးလေးကလည်း သူ့တူဆရာဆောင်းနှင့် ဘဝတူပါပေ။ ကျွန်တော်တို့က ဆရာဆောင်းကို. . .

"ဆရာဆောင်း အသက်ကရပ်နေတာ မဟုတ်ဘူးနော်၊ အိမ်ထောင်ပြုဖို့စဉ်းစားသင့်ပြီ"

ဟုပြောလျှင်



"ဒီကိစ္စနဲ့တော့ မြှောက်မပေးကြနဲ့ကွာ. . . ငါက မင်းတို့သိတဲ့အတိုင်း ထောင်နှုတ်ခမ်းနင်းနေတဲ့လူပါ"

ဟုပြောသည်။ အမှန်တော့ ဆရာဆောင်းမှာ ချစ်သူတစ်ဦးရှိသည်။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းအတူတက်ခဲ့သူဖြစ်ကြောင်း၊ မိန်းကလေးက လမ်းခွဲခဲ့သည်မဟုတ်သော်လည်း မိန်းကလေးအစ်ကိုက ဆရာဆောင်းကို လာတွေ့ပြီး "မင်းနဲ့ငါ့နှမမေတ္တာမျှနေကြတဲ့ ကိစ္စနဲ့ပတ်သက်လို့ ငါမစွက်ဖက်ချင်ပါဘူး၊ ဒါပေမဲ့ . . . ဒီကိစ္စနဲ့ပတ်သက်လို့ ပြောချင်တာကိုတော့ ပြောရမှာပဲ"

ပြောလာပြီဆိုကတည်းက ဆရာဆောင်းသည် ချစ်သူတစ်ယောက်ဆုံးရှုံးရတော့မည့်အကြောင်း တွေးလိုက်ပြီးဖြစ်သည်။ မိန်းကလေးအစ်ကိုက ဆရာဆောင်းမျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး-

"လောလောဆယ် ငါ့နှမလေးရဲ့ပညာရေး ခရီးလမ်းဖြောင့်စေချင်တာ အမှန်ပါပဲကွာ"

ဟုပြောခဲ့ခြင်းပင်။ သည်အကြောင်း ဆရာဆောင်းက သူ့ရဲဘော်ရဲဘက် ဆရာငြိမ်းမောင်ကိုပြောပြခဲ့ခြင်းဖြစ်သည်။ ဆရာငြိမ်းမောင်ပြောပြ၍ ကျွန်တော်တို့သိခဲ့ရခြင်းဖြစ်ပါသည်။

❐❐❐

# အခန်း (၂)

သဘင်မျိုးမဟုတ်ပါဘဲလျက် ကျွန်တော်ရော ရဲလှပါ အတီးအမှုတ်မှာ ဝါသနာပါနေခဲ့ပါသည်။ ကျွန်တော်တို့နှစ်ယောက် စလုံး ဒေါ်အောင်မြငွေထံတွင် သီချင်းတက်ထားသဖြင့် ကျွန်တော်က သီချင်းကြီး (၁၀) ပုဒ်လောက် ဘင်ဂျိုနှင့်တီးနိုင်သလို ရဲလှက စည်းဝါးကိုင်ပြီး ဆိုနိုင်ပါသည်။ ဤသို့ဖြင့် ရပ်ကွက်ထဲမှာ အလှူအတန်း၊ မင်္ဂလာဆောင်များရှိလျှင် ဒေါ်အောင်မြငွေက ကျွန်တော်တို့နှစ်ယောက်ကို သူ့ဝိုင်းမှာ ခေါ်သုံးသည်။ ကျွန်တော်တို့ နှစ်ယောက်က ညဘက်သူငယ်ချင်းတွေ အပျိုတွေအိမ်ရှေ့လျှောက် ပြန်သံပေးလုပ်ရာ၌ ဂီတဖြင့် ပံ့ပိုးပေးခဲ့ပါသည်။

ခုတော့ ဆရာဆောင်းက

"မင်းတို့က ကိုယ့်ပညာကို နေရာမှန်မှာ အသုံးချရမှန်း မသိတာဘဲ"

ဟုပြောပြီးမကြာပါ။ တာဝန်ပေးလာပါတော့သည်။ ကျွန်တော်တို့မြို့မှာ နှစ်တိုင်းပြုလုပ်ကျင်းပမြဲ နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတွင် သံမဏိယိမ်းအဖွဲ့ဖြင့် လိုက်လံကပြဖျော်ဖြေရန် တာဝန်ပေးခဲ့ခြင်းပါပေ။ အမှန်တော့ သည်ဘုရားပွဲမှာ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်း၊ ရွှေရိုးအကပါပြီးဖြစ်သည်။ ဆရာဆောင်းတို့က-

"ဒီမှာမိုးဝေ မင်းတို့သံမဏိဓားယိမ်းဟာ ဖျော်ဖြေရေး သက်သက်မဟုတ်ဘူး၊ ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊





ဗမာစကားသည်တို့စကား၊ တို့တိုင်းပြည်ကိုချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကိုလေးစားပါ ဆိုတာရယ်၊ သခင်မျိုးဟေ့ တို့ဗမာဆိုတာရယ်၊ တို့မြန်မာပြည်သားတွေရဲ့ရင်ထဲ အသည်းထဲ အရောက်ပေးဖို့ပဲ" ဟု ပြောထားပါသည်။

ခေတ်အခြေအနေက ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့မည်သို့သောရေဒီယိုသတင်း၊ သတင်းစာသတင်း၊ ပါးစပ်သတင်း၊ ပြီးတော့ ကောလာဟလသတင်းများကြောင့် ခပ်လှုပ်လှုပ်ခပ်နှဲ့နှဲ့။ မြို့ထဲကရုပ်ရှင်ရုံများပင် ပိတ်ထားလိုက်ပြီဖြစ်သည်။ အလှူအတန်း များလည်း မလုပ်ကြတော့ပါ။ အလွန်လက်ထပ်ချင်သူများသာ ဇွတ်လက်ထပ်ပွဲလုပ်ကြသည်။ သို့သော် မဏ္ဍပ်မထိုး၊ အိုးစည် ဗုံမောင်းမပါ။ တိတ်တိတ်ဆိတ်ဆိတ်လုပ်ကြရသည်။ နှစ်တိုင်း ကျင်းပပြုလုပ်မြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူဘုရားပွဲကိုမူ ရပ်ကွက်က အစဉ်အလာမဖျက်ချင်။ လုပ်ရမည်။ မြို့ကိုလည်း အန္တရာယ်ကင်း ဘေးရှင်းစေလိမ့်မည်ဟုလည်း အားလုံးကယုံကြည်ထားသောကြောင့် ဖြစ်သည်။

နှစ်စဉ် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ လှည့်လည်အပူဇော်ခံမည့် အခမ်းအနားမလုပ်စေလိုသောသူမှာကား အရေးပိုင်ဦးဘပု ဖြစ်သည်။ သို့သော် ကျွန်တော်တို့က ဂရုမစိုက်။ ဆရာသောင်း ကလည်း လုံးလုံးမမှု။

"သူတို့ကလည်း သူ့ဆန်စားရဲမှမဟုတ်လား၊ ကျေနပ်မှာကို မဟုတ်ဘူး၊ သူတို့ကျေနပ်အောင်လည်း တို့က မလုပ်နိုင်ဘူး၊ ဒီတော့ ကိုယ်လုပ်ရမယ့်အလုပ်ကို ဆက်သာလုပ်"

ဟု ပြောထားသည်။

စိတ်ပျက်စရာကောင်းသည်ကတော့ ဒုတိယကမ္ဘာစစ်မီးတောက်လောင်တော့မည်ဟု ဆိုသည်။ ဗေဒင်ဆရာတွေ နက္ခတ္တဗေဒပညာရှင်တွေကလည်း ဘယ်ဂြိုဟ်နှင့်ဘယ်ဂြိုဟ်ပူးတော့မည်။ သောကြာဂြိုဟ်ကပဲ ကြီးလာသလိုလို။ အရောင်တွေပိုတောက်လာသလိုလို။ ကမ္ဘာပေါ်မှာ သရောကြီးခိုင်းလိမ့်မည်။ သက်ငယ်ကြားငါးတင်၊ တင်တဲ့ငါးကြောင်စား စသည်ဖြင့်ပြောလိုက်ကြသည့်စကားလုံးတွေ။ အတိတ်တွေ၊ နိမိတ်တွေ၊ တဘောင်တွေ. . .။

“အမယ်လေး. . . နားထောင်မနေနဲ့ မိုးပြိုအများပဲ”

ဟုပြောသူတွေက ဆန်စုသည်။ ဆီတွေဆားတွေ စုသည်။ ငွေစုသည်။ မငတ်ဖူးတော့ ငတ်မှာကိုကြောက်သည်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ဖြူ ပဲ စသော မီးဖိုချောင်ပစ္စည်းများကို ဝယ်ယူစုဆောင်းနေသူများတွင် အမေပါသည်။ အဖေက ဘာသိဘာသာ။ နောင်ခါလာနောင်ခါဈေး သဘောထားမျိုး။ စိုးရိမ်တာတော့ အမှန်။

ကျွန်တော်တို့က သံမဏိဓားယိမ်းမကဖြစ်မှာကို စိုးရိမ်နေကြရပါသည်။ ပင်ပင်ပန်းပန်းလုပ်ဆောင်ထားပြီးကာမှ မဖြစ်မှာမျိုး မကြုံလိုသည်ကတော့ အမှန်ပါပေ။ သံမဏိဓားယိမ်းတိုက်ရန် ကျွန်တော်တို့လူတွေ စုရပ်အိမ်မှာ အမှန်မရှိပါ။ ကျွန်တော်တို့အိမ်မှာ ဖြစ်ချင်ဖြစ်မည်။ အိုင်ဆေးပါကြီးတို့အိမ်မှာ ဖြစ်ချင်ဖြစ်မည်။ ဇာတ်မင်းသမီးကြီး ဒေါ်အောင်မြငွေတို့အိမ်မှာလည်း ဖြစ်တတ်ပါသည်။

အိုင်ဆေးပါကြီးတို့အိမ်ခြံထဲမှာ အဆောက်အဦဟောင်းတစ်ခု အပိုရှိသဖြင့် ပို၍အဆင်ပြေနေသည်။ အိုင်ဆေးပါကြီး၏



နာမည်ရင်းမှာ မောင်ပါကြီးဖြစ်သည်။ သူ့နာမည်ရှေ့မှာ အိုင်ဆေးတပ်၍ခေါ်နေသည်မှာ သူက ဘယ်သူနှင့်ပဲဖြစ်စေ စကားပြောလျှင် အိုင်ဆေးကစတတ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့က မောင်ပါကြီးကို အိုင်ဆေးပါကြီးဟုခေါ်လာခဲ့ရာ ယခုဆိုလျှင် နှုတ်ကျိုးနေပြီဖြစ်သည်။

သူ့ကို နာမည်နှင့်တွဲခေါ်၍ တော်သေးသည်။ အချို့သူငယ်ချင်းတွေကျ ဘဲဥခေါ်လား ခေါ်သည်။ စာကလေးခေါ်လား ခေါ်သည်။ ဘိုးတော်ဟုပင် ခေါ်ခဲ့ပါသေးသည်။ ငယ်ဘဝမှာ ဘယ်သူကဘယ်သူ့ကို ဘယ်လိုခေါ်ခေါ် စိတ်မဆိုးရုံမက ကျေနပ်စရာ၊ စိတ်ပီတိဖြစ်စရာ ကြုံခဲ့ရလေသည်။ ခင်လို့ချစ်လို့ သံယောဇဉ်ရှိလို့ မဟုတ်လား။

ထိုညက ကျွန်တော်နှင့်ရဲလှမြို့က ဘုရင့်ရုံတွင် ရုပ်ရှင်ကြည့်ဖြစ်ခဲ့ကြသည်။ ရုပ်ရှင်ဟု ဖော်ပြလိုက်ရသော်လည်း သည်တုန်းက ဘိုင်စကုတ်ဟု ခေါ်ခဲ့ကြပါသည်။ ထိုညက ကျွန်တော်တို့ကြည့်ဖြစ်သောရုပ်ရှင်ကားမှာ အေဝမ်းဖလင်ရုပ်ရှင်ကုမ္ပဏီက ထူးထူးခြားခြားရိုက်ကူးထားသော “မြိုင်ယံဘွား” ရုပ်ရှင်ကားဖြစ်သည်။ ဟောလီးဝုဒ်မှာ မင်းသားကြီးဂျွန်ဝစ်မူလာသရုပ်ဆောင်သော တာဇံတောတွင်းသားရုပ်ရှင်ကားကို စံထား၍ရိုက်ကူးသော မြန်မာ တာဇံတောတွင်းသားရုပ်ရှင်ကား ဖြစ်သည်။

အေဝမ်းညွန့်မောင်က တောတွင်းသား၊ မမြင့်က နန်းတွင်းသူ မြိုင်ယံတွင်းမှာ ကြုံဆုံ၍ ချစ်ကြိုးသွယ်ရစ်မိလေသော တောတွင်းရသနှင့် အချစ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ အေဝမ်းညွန့်မောင်၏ ကိုယ်ကာယဗလနှင့် မမြင့်၏ နုနယ်ငယ်ရွယ်စဉ်အလှတို့ကြောင့်

မြိုင်ယံဘွားကိုကြည့်ပြီး ကျွန်တော်တို့ ဝိတ်မကြသည်။ ရိမ်းဘား ဆွဲသည်။ ဆရာဆောင်းက သူ့အမေခြံထဲက မန်ကျည်းပင်ကြီး အောက်မှာ ဝိတ်မသည့်ရုံ ဆောက်လုပ်ထားသည်။ ထိုမန်ကျည်းပင် ထိပ်ဖျား၌ ညနေမှောင်ခြည်သန်းသည်နှင့် ဝေသာလီဗျိုင်းများ အိပ်တန်းတက်ကြသည်။ ဗျိုင်းသံတွေ ညံနေသည်။

ဝိတ်မသည့်ရုံတွင် ကိုယ်လုံးပေါ်မှန်တစ်ချပ်ထောင်ပေး ထားသည်။ ထိုမှန်ရှေ့မှာ ကျွန်တော်တို့သည် မရှိသောကြွက်သားကို ညှစ်ထုတ်ကာ ကိုယ်ကာယအလှပြကြသည်။ ကိုယ်လုပ်လျှင် သူက ရယ်၍ သူလုပ်လျှင် ကိုယ်ကရယ်ကြရသည်။ ဝိတ်မတာကနောက် စာဖတ်ကြရတာအရင် ဖြစ်သည်။ ဆရာဆောင်းအိမ်တွင် အခန်း တိုင်း စာအုပ်တွေရှိသည်။ မြန်မာစာအုပ်တွေရော အင်္ဂလိပ်စာအုပ် တွေပါရှိသည်။ အင်္ဂလိပ်စာအုပ်တွေကို ဆရာဆောင်းက ဖတ်ပြသည်။

ကျွန်တော်တို့စာဖတ်နေလျှင် ဆရာဆောင်းက တယောထိုး သည်။ တစ်ခါတစ်ခါ ဆရာဆောင်းက တယောထိုး။ ကျွန်တော်က ဘင်ဂျိုတီး၍ ရဲလှက စည်းဝါးကိုင်လိုက်ပြီး သီချင်းဆိုသည်။ သီချင်း ကြီးဆိုလျှင် စိန်ကြောင်နီလာ၊ ပပဝယ်ဝင်းဝင်း၊ ပန်းဟေဝန်၊ ချစ်သမျှကို တို့ဆိုသည်။ ခေတ်ပေါ်သီချင်းဆိုလျှင် ဆရာဆောင်းက မာနရှင်ကို ဆိုလေသည်။ ဆရာဆောင်းမှာလည်း အသည်း နှလုံးသားက ခံစားတတ်သည်ပဲ။ ဆရာဆောင်းကိုကျ ကျွန်တော်တို့

"ဆရာဆောင်း ဒီသီချင်းကို ဘာကြောင့်ဆိုတာလဲ"

ဟုမေးချင်ပေမယ့် မမေးရဲပါ။ စင်စစ်မေးစရာမလို။ သိနေသည်ပဲ။



အိုင်ဆေးပါကြီးက ကျွန်တော်တို့ထဲတွင် စာဖတ်အားသန်သူ ဖြစ်သည်။ သူ့ကိုကြည့်လိုက်လျှင် နဂါးနီစာအုပ်တစ်အုပ်ကို ဖတ်နေသည်။ မန်ကျည်းပင်အောက်ရှိ ကွပ်ပျစ်သည် အိုင်အေး ပါကြီး၏ စာကြည့်ခန်းဟု ဆိုနိုင်သည်။ သူက နဂါးနီတိုက်ထုတ် နိုင်ငံရေးသဘောတရားစာအုပ်များနှင့် စွန့်စားခန်းဝတ္ထုစာအုပ် များကို အများဆုံးဖတ်သည်။ သူက စာအုပ်ဖတ်ရမည်ပြော၍ ကျွန်တော်တို့ပါ စာဖတ်သော အလေ့အကျင့် ရှိလာပါသည်။

အဖေက

"စာဖတ်ရမယ်၊ စာဖတ်မှ အသိအမြင် ကျယ်နိုင်တယ်"

ဟု ပြော၍ အားပေးသည်။

အမေကတော့ စာအုပ်တွေကို သံသယရှိသည်။

"မိုးဝေ . . . ဖေတော့ မောင်တော့ စာအုပ်တွေ မဖတ်နဲ့နော်"

ဟု သတိပေးသည်။ အမေတို့ခေတ်မှာ လူငယ်တွေ ခေတ်ကာလပေါ် ဝတ္ထုတွေဖတ်လျှင် လင်စိတ်၊ သားစိတ် ဝင်တတ်ကြသည်ဟု တရားသေသတ်မှတ်ထားသည်။

ဆရာဦးချမ်းမြ (မြကေတု) က

"မင်းတို့အာရှလူငယ်အစည်းအရုံး ဝင်ကြ၊ စာများများဖတ်၊ စာကိုရွေးဖတ်၊ အချစ်ဝတ္ထုတွေဖတ်ပြီး အချိန်ကုန်မခံချင်နဲ့"

ဟု ကြုံလျှင်ကြုံသလိုပြောသည်။

သည်နေ့က ကျွန်တော်တို့သည် ဆရာဆောင်းတို့ခြံမှာ ယိမ်းတိုက်ကြသည်။ ယိမ်းတိုက်သည်ဆိုပေမယ့် အကကျေညက်ပြီ ဖြစ်၍ အဆိုကို တိုက်ကြသည်။ ရုပ်ရှင်ရုံတွင် ခြောက်လုံးပတ်

ဗုံတီးသော ကိုကောက်က ကျွန်တော်တို့ကို လာကူသည်။ ရုပ်ရှင်ရုံတွေပိတ်ထား၍ ကိုကောက် နောက်ဆံတင်းစရာမလို။ ကျွန်တော်တို့ထဲမှာ ရဲလှနှင့် အိုင်ဆေးပါကြီးတို့နှစ်ယောက်မှာ အဆိုလည်းပိုင်သည်။ အသံလည်း ကောင်းသူများဖြစ်သည်။

ကျွန်တော်တို့သည် အာရှလူငယ်သီချင်းကိုလည်း အဆိုတိုက်ကြသည်။

"တစ်စိတ်တစ်ဝမ်းတည်း အာရှတိုက်မှာ ငါတို့လိုက်ပါမည်၊ ဂုဏ်သတင်းများနဲ့ လက်ရုံးများကြောင့် ဉာဏ်လည်း များမြောင်တယ်၊ မြန်မာနိုင်ငံသစ်ဝယ် အရာရာတွင်ကျယ် တို့လူငယ် နောင်တစ်ခေတ်မှာ ခေါင်းဆောင်ဖြစ်နိုင်တယ်"

သည်ကနေ့ ကျွန်တော်တို့အဖွဲ့သား (၁၀) ယောက်လာသည်။ နှစ်ယောက် ပျက်ကွက်သည်။ ရဲလှနှင့် အိုင်ဆေးပါကြီးတို့နှစ်ယောက်က ဦးဆောင်ဆိုနေသည်။ ဆရာဆောင်းက တယောထိုး၍ ကျွန်တော်က ဘင်ဂျိုတီးသည်။ ကိုကောက်က ဗုံတို့ကာခပ်ကာ လိုက်ပေးနေသည်။ ထိုအခိုက် ဆရာဦးငြိမ်းမောင်ရောက်လာပြီး ဆရာဆောင်းကို ခေါ်သွားသည်။ ဆရာဆောင်း၊ ဆရာငြိမ်းမောင်နှင့် ဦးချမ်းမြတို့က အမြဲလိုလို သူတို့အလုပ်နှင့် သူတို့ရှုပ်နေကြသူများ ဖြစ်သည်။ ကျွန်တော်တို့က ကိုယ့်ဆရာများအကြောင်းကို နားလည်သဘောပေါက်ပြီး ဖြစ်သည်။ သို့နှင့်သီချင်းကို ဆက်ဆိုသည်။

"တစ်ကိုယ်ကောင်းစိတ်ထားပယ်. . . အများအကျိုးအတွက်ထမ်းရွက်မယ်၊ နေမင်းရောင် လမင်းရောင်တို့ စွမ်းပြရမယ်"



၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်မှာ အင်္ဂလိပ်ကဂျပန်ကို စစ်ကြေညာသည်။ ဥရောပတိုက်တွင် ဂျာမဏီအာဏာရှင်ဟစ်တလာက တစ်နိုင်ငံပြီး တစ်နိုင်ငံ သိမ်းပိုက်နေသည်။

သည်လိုနှင့်-

၁၉၄၁ ခုနှစ် ရောက်လာသည်။ ဥရောပမှာရော မြန်မာမှာပါ မြေပေါ်မြေအောက် လှုပ်ရှားမှုတွေ ပေါ်ပေါက်လာသည်။ သည်နှစ် ဩဂုတ်လ (၈) ရက်တွင် သခင်အောင်ဆန်း ဂျပန်သို့ လျှို့ဝှက်စွာ ထွက်ခွာသွားလေသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုစွန့်လွှတ်စွန့်စားခြင်းဖြစ်သည်။

ကျွန်တော်တို့မြို့မှာ စစ်ရိပ်စစ်ငွေ့တွေ ပျံ့လွင့်၍လာလေပြီ။ အင်္ဂလိပ်အာဏာပိုင်များ မျက်ခုံးလှုပ်နေပြီ။ အခြေအနေကိုမျက်ခြည်မပြတ် စောင့်ကြည့်နေကြရပြီ။

အဖေသည် အလုပ် မလုပ်ရတော့ပါ။ အဖေ့အလုပ်ကမော်တော်ကားဝပ်ရှော့အလုပ်ဖြစ်လေရကား ခုလို ခေတ်ကာလအခြေအနေတွင် ဘယ်သူကမှ အလုပ်လာမအပ်ကြတော့။ အဖေ့လုပ်ငန်းမှ မဟုတ်၊ ကုန်သည်တွေ၊ ဈေးသည်တွေလည်း အလုပ်တွေအလိုလိုရပ်နား၍သွားပါသည်။

ပွဲစားကြီးဦးဘရှင်ရောက်လာလျှင်ကား အဖေ စကားပြောဖော်ရသွားပါတော့သည်။

"ဂျပန်က ကျွန်းနိုင်ငံဆိုပေမယ့် အာရှနိုင်ငံတွေကို တိုက်နေပြီနော်"

ဦးဘရှင် အမေချလာသော ရေနွေးကြမ်းအိုး တရုတ်လုပ်ကြွေကရားကို လှမ်းကိုင်ရင်း ပြောလိုက်သည်။

"ဂျပန်က ဖက်ဆစ်တွေလို့ ပြောတယ်"

"ဟစ်တလာတို့ မူဆိုလိုနီတို့လို နေမှာပဲပေါ့"

"ဖက်ဆစ်အာဏာရှင်တွေ ကမ္ဘာပေါ်မှာ တိုးပွားလာတာ အလားအလာမကောင်းဘူး"

"ဒီမှာ ကိုဘသန်း ဆုတ်ကပ်လေဗျာ. . . ပိုကောင်းလာဖို့ ဆိုတာ. . . တစ်ပတ်ပြန်ကြော့လာမှာကို မဟုတ်ဘူး"

မနက်စာ စားပြီး ကျွန်တော် ဆရာဆောင်းတို့အိမ်ဘက် စက်ဘီးနင်း၍ ထွက်လာခဲ့သည့်အချိန်အထိ အဖေတို့ စကားပြောဆဲ။

❒❒❒

## အခန်း (၃)

အခြေအနေတွေ ဘယ်လိုပဲပြောင်းလဲလာပေမယ့် ဗြိတိသျှ အစိုးရကတော့ ဣန္ဒြေပျက်လှသည်မဟုတ်၊ နေမဝင်နိုင်ငံပေပဲ ဟူသော အသိစိတ်ကို မစွန့်လွှတ်နိုင်ရှိသည်။ သို့သော် သခင်များကို ဂရုထားသည်။ စုံထောက်တွေ အလုပ်ပိုလာကြသည်။ စုံထောက်နှင့် ပုလိပ် ပညာတွေ ထုတ်ပြလာကြသည်။

မသက်ာသူဆိုလျှင် ချက်ချင်းဖမ်းဆီးချုပ်နှောင်ထားလိုက် သည်။ စစ်ဆေးသည်။ ဘယ်သူကိုမှ မယုံကြည်တော့။ သည်တော့ ကျွန်တော်တို့အာရှလူငယ်များ အလွန်သတိဝီရိယနှင့်နေ နေရသည်။ ကျွန်တော်တို့ ဘယ်သွားသလဲ၊ ဘယ်လာသလဲ၊ ဘယ်သူတွေနှင့် ဆက်ဆံနေသလဲ လိုက်ကြည့်နေသည်။

သည်ည ဒေါ်အောင်မြင့်ငွေအိမ် ဘုရားကိုးဆူပူဇော်ပွဲရှိသည်။ ကျွန်တော်တို့လူတွေ ဆုံဖြစ်ကြသည်။ အမှန်တော့ ဘုရားကိုးဆူ ပူဇော်ပွဲတွင် ကျွန်တော်တို့လူတွေ တိုင်ပင်ဆွေးနွေးကြခြင်း ဖြစ်သည်။ ဦးချမ်းမြကိုယ်တိုင်ရောက်လာသည်။ ဆရာဆောင်း၊ ဆရာငြိမ်းမောင်တို့လည်းရောက်လာသည်။

ဦးချမ်းမြက ဆရာဆောင်းနှင့်ဆရာငြိမ်းမောင်တို့ကို. . .

"မင်းတို့ ဒီလိုနေလို့ကတော့ မသက်ာမှုနဲ့ဖမ်းခံရမှာ သေချာတယ်၊ ဒီတော့ ရှောင်နေတာအကောင်းဆုံးပဲ၊ လုပ်စရာတွေကို

အပြင်မှာရှိနေမှလုပ်လို့ရမှာ. . . မောင်မိုးဝေတို့က လုပ်နေတဲ့ အလုပ်ဆက်လုပ်၊ ဒီအလုပ်က ဘာသာရေးအလုပ်ပဲ၊ သူတို့မလုပ်နဲ့ လို့လည်း ပြောကောင်းတာမှမဟုတ်တာ”

ဟုပြောသည်။ နောက်. . . ကျွန်တော်တို့လူစုခွဲ၍ ကိုယ့်အိမ် ကိုယ်ပြန်ခဲ့ကြသည်။ ကျွန်တော်တို့သည် လောလောဆယ် ပင်နီ အင်္ကျီကိုမဝတ်ဘဲ ရှပ်အင်္ကျီလက်တိုကို ပုဆိုးနှင့်တွဲဝတ်သည်။ ဖော့ဦးထုပ်ဆောင်းသည်။ ညဘက်၌ အပြင်ထွက်လျှင် ဖလေဇာ ကုတ်ကိုဝတ်သည်။ ဘေးအိတ်တွေမှာ လက်နှစ်ဖက်နှိုက်ထားသည်။

မည်သို့ဆိုစေ ကျွန်တော်တို့က ဆရာဆောင်းတို့နှင့်တွဲဖူးမှန်း သိနေ၍ ဆရာဆောင်းတို့ပျောက်လျှင်ပျောက်ချင်း စုံထောက်တွေက ကျွန်တော်တို့ကိုစောင့်ကြည့်နေသည်။

“ဒီကောင်တွေ တို့နောက်ကတကောက်ကောက်လိုက်နေတာ စိတ်ပျက်ဖို့ကောင်းလိုက်တာကွာ၊ ဒီကို မင်းချိန်းလို့လာတာတောင် အိမ်ကထွက်လာပြီးမကြာဘူး စုံထောက်တစ်ယောက် ငါ့နောက်က စက်ဘီးနဲ့ လိုက်လာသေးတယ်”

“ဗမာအချင်းချင်း သစ္စာမရှိလိုက်တာ”

“သူတို့က ဗြိတိသျှသစ္စာခံလေ”

ရဲလှက ဒေါသထွက်နေသည်။ သည်နေ့က ကျွန်တော်တို့ နှစ်ယောက် စက်ဘီးကိုယ်စီဖြင့် ကေလဇာရီဘုရားအနီးရှိ ကာကာ ဆိုင်ကလေးတစ်ဆိုင်မှာဆုံပြီး စကားပြောခဲ့ကြခြင်းဖြစ်သည်။ ကာကာဆိုင်ဆိုသည်မှာ ကုလားလက်ဖက်ရည်ဆိုင်ကိုခေါ်ခြင်း ဖြစ်သည်။ ကာကာဆိုင်ကလေးများသည် ရပ်ကွက်တိုင်းမှာရှိသည်။



လက်ဖက်ရည်မှာ အလွန်ကျဲသည်။ ထို့ကြောင့် ကာကာရည်ဟု ခေါ်သည်။

ထိုဆိုင်ကလေးများသည် ရပ်ကွက်ထိပ်မှာအထိုင်ချသည်။ ပထမလက်ဖက်ရည်ရောင်း၊ တစ်နှစ်လောက်ကြာလျှင် ဆိုင်ပိုင် ဖြစ်လာသည်။ ကုန်စုံဆိုင်ခန်းကလေးပေါ်ပေါက်လာပြန်သည်။ ကာကာကုလားကို ကျွန်တော်တို့က ဆိတ်ကုလားဟုခေါ်သည်။ ခေါင်းတိုင်ထဲမီးသွေးထည့်၍ ရေနွေးတည်ရသောကြေးရေနွေး အိုးကြီး တည်ထားသည်။

ကျွန်တော်တို့က ကာကာကုလားကို ဆိတ်မွေးထားလေ့ ရှိသည်ကိုအကြောင်းပြုပြီး ဆိတ်ကုလားဟုခေါ်ခဲ့ခြင်းဖြစ်သည်။

“ရဲလှ မင်း ငါ့အဒေါ်နဲ့ ငါ့ကိုမှာလိုက်တာ ဘာအကြောင်းထူး ရှိနေလို့လဲ”

ကျွန်တော်က လာရင်းအကြောင်းကို သတိရ၍မေးလိုက်ခြင်း ဖြစ်သည်။

“ဆရာဆောင်းတို့ကို ပုလိပ်တွေက ဖမ်းတော့မယ်လို့ ပြောနေကြတယ်၊ ဟုတ်မဟုတ် ခင်ဖုန်းဆွေကို မေးကြည့်ပါလား”

ရဲလှ ပြောလိုက်တော့မှပဲ ကျွန်တော့်ခေါင်းထဲ ခင်ဖုန်းဆွေ ရောက်လာသည်။ ကျွန်တော်သည် သံမဏိစားယိမ်းကဖို့ လုံးပန်း နေရသဖြင့် ခင်ဖုန်းဆွေကို မေ့နေခဲ့ခြင်းဖြစ်သည်။

ကျွန်တော်နှင့် ခင်ဖုန်းဆွေ ချစ်သူတွေဖြစ်နေသည်မှာ နှစ်နှစ်ကျော်လာပြီ။ ကျွန်တော်တို့က တက္ကသိုလ်ရောက်ပြီ။

ပညာတတ်တွေဖြစ်မှ ဘ၀တစ်ခုကိုတည်ဆောက်ကြမည်ဟု ရေရှည်စီမံကိန်း ရေးဆွဲသူများဖြစ်သည်။ ကျွန်တော်နှင့် ခင်ဖုန်းဆွေ ချစ်သူများဖြစ်နေသည်ကို ရဲလှတို့သူငယ်ချင်းတွေက သဘောကျ လှသည်မဟုတ်။ သူတို့က ခင်ဖုန်းဆွေမှာ သဘောမကျစရာ အကြောင်းမရှိပေမယ့် သူ့အဖေက အရေးပိုင်ဦးဘပုဖြစ်နေသော ကြောင့် သဘောမကျဖြစ်နေကြရခြင်းပင်။

"ခင်ဖုန်းဆွေကို ငါမတွေ့ချင်ပါဘူး"

"ငါသိပါတယ်. . . မင်းက သံမဏိစေးယိမ်းကဖို့ လုပ်နေလို့ ခင်ဖုန်းဆွေနဲ့ မတွေ့ချင်တာ မဟုတ်လား"

"ဟုတ်တယ်. . . ငါက ဘယ်လိုအကြောင်းကိစ္စနဲ့ပဲမဆို ချစ်သူချင်း သဘောထားမကွဲလွဲစေချင်တာ အမှန်ပဲလေ"

"ဒီကိစ္စက တို့အားလုံးကိစ္စပဲ. . . မင်း ခင်ဖုန်းဆွေနဲ့ မတွေ့လို့မဖြစ်ဘူး"

ရဲလှက ကျွန်တော့်ကို အားထားသည့်သဘောနှင့် ပြောလာ သောအခါ ကျွန်တော့်မှာ မငြင်းသာတော့ပါ။ သို့သော်လည်း ကျွန်တော်သည် ခင်ဖုန်းဆွေကို သွားတွေ့မည်ဟူသော ပြတ်သား သည့်ဆုံးဖြတ်ချက်မျိုးမရှိသေး။ အခြားကိစ္စတွေမှာ ပြတ်သား လှပါသည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားသောကျွန်တော်သည် ခင်ဖုန်းဆွေနှင့်ပတ်သက်လာလျှင် ဘာကြောင့်များ တွေဝေ နေရပါလိမ့်။

"မောင်မင်း လူကလေး"

အာလုတ်သံနှင့် ပြောလိုက်ခြင်းဖြစ်သည်။ တစ်စုံတစ်ယောက်က အသံကိုဖျက်၍ ပြောလိုက်ခြင်းကြောင့် ဘယ်သူဘယ်ဝါမှန်း ကျွန်တော်မသိ၊ အသံလာရာသို့သာ လှည့်၍ ကြည့်လိုက်ရလေသည်။



တွေ့ရသူမှာကား ခင်ဖုန်းဆွေ၊ သူမမျက်နှာက မချိုမချဉ်။ ခင်ဖုန်းဆွေသည် အိမ်ဘေးက ပိတောက်ရိပ်မှာ ပက်လက်ထိုင်ခုံ တစ်လုံးတွင် စာဖတ်ရင်း ခင်ဖုန်းဆွေအကြောင်းတွေးနေခိုက် ရောက်လာခြင်းပင်။ ကျွန်တော် ငိုက်မြည်းနေသည်အမှတ်ဖြင့် နောက်ကြောဘက်က မြက်ခင်းပေါ် ဖွဖွလျှောက်လာပြီး အနီးရောက် ကာမှ ကိုလိုနီဗြိတိသျှတစ်ဦး၏ဟန်ဖြင့် "မောင်မင်း လူကလေး" ဟုခေါ်၍ ကျွန်တော့်ကို ကလူကျီစယ်လိုက်ခြင်းပါပေ။

ကျွန်တော်ဖတ်နေသောစာအုပ်မှာ ဆရာဆောင်းထံမှ ငှားယူလာသော ဗမာ့တော်လှန်မှု လျှို့ဝှက်စာစောင်ဖြစ်သည်။ စာစောင်ကို ခင်ဖုန်းဆွေက တစ်ချက်ကြည့်လိုက်သည်။ ဘယ်လို စာအုပ်ဆိုတာ ခင်ဖုန်းဆွေ သိလိုက်သည်။

"ဘာလဲ. . . နင်က. . . နင့်ကိုယ်နင် စက်ရှင်တရားသူကြီး များ ထင်နေလို့လား"

အခုလို ကျွန်တော်က အငေါ့တူးစကားမျိုး ပြောလိုက်ပြန် တော့ ခင်ဖုန်းဆွေမျက်နှာကလေး ညှိုးသွားရပြန်သည်။ ကိုရေ၊ မောင်ရေ၊ အချစ်ရေ၊ အသက်ရေမဟုတ်၊ နင် ငါပြောလိုက်ရမှ ကျေနပ်သလိုလို။

"အဲဒီလောက်ကြီးမတွေးနဲ့၊ ဒီက ပျော်စေပျက်စေ ကလက်စေ စတာပါ"

"ငါက နင်. . . စချင်စရာရုပ်ကြီး ပေါက်နေတယ်ပေါ့"

"တော် တန် တိတ်"

"ငါးကြော်ပန်းကန်တော့ မရှိဘူး"

ခင်ဖုန်းဆွေက ရှိနေသောထိုင်ခုံမှာ ဝင်ထိုင်ပြီး ကျွန်တော့် လက်မောင်းကို ဆိတ်ဆွဲသည်။

"အား. . . နာလိုက်တာ"

ချစ်သူတို့ဘဝမှာ ခုလို ကလူ၏သို့ မြူ၏သို့ နေကြရသော ဘဝကလေးများကလည်း ပျော်မောစရာကလေးများပဲ မဟုတ်ပါလား။

"နင် တော်တော် နေနိုင်တာပဲနော်"

"အလုပ်တွေ ရှုပ်နေလို့ပါ"

"ငါ သိသားပဲ"

"သိလည်း ပြီးရောပေါ့"

ကျွန်တော်နှင့် ခင်ဖုန်းဆွေ အတူရှိနေသည်ကို အမေက အိမ်အပေါ်ထပ်ပြတင်းပေါက်က လှမ်းမြင်သွားသည်။ ကျွန်တော်တို့ နီးစပ်မှုကို အမေက မကျေနပ်၊ အရေးပိုင်မင်း သမီးသည် အရေးပိုင်လိုပဲ ရှိပေလိမ့်မည်ဟု အမေ ယူဆထားလေသည်။

"မပြီးဘူး ပြောရဦးမယ်"

ခင်ဖုန်းဆွေပြောလာသောစကားက ကျွန်တော့်ရင်ကို ပိုမောသွားစေသည် ထင်၏။

"ဘာမပြီးသေးတာလဲ"

ဟုပင် ကျွန်တော်က စိုးရိမ်တကြီး ပြန်၍မေးလိုက်သည်။

"နင်နဲ့ငါ ချစ်သူတွေဆိုတာ အဖေသိနေသလိုပဲ"

"အိုင်ပီ ဦးထွန်းလှိုင်ပြောလိုက်တာလို့ ငါထင်တယ်၊ တို့တစ်ခါက ရွှေစည်းခုံဘုရား သွားဖူးသေးတယ်လေ၊ အဲဒီနေ့က သူ ဘုရားပေါ်မှာ ရှိတယ်"

"ဖြစ်နိုင်တယ်"



"ဒီအကြောင်း အဖေ ငါ့ကိုမမေးဘဲ မသိသလိုနေတာက ကြောက်ရတယ်"

"ကြောက်ရတယ်ဆိုတာ ငါ့အတွက် မဟုတ်လား"

သည်တော့ ခင်ဖုန်းဆွေက ဘာမျှပြန်မပြောဘဲ ငြိမ်၍ သွားလေသည်။ ပြီးတော့ ကျွန်တော့်ကို ကြည့်လေသည်။ သူမ အကြည့်မှာ ထုတ်မပြောသောစကားသံတွေကို ကျွန်တော်ကြားနေရလေသည်။

"အထူးသဖြင့် နင်တို့ ယိမ်းကမှာကို အဖေ မကျေနပ်ဘူး"

"ငါလည်း ထင်တယ်"

"အဲဒါမလုပ်ရင် မရဘူးလား"

"ဘာပြောတယ်"

ကျွန်တော့်စကားသံက မာသွားသည်။ ဒါကို ခင်ဖုန်းဆွေ သိပေမယ့် မသိဟန်ဖြင့်

"နင်နဲ့အဖေ ပဋိပက္ခ မဖြစ်စေချင်ဘူး မိုးဝေ"

"ငါလည်း ဘယ်ဖြစ်ချင်ပါ့မလဲ"

"အဲ့ဒါဆို. . . "

ကျွန်တော်က ခင်ဖုန်းဆွေပါးစပ်ကို လက်ဝါးနှင့် ပိတ်ထားလိုက်သည်။

"ယိမ်းကတာနဲ့ပတ်သက်လို့ နင် ဘာမှမပြောနဲ့တော့၊ ဒါက ငါတစ်ယောက်တည်း ကိစ္စမဟုတ်ဘူး၊ ဒီလောက်ပဲ ငါပြောမယ် ခင်ဖုန်းဆွေ"

ခင်ဖုန်းဆွေ မျက်လွှာကလေး ချထားလိုက်သည်။ ကျွန်တော်က ခင်ဖုန်းဆွေလက်တစ်ဖက်ကို ကိုင်ထားလိုက်လေသည်။

“ဘာပဲပြောပြော ငါ နင့်ကို နောက်ဆုံးထွက်သက်အထိ ချစ်နေမှာပါ. . . ဖုန်းဆွေ”

သည်တော့. . .

ခင်ဖုန်းဆွေက ကျွန်တော့်ကို မျက်လွှာကလေး ပင့်၍ ကြည့်လေသည်။ လေပြည်ကလေးတစ်သုတ် ပိတောက်ရွက်တွေကို တိုးတိုက်၍ သွားလေသည်။

“ငါ. . . ပြန်တော့မယ်”

“လိုက်ပို့မယ်လေ. . .”

“မပို့နဲ့. . . စက်ဘီးပါတယ်”

“ကောင်းပြီလေ. . .”

“အဒေါ့်ကို မတွေ့တော့ဘူး”

“ရပါတယ်”

ကျွန်တော်သည် ခင်ဖုန်းဆွေကို ထောင်၍ထားခဲ့သော သူ့စက်ဘီးကလေးရှိသည့်နေရာအထိ အတူလျှောက်ခဲ့သည်။ ညနေခင်း ဆည်းဆာရိပ်က ကျွန်တော်တို့ကို ဖြတ်၍သွားလေသည်။ ခင်ဖုန်းဆွေသည် ကျောင်းမှာ ဂါဝန်ပြာကလေးနှင့် တွေ့ခဲ့ရပေမယ့် ခုလိုအချိန်မှာ အဖြူရောင်ပိုးသားအင်္ကျီပွပွကို ထမီပျော့ပျော့ အစိမ်းရင့်နှင့် တွဲဖက်ဝတ်ထားသည်။ သူ့မျက်နှာကောက်ကြောင်း တွေက သူထားရှိသော ဖားလျားဝေဆံမျှင်နွယ်ကလေးများ လွင့်နေသည်နှင့် လိုက်ဖက်နေသည်။

မိန်းမစီး ရယ်လေ့ စက်ဘီးကလေးကို ခင်ဖုန်းဆွေနင်း၍ ကျွန်တော့်မြင်ကွင်းထဲမှာ ဝေး၍ဝေး၍. . . .

❐❐❐

## အခန်း (၄)

နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ မဖြစ်သလို ဖြစ်မလိုကြားက ခုတော့လည်း ဖြစ်ခဲ့သည်။ ကလျာဏယုဝအသင်းကို ကျေးဇူးတင်ရမည်ဖြစ်သည်။ သည်အသင်းမှာ အဖေတို့ ရှိသည်။

ညဘက် မြို့ထဲက အိမ်အချို့သာ ဖယောင်းတိုင်မီးထွန်းညှိ ပူဇော်ကြသည်။ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ အပူဇော်ခံလှည့်လှည်ပွဲကို ယခင်နှစ်များတုန်းကလို ညဥ့်နက်မှ လှည့်လည်ခြင်းမလုပ်ဘဲ ညနေပိုင်း အလင်းရောင်ရှိစဥ်မှာပင် စတင်လှည့်လည်အပူဇော် ခံသည်။ ဒါမှ မီးစက်မောင်းစရာ မလိုတော့။

“အာရှတိုက်သား လှုပ်ရှားလာပြီ
သခင်မျိုးဟေ့ တို့ဗမာ
သခင်မျိုးဟေ့ တို့ဗမာ
သခင်မျိုးဟေ့ တို့ဗမာ
တို့သံမဏိဓား အသွားထက်သည်”

ကျွန်တော်တို့သည် နှစ်ကျိပ်ရှစ်ဆူဘုရားရုပ်ပွားတော်များ ကိန်းဝပ်စံပယ်သည့်ကား နောက်က လိုက်လာခဲ့သည်။ ရှေ့မှာ အိုးစည်ဝိုင်းနှင့် ဒိုးပတ်ဝိုင်း ရှိသေးသည်။ ဦးရွှေရိုးအကလည်း ပါသည်။

သို့သော် ပရိသတ်က ကျွန်တော်တို့သံမဏိစေးယိမ်းအကမှာ လာရောက်အားပေးကြသည်။ မကြာလှပါ။ ပရိသတ်ကြားသို့ ကျော်မြင့်တို့လူစု အရက်တွေမူးပြီး ရောက်လာသည်။ ကျော်မြင့်က ထောင်ထွက်၊ ဦးဘပုအိမ်ခြံထဲမှာ နေသည်။ ကျော်မြင့်ဒုစရိုက်မှုတွေမှာ ဦးဘပုက အကူအညီတွေပေးပြီး တပည့်မွေးထားသည်။

ဦးဘပုသည် ကျော်မြင့်ကို ဘာခိုင်းမလဲ ရသည်။ ကျော်မြင့် တစ်ယောက်တည်း မဟုတ်၊ ကျော်မြင့်လိုလူတွေက များလှသည်။ ကျော်မြင့်တို့က သည်ပွဲကို အရက်သောက်ပြီးလာကတည်းက ဘောင်ကျော်နေပြီ။ ဒါကို ကျော်မြင့် မသိမဟုတ် သိသည်။ သူ့နောက်မှာလည်း တပည့် သုံးလေးယောက် ပါလာပါသေးသည်။

သည်တွင် ကျွန်တော်တို့ သံမဏိစေးယိမ်း ဆက်မကနိုင်တော့ပါ။ ကျော်မြင့်တို့နှင့် ပရိသတ် ထိုးကြ၊ ရိုက်ကြ၊ ပြေးကြ၊ လွှားကြ၊ အော်သူတွေက အော်၊ လဲသူ လဲ၊ ကွဲသူ ကွဲ၊ ကလေးနှင့် မိန်းကလေးတွေက ထိပ်ပေါက်ခေါင်းပြဲ. . .။

သည်လိုနှင့်ပဲ ဂီတသံတွေ ပျောက်ပြီး ရိုက်ပွဲသံများကသာ အခုညဦးပိုင်းကို နေရာယူလိုက်ရတော့သည်။ သည်လိုအခြေအနေမျိုးတွင် ဆရာဆောင်းတို့လို လူကြီးပိုင်း ရှိစေချင်သည်။ သို့သော် ဆရာဆောင်းတို့ မလာနိုင်၊ သူတို့ မလာနိုင်သော အခြေအနေမျိုး မဟုတ်ပါလား၊ သည်တော့ ကျွန်တော်တို့ သံမဏိစေးယိမ်းအဖွဲ့သားတွေ မနေသာ။ ကျော်မြင့်တို့လို မတရားပြဿနာရှာလာသော အရက်မူးသမားတွေကို ဆင်းရိုက်ကြသည်။

အမှန်တော့ ကျွန်တော်တို့ကို လူကြီးပိုင်းက-

"မင်းတို့ ပြန်မလုပ်နဲ့၊ သူတို့အကြောင်းနဲ့ သူတို့သွားလိမ့်မယ်"



ဟု ပြောဆိုထိန်းထားပါသေးသည်။ သို့နှင့် ကျွန်တော်က ကားဒရိုင်ဘာကို ကားထွက်ဖို့ လှည့်အပြော. . . အိုင်ဆေးပါကြီးက စိတ်ကြီးသည်။ ကားပေါ်က အောက်ကို ခုန်ဆင်း၍သွားပြီး ကျော်မြင့်ကို ဆွဲထိုးသည်။ သည်တော့ အရက်ကို တကယ် အမူးသောက်လာသူတွေမဟုတ်ဘဲ အမူးသောက်ထားလေဟန်. . . သရုပ်ဆောင်လာသူများ ဖြစ်လေရကား ဖျော့ကြီးနှင့် ဂျိကာက အိုင်ဆေးပါကြီးကို တစ်ဖက်တစ်ချက်က ဖမ်းချုပ်ပြီး ကျော်မြင့်က အိုင်ဆေးပါကြီးမျက်ခွက်ကို တည်၍ထိုးပါတော့၏။

"သံမဏိစေးတဲ့လားဟ"

"ဝါးခား ဝါးခား"

"ဟား ဟား ဟား"

ကျော်မြင့်က ကျွန်တော်တို့ မခံချင်အောင်ပြောပြီး အိုင်ဆေးပါကြီးမျက်ခွက်ကို အရင်ထိုးသည်။ နောက် ဗိုက်ကို ထိုးသည်။ အိုင်ဆေးပါကြီးမှာ ချုပ်ထား၍ လက်နှစ်ဖက်ကို သုံးမရ၊ ခြေထောက်နှင့် ကျော်မြင့်ကို လှမ်းကန်သည်။ ထိုအချိန်တွင် ရဲလှကပါ ကားပေါ်က ခုန်ချသွားသည်။ ကျွန်တော်သည် ဗုံကိုကောက်ထိန်းထားသည့်ကြားက ကားပေါ်က ခုန်ဆင်းလိုက်သည်။

ခုတော့ ကျွန်တော်တို့သံမဏိစေးယိမ်းအဖွဲ့သား (၁၂) ယောက်စလုံးကား အောက်သို့ တစ်ပြိုင်တည်းလို ခုန်ဆင်းကြပြီး ကျော်မြင့်တို့ လူရမ်းကားပြဿနာကောင်တွေကို တိုက်စစ်ဆင်ကာ တိုက်ခိုက်ကြပါတော့၏။ ကျော်မြင့်တို့ လူအုပ်ကလည်း ခုနစ်ယောက် လောက်တော့ရှိမည်။

ယိမ်းအကလာကြည့်သော ရပ်ကွက်ထဲကလူတွေ ကျွန်တော်တို့ဘက်က ဝင်၍ တိုက်ခိုက်သူများရှိသည်။ အများစုကတော့ ရှဲသွားကြသည်။ ကျော်မြင့်တို့လူအုပ်က ခုလိုရိုက်ပွဲမျိုး အတွေ့အကြုံရှိကြသည်။ ဘယ်လိုကိုင်တွယ်ရမည်ဆိုတာကိုလည်း သိသည်။

ကျွန်တော်တို့မှာ အတွေ့အကြုံက မရှိ။ ဒေါသကိုလည်း မထိန်းနိုင်ဖြစ်လေရကား ကျွန်တော်တို့ဘက်က လူပိုများပေမယ့် အခြေအနေမဟန်။ လက်သီးထိုးသံ၊ ကန်ကြောက်လိုက်သည့်အသံ၊ အသာရ၍ အော်သောအသံ၊ ခံလိုက်ရ၍ အော်သောအသံ၊ အသံတွေ ရော၍နေသည်။

ထိုအခိုက် ရဲလှက-

“အိုင်ဆေးပါကြီး ဓားထိုးခံလိုက်ရပြီ. . . ဒီကောင်တွေကို အလွတ်မပေးနဲ့ အသေရိုက်”

ဟု ကသောကမျော အော်လိုက်သည့်အသံကို ကျွန်တော်ကြားလိုက်သည့်အချိန်မှာ ကျွန်တော်သည် ကျော်မြင့်ကို လက်ပြန်ချုပ်ထားပြီးဖြစ်သည်။ တစ်ချိန်တည်းမှာပဲ ဘယ်သူကမှန်းမသိ၊ ကျော်မြင့်တို့လူဆိုတာကိုတော့ သိလိုက်သည်။ ကျွန်တော့်နောက်ကျောမှ ကျွန်တော့်ခန္ဓာကိုယ်အထက်ပိုင်းကို သစ်သားတုတ်တစ်ချောင်းနှင့် လွှဲ၍ ရိုက်ချလိုက်သည်။ ရိုက်ချက်က ကျွန်တော့်ခေါင်းတည့်တည့် ပြေးဝင်လာသည်။

သည်မှာ ကျွန်တော်သည် ကျော်မြင့်ကိုလွှတ်၍ တွန်းထုတ်လိုက်ပြီး ပြေးဝင်လာသော သစ်သားတုတ်ချောင်းကို လက်နှစ်ဖက်ဖြင့် မိုးကာ. . . ကာလိုက်သည်။ သို့သော် ကျွန်တော်ကာလိုက်သော လက်များပါ အရိုက်ခံလိုက်ရပါတော့သည်။ မျက်လုံးများမှာ ဝင်းခနဲ



ပြိုးပြက်သွားသည်ကိုသာ သိလိုက်ရပါသည်။ ဘာကိုမျှ မမြင်ရ၊ မကြားရတော့ပါ။

သတိရလျှင် ရချင်း ကိုယ့်ကိုယ်ကိုယ် အသက်နှင့်ခန္ဓာကို အတူရှိသည်မထင်။ အသိစိတ်က ဝေဝေဝါးဝါး အသိစိတ်အာရုံ ပုံမှန်အနေအထားရောက်တော့မှ ကျွန်တော်မသေသေးမှန်း သိလာရသည်။ ကျွန်တော်တို့သံမဏိဓားယိမ်း ကပြစဉ် ညက ဘာတွေဖြစ်ခဲ့သည်ကိုလည်း သတိရလာသည်။

အမေက ကျွန်တော့်ကိုယ်ပေါ်မှိုး၍

“သား. . . သား မိုးဝေ”

“မိုးဝေ. . .”

“သား. . .”

အကြိမ်ကြိမ်ခေါ်နေသည်ကိုပင် ကြောင်အမ်းအမ်းကြည့်နေသည်။ အခုမှ အမေ့ကို တွေ့သည်။

“အမေ. . .”

အခုမှ အမေ့ကို ခေါ်နိုင်သည်။

“အမေ. . . အိုင်ဆေးပါကြီးရောဟင်”

“ရှိတယ်. . . ရှိပါတယ်”

ဖြေလိုက်ရင်း အမေ့မျက်နှာ ပျက်သွားလေသည်။

အမေ အဖြေရခက်နေပြီဆိုတာကို ကျွန်တော် နားလည်လိုက်ပါပြီ။ သို့သော်လည်း ကျွန်တော်သည် အခြေအနေကို သိနေပါလျက်. . .

“အမေ. . . အိုင်ဆေးပါကြီး မရှိတော့ဘူး မဟုတ်လား”

ထပ်၍မေးလိုက်လျှင်ကား အမေသည် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပါတော့သည်။ ကျွန်တော့်အမေအကြောင်း ကျွန်တော်သိနေသည်။ တော်ရုံဝမ်းနည်းစရာလောက်နှင့် ဝမ်းနည်းတတ်သူမျိုး မဟုတ်ပါ။

အမေသည် သားကို ချစ်တတ်သောအမေဖြစ်လေရကား အိုင်ဆေးပါကြီး မရှိတော့သည့်အကြောင်း အမေ့ပါးစပ်က ပြော၍မရ ဖြစ်နေသည်မဟုတ်ပါလား။ ထိုအခိုက် တာဝန်ကျဆရာဝန်များ ရောက်လာပြီး ကျွန်တော့်ဒဏ်ရာများနှင့် ကျန်းမာမှုအခြေအနေတို့ကို စစ်ဆေးကြသည်။

ခုမှ ကျွန်တော့်ခေါင်း ညာဘက်ချိုစောင်းက ဒဏ်ရာကို သတိပြုလိုက်မိသည်။

"မောင်မိုးဝေ စားချင်တာ စားလို့ရပါတယ်"

ဆရာဝန်က ကျွန်တော့်ကိုပြောပြီး အခြားလူနာခုတင်တွေဘက် ဆက်လျှောက်သွားသည်။

ဆရာဝန်များ ထွက်ခွာသွားတော့မှ အဖေရောက်လာသည်။ ကျွန်တော့်ကျန်းမာမှုအခြေအနေမှန်ကို မြင်လိုက်ရမှ အဖေ ကျွန်တော့်အတွက် ဖခင်တစ်ယောက်၏ စိုးရိမ်ပူပန်စိတ်တွေ ပြေငြိမ်းသွားဟန်တူသည်။ အဖေက-

"မင်း အတော် ကံကောင်းတာ"

ဟု ပြောကာ အိုင်ဆေးပါကြီးမှာ အခင်းဖြစ်သည့်ညနေပိုင်းမှာပင် ဓားဒဏ်ရာဖြင့် သေဆုံးသွားကြောင်း ကြေကြေကွဲကွဲ ပြောပြသည်။ မကြာလှပါ။ ဘယ်ဘက်လက်တစ်ဖက် ကျောက်ပတ်တီး



စည်းလျက် ရဲလှ။ သူ့အဆောင်မှ ကျွန်တော်ရှိနေသော လူနာဆောင်သို့ ကူးလာလေသည်။

"မိုးဝေ မင်းကိုလည်း ငါစိုးရိမ်နေတာ တော်ပါသေးရဲ့ကွာ၊ တို့တွေမှာ လုပ်စရာတွေအများကြီး ကျန်သေးတာ. . . အိုင်ဆေးပါကြီးကို နှမြောလိုက်တာ. . ."

ရဲလှက ပြောရင်း အံကြိတ်လိုက်လေသည်။ သူ ခံစားနေရသလို ကျွန်တော်လည်း ခံစားနေရသည်ပဲ မဟုတ်ပါလား။ ကျွန်တော်တို့ကိစ္စတွင် အရေးပိုင်ဦးဘပုက သူမွေးထားသောတပည့်များဖြစ်သည့် ကျော်မြင့်တို့အုပ်စုကို အရက်တိုက်ပြီး ပွဲဖျက်ခိုင်းလိုက်သည့်အဖြစ်ကို ကာယကံရှင်က ထုတ်မပြောပေမယ့် တစ်မြို့လုံးက သိသည်။ ကျွန်တော်တို့ လိုက်ပြောစရာမလို။

"အဲဒါ ပုလိပ်ဉာဏ်တွေလေ"

အဖေတို့ လူကြီးပိုင်းက မှတ်ချက်ချသည်။

"သခင်အားရ ကျွန်ပါးဝဆိုတာ ဒါမျိုးပဲပေါ့"

ဦးဘရှင်က ဗြိတိသျှအလိုတော်ရိများကို မုန်းတီးနေသည်မှာ ကြာပြီဖြစ်သည်။

ကျွန်တော့်မှာ ဆေးရုံကဆင်းလာပေမယ့် ခေါင်းကဒဏ်ရာက မကျက်သေးပါ။ အမေက အညှော်ဝင်မည်စိုးသည်ဟုဆိုကာ ကျွန်တော်ကို နလင်ကြော် ကျွေးသည်။ အမေ မကျေနပ်သေး။ ရေနံချေးကို မြိုချရပြန်သည်။ အမေတို့ တိုင်းရင်းဆေးတွေက ထက်မြက်လှပေမယ့် ရွှေးစေ့လောက်အရွယ် နလင်ကြော်ကို စားရသည်မှာ အလွန်ခါးသက်လွန်းပါသည်။ ရေနံချေးကျတော့ လက်ဖက်ရည်ဇွန်းထိပ်ပြားလေးနှင့်ကော်ပြီး မျိုချရသည်မှာ ပူရှရှ။

အိမ်သုတ်သော ရေနံချေးမှုန်းသိသိနှင့် မျှိုချရခြင်းကြောင့်လည်း မျှိုသာ မျှိုချလိုက်ရသည်။ အော့ချင်၊ အန်ချင်လှပါသည်။

ဆေးရုံက ဆင်းလာကတည်းက အဖျားပါလာသည်။ သည်ကြားထဲ အိုင်ဆေးပါကြီးကို မေ့မရ၊ ခံစားနေရသည်မှာ အမော။ ထို့ကြောင့် တစ်ယောက်တည်း မနေချင်၊ တစ်ယောက်တည်းနေရလျှင် ဘင်ဂျိုကို ယူတီးရသည်။ ကျွန်တော် ဘင်ဂျိုတီး၍ သီချင်းကြီးတစ်ပုဒ်မဆုံးမီ ရဲလှရောက်လာလေသည်။ သူ့လက်က ကျောက်ပတ်တီးကိုလည်း မခွာရသေးပါ။ ရဲလှလာလျှင် သူသည် ကျွန်တော့်အိပ်ခန်းထဲ ဝင်လာမြဲဖြစ်သည်။

"အိုင်ဆေးပါကြီးကို သတိရတယ်ကွာ"

ရဲလှက ငိုသံပါကြီးနှင့် ပြောလိုက်လေသည်။ ထို့နောက် စာတစ်စောင် ထုတ်ပေးသည်။ ကျွန်တော်သည် ကိုင်ထားသော ဘင်ဂျိုကို စားပွဲဘေးမှာ ထောင်ထားလိုက်ပြီး ရဲလှပေးသောစာကို ဖြန့်လိုက်သည်။

"ဆရာဆောင်းစာပါ၊ ငါ ဆရာဆောင်းကို မျှော်နေတာ၊ ဦးချမ်းမြကတော့ မနေ့က အိမ်ကိုလာပြီး အားပေးသွားတယ်၊ တို့မမှားဘူးလို့ ပြောသွားတယ်၊ ဆရာဆောင်းနဲ့ ဆရာငြိမ်းမောင်တို့နဲ့ အဆက်အသွယ်မရသေးဘူးလို့လည်း ပြောသွားတယ်"

"အေး. . . ဦးချမ်းမြ ငါ့အိမ်ကိုလည်း ရောက်လာတယ်၊ အားမငယ်ဖို့ ပြောသွားတယ်"

မိုးဝေ. . .

ဘုရားပွဲနေ့က အိုင်ဆေးပါကြီး ကျဆုံးသွားတဲ့သတင်းကြားလိုက်ရလို့ ငါ့ရင်ထဲ ဆူးတစ်ဆူး စိုက်ဝင်သွားသလို ခံစား



ရပါတယ်။ တိုက်ပွဲဆိုတာ အနိုင်နဲ့အရှုံး တစ်ခုခုနဲ့ တွေ့ရမှာကတော့ အမှန်ပဲလေ။ ဒီလိုဖြစ်သွားလို့ မတွေဝေနဲ့ မိုးဝေ။ မင်းတို့ ငါတို့ဟာ တွေဝေရမယ့်လူမျိုးမဟုတ်ဘူး။ ဒီအချိန်မှာ တို့အားလုံး သွေးစည်းရမယ်။ ညီညွတ်ရမယ်။ လက်တွဲမဖြုတ်ဘဲ တွဲဆက်ထားရမယ်။

တို့အားလုံးဟာ တစ်ခုတည်းသော ဦးတည်ချက်တစ်ခုပဲ ရှိတယ်။ အဲဒါ မြန်မာ့လွတ်လပ်ရေးပဲ။ မြန်မာ့လွတ်လပ်ရေး တို့လက်ထဲပိုင်ပိုင်ရောက်ရှိရမယ်။

တို့တွေ ဘာလုပ်ရမယ်ဆိုတာ တို့သိတယ်။ တို့ဆက်လုပ်ကြမယ်။

**မောင်ဆောင်း**

**ခေတ္တ-တစ်နေရာ**

ဆရာဆောင်းစာက အပိုမပါ။ လိုရင်းကိုပဲ ရေးထားသည်။ သို့သော် စဉ်းစားစရာတွေ၊ တွေးယူခံစားရမှာတွေက များလှသည် ထင်သည်။

"ဆရာဆောင်းစာက ငါ့ကို နာမည်တပ်ထားပေမယ့် ဒီစာဟာ တို့အားလုံးအတွက် ရေးပေးလိုက်တဲ့စာပဲ"

ကျွန်တော်က စိတ်ထဲ ထင်မြင်ခံစားရသည်ကို ထုတ်ပြောလိုက်လျှင်ကား ရဲလှက-

"အေး. . . ငါလည်း ထင်တော့ထင်သားပဲ"

ပြောလိုက်လေသည်။

"ခေတ္တ-တစ်နေရာ ဆိုတာကလည်း သူ အခုရှိနေတဲ့နေရာကို မသိစေချင်သေးလို့ ဖြစ်မယ်"

"ဆရာဆောင်းတို့မရှိရင် ငါတို့ ဘာဆက်လုပ်ကြရမလဲ"

"ရဲလှရယ်. . . မင်းက တစ်ခါတစ်ခါတော့လည်း သိတာမြင်တာတွေက ရှေ့ကိုအရမ်းရောက်နေတယ်၊ တစ်ခါတစ်ခါကျတော့လည်း ခပ်ကြောင်ကြောင်. . . ဆရာဆောင်းစာထဲမှာပါတယ်လေ. . . တို့တွေ ဘာတွေဆက်လုပ်ရမယ်ဆိုတာ တို့သိတယ်တဲ့. . ."

သည်တော့မှ ရဲလှက ခေါင်းတညိတ်ညိတ်လုပ်ကာ နားလည်သဘောပေါက်သွားလေသည်။ မှန်ပါသည်။ ကျွန်တော်တို့အားလုံးသွေးစည်းရမည်။ ညီညွတ်ရမည်။ ပြီးတော့ မြန်မာ့လွတ်လပ်ရေးကိုအရယူရမည် မဟုတ်ပါလား။

ကျွန်တော်တို့စကားပြောနေရင်းမှာပဲ ရဲလှသည် ထိုင်ရာမှထကာ ပြတင်းပေါက်အနီးမှာ သွားရပ်နေသည်။ သည်တော့ကျွန်တော်က ရဲလှကို

"ရဲလှရယ်. . . မင်းငါ့ကို ဘာပြောချင်လို့လဲ"

ဟု မေးလိုက်သည်။

ရဲလှက ကျွန်တော်မေးသည်ကို ရုတ်တရက် ပြန်မပြောသေးဘဲအပြင်ကို ငေးကြည့်မြဲ ငေးကြည့်နေသည်။ အတန်ကြာမှ သူက. . .

"အေး. . . ပြောစရာရှိတယ်"

ဟုပြောရင်း ကျွန်တော်ဘက် ပြန်လှည့်လိုက်လေသည်။

"ဒါပေမဲ့ မေးစရာဆိုရင် ပိုမှန်လိမ့်မယ်"

"ဆင်စွယ်မို့ ညွတ်တယ်ဆိုလည်း ကွေးတာကတော့ ကွေးတာပါပဲကွာ. . . ပြောချင်တာ ပြောလိုက်စမ်းပါ"

ကျွန်တော်က သိလိုဇောနှင့် လောဆောလိုက်လျှင် ရဲလှက

"မိုးဝေ. . ." ဟုပြောသည်။



"ပြောလေ. . ."

"တို့အခု သေတဲ့လူက သေ၊ ဒဏ်ရာရတဲ့လူက ဒဏ်ရာရနဲ့ဒီလိုဖြစ်ရတာ ကျော်မြင့်တို့ကြောင့်လို့လည်း ပြောလို့ရသလို မင်းနဲ့ပတ်သက်နေတဲ့ ဦးဘပုကြောင့်လို့လည်း ပြောလို့ရတယ်ဆိုတော့. . ."

ရဲလှ စကားအဆုံးမသတ်သေးခင်မှာပဲ ကျွန်တော်ကထိုင်ရာမှထ၍ ရဲလှရှေ့မှာ ရပ်လိုက်ပြီး. . .

"မင်းပြောတာ လုံလောက်သွားပါပြီ၊ ခင်ဖုန်းဆွေကို ငါကဘယ်လိုသဘောထားမှာလဲလို့ မင်းမေးချင်တာမဟုတ်လား"

သူ့ကိုယ်စား ပြန်ပြောလိုက်ရလေရကား ရဲလှက. . .

"ဟုတ်တယ်. . . မိုးဝေ"

ဟု အနားသတ်လိုက်လေသည်။

"တို့တွေ ချစ်ခဲ့ကြတုန်းက ဒီလိုမဟုတ်ဘူးလေ. . . ဒီကိစ္စတွေက ခုမှဖြစ်လာတာ မဟုတ်လား"

ရဲလှက ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေသည်။

"ဒါပေမဲ့. . . ဖြစ်သင့်ဖြစ်ထိုက်တာ. . . လုပ်သင့်လုပ်ထိုက်တာ ငါလုပ်ပါ့မယ်. . . ငါ ဘာလုပ်ရမလဲ ကဲ. . . ပြော"

"ခင်ဖုန်းဆွေကို မင်းမေ့လိုက်ပါလား"

"အမှန်အတိုင်းပြောရမယ်ဆိုရင် ငါ ခင်ဖုန်းဆွေကို မေ့ပစ်နိုင်တဲ့ အင်အားမရှိတာ အမှန်ပဲသူငယ်ချင်း"

"ဟုတ်ပါတယ်. . . မိုးဝေ မင်းပြောတာလည်း မှန်တာပါပဲ"

အခုမှ ရဲလှသည်လည်း သူ အသည်းပေါက်မတတ်ချစ်ခဲ့ဖူးသော မမနွယ်က. . . မမနွယ် ကိုရဲကို ချစ်တယ်လို့ ပြောခဲ့တာကိုရဲ ဆယ်တန်းစာမေးပွဲ အောင်စေချင်လွန်းလို့ မိုက်မိုက်မဲမဲ

လိမ်ညာလိုက်ရတာပါ ကိုရဲရယ်. . . မမနွယ်မှာ ချစ်သူရှိပါတယ် . . . ဆိုတာတွေ ရဲလှ သတိရလာသည် ထင်၏။

အမှန်တော့ ကျွန်တော်တို့သည် ဘဝက ပေးနေသော လေ့ကျင့်ခန်းတွေကို အကြိမ်ကြိမ်အခါခါ ဖြေဆိုနေသူများပါပဲ ကလား။

❒❒❒

## အခန်း (၅)

မသိလိုက် မသိဘာသာ ခင်ဖုန်းဆွေကို မေ့ထားစဉ် စိတ်ခံစားမှုက မသိသာ၊ အခု ခင်ဖုန်းဆွေကို မေ့ထားလိုက်ကာမှ မေ့မရဖြစ်လာသည်။

"ခင်ဖုန်းဆွေနဲ့ တွေ့ချင်ပါသေးတယ်" ဆိုသော ဆန္ဒပုန်းကလေးက ခေါင်းထောင်လာပြန်ပါပကောလား။ စိတ်များက အစိုးမရလိုက်တာ။ သူ ဘာကြောင့်များ ငါ့ကို အဆက်အသွယ်ဖြတ်ထားရပါလိမ့်။ ငါ အခုလောက် သေကောင်ပေါင်းလဲဖြစ်နေတာ ဘာပြောပြော ခင်ဖုန်းဆွေက ငါ့ချစ်သူ မဟုတ်လား။ တစ်ခေါက်တစ်ကျဉ်းရောက်လာသင့်တာပေါ့" အတွေးများသည်ပင်လျှင် ကျွန်တော့်ကိုယ်ကို စိုးမိုးလာပါလေတော့သည်။

ခင်ဖုန်းဆွေတို့နှင့် တစ်ရပ်ထဲနေသော သူငယ်ချင်း မောင်ကိုလေးကို မေးကြည့်လျှင်ကား-

"ခုတစ်လော သူ့အဖေ ဆူဆူနေတာကြားမိတယ်"

ဟုပြောလေရာ ခင်ဖုန်းဆွေမှာ ကျွန်တော်နှင့်ပတ်သက်သော အကြောင်းတစ်စုံတစ်ရာ ရှိနေပြီဟု ကျွန်တော် တွေးလိုက်မိသည်။ အမြင်နီးနီး ခရီးဝေးပါကလား။

သည်နေ့တော့ ကျွန်တော်အိမ်က စက်ဘီးနင်း၍ ထွက်လာခိုက်မှာ ခင်ဖုန်းဆွေနှင့် တွေ့ဖြစ်သည်။ သူကလည်း စက်ဘီးနှင့်ပင်

ကျွန်တော်တို့မြို့မှာက ကျောင်းတက်လည်း စက်ဘီး၊ ဟိုနား သည်နားသွားလည်း စက်ဘီးမို့ ဆိုက်ကား၊ မြင်းလှည်းများသည်ပင် စီးသူသိပ်မရှိ။

"ငါ နင်နဲ့တွေ့ချင်နေတာ ကြာပြီ၊ အိမ်ကအထွက်ခက်နေလို့ မဒေါင်းတို့အိမ်မှာ စကားပြောကြမယ်၊ နင်ရှေ့က အရင်သွားနှင့်"

ခင်ဖုန်းဆွေကပဲ စကားတွေ အကုန်ပြောနေသည်။ ကျွန်တော့်မှာ ယောင်အအ။ နောက်မှ

"အေး. . . အေး"

ဟုသာ ပြောပြီး စက်ဘီးနင်း၍ မဒေါင်းတို့အိမ်ဘက်လာခဲ့ရသည်။ မဒေါင်းက ကျွန်တော်တို့သူငယ်ချင်းတွေထဲမှာ ကျွန်တော်နှင့် ခင်ဖုန်းဆွေအကြောင်း အများဆုံးသိရှိထားသော သူငယ်ချင်းဖြစ်သည်။ သူ့မှာ အမေလို အဒေါ်တစ်ယောက်ရှိသည်။ သားအမိလို အတူနေသည်။ မဒေါင်းအဒေါ်က စက်ချုပ်ရာတွင် နာမည်ကြီး၊ မဒေါင်းအဒေါ်ချုပ်ပေးမှ ဝတ်ရတာ 'အထာ' ကျသည်ဟု ပြောတတ်ကြသည်။ ကျွမ်းကျင်မှုကြောင့် ဖြစ်သည်။

မဒေါင်းတို့အိမ်မှာ ကန်တော်ကြီးနှင့် နီးသည်။

မဒေါင်းတို့အိမ်သို့ ကျွန်တော်ရောက်ပြီး မဒေါင်းတို့တူဝရီးနှင့် အလ္လာပ သလ္လာပစကားပြောနေစဉ်မှာပဲ ခင်ဖုန်းဆွေ ရောက်လာသည်။ ကျွန်တော်တို့နှစ်ယောက် ကန်တော်ကြီးဘေးမှာ သွား၍ စကားပြောဖြစ်သည်။

ကျွန်တော် တွေးထင်သည့်အတိုင်းပင် သူ့အဖေက အကြောင်းရင်းကို ထုတ်မပြောဘဲ ခင်ဖုန်းဆွေကို အရင်ကလို သွားချင်တိုင်းမသွားရ။ စိစစ်ချုပ်ချယ်လာသည့်အကြောင်းတွေကို ပြောပြနေ၍ ကျွန်တော်က. . .



"ငါတို့သတင်း ဝက်ဝက်ကွဲသွားတာတောင် နင် ငါ့ဆီလာလို့မရတဲ့အကြောင်းတစ်ခုခု ရှိနေပြီဆိုတာ ငါတွေးမိပါတယ်"

ဟု ပြောလိုက်လျှင် ကန်တော်ကြီးရေပြင်စိမ်းစိမ်းကို ငေးပြီး ကျွန်တော်ပြောတာ နားထောင်နေသော ခင်ဖုန်းဆွေက ကျွန်တော့်ကို ပြန်ကြည့်လိုက်သည်။ ဆံနွယ်စလေးတွေ လေဖြင့် ပျံ့လွင့်၍နေလေရာ ခင်ဖုန်းဆွေမှာ ကျွန်တော့်အတွက် ပန်းချီကားကလေးတစ်ချပ် ဖြစ်နေပါတော့သည်။

"အဲဒီလိုမတွေးခင် နင်ငါ့ကို စိတ်ဆိုးနေမှာပေါ့"

"စိတ်မဆိုးပါဘူး တွေ့ချင်နေတာပဲ ခက်တယ်၊ ကျောင်းတွေကလည်း ပြန်ဖွင့်ဖို့မလွယ်သေးဘူးဆိုတော့. . ."

"ဆေးရုံကို လာဖို့ကြိုးစားပါသေးတယ်၊ ခက်တာက အဖေသိနေတယ်၊ အဖေ အပြင်သွားရင်တောင် မထားစိန်က စောင့်ကြည့်နေတာ"

သူပြောသော မထားစိန်မှာ သူတို့အိမ်မှာ အောက်ခြေသိမ်းအလုပ် လုပ်နေသော အလုပ်သမားဖြစ်သည်။ သူမအမေလည်းသည်အိမ်မှာ သေသည်အထိ အလုပ် လုပ်ခဲ့သူများဖြစ်သောကြောင့် ဆွေမျိုးတွေလို ဖြစ်နေပြီ။

"မထားစိန်ကိုတောင် ကိုယ့်ဘက်ပါအောင် မပြောနိုင်ဘူးလား"

"အထင်သေးလိုက်တာ. . . ပြောနိုင်လို့ အခုလို ထွက်လာနိုင်တာပေါ့"

ကျွန်တော်တို့ လျှောက်လာကြပြီး ထိုင်နေကျစိန်ပန်းပင်ကြီးအောက် မြစ်ပြင်ကြီးတွေပေါ်မှာ ထိုင်ကြသည်။ ဆည်းဆာရိပ်ကျလာချေပြီ။ လေပြည်က မလာချင်ချင် လာချင်ချင် လေလာလျှင်

ကန်တော်ကြီးရေပြင်သည် ငွေလှိုင်းဂယက်ကလေးတွေ ထပြေးနေတတ်သည်။

"ကျော်မြင့်တို့ ဘုရားပွဲကိုလာဖျက်တာ နင့်အဖေလက်ချက်ဆိုတာ တို့သိပါတယ်"

"အဖေ မှားပါတယ်"

"နင့်အဖေ မှားတယ်မထင်ပါဘူး၊ ကျော်မြင့်တို့ကို ဖမ်းတာဖမ်းတာပဲ၊ အပြစ်ပေါ့မှာပေါ့၊ တစ်နည်းနည်းနဲ့ လွတ်ဦးမှာ"

ကျွန်တော့်စကားကို ခင်ဖုန်းဆွေ ကောင်းကောင်းနားလည်သည်။ အဘယ်ကြောင့်ဆိုသော် ကျော်မြင့် လူတစ်ယောက်ကို သတ်ခဲ့၍ အဖမ်းခံရစဉ်က ဦးဘပုက ကျော်မြင့်ကို အချုပ်ကထုတ်ပြီး အသတ်ခံရသူ အမျိုးသားတစ်ယောက်ကို ဝင်ရိုက်ခိုင်းရာ တရားရုံးတွင် လူသတ်သမားသည် ကျော်မြင့်မဖြစ်နိုင်၊ ကျော်မြင့်နှင့် ရုပ်အလွန်တူသော လူတစ်ယောက်သာလျှင် လူသတ်သမားဖြစ်ကြောင်း၊ ထိုလူသတ်သမားက မကျေပွဲပင် ထပ်မံကျူးလွန်ခဲ့ကြောင်း၊ မတရားအသိသက်သေများဖြင့် လုပ်ကြံဖန်တီး၍ ကျော်မြင့်ကို ကယ်တင်ခဲ့ဖူးသည် မဟုတ်ပါလား။

"လောလောဆယ် တို့က ခံကြရတာပါ၊ အိုင်ဆေးပါကြီး မိဘတွေ ဘယ်လောက်ခံစားရမယ်ဆိုတာ နင် စဉ်းစားကြည့်စမ်း"

"တော်ပါတော့ မိုးဝေရယ်"

ခင်ဖုန်းဆွေက ငိုသံပါလာလျှင်ကား ကျွန်တော် ဆက်ပြောဖို့ခက်သွားလေသည်။ ခင်ဖုန်းဆွေကိုယ်တိုင်က သူသည် ဖအေတူသမီးမဟုတ်၊ တရားဘာဝနာပွားများပြီး အေးအေးလူလူနေတတ်သော မအေတူသမီးဖြစ်ကြောင်း ကျွန်တော့်ကို ပြောခဲ့ဖူးသည် မဟုတ်ပါလား။



"ဒါဆို ငါတို့ ဘာဆက်လုပ်မလဲ မိုးဝေ. . . နင်နဲ့ပတ်သက်လို့ ငါက ဘာမဆိုလုပ်ရဲတယ်နော်"

ခင်ဖုန်းဆွေစကားမှာ ရင်ထဲအသည်းထဲက ဖြတ်သန်းစီးဆင်းလာသော စကားမှန်း ကျွန်တော်သိသည်။ ဒါက ကျွန်တော်တို့ချင်း အတွင်းစိတ်ချင်း ဆက်သွယ်မှု ရှိနေခြင်းပင် ဖြစ်နိုင်သည်။

ကြည့်စမ်းပါဦး. . .

ကျွန်တော့်ရင်ထဲ လှုပ်၍ပင်သွားသည်။

"ခင်ဖုန်းဆွေ. . . "

"မိုးဝေ"

"တို့တွေ အခြေအနေကြီးတစ်ခုကို စောင့်ရဦးမှာပဲ"

သည်ညနေက ကျွန်တော်သည် ခင်ဖုန်းဆွေနှင့် လမ်းခွဲလာပြီး အိမ်အနီးသို့အရောက် ပုလိပ်များ ခြံထဲဝင်သွားသည်ကို တွေ့ရလေသည်။ ကျွန်တော်သည် ဦးလေးသိန်းတို့ခြံထဲ ဝင်နေလိုက်ရသည်။ ဦးလေးသိန်းက-

"ဦးဘပုတော့ မင်းတို့ကို ဒုက္ခပေးနေပြီ ထင်တယ်"

ဟုပြောသည်။

"ကျွန်တော့်ကို ပြဿနာရှာမလို့ ထင်တယ်"

"မင်းအဖေ ဦးဘသန်းကလည်း သခင်တစ်ယောက်ပဲလေ၊ ပြီးတော့ ကလျာဏယုဝအသင်းမှာ အတွင်းရေးမှူးမဟုတ်လား၊ မနေ့ညက သင်းလုံးကျွတ်အစည်းအဝေးမှာ သူပြောတာ တော်တော်များတယ်၊ စည်းလုံးညီညွတ်ဖို့အကြောင်းနဲ့ နဂါးနီစာအုပ်တွေ များများဖတ်ဖို့ အကြောင်းပြောသေးတယ်"

"ဒါကို ပုလိပ်တွေက သိနိုင်မှာလား"

ထိုအခါ ဦးလေးသိန်းက ပြုံးသည်။

"မင်း နားတစ်ထောင်ဆိုတာ ရှိတယ်လေ. . . မောင်မိုးဝေရဲ့"

"ဦးလေးသိန်းပြောတာ မှန်ပါတယ်"

ထိုအခိုက် ဦးလေးသိန်းသမီး ကျောင်းဆရာမ မတင်မကြီးက ကျွန်တော့်ကို

"မောင်မိုးဝေ အစစအရာရာ သတိနဲ့သာ နေတော့. . . ခေတ်ပျက်နေပြီ အခြေအနေမကောင်းဘူး"

သတိပေးသည်။

"ဟုတ်ကဲ့ပါ"

အိမ်နီးချင်းတွေ ဆိုသော်လည်း အစဉ်အဆက် တစ်ရပ်ကွက်တည်း အတူနေခဲ့ကြသူများမို့ မတင်မကြီး သတိပေးစကားကို ကျွန်တော် အလေးထားရမည်သာဖြစ်သည်။

အိမ်သို့ရောက်လျှင် အမေက

"မင်းအဖေကို လာရှာတာ. . . ဦးဘရှင်တို့အိမ်ရောက်နေလို့ တော်သေးတာပေါ့. . . မင်း မတော်ရသေးတဲ့ ယောက္ခမလောင်းကြီး လက်ချက်ပဲ ဖြစ်လိမ့်မယ်"

အမေက ဦးဘပုအကြောင်း ထည့်ပြောမိကာမှ ဒေါသထွက်လာပုံရသည်။ စကားသံက မာမာထန်ထန်။

"ကျွန်တော့်ကို မေးသေးလား အမေ"

"ခုတော့. . . မင်းကို မမေးသေးဘူး။ မင်းကလည်း အာရှလူငယ်အသင်းဝင်ဆိုတော့ မကြာခင် မင်းကိုပါ မေးလား မြန်းလား လုပ်မှာပါ။ သတိဝီရိယနဲ့နေမှ ဖြစ်မယ်"



"ရတယ်အမေ. . . ကျွန်တော်တို့လုပ်နေတာက အမျိုးသားရေးအလုပ်တွေပါ၊ ဖြစ်ကာမှ ဖြစ်ရောပဲလေ"

"သူတို့ကလည်း Duty is duty လို့ ပြောပေမပေါ့ကွယ်"

"ဒါကြောင့် ဆရာဆောင်းက ပြောတာကိုး. . . အလိုတော်ရိဆိုတာ ကိုယ့်နိုင်ငံမှာနေပြီး သူတစ်ပါးနိုင်ငံရဲ့ သစ္စာခံတွေတဲ့၊ မှန်တာပေါ့. . . အသားထဲက လောက်တွေပဲနော်. . . "

အမေက ဆက်မပြောပေမယ့် ခေါင်းတစ်ညိတ်ညိတ်လုပ်ကာ ကျွန်တော်ပြောတာ နားထောင်နေသည်။

အမေ့ကို မြင်ရသည်မှာ စိတ်မကောင်းစရာ။ သည်လိုခံစားခဲ့ဖူးဟန်မတူ။ မှန်ပါသည်။ အမေသည် အဖေ့အတွက် အချိန်ပြည့်စိုးရိမ်ပူပန်နေပုံရသည်။ ယခု ကြုံတွေ့လာရသောအရေးကိစ္စမှာ အမေသည် အဖေ့အပေါ်တွင် အပြစ်တင်စရာ တစိုးတစေ့မရှိပါပေ။ အဖေ ပါဝင်လှုပ်ရှားနေတာက ကိုယ်ရေးကိုယ်တာမဟုတ်။ အမျိုးသားတစ်ရပ်လုံး၏ အရေးအရာဖြစ်သည်။

အမေကိုယ်တိုင်က မျိုးချစ်စိတ်ဓာတ် ထက်သန်သူအမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ ထို့ကြောင့်လည်း ခင်ပွန်းသည်က ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အတွင်းရေးမှူး၊ မိမိကျတော့ ဝံသာနုဓမ္မရက္ခိတအသင်းဝင် ဖြစ်နေသည်။ ကျွန်တော်က အာရှလူငယ်အသင်းမှာ ကိုယ်ဖိရင်ဖိ ပါဝင်လှုပ်ရှားနေသူတစ်ယောက်ဖြစ်သည်။

သည်ရက်အတွင်းမှာ ခေတ်အခြေအနေ အတော်ကလေး ဗရုတ်ဗရက်နိုင်လာသည်။ ဆရာဆောင်းနှင့် ဆရာငြိမ်းမောင်

တို့နှင့် အဆက်အသွယ်မရ။ ဆရာကြီး ဦးချမ်းမြသည်ပင် မြို့မှာ မရှိ။ ဆရာကြီး ဦးချမ်းမြနှင့် ဆရာဆောင်းတို့က ရန်ကုန် တက္ကသိုလ်ကျောင်းသားတွေမို့ ရန်ကုန်ကို ရောက်နေကြသလားမသိ။

"အခြေအနေ မကောင်းဘူး၊ သားလည်း ဒီရက်တွေမှာ ရှောင်နေရင်ကောင်းမယ်"

ဟု အမေပြောလာသောအချိန်တွင် ရဲလှက လျှင်သည်။ သူ့အဒေါ်အိမ်မှာ သွားရှောင်နေသည်။ သူ့အဒေါ်အိမ်က အုတ်တွင်းမှာ ရှိသည်။ အမေ့အကြံကလည်း မဆိုးပါ။ ကျွန်တော့်ကို ကျွန်းတောကုန်းက ဘကြီးဦးထွန်းကျောင်းမှာ ပဥ္စင်းတက်ပေးလိုက်သည်။ အထူးရှောင်နေစရာမလို။ မိုးဝေက ဦးပဥ္စင်း ဦးပညာစာရ ဖြစ်လာသည်။ ရွှေကျင်ကျောင်းတိုက် ဖြစ်နေရလေရကား အလွန် စည်းကမ်းကြီးသည်။

ဘကြီးဦးထွန်းဘွဲ့က ဦးဝိသုဒ္ဓိ ဖြစ်သည်။ ကျွန်တော်တို့ မိသားစုက အဖေ့မိတ်ဆွေ ဦးဘထွန်းဘဝမှာ ဇနီးနှင့်သမီး ပလိပ် ရောဂါဖြင့် သေဆုံးသွားသည့်နောက် သာသနာ့ဘောင်ဝင်သွားသော တောထွက် ဦးပဥ္စင်းကြီးတစ်ပါး ဖြစ်နေသဖြင့် ဘကြီးဦးထွန်း ဘုန်းကြီးဟူ၍သာ ခေါ်ခဲ့ပြီး ခုတော့ နှုတ်ကျိုးနေပါတော့သည်။

ဘကြီးဦးထွန်းဘုန်းကြီးဇရပ်သည် တဲသာသာရှိသည်။ မြို့ရိုးပျက်ကုန်းမြင့်ပေါ်တွင် ဆောက်လုပ်ထားသည်။ နေ့ညမဟူ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ကျွန်တော်သည် ဦးပဥ္စင်း ဦးပညာစာရဘဝ ရောက်နေသဖြင့် ကျွန်းတောကုန်းရွာထဲ သပိတ် ပိုက်ကာ ဆွမ်းခံထွက်ရသည်။ သပိတ်ပိုက်ကာ မျက်လွှာကို ချကာ ယပ်မပါ၊ ဖိနပ်မပါ၊ သပိတ်သိုင်းကြိုး မပါ ဆွမ်းခံထွက်ရသည်မှာ



လွယ်ကူသည်မဟုတ်မှန်း ကျွန်တော် သိလာသည်။ အစပိုင်းတွင် ရွာလယ်လောက်ရောက်သည်နှင့် ခါးကြောက ညောင်းလာသည်။ ခါးကြောညောင်းလာ၍ စိတ်ကို လျှော့ချမရ၊ ကြိုးစားပြီး မတ်မတ် ကြွချီရလေသည်။

ဘကြီးဦးထွန်းဘုန်းကြီးက ဆွမ်းကို ပတ်လပိုင် ဘုဉ်းပေး၍ ကျွန်တော်လည်း ဆွမ်းကို ပတ်လပိုင် ဘုဉ်းပေးရလေသည်။ ဘကြီး ဦးထွန်းဘုန်းကြီးက ဆွမ်းကျန်၊ ဆွမ်းဟင်းကျန်များကို အိမ်မြှောင် များနှင့် ငှက်များကို ကျွေးသည်။ ဘကြီးဦးထွန်းဘုန်းကြီးက-

"လာကြဟေ့. . ."

ဟု တစ်ခါအသံပြုလိုက်ရုံနှင့် အိမ်မြှောင်တွေ အကောင် ၃၀၀ လောက် စုဝေးရောက်ရှိလာပြီး စားကြသည်ကို ကျွန်တော် သည် ကျောင်းပရဝဏ်အတွင်းရောက်မှ မြင်ဖူးခဲ့ရလေသည်။ ငှက်အုပ်ကိုကား တွေ့ဖူးမြင်ဖူးနေသဖြင့် အဆန်းတကြယ် မဟုတ်ပါ။ ကျီးကန်းနှင့် ဆက်ရက်တွေကို အများဆုံးတွေ့ရသည်။

ဘကြီးဦးထွန်းဘုန်းကြီးဇရပ်မှာ ကျွန်တော်သက်န်းဝတ်နှင့် တစ်လကျော်ရုံပဲ ရှိသေးသည်။ သူငယ်ချင်းမောင်ကို ကျွန်တော်ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။ မောင်ကိုက-

"ဦးပဥ္စင်း လူထွက်မှ ဖြစ်တော့မယ်"

ဟု ပြောချလိုက်လေရာ ကျွန်တော့်မှာ မောင်ကို့စကားကို နားမလည်နိုင် ဖြစ်နေသည်။ ဘကြီးဦးထွန်းဘုန်းကြီးက အခြေအနေကို ရိပ်မိပြီး လောကီအရေးမှာ မရှုပ်ထွေးလို၍ ကျောင်းတိုက်ဘက် ကြွသွားလေသည်။

"ဖြစ်ပုံက ဒီလို ဦးပဥ္စင်း မိုးဝေ၊ ဦးဘပုက သူ့သမီး ခင်ဖုန်းဆွေကို ပျဉ်းမနားက သစ်ကုန်သည်သားမောင်ဘသော် ဆိုလားပဲ. . . အဲဒီလူနဲ့ ဇွတ်ပေးစားမယ် လုပ်တယ်၊ ခင်ဖုန်းဆွေက လက်မခံဘူး၊ သူ့အမေ ဒေါ်ဒေါ်လှက သူ့သမီး မကြိုက်တဲ့လူနဲ့ မပေးစားချင်ဘူးပေါ့"

မောင်ကိုက အကြောင်းအရာကို အစဉ်အတိုင်း ပြောနေပေမယ့် ကျွန်တော်က မောင်ကိုစကားပြောနေ့နေသလား အတွေး ရောက်လိုက်မိသည်။

"အဲဒီတော့ ဘာဖြစ်လဲ"

ကျွန်တော်က ဖြတ်မေးလိုက်ပါသေးသည်။

"အဲဒီတော့. . . ခင်ဖုန်းဆွေက ငါတို့အိမ်ရောက်လာတယ်၊ လိုက်ပို့တာ ဘယ်သူလဲ သိလား. . . မထားစိန်ပဲ"

"မထားစိန်က ဦးဘပုခိုင်းတာမှ လုပ်တာဆို"

"ဒေါ်ဒေါ်လှက ခိုင်းလိုက်တာလေ. . . သူ့ခမျာ ဆရာကတော်က ခိုင်းတော့လည်း မနေသာဘူးပေါ့. . . ဒါနဲ့ ငါလည်း ဒီကို တိုက်ရိုက်ခေါ်လာလို့မသင့်တာနဲ့ ငါ့ဦးလေး ဦးသံချောင်း အိမ်ကို ပို့ထားလိုက်တယ်"

"ဒါဆို. . ."

"ဒါဆို ပြောမနေနဲ့ ဦးပဥ္စင်း အမြန်ဆုံးလူထွက်ပြီး ခင်ဖုန်းဆွေနောက် လိုက်ရတော့မှာပေါ့. . ."

"ဟာ. . . ဒုက္ခပါပဲ"

"ဦးပဥ္စင်းရေ ဘဝကံကြမ္မာက ဖန်လာပြီပဲ၊ ဒုက္ခကို ဒုက္ခလို့ပဲ မှတ်ပြီး လုပ်သင့်တာ ဆက်လုပ်ရတော့မှာပဲ. . . ဦးဘပုက လက်တံရှည်တယ်နော်. . . ခင်ဖုန်းဆွေအိမ်မှာ မရှိတော့တာ သိပုံ မပေါ်သေးဘူး. . . သူ မသိတုန်း တို့က အချိန်မီလှုပ်ရှားမှ တန်ရာကျမယ်. . ."

ဤသို့ဖြင့်

ကျွန်တော်သည် ဖြစ်ကြောင်းရယ်ကုန်စင်ကို ဘကြီးဦးထွန်း ဘုန်းကြီးကို လျှောက်ထားပြီး ချက်ချင်းသိက္ခာချ၍ လူထွက်လိုက်ရပါတော့သည်။ မောင်ဖုန်းသျှောင်ထုံးနှင့် မဟုတ်ဘဲ စိတ်ခေါင်းတုံးနှင့် ဖြစ်ရပါတော့သည်။ ထပ်မရိပ်ရသေး၍ ဦးပြည်းမှာ မည်းစပြုနေချေပြီ။

မောင်ကိုက ကျွန်တော့်ကို သူ့ဦးလေး ဦးသံချောင်းအိမ်အထိ လိုက်ပို့သည်။ ဦးလေး ဦးသံချောင်းက-

"မောင်မိုးဝေရယ်. . . မင်းမို့ ရာဇဝတ်အိုး တုတ်နဲ့ထိုးပလေတယ်၊ ဦးဘပုအကြောင်း ငါတို့သိတာပေါ့၊ သူသိလို့ကတော့ မြေလှန်ရှာမှာ. . ."

ဟုပြောလေရာ ခင်ဖုန်းဆွေမှာ ပါးစပ်အဟောင်းသားဖြစ်၍ သွားပါတော့၏။

"ဦးလေး ကျွန်တော်တို့ကို အကြံပေးပါဦး"

မောင်ကိုက စမေးသည်။ ဦးလေး ဦးသံချောင်းလည်း ခေါင်းနောက်သွားပုံရသည်။ ခေါင်းကိုတဖျဉ်းဖျဉ်းကုတ်လိုက်သည်။ နောက်မှ-

"ဒီလိုလုပ်. . ."

ဟုပြောလေသည်။

ကျွဲပွဲမြို့ကလေးတွင် ရှေးက လယ်ယာကိုင်းကျွန်းအလုပ်များသာ လုပ်ခဲ့ကြသော်လည်း ယခုအခါတွင်ကား သစ်ကုန်သည်၊ ပွဲစား၊ အလုပ်များလုပ်ကိုင်လာကြလေသည်။ ကျွဲပွဲမြို့ကလေး အရှေ့ဘက်၌ သစ်တောကြိုးဝိုင်းများ ရှိနေသည်။

အဖေကားဒရိုင်ဘာဘဝက ကျွဲပွဲမြို့ကလေးတွင်နေခဲ့သည်ဟု အဖေပြောခဲ့ဖူးသည်။ အဖေပြောမှ ကျွန်တော့်ငယ်ဘဝကို သတိရလာသည်။ ကျွန်တော်တို့က ကျွဲပွဲမြို့ဓမ္မာရုံပိုင်းမှာနေသည်။ တစ်နေ့တွင် အမေထင်းခွဲခိုင်း၍ အိမ်ဘေးတွင်ပုံထားသော ချင်းဝါးလုံးများကို ထင်းဆိုက်ဖို့ ဓားနှင့်ခွဲရာ ချင်ဝါးအထက်နဖားပေါက်ပါသော ဝါးဆစ်ထဲတွင် ရွှေဒင်္ဂါးများကိုတွေ့ရသဖြင့် အမေ့ကိုပြောပြလိုက်ရသည်။

သည်တော့မှ အဘိုးနောက်အိမ်ထောင် အဘွားဝှက်ထားခဲ့သော ဒင်္ဂါးများဖြစ်ကြောင်း သိလာရသည်။ အဘိုးမကွယ်လွန်မီက သူ၏ နောက်အိမ်ထောင် အဘွားကွယ်လွန်စဉ်မှာ အဘွားပိုင်ဆိုင်သော ရွှေဒင်္ဂါးတွေမတွေ့တော့ကြောင်း အဘိုးက အမေ့ကိုပြောခဲ့သည်ဟု ဆိုသည်။ အဖေနှင့်အမေ ထပ်ရှာကြည့်သည်။ ချင်ဝါး ခြောက်လုံးမှ ရွှေဒင်္ဂါးများထပ်ရသည်။ ဆန်နို့ဆီဘူးလေးလုံးဝင်အိုးနှင့် အပြည့် ရခဲ့သည်။

အဖေနှင့်အမေတို့ ရွှေဒင်္ဂါးတွေကို အိမ်မှာမထားဝံ့၍ ညဘက်ကြီး ကျွဲပွဲအရှေ့သစ်တောကြိုးဝိုင်းထဲမှာ သွားမြှုပ်ကြသည်။ ဒါလည်း စိတ်မချဖြစ်ကာ နောက်နေ့သွားယူလာပြီး တောင်ငူသို့ အပြီးအပိုင်ပြောင်းလာခဲ့လေသည်။ သို့နှင့် အဖေသည် တောင်ငူမြို့ ကုန်သည်ကြီးလမ်းတွင် မြေတစ်ကွက်ဝယ်ပြီး မော်တော်ကားဝပ်ရှော့ ဖွင့်နိုင်ခဲ့ခြင်းပါပေ။



ကျွန်တော်နှင့် ကျွဲပွဲမြို့ကလေးမှာ ရေစက်မကုန်ခဲ့၊ အခုတစ်ဖန် ခင်ဖုန်းဆွေနှင့်အတူရောက်လာခဲ့သည်။ သည်မြို့မှာ အဖေတို့ဆွေမျိုးလိုခင်မင်ခဲ့သော ဦးဘိုးဆင်၊ ဒွေးလေးဒေါ်အေးခင်တို့ မိသားစုရှိသည်။ သူတို့မှာ မရွှေတင်ဆိုသော သမီးတစ်ယောက် ရှိသည်။ ကျွန်တော့်ထက်ကြီးသည်။ သူ့ကို အရပ်ထဲက အပျိုကြီးဟု ခေါ်ကြသည်။ သို့သော်လည်း အသက်ကြီးလှသည်မဟုတ်။ ၂၀ ကျော်ရုံပဲရှိပါသေးသည်။

ကျွဲပွဲမြို့သို့လာရန် ကျွန်တော်ကြံရွယ်ခဲ့သည်မဟုတ်ပါ။ မောင်ကို့ဦးလေး ဦးသံချောင်းက-

“တောင်ငူနဲ့ခပ်လှမ်းလှမ်းက တစ်မြို့မြို့မှာ မင်းတို့အမျိုး မရှိဘူးလား၊ ရှိရင် အဲဒီမှာ တစ်လကိုးသီတင်းသွားနေလိုက်ရင် ဒီမှာနေတာထက်ပိုကောင်းမယ်၊ မင်းတို့ကို မနေစေချင်လို့ပြောတာ မဟုတ်ဘူး၊ တောင်ငူနဲ့အုတ်တွင်းက နီးလွန်းလို့ ရွှတ်ခနဲရောက်လာနိုင်တယ်”

ဟုပြော၍ ကျွန်တော်က ကျွဲပွဲမြို့ရှိ ဘကြီးဦးဘိုးဆင်နှင့် ဒွေးလေးဒေါ်အေးခင်တို့ကို သတိရလာခြင်းဖြစ်သည်။ ဒွေးလေး ဒေါ်အေးခင်ဆိုလျှင် တောင်ငူကိုလာလည်တိုင်း ကျွန်တော်ကို အလည်ခေါ်မြဲ။

ရဲလှက ကျွဲပွဲရောက်သည်အထိ လိုက်ပို့သည်။ ကျွန်တော်တို့သည် ဒေသခံဘတ်စ်ကားကိုစီးလျှင် ဦးဘပုအသိများ တွေ့မြင်သွားမည်စိုး၍ ကုန်တင်ကားဖြင့် စီးနင်းလိုက်ပါလာခဲ့ကြသည်။ ရဲလှက ကျွဲပွဲမှာ တစ်ညအိပ်ပြီး မိုးလင်းလင်းချင်း

“ငါပြန်မယ်၊ မိုးဝေ သူတို့က အခြေအနေဘယ်လိုလဲဆိုတာ ငါရှိနေမှဖြစ်မှာ၊ အကြောင်းထူးရင် ငါကိုယ်တိုင်လာခဲ့မယ်၊ ဘာမှ မစိုးရိမ်နဲ့ ဆရာကြီးဦးချမ်းမြတို့ ဆရာဆောင်းတို့နဲ့ အဆက်အသွယ် ပြတ်နေလို့လည်း မဖြစ်ဘူး”

ကျွဲပွဲအဝေးပြေးကားဂိတ်သို့ ကျွန်တော်တို့သုံးယောက် ထွက်လာခိုက် မီးရထားသံလမ်းအရှေ့ဘက်ဈေးလမ်းက ကာကာ ဆိုင်ကလေးမှာ လက်ဖက်ရည်ဝင်သောက်ရင်း ပြောဖြစ်ကြခြင်းပင်။ ကာကာဆိုင်ရှင်ကုလားသည် ဆိုင်ဖွင့်ကာစမို့ အိပ်မှုန်စုံမွှားနှင့် လက်ဖက်ရည်ဖျော်ပေးလေသည်။ ပြီးလျှင် ဆိုင်သန့်ရှင်းရေး လုပ်နေသည်။

“ခင်ဖုန်းဆွေ. . . နင်ကတော့ ဆုံးဖြတ်ချက်ပိုင်ပါစေနော်၊ ဒါမျိုးက တရားသေတွက်ထားလို့မရဘူး”

“ရဲလှရယ် နင် ငါ့အကြောင်းလည်းသိရဲ့သားနဲ့၊ ငါက မတွေဝေဘူး၊ နောက်မဆုတ်တတ်ဘူး”

ခင်ဖုန်းဆွေက ရဲလှစကားကိုမကျေနပ်၍ ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

“ဟုတ်ပါတယ်၊ သိပါတယ်၊ ဒါပေမဲ့ ငါ့ဦးလေးကိုစံခင် မိန်းမခိုးတုန်းက သူ့ကောင်မလေးက ဆုံးဖြတ်ချက်အပိုင်ချပြီး ဦးလေးကိုစံခင်နောက်လိုက်ခဲ့တာပါပဲ၊ သူ့အိမ်ကလည်း ပြန်ခေါ် သွားရော ဦးလေးကိုစံခင်က သူ့ကိုဓားထောက်ခေါ်တာပါလို့ ရုံးတော်မှာထွက်ဆိုလိုက်တာ ငါ့ဦးလေးကိုစံခင် ထောင်တန်းကျပါ ရောလား”



“ဒါဆို နင်ကငါ့ကို နင့်ဦးလေးချစ်သူလိုမိန်းမမျိုးပဲလို့ ထင်နေတယ်ပေါ့၊ ငါအဲဒီမိန်းမမျိုးမဟုတ်ပါဘူး”

သည်မှာ ကျွန်တော်က ရဲလှကို မျက်ရိပ်ပြပြီး ခင်ဖုန်းဆွေကို-

“စိတ်မကောင်းမဖြစ်ပါနဲ့ခင်ဖုန်းရယ်၊ ငါ နင့်ကိုယုံပါတယ်၊ ဒီကောင်ကလည်း စိုးရိမ်လို့သတိပေးတာပါ”

ဟု ဖြေပြော ပြောလိုက်ရလေသည်။

ရဲလှလိုက်ပါသွားသောဘတ်စ်ကား တောင်ငူဘက်ဦးတည်၍ ကျွဲပွဲမြို့ကလေးက ထွက်ခွာသွားသောအခါ ကျွန်တော်တို့ရင်မှာ ကွက်လပ်ဖြစ်၍ ကျန်ရစ်ပါတော့၏။

ကြည့်စမ်း. . .

မမျှော်လင့်ပါဘဲလျက် ဘဝအနေအထားက ရုတ်တရက် ချက်ချင်းပြောင်းလဲသွားပါပကောလား။ ဟိုတစ်နေ့က ကျွန်တော် သည် ကျွန်းတောကုန်းမြို့ထောင့် ရွှေကျင်ကျောင်းတိုက်တွင် ဦးပဥ္စင်းဦးပညာစာရ ဖြစ်သည်။ ခုတော့ လူပြန်တော်၊ ပြီးတော့. . . လူပျိုလူလွတ်မိုးဝေမဟုတ်တော့။ အိမ်ထောင်သည်မိုးဝေဖြစ်ခဲ့ရ လေပြီ။

ခင်ဖုန်းဆွေကရော အရေးပိုင်မင်းသမီးမို့ ခြေမွေး မီးမလောင် လက်မွေးမီးမလောင်နေခဲ့ရသော ခင်ဖုန်းဆွေဟု ဆိုနိုင် သေးပေမယ့် အပျိုကလေးမဟုတ်တော့၊ အိမ်ထောင်သည်ဘဝ ရောက်လာခဲ့ပြီ။ ဘကြီးဦးဘိုးဆင်နှင့် ဒွေးလေးဒေါ်အေးခင်တို့က ဆိုလျှင် ကျွန်တော့်ကို လင့်ဝတ္တရားဘာတွေဆိုတာပြောပြပြီး ခင်ဖုန်းဆွေကိုကျ မယားဝတ္တရားဘာတွေဆိုတာပြော၍ သွန်သင် နေခဲ့ကြပြီ။

မရွှေတင်အပျိုကြီးက ခင်ဖုန်းဆွေကို သူညီမလေးအရင်းလို ချစ်နေသည်။ သူတို့တောသူတောင်သားတွေက မြို့ကလူတွေကို သံယောဇဉ်ကြီးတတ်ကြသည်။ တွေ့ဆုံကြုံကွဲဝမ်းနည်းဝမ်းသာ ဆိုသော သဘောကို ခံနိုင်ရည်ရှိကြသူများမဟုတ်။

သည်ရက်များမှာ ကျွန်တော်နှင့်ခင်ဖုန်းဆွေ အရာရာကို မေ့သွားသည်ထင်သည်။ ဒွေးလေးဒေါ်အေးခင်က ကျွန်တော်တို့ကို ကျွဲပွဲအရှေ့ မြို့စိုးသို့ခေါ်သွားသည်။ မြို့စိုးဟုခေါ်ဆိုသော်လည်း ကျေးရွာကြီးတစ်ရွာပါပေ။ စစ်တောင်းမြစ်နှင့်နီးသည်။ ချောင်းတွေ မြောင်းတွေကများသည်။ ထွန်ယက်စိုက်ပျိုးကြသည်။

စိုက်ခင်းတွေထဲက လူတစ်ရပ်ချဥ်ပေါင်ပင်ကြီးများကို တွေ့ရလျှင်ကား ခင်ဖုန်းဆွေမှာ အံ့သြ၍နေသည်။ သည်ကလူတွေ စစ်သတင်းကိုနားမထောင်အား၊ စိုက်ကြပျိုးကြရသည်မှာ မနားကြ ရပေ။

ဝါးထရံကာ သက်ငယ်မိုးအိမ်ကလေးတစ်လုံးဖြစ်သည်။ ခပ်မတ်မတ်လှေကားမှ အိမ်ကလေးပေါ်တက်ရသည်။ သုံးရက်ကြာ လျှင်ကား နောက်ဈေးနှံ့သည် ဘယ်လိုမှ မနေတော့ပြီ။ အိမ်ကလေးကို မိုးနေသည်မှာ ဧရာမကုက္ကိုပင်ကြီးပါပေ။ ခုတ်ဖြတ်မည့်သူမရှိ၍ မြင့်ချင်တိုင်းမြင့်ပြီး ကြီးချင်တိုင်းကြီးနေသော ကုက္ကိုပင်ကြီးပါပေ။

နောက်ဘက်မှာ ဝါးရုံ၊ ရှေ့ဘက်မှာရေတွင်း၊ ရေတွင်းမှာ ငွေးချီပင်၊ ကိုင်းတက်တွေမှာ ငွေးချီသီးတွေပြွတ်ခဲလျက်။ ပတ်ဝန်းကျင်ကြီးတစ်ခုလုံး ကျေးငှက်သံ၊ သစ်ရွက်တွေကြား လေတိုးသံ၊ တစ်ခါတစ်ခါ ရေတွင်းမှာ တစ်စုံတစ်ယောက် ရေခပ်သံ တို့ကလွဲ၍ တိတ်တိတ်ဆိတ်ဆိတ်။



ကျွန်တော်တို့နွားတင်းကုတ်အိမ်ကလေးရှေ့မှာ ဘကြီး ဦးဘိုးဆင်တို့မိသားစုနေထိုင်သော သစ်လုံးသစ်ပြား အိမ်တစ်လုံး ရှိသည်။ သက်ငယ်ကိုပဲမိုးထားပေမယ့် လုံခြုံသည်။ ခိုင်ခန့်သည်။ ထိုအိမ်ရှေ့မျက်နှာစာတစ်ခုလုံးကို ပဲပုစွန်စင်ကြီးက အုပ်မိုးထား ပါသည်။

သည်နွားတင်းကုတ်အိမ်ကလေးမှာ ကျွန်တော်တို့နှစ်ယောက် ပြုံးပျော်ကြည်နူးနေကြသည်။ ရယ်ရယ်မောမောနှင့် စကားတွေက ပြောမဆုံးပေါင် တောသုံးထောင်။ အမေသာ ကျွန်တော်တို့ကို တွေ့မြင်သွားလျှင်-

"ကြည့်စမ်း. . . အမေ့သားလေး၊ ခုတော့လည်း အမေ့ကို တောင် သတိမရတော့ပါကလား"

ဟုပြောကာ တရားကျပေလိမ့်မည်။ ခင်ဖုန်းဆွေတို့အမေ ဆိုလျှင်ရော အမေ့လိုပဲခံစားရပေမည်။ သို့သော်လည်း အမေ သိပါသည်။ လေးကျွန်းစကြဝဠာ မဟာသမုဒ္ဒရာလို အချစ် ပင်လယ်ခရီးပြင်ကျယ်မှာ အချစ်ဆိုသော ရွက်လှေကလေးနှင့် ကူးကာခပ်ကာ ပျော်ကြသည်မှာ လောကသဘာဝ ဝတ္တရားပေပဲ ကလား။

အမေတို့ခေတ်ကလည်း ဂုဏ်ရည်တူချင်းစေ့စပ်ကြောင်းလမ်း လက်ထပ်ခြင်း အစဉ်အလာအတိုင်း ဖြစ်မလာလျှင် ထိုမိန်းကလေး ကို ထိုယောကျ်ားလေးက ခိုးယူပေါင်းသင်းကြမည်သာဖြစ်သည်။ ဒါကို တရားဥပဒေက လက်ခံသည်။

"ခင်ဖုန်းတော့မပြောတတ်ဘူး၊ ငါစဉ်းစားမိတယ်၊ တို့တွေ ခုလိုအနေအထားမျိုးမဟုတ်ဘဲ မိဘချင်းနားလည်မှုရှိပြီး သဘောတူ

ကြမယ်ဆိုရင် အတော့်ကိုစိတ်ချမ်းသာရမှာပဲနော်၊ စိတ်ကူးယဉ်ကြည့်တာပါ"

ကျွန်တော်က အခုလိုပြောသောအခါ ခင်ဖုန်းဆွေက-

"နင်ပြောသလို အများကြီးရှိခဲ့ဖူးတာပဲ၊ တချို့အငြိမ့်တောင်ငှားပြတယ်၊ အဖေပြောတယ် ရေနံချောင်းက သူဌေးဦးလတ်ဆိုလားပဲ၊ သူ့မင်္ဂလာလက်ထပ်ပွဲကို ဧရာဝတီသင်္ဘောပေါ်မှာလုပ်ရုံမကဘူး ဧည့်သည်တွေကို ရွှေဒင်္ဂါးတစ်ပြားစီ လက်ဆောင်ပေးသေးတယ်တဲ့. . . ဒါတွေဟာ တကယ်တော့ ချစ်လို့အိမ်ထောင်ပြုကြတာမဟုတ်ပါဘူး မိုးဝေ"

ဟု အထောက်အထားတွေနှင့် ပြန်ပြောလေသည်။

"ဟုတ်တယ်. . . ဆရာငြိမ်းမောင်ပြောတာ အဲဒါပဲ Marriage of Convenient အဆင်ပြေလို့ အိမ်ထောင်ပြုတာတဲ့ Marriage of Love ချစ်လို့ အိမ်ထောင်ပြုတာ မဟုတ်ဘူးတဲ့"

"ဒီလိုဆို ငါတို့က ချစ်လို့အိမ်ထောင်ပြုတာပေါ့"

သည်ညက လရောင်သည် မှုန်ပျပျ၊ ညလေပြည်က မတိုက်တစ်ချက် တိုက်တစ်ချက်၊ ကျွန်တော်သည် နွားတင်းကုတ်အိမ်ကလေး၏ ကဲလားပြတင်းမှာ အပြင်ကိုငေးကြည့်ရင်းထိုင်နေသည်။ ခင်ဖုန်းဆွေက ကျွန်တော့်ပေါင်ပေါ်မှာ ခေါင်းတင်လျက် ကျွန်တော့်ကိုမော်ကြည့်နေသည်။

"မိုးဝေ. . . နင် ငါ့ကိုရောချစ်ရဲ့လား"

ခင်ဖုန်းဆွေက တိုးတိတ်ညင်သာမေးနေသည်။

"ချစ်လိုက်တာမှ ဆတ်ဆတ်ကိုတုန်လို့"

" Over ဖြစ်သွားပြီ"



"ခင်ဖုန်းအတွက်ဆိုရင် Over ဖြစ်ထိုက်ပါတယ် ခင်ဖုန်းရယ်. . ."

ခင်ဖုန်းဆွေသည် ဘာမျှမပြောတော့ပါ။ မျက်လွှာကလေးကို ချလိုက်လေသည်။ ဝါးရုံကို လေပြည်တိုးတိုက်သွားသည်ထင်သည်။ လေဖြင့် ဝါးရွက်ပွတ်တိုက်လှုပ်ခတ်သံကို ကြားလိုက်ရလေသည်။

❐❐❐

## အခန်း (၆)

သည်နေ့က အဖေ ကျွဲပွဲကိုရောက်လာသည်။ ရဲလှတို့နှင့် ဆက်သွယ်မိပုံရသည်။ အဖေသည် ရန်ကုန်၊ တို့ဗမာအစည်းအရုံးသို့ ရောက်နေကြောင်း၊ အစည်းအရုံးကိစ္စနှင့် တောင်ငူကိုလာရင်း အမေနှင့်တွေ့ခဲ့ကြောင်း၊ နောက် ရဲလှနှင့်တွေ့ပြီး ကျွန်တော်တို့ကို လာတွေ့ကြောင်း အကျဉ်းချုံး၍ ပြောပြသည်။

အဖေ့ကို ကြည့်ပြီး ကျွန်တော်အားကျနေမိသည်။ အရေးကြုံနေပြီပဲ။ သက်လုံကောင်းရမည်မဟုတ်ပါလား။ အဖေသည် ကျွန်တော့်ကို မြင်ရလျှင် စိတ်ပျက်သွားဟန်တူသည်။ သူ့ခံစားချက်ကို သိုဝှက်မထား။ ထုတ်ပြောလာပါသည်။

"တိုင်းပြည်အတွက် တကယ်အရေးကြီးနေတဲ့အချိန်မျိုးမှာ အိမ်ထောင်ရေးကို ဦးစားမပေးသင့်ဘူး"

အဖေ သည်လိုပြောလိုက်လျှင်ကား ခင်ဖုန်းဆွေ မျက်နှာငယ်ရလေသည်။ သို့သော်လည်း ကျွန်တော်တို့ ကျဉ်းထဲကျပ်ထဲ မလွှဲမရှောင်သာအဖြစ်ကို အဖေ မသိမဟုတ်၊ သိပါလိမ့်မည်ဟု ကျွန်တော်အတွေးရောက်လိုက်မိလေသည်။

"ဒီကိစ္စ ဖြစ်ပြီးသွားတော့မှ ဘာတတ်နိုင်မှာလဲ၊ အကောင်းဆုံးဖြစ်အောင် လုပ်သွားဖို့ပဲ ရှိတယ်"

ပြီးတော့ အဖေသည် ခင်ဖုန်းဆွေအား





"အဖေက သားတို့ သမီးတို့ကို စေတနာထား ပြောလိုက်မိတာပါကွယ်၊ အရင်းစစ်တော့ အမြစ်မြေကဆိုတာလို ကိုဘပုမှာ မျိုးချစ်စိတ်ရှားပါးခဲ့လို့ပဲပေါ့၊ ခုလည်း မင်းတို့ဘာဖြစ်ဦးမယ် မသိဘူး၊ သတိတော့ထားရမယ်"

ဟု ပြောလေသည်။ ခင်ဖုန်းဆွေက သူ့ကို ရည်ညွှန်းပြောလာ၍ ခေါင်းကလေး ငုံ့မထားဘဲ မော့ကာ

"ဟုတ်ကဲ့ အဖေ"

ဟု ပြောလိုက်လေရာ အဖေလည်း ခင်ဖုန်းဆွေက အဖေခေါ်လိုက်သဖြင့်

"ဩော်. . . သမီးတစ်ယောက် မွေးဖွားလာပါပေါ့လား"

အတွေး တွေးလိုက်ဟန်တူသည်။

"ဦးဘိုးဆင်နဲ့ ဒေါ်အေးခင်တို့ အခုလို အကူအညီပေးခဲ့တဲ့အတွက် ကျွန်တော် ကျေးဇူးတင်ပါတယ်ဗျာ၊ အလွန်ပဲ ကျေးဇူးတင်ပါတယ်ဗျာ"

"အမယ်လေး ကိုဘသန်းရယ်၊ ခင်ဗျားတို့ကျေးဇူးတွေက ပိုရန်ကောဗျာ၊ ပြောရမယ့်လူတွေမှ မဟုတ်တာ"

ဒွေးလေးဒေါ်အေးခင်နှင့် မရွှေတင်က အဖေရောက်လာသည်မှာ မကြာသေး။ မရွှေတင်က ဈေးသွား၊ ဒွေးလေး ဒေါ်အေးခင်က ချက်ဟယ် ပြုတ်ဟယ်နှင့် နားရသေးသည်မရှိ။

ညစာ ထမင်းစားသောက်ပြီးတော့ ကောက်ညှင်းဆန်ကို ဆီထမင်းထိုးကျွေးပါသေးသည်။ ဆီထမင်းနှင့်စားဖို့ မြေပဲနှမ်းထောင်းကလည်း ကောင်းပါဘိ။ ငါးဖျက်ကလေးတွေဆီ ဖွားဖွားနှင့်ကြော်ထားသည်မှာလည်း ကြွပ်ရွ၍နေသည်။ မမေ့နိုင်စရာ များပါပေ။

အဖေသည် ရေနွေးကြမ်းဝိုင်းမှာ တိုင်းရေးပြည်ရေး၊ ကမ္ဘာ့အရေးများကို ပြောပြသည်။ အဖေ့စကားဝိုင်းကို အိမ်နီးချင်းများသည် လာရောက်နားထောင်ကြသည်။ ကျွန်တော့်ကိုတော့

"အိမ်ထောင်ရေးကိစ္စ ပြီးပြတ်တာနဲ့ တိုင်းပြည်အတွက်တိုက်ပွဲဝင်ဖို့ စိတ်ကူးတော့"

ဟုပြောသည်။ နောက်မနက်စောစောထပြီး ရန်ကုန်သွားမည့်မီးရထားစီးမည်ဟု ပြောလေသည်။ ပြီးတော့ အဖေက သူ့တွင်ပါလာသောငွေမှ ခွဲဝေ၍ ကျွန်တော်တို့ကို ကျွေးမွေးနေရသည့်အတွက် ရည်ရွယ်၍ ဘကြီးဦးဘိုးဆင်ကိုပေးသော်လည်း ဘကြီးဦးဘိုးဆင်က လက်မခံ။ ဒွေးလေး ဒေါ်အေးခင်က မကောင်းတတ်၍

"မောင်မိုးဝေတို့လင်မယားကိုပဲ ပေးလိုက်ပါ"

ဟု ပြောလိုက်လေသည်။

အဖေသည် ကျွန်တော့်ကိုကျ ငွေသားသာမက သူဝတ်ထားသော ရွှေလက်စွပ်ကိုပင် ချွတ်ပေးလေသည်။

မနက်ပိုင်း တောင်ငူမှဝင်လာသော မန္တလေး-ရန်ကုန်အမြန်စာပို့မီးရထားဖြင့် အဖေပြန်သွားသောအခါ ကျွန်တော့်ရင်ထဲ ဟာပြီးကျန်ခဲ့ရလေသည်။ အဖေက ကျွန်တော့်အတွက်အမေပူပင်သောကရောက်နေကြောင်း ကျွန်တော့်ကို ပြောသွားပြန်ရာ ကျွန်တော်သည် အမေ့ကို မေ့နေမိပါကလားဟု တွေးမိပြီးယူကျုံးမရ ဖြစ်ရပြန်သည်။

"ခင်ဖုန်း. . . ခင်ဖုန်းတို့အမေကို သတိမရဘူးလား"

ကျွန်တော်က ခင်ဖုန်းဆွေကို အခုလို ရုတ်တရက်မေးလိုက်မိသောအခါ



"မိုးဝေရယ်. . . အမေ့ကို သတိမရဘဲနေမှာလား၊ ညကတောင် အမေ့ကို အိပ်မက် မက်သေးတယ်၊ အမေ နေထိုင်ကောင်းပါစေ၊ အမေက ငါ့ကို သိပ်နားလည်ပေးတာနဲ့ အဖေနဲ့အမေ ရန်ဖြစ်တိုင်း ငါ့အတွက်ကြောင့်ချည်းပဲ၊ အခု ငါထွက်လာတာအဖေသိရင် အမေ့ကို အပြစ်ပြောဦးမှာ"

ဟု ခင်ဖုန်းဆွေက ပြောလေသည်။

"အေးဟာ. . . ငါလည်း အဖေပြောပြမှ အမေ့ကို သတိရလိုက်တာ"

သည်တွင် ခင်ဖုန်းဆွေက ကျွန်တော့်လက်ကိုဆွဲကာ

"ကဲ. . . ဒါဆိုရင်. . . ဈေးသွားကြမယ်"

ဟု ပြောလေသည်။

"ဘာသွားဝယ်မှာလဲ"

"ဒီနေ့. . . နင်ကြိုက်တတ်တဲ့ငါးခူစင်းကော၊ ရဲယိုရွက်ကလေးပါ နည်းနည်းထည့်ပြီး ငါ ချက်ကျွေးမယ်၊ စားမယ်မဟုတ်လားမိုးဝေ"

"ငါးခူစင်းကော ငါကြိုက်တာ နင်ဘယ်လိုလုပ်သိနေတာလဲ"

"ဒွေးလေးခင် ပြောတာ"

"လည်လိုက်တာ"

"မှတ်လို့. . . ပြောဦးလေ"

ထိုအခိုက် မရွှေတင် ရောက်လာပြီး

"ဘာတွေ မှတ်နေတာလဲ. . . ဒီလင်မယား"

ဟု မေးလိုက်သည်။

"မိုးဝေလေ. . . ခင်ဖုန်းကို လည်လိုက်တာတဲ့၊ ဒီတော့ ခင်ဖုန်းက မွတ်လို့ပြောလိုက်တာပေ့ါ၊ ရောင်းသူဝယ်သူအသံတူ ရမယ်လေနော်. . . မကြီးတင်"

သည်မှာ ကျွန်တော်တို့တွေအားလုံး ရယ်ပွဲဖွဲ့လိုက်ကြသည်။ ခင်ဖုန်းဆွေက အရယ်ရပ်သည်နှင့်

"မကြီးတင်ကလေ. . . ခင်ဖုန်းတို့ကို ဒီလင်မယား ဒီလင်မယားလို့ ပြောလိုက်ရင် ခင်ဖုန်းဘယ်လိုကြီးလည်း မသိဘူး၊ တစ်မျိုးပဲ ခံစားရတယ် သိလား. . ."

"အမယ်လေး. . . လင်မယားမို့ လင်မယားပြောတာပဲတော် . . . ဘယ်လိုကြီးလည်းမသိဘူးရယ်လို့ ကျုပ်က အပျိုကြီးနော်. . . ဘာတွေညာတွေ လာမပြောနဲ့ သိဘူးတော့"

မရွှေတင်ပြောကာမှ ကျွန်တော်တို့မှာ ရယ်ပွဲဖွဲ့ရပြန်သည်။ ထို့နောက် မရွှေတင်ကိုပဲ ဈေးသွားမည့်အကြောင်း အသိပေးပြီး ဈေးဘက်ထွက်လာခဲ့လေသည်။

ဈေးသို့ ကျွန်တော်တို့ရောက်သည့်အချိန်အထိ ဈေးမကွဲသေးပါ။ ဈေးဝအရောက်တွင် ခင်ဖုန်းဆွေက

"နင် ဈေးထဲလိုက်ဦးမှာလား၊ ငါက ဈေးဝယ်ရင် ဆစ်တတ်တယ်နော်"

"ငါက ဈေးမဆစ်တတ်ဘူး၊ ဝယ်လိုက်တာပဲ"

"နင်တို့ယောကျ်ားတွေဟာ ဒီလိုချည်းပဲ၊ ကဲပါ နေခဲ့ပါ၊ နင် တကောက်ကောက်လိုက်နေရင်လည်း ငါဈေးမဝယ်တတ်ပါဘူး၊ ခြေရှုပ်တယ် နေခဲ့နေခဲ့. . ."



"ဒီလိုဆို တို့သောက်နေကျ ကာကာဆိုင်က စောင့်နေမယ်၊ သိပ်တော့ မကြာနဲ့ပေ့ါ"

ခင်ဖုန်းဆွေက ခေါင်းတစ်ချက် ညိတ်ပြပြီး မရွှေတင် ယူပေးလိုက်သည့် ဝါးနှီးဈေးခြင်းကလေးကို ကိုင်ဆွဲ၍ ဈေးအတွင်း ဈေးဝယ်တွေကို ရှောင်တိမ်းပြီး ဝင်သွားလေသည်။ ဈေးနှင့် ကာကာဆိုင်မှာ အတော်ကလေးလှမ်းသည်။ နေပူပူမှာပဲ လျှောက်၍ ကာကာဆိုင်သို့ လာခဲ့သည်။ အခုမနက်ပိုင်း ကာကာဆိုင်ကလေးမှာ လူပြည့်နေသည်။ ကျွန်တော်သည် လူလွတ်နေသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ စားပွဲက အားလုံးနှင့်သက်ဆိုင်သည့် သဘောရှိသည်။

လက်ဖက်ရည် မှာသောက်နေလိုက်သည်။ ဘာမုန့်မှ စားစရာမရှိ၊ အချို့က ပါလာသောကောက်ညှင်းထုပ်ကို ဖြေပြီး မြိန်ရေရှက်ရေ စားနေသည်။ တော်သေးသည် မနက်က ဒွေးလေးဒေါ်အေးခင်က ဗယာကြော်ဝယ်ကျွေးထား၍ ကာကာဆိုင်တွင် သောက်သုံးသူများမှာ လက်ဖက်ရည်ကို စိမ်ပြေနပြေသောက်သူရယ်လို့မရှိ၊ ကျွန်တော်သာ ခင်ဖုန်းဆွေ မလာမချင်း ထိုင်စောင့်ရမည်မို့ စိမ်ပြေနပြေ သောက်နေရလေသည်။ တောမြို့ဆိုတော့ ခပ်ခြောက်ခြောက်ပင်။

နာရီဝက်လောက်ကြာသည်အထိ ခင်ဖုန်းဆွေ ရောက်မလာ၍ ကျွန်တော်စိတ်ပူသွားပါသည်။ လက်ဖက်ရည်တစ်ခွက်ဖိုးရှင်းပြီး ဈေးဘက်ပြန်လျှောက်လာခဲ့သည်။ ဈေးလမ်းတစ်လျှောက် လူအချို့ ဟိုတစ်စု သည်တစ်စု ရှိနေသည်ကိုတွေ့၍ အရင်ဆုံးတွေ့သော လူစုအား

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်ရာ ကျွန်တော့်အရွယ် လူငယ်တစ်ယောက်က ကျွန်တော့်ရှေ့လာရပ်ပြီး

"အမျိုးသမီးတစ်ယောက်ကို ကားတင်သွားလို့ဗျ"

ဟု ပြောလိုက်သဖြင့် ကျွန်တော့်ရင်မှာ ပူလောင်၍ လာပါတော့သည်။

"အမျိုးသမီးက ဈေးထဲထွက်လာတာလား"

"ဟုတ်တယ်၊ ဈေးခြင်းတောင်း ကျကျန်ခဲ့တယ်၊ သံဖြူဆိုင်က ကောက်ထားလိုက်တယ်"

"အဲဒီ့အမျိုးသမီးက အစိမ်းရောင် သရက်ထည်အင်္ကျီ ဝတ်ထားသလား"

"ဝတ်ထားတယ်"

"ဟာ. . . ဒါဆို အဲဒါ ကျွန်တော့်မိန်းမပဲ၊ ကာကာဆိုင်မှာ ကျွန်တော်စောင့်နေတာ. . . ဘယ်ကလူတွေလဲဗျာ"

"လူဆိုးတွေတော့ ဟုတ်မယ်မထင်ဘူး၊ ညီမလေး ပြန်မလိုက်လို့ မဖြစ်ဘူးဆိုပြီး ကားပေါ်ဆွဲတင် မောင်းထွက်သွားတာ . . . လူက သုံးယောက်၊ ကားက အော်စတင်ကား"

"မင်းက ဒီမိန်းကလေးကို ခိုးပြေးလာတာလား"

ဟု အသက် (၃၀) ကျော် လူတစ်ယောက်က ဖြတ်မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ဒါဆို သေချာပါတယ်၊ သူ့အိမ်က လာခေါ်သွားတာပဲဖြစ်မယ်၊ ဒါမျိုး ဖြစ်တတ်ပါတယ်"



"ဒုက္ခပါပဲဗျာ. . . ကျွန်တော်ဖြင့် ဘာလုပ်ရမှန်း မသိတော့ပါဘူး၊ တော်တော်ဆိုးတဲ့လူတွေပဲ"

သည်တွင် ထိုလူက

"ငါကလည်း ကိုယ့်မျက်စိအောက် ခုလိုဖြစ်နေတာတွေ့ရင် မကူညီပဲ မနေတတ်တာ၊ ကဲလာ. . . အဲဒီကားကို ငါ့မော်တော်ဆိုင်ကယ်နဲ့ လိုက်ပေးမယ်"

"ကိုကျော်စိုး ခင်ဗျား ကူညီတာ လေးစားပါတယ်၊ သူ့ခမျာ ဘာလုပ်ရမှန်းမသိ ဖြစ်နေရှာတာ"

ကိုကျော်စိုးဆိုသောလူအား သူ့အသိတစ်ယောက်က နောက်နားက လျှောက်လာပြီး ပြောလေသည်။ ကိုကျော်စိုးသည် ရုပ်ရှင်မင်းသား မော်တော်ဆိုင်ကယ်ဝိဇ္ဇာ ကျော်ဟိုးကို အားကျနေသူ ဖြစ်နိုင်သည်ဟု ကျွန်တော်အတွေးရောက်လိုက်မိသည်။ သူ့ကို ကြည့်ရတာ တက်တက်ကြွကြွပင်။

မကြာလှပေ။ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမပေါ်တွင် ဘီအက်စ်အေ၊ စပရိမ်ဖောက် မော်တော်ဆိုင်ကယ်တစ်စီး တဖုန်းဖုန်းစက်သံဖြင့် တစ်နာရီ မိုင် (၇၀) နှုန်းလောက်ဖြင့် ပြေးနေလေပြီ။ မော်တော်ဆိုင်ကယ်ကို ကိုကျော်စိုးက မောင်း၍ ကျွန်တော်က သူ့နောက်မှာ ခွထိုင်လျက်ပါပေ။

"စိတ်မပူနဲ့ကောင်လေး ရုပ်ရှင်ထဲမှာက မော်တော်ဆိုင်ကယ်ကျော်ဟိုး၊ ဒီကွဲပွဲမှာက မော်တော်ဆိုင်ကယ်ကျော်စိုး"

"ဟုတ်ကဲ့"

မော်တော်ဆိုင်ကယ်ပေါ်မှာ လေတိုးသံကြောင့် သူပြောတာကို မကြားတစ်ချက် ကြားတစ်ချက်၊ မကြား၍လည်း တစ်ယောက်ကို

တစ်ယောက် အော်ဟစ်ပြောဆိုနေရခြင်း ဖြစ်သည်။ ကားလမ်းက မကောင်း၊ ကတ္တရာလမ်းဆိုပေမယ့် ချိုင့်ကွက်တွေ များလွန်းသည်။ မော်တော်ဆိုင်ကယ်မှာ ဘီအက်အေ စပရိန်ဖောက်ဖြစ်သဖြင့် မော်တော်ဆိုင်ကယ်ချိုင့်ကွက်တွေ ဖြတ်ကျော်လေတိုင်း လွင့်စင်ကျသွားမတတ် ဆောင့်လွန်း၏။ ကျွန်တော့်မှာ ကိုကျော်စိုးခါးကို ဖက်ထားရလေသည်။

“ဒီလမ်းပေါ်မှာ ငါ့ကို ဆင်လိုက်ဖူးတယ်၊ အဲဒီတုန်းက ညဘက်ကြီး ငါ့မှာ လီဗာတင်လို့ ကုန်နေပြီ၊ ဆင်ကလိုက်တုန်း၊ ဆင်ဦးစီးကလည်း ဆရာလေးရေ လွတ်အောင်သာမောင်းတော့၊ ကျုပ် ဆင်ကို မနိုင်တော့ဘူးတဲ့၊ ကံကောင်းလို့ တောင်ငူမြို့အဝင် လမ်းကို နှစ်ဆစ်ချိုးကွေ့သွားရတယ်မဟုတ်လား၊ ဆင်တွေက အကွေ့ဆိုရင် သူ့အရှိန်လျှော့ရတယ်မဟုတ်လား”

ကိုကျော်စိုးသည် သူပြောနေသောအကြောင်းအရာကို တုံးတိကြီး ရပ်လိုက်သည်။ သူ့ကို ကျော်ပြီး ကျွန်တော် ကျော်ကြည့်လိုက်သည်။ အော်စတင်ကားကလေးတစ်စီး ကားလမ်းဘေးချ၍ ရပ်နေသည်ကို တွေ့ရသည်။

“ကောင်လေးရေ. . . တွေ့ပြီ. . . အဲဒီကားပဲကွ”

ကိုကျော်စိုးသည် အော်စတင်ကားဘေးမှာ ရပ်လိုက်သည်။ မိမိတို့ မော်တော်ဆိုင်ကယ်က ရှေ့နည်းနည်းရောက်နေသည်။

“မိုးဝေ. . . ငါ ဒီမှာ”

ခင်ဖုန်းဆွေကို မမြင်ရ၊ သူ့အသံကို ကြားလိုက်ရသည်။ မှန်ပါသည်။ ခင်ဖုန်းဆွေသည် ကားထဲမှာ ရှိသည်။ လူနှစ်ယောက် ဘယ်၊ ညာ ညှပ်ထိုင်ထားသဖြင့် ခင်ဖုန်းဆွေမှာ အပြင်မထွက်နိုင် ရှိသည်။ ငုံ့၍ ကြည့်နေသည်။



ကျွန်တော်သည် အော်စတင်ကားဘေးရှေ့တံခါးအနီးသို့ မည်ကဲ့သို့ ရောက်သွားမှန်း ကိုယ့်ကိုယ်ကိုယ်ပင် မသိလိုက်။ စိတ်က လောဆောနေသည်။ ရင်တွေခုန်နေသည်။

“ဘယ်သူများလဲလို့ ဦးချက်ကြီးပဲ”

ဦးချက်ကြီးကို ကျွန်တော်သိသည်။ သူက တောင်ငူဈေး မြောက်ဘက် ရေတာရှည်ကားဂိတ်မှာ ဂိတ်စပယ်ယာဖြစ်သည်။ လူက လူမိုက်၊ ဓားမြောင်နှစ်လက် ချက်ကြီးဟုလည်း ခေါ်ကြသည်။

ချက်ကြီးက ရှေ့ခန်းတံခါးကို အသာဖွင့်ပြီး ဆင်းလာသည်။ တစ်လောကလုံးကို ဂရုမစိုက်သည့်ပုံမျိုး။

“ကားအင်ဂျင်ပူလို့ ရပ်ထားတာ၊ မင်းလိုက်လာမယ်လို့ ထင်ထားပေမယ့်၊ ဘတ်စ်ကားနဲ့ လိုက်လာမယ်ထင်ထားတာ”

မော်တော်ဆိုင်ကယ် ကိုကျော်စိုးက ကျွန်တော့်ဘေးမှာ စတန့်မင်းသားကျော်ဟိုးဟန်နှင့် ရပ်နေသည်။ ကျွန်တော့်အဖို့ အားကိုးတစ်ယောက်ပါပေ။

“ကျုပ်မိန်းမကို ခင်ဗျားတို့ ကျုပ်ခွင့်မပြုဘဲ ခေါ်လာတာ၊ ကျုပ် ခင်ဗျားတို့ကို အရေးယူလို့ရတယ်”

ဦးချက်ကြီးက သွေးအေးအေးနှင့် ပြောလေသည်။

“မိုးဝေ. . . မင်း ငယ်ပါသေးတယ်ကွာ”

ထိုအခါ ကိုကျော်စိုးက

“ခင်ဗျားတို့ ဒီလိုမတရားတော့ မလုပ်နဲ့ပေါ့ဗျာ”

“မင်းက ဘာကောင်လဲ”

“ကျုပ်က ဗမာတစ်ယောက်ပဲ၊ မတရားတာတွေ့လို့ကတော့ ကူညီရမှာပဲ”

"ငါကလည်း ကူညီရတာပဲ၊ ဒီမိန်းကလေးအဖေ အရေးပိုင်မင်း ဦးဘပုက သူ့သမီးကို ခေါ်ပေးပါ၊ အကူအညီတောင်းလို့ ငါက ကူညီရတာ၊ ဘာမှ ရတာမဟုတ်ဘူး"

အရေးပိုင်မင်း သမီးဆိုတာ စကားကြားလိုက်ရ၍ ကိုကျော်စိုး တစ်ချက် တွေသွားလေသည်။

"ဘာပဲပြောပြောလေ. . . လောလောဆယ်မှာကတော့ ကောင်လေးရဲ့မိန်းမ မဟုတ်လား"

"ဟုတ်ပြီ. . . ဒါဆိုရင် မိုးဝေ မင်းပါ ငါတို့နဲ့လိုက်ခဲ့၊ မင်းယောက္ခမနဲ့ ညှိကြပေါ့၊ တရားနည်းလမ်းအကျဆုံးပြောတာ၊ မင်းလည်း သူ့သမီး ခိုးပြေးလာပြီး ပြန်အပ်ရဦးမှာပဲ မဟုတ်လား၊ ဟုတ်တယ်နော်"

ကျွန်တော် ဘာပြောရမည်မသိတော့၊ ထိုအခိုက် ခင်ဖုန်းဆွေက သတိပေးသောလေသံမျိုးနှင့်

"မိုးဝေ. . . နင် မလိုက်နဲ့၊ အဖေက နင့်ကို ဖမ်းချုပ်ထားလိုက်လိမ့်မယ်၊ မလိုက်နဲ့. . . ဒီကိစ္စ ငါ့ဘာသာပဲ ရှင်းမယ်"

ဟု ပြောလိုက်လေသည်။

ထိုအခါ ကိုကျော်စိုးက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်လိုက်ပါသည်။ အော်စတင်ကားလေး မောင်းထွက်သွားလျှင်ကား ကျွန်တော့်မျက်လုံးများသည် မျက်ရည်များဖြင့် ရီဝေမှုန်ဝါး၍ သွားရပါလေတော့၏။

❒❒❒

## အခန်း (၇)

တိုင်းပြည်အခြေအနေမှာ အေးငြိမ်းသည့်အချိန်မရှိသလောက် ဖြစ်လာသည်။ အလုပ် လုပ်၍မရတော့။ လုယက်တိုက်ခိုက်မှုသတင်းကို မကြာခဏ ကြားနေရသည်။ ကောလာဟလသတင်းများနှင့် အတိတ်တဘောင်တွေက အမျိုးမျိုး။

ဂျပန်တပ်ကြီး မော်လမြိုင်ဘက်မှ ကုန်ကြောင်းချီလာပြီ သတင်းကို "အောလ်အိန္ဒိယ" အသံလွှင့်ဌာနက ထုတ်လွှင့်သဖြင့် မြို့ကလူများ သိနေကြသည်။ သည်တော့ အုပ်ချုပ်ရေးလည်း မရေမရာတော့။ လုံခြုံရေးမရှိ ဖြစ်နေသည်။ လူချမ်းသာများ သွေးလန့်နေကြသည်။ အမှန်တော့လည်း သူတို့မှာ အများဆုံး အန္တရာယ်ရှိသည်။ လူဆိုးလူမိုက် ဒုစရိုက်သားဆိုတာ မိမိအောက် လက်ငယ်သား၊ မိမိခင်မင်ပါသည်ဆိုသော လူများကလည်း ဖြစ်သွားနိုင်သည်မဟုတ်ပါလား။

ရန်ငြိုးရန်စရှိဖူးသူများ၊ မရှိဆင်းရဲသားများအပေါ် နိုင်ထက်ကလူပြုခဲ့သူများလည်း ယခုအချိန်မျိုးတွင် နောက်ကြောမလုံ ပူပင်ကြောင့်ကြနေကြရသည်။ ဘယ်သူ့ကိုမှ အားကိုး၍ မရတော့သလို ဘယ်သူ့ကိုမှလည်း ယုံကြည်၍ မရတော့။ ဆွေမျိုးစု၊ မိသားစု ကျောချင်းမကပ်၍ မရတော့ပေ။ သည်အချိန် သည်ကာလက နွားကွဲလျှင် ကျားကိုက်မည်မှာ သေချာသည်။

ကျွန်တော်တို့အာရှလူငယ်အဖွဲ့ဝင်များမှာ အမျိုးသားရေး စိတ်ဓာတ် နိုးကြားသိမြင်နေပြီ ဖြစ်ရလေကား အခွင့်အလမ်းကို ကြည့်နေရသည်။ သူ့ကျွန်ဘဝက လွတ်မြောက်ရေးအတွက် ပြည်သူ့ အရေးတော်ပုံပါတီများဖြင့် စုစည်းကြသည်။ စည်းလုံးညီညွတ်မှုကို ရယူကြသည်။ မြေအောက်လျှို့ဝှက်လှုပ်ရှားမှုများ စတင်နေကြသည်။

ပြည်သူလူထုတစ်ရပ်လုံးက ဗြိတိသျှကိုလိုနီနယ်ချဲ့စနစ်ကို ဆန့်ကျင်နေကြသည်။ ကျောင်းသားတွေ သပိတ်မှောက်သည်။ လယ်သမားတွေကလည်း တိုက်ပွဲဝင်လာကြသည်။ အလုပ်သမားတွေ က မိမိတို့ဆန္ဒကို ထုတ်ဖော်လာကြသည်။ တစ်မျိုးသားလုံး လွတ်လပ်ရေးကို တောင်းတလာရကောင်းမှန်း သိလာသည်။ မျိုးချစ်မျက်ကန်းတွေ မဟုတ်တော့။ အမျိုးသားရေးစိတ်ဓာတ် နိုးကြားနေပြီ။ မျက်နှာဖြူတို့ ကုန်ပစ္စည်းကို အသုံးမပြု။ အခွန်တော် ကို ကြေလည်အောင် မပေးသွင်းဘဲနေသည်။

ဗြိတိသျှကိုလိုနီအစိုးရက အလွန်ပါးနပ်လိမ္မာသည်။ ချက် ဆိုလျှင် နားခွက်က မီးတောက်သူများ ဖြစ်သည်။ ပြည်သူလူထု တောင်းဆိုမှုတွေကို မပေး။ သွေးခွဲသည်။ သွေးခွဲခြင်းဖြင့် ရရှိ လာသော ဗြိတိသျှအင်္ဂလိပ်အစိုးရ ဘက်တော်သားများဖြင့် အုပ်ချုပ်ရေး အသက်ဆက်သည်။ ထိုအခါ သခင်အောင်ဆန်း ဦးဆောင်သော အမျိုးသားခေါင်းဆောင်များက ပြည်ပနိုင်ငံ တစ်ခုခုမှ လက်နက်အင်အား ရယူပြီးလျှင် အခါအခွင့်သင့်သည်နှင့် ကိုလိုနီအစိုးရကို တော်လှန်ရမည်ဟု ဆုံးဖြတ်သည်။

ဤသို့ဖြင့်. . .



ရဲဘော်သုံးကျိပ် စတင်လှုပ်ရှားလာခြင်းပါပေ။ လှုပ်ရှားမှုကို အကောင်အထည်ဖော်ရာ၌ ဗြိတိသျှတို့နှင့် ပြိုင်ဘက်ဂျပန်နှင့် ဆက်သွယ်ပြီး ပူးပေါင်းဆောင်ရွက်သည်။ ဂျပန်တပ်မတော်က မီနာမီအဖွဲ့ ဖွဲ့စည်းထူထောင်သည်။ ဂျပန်-မြန်မာ ပူးပေါင်း ဆောင်ရွက်ရေးအတွက် ရည်ရွယ်သည်။ မီနာမီသည် “တောင်ဘက်” ဟူ၏။ ဂျပန်တပ်မတော်က တောင်ဘက်သို့ အာရုံပြုလိုက်ခြင်းပါပေ။ မီနာမီအဖွဲ့ကို ဗိုလ်မှူးကြီး စူဇူကီးကေအိဂျိက ဦးစီးသည်။

စင်စစ် မီနာမီအဖွဲ့သည် လျှို့ဝှက်အထူးစစ်ဆင်ရေးတစ်ရပ် ဖြစ်သည်။ ဂျပန်တပ်မတော်အကျိုးကိုသာ ရှေးရှုသည်။ အထူး လေ့ကျင့်ထားသော နာကာနိုစစ်ထောက်လှမ်းရေးကျောင်းဆင်း ဂျပန်တပ်မတော် အမာခံတပ်သားများဖြင့် အခြေခံသည်။

သည်အကြောင်းများကို ဆရာဆောင်းတို့ တာဝန်ပေး လိုက်သော မြေအောက်တော်လှန်ရေးသမားများက ကျွန်တော်တို့ကို အသိပေးထားသည်။ ရဲလှနှင့် မောင်ကိုတို့ဆိုလျှင် တက်ကြွနေသည်။ အထက်က တာဝန်ပေးလာလို့ကတော့ တာဝန်မရွေး၊ ကျရာတာဝန် ကို ကျေပွန်အောင် ထမ်းဆောင်ဖြစ်လိုက်မည်ဟု ပြောနေသည်။ အရေးကြီးပြီ။ သွေးမစည်း၍ မဖြစ်တော့ပြီ။

ကျွန်တော့်မှာကား ဦးဘပုလို လူမျိုးနှင့် မပတ်သက်ချင်ပါဟု ဆိုကာမှ လာ၍ပတ်သက်နေသည်။ အခု ကြည့်။ သည်လူကြီးနှင့် မျက်နှာချင်းမဆိုင်ချင်ပါဘဲလျက် မျက်နှာချင်းဆိုင်ရဦးမည် မဟုတ်လား။ သည်အရေးမှာ ခင်ဖုန်းဆွေက ကျွန်တော့်လိုမဟုတ်။ ရင့်ကျက်နေပြီ ထင်သည်။ ကျွန်တော် အိမ်ပြန်ရောက်လျှင်

ရောက်ချင်း ခင်ဖုန်းဆွေက မောင်ကိုကတစ်ဆင့် ကျွန်တော့်ကို မဒေါင်းတို့အိမ်မှာ တွေ့ကြဖို့ချိန်းသည်။

ကိုယ့်ကိုယ်ကိုယ် ပိန်ကျသွားပါကလား မှန်ကြည့်ရင်း တွေးလိုက်မိသည်။ အခု ခင်ဖုန်းဆွေကို တွေ့ကာမှ သူမက ကျွန်တော့်ထက် ပိန်ကျသွားသည်ကို ပွဲတွေ့ဒိဋ္ဌ တွေ့လိုက်ရပါပကောလား။ သည်နေ့က စိန်ပန်းပင်အောက်ကို မရောက်၊ မဒေါင်းတို့အိမ်မှာပဲ စကားတွေ ပြောဖြစ်သည်။

“နင်. . . ငါနဲ့ တစ်ခါတည်း လိုက်မလာတာ. . . တော်သေးတယ်၊ အဖေက ငါထင်တဲ့အတိုင်းပဲ. . . တစ်ခါတည်းဖမ်းပြီး အချုပ်ထဲပို့မှာ၊ နောက်အမှုဆင်ပြီး နင့်ကို ထောင်ထဲပို့မှာ၊ ငါ့အဖေ မကောင်းကြောင်း ပြောရတာမကောင်းပါဘူး”

ခင်ဖုန်းဆွေက သူ့အဖေ မကောင်းကြောင်းတွေ ပြောမိသွားသဖြင့် အတော်ကလေးစိတ်မကောင်းဖြစ်သွားဟန်တူသည်။ ကျွန်တော်သည် ဘာမျှမပြောချင်သေး၍ ခင်ဖုန်းဆွေမျက်နှာကလေးကိုပဲ တစိမ့်စိမ့်ကြည့်နေမိသည်။

ဒါကို ခင်ဖုန်းဆွေက ဂရုပြုလိုက်မိသည်။

“မိုးဝေ”

ဟု ခေါ်လိုက်သည်။

“ပြောလေ”

“ငါပြောတာကို နင်ကြားရောကြားရဲ့လား၊ ဘာဖြစ်နေတာလဲ”

“ဟုတ်ပါတယ်၊ ငါ နေလို့မရတော့ဘူး၊ နင်မရှိဘဲနဲ့”

“ငါလည်း နင့်လိုပါပဲ”

“ငါတို့ ဘာဆက်လုပ်ကြမလဲ”



“လောလောဆယ် နင် အဖေ့ကိုတွေ့ပြီး အဖေ ဘာပြောမလဲ နားထောင်ရမယ်လေ”

ခင်ဖုန်းဆွေစကား ကြားလျှင်ကြားချင်း ကျွန်တော် တုန်လှုပ်၍သွားသည်။

“ငါက နင့်အဖေကို တွေ့ရမယ်ဟုတ်လား. . . နင်ပဲ ခုနက ပြောတယ်လေ. . . နင့်အဖေက ငါ့ကို ဖမ်းချုပ်လိမ့်မယ်ဆိုတာ. . .”

“အခုတော့ အဖေက သွေးအေးသွားပါပြီ”

“နင့်အဖေကို သွေးအေးသွားပြီလို့ နင်ထင်သလား”

“ထင်တာ မထင်တာ အသာထား. . . စမ်းကြည့်ရမှာပဲလေ”

သည်နေ့က ကျွန်တော်နှင့်အတူ လိုက်လာသော ရဲလှက ကျွန်တော်တို့စကားဝိုင်းထဲ ဝင်လာသည်။

“ခင်ဖုန်းပြောတဲ့အကြံကို ငါကတော့ အားမပေးချင်ဘူး၊ သမက်နဲ့ယောက္ခမ အခြေခံအကြောင်းတရားက အဆင်ပြေမယ် မထင်ဘူး”

ရဲလှစကားမှာ ကြောင်းကျိုးဆက်စပ်မှု ရှိသည်။ အများဆုံး နီးစပ်မှုရှိသည်။ ထို့ကြောင့် ကျွန်တော်သည် ဦးဘပုနှင့် တွေ့ရမည့် အရေးကို မတွေးချင်၊ စိတ်ထဲမှာ မတင်မကျ၊ သူနှင့် မတွေ့ဘဲ နေ၍ကတော့ မဖြစ်တော့ပြီ။

“ဒါပေမဲ့. . . မိုးဝေက အဖေ့ကို မတွေ့လို့မှ မရတော့တာပဲ”

ခင်ဖုန်းဆွေက ကျွန်တော့်ကို သူ့အဖေဆီ တွန်းပို့နေသည်မှာ ဘာကြောင့်များလဲ။ ကျွန်တော် အတွေးရောက်လိုက်မိလေသည်။

"ဖမ်းချုပ်လိုက်ရင်ရော"

"နင်က ခင်ဖုန်းယောကျ်ား ဖြစ်နေပြီလေ"

သည်တော့လည်း ရဲလှက

"ကဲ. . . မိုးဝေ. . . ခင်ဖုန်းဆန္ဒအတိုင်း မင်း သူ့အဖေကို သွားတွေ့လိုက်ပါ၊ စွန့်စားကြည့်ရမှာပဲ"

ဟု ပြောလိုက်လေသည်။

သို့နှင့် ခင်ဖုန်းဆွေနှင့် အချိတ်အဆက်လုပ်ပြီး လူချင်းခွဲလိုက်ကြသည်။ ဦးဘပုကို ကျွန်တော်မကြောက်ပေမယ့် မယုံကြည်ပါ။ သူက ပါးနပ်လွန်းသူဖြစ်သည်။ ကျွန်တော်တို့ ကျွဲပွဲရောက်နေသည်ကို မောင်ကိုပြောသည်လည်း မဟုတ်။ ရဲလှက ထုတ်ဖော်သည်လည်း မဟုတ်။ ကျွန်တော်တို့ သည်ရက်အတောအတွင်း ဘယ်သွား၍ ဘယ်လာသည်ကို ရေတာရှည်ကားဂိတ် ဂိတ်စပယ်ယာ ဓားမြောင်နှစ်လက် ဦးချက်ကြီးကို စုံစမ်းခိုင်းခြင်းဖြင့် သိခဲ့သည်ဟု ခင်ဖုန်းဆွေ ပြော၍ ကျွန်တော်သိရပြီပဲ။ ဦးဘပုကို လျော့တွက်၍မရပါ။

ခုလည်း ဦးဘပုသည် သူ့သမီးခင်ဖုန်းဆွေကို တည်ကြက်ထားပြီး ကျွန်တော့်ကို ထောင်ချောက်ဆင်ဖမ်းလေပြီလားတွေး၍ စိတ်မောလာသည်။ အမေကလည်း

"သွားလိုက်ပါ. . . တစ်ခုခုတော့ သိရမှာပေါ့. . . သွားမတွေ့ရင် မသိရဘူးပေါ့"

ခင်ဖုန်းဆွေနှင့်မပတ်သက်စေချင်သော အမေကိုယ်တိုင်က ဦးဘပုနှင့် တွေ့စေချင်ကြောင်း ပြောလာလျှင်ကား ကျွန်တော်လည်း

"ကဲ. . . အမေ. . . ကျွန်တော် ဦးဘပုကို သွားတွေ့လိုက်ပါတော့မယ်"

ဟု ကတိပေးလိုက်သည်။



ညနေရေမိုးချိုးပြီးမှ ဦးဘပုနှင့် သွားတွေ့မည်ဟုတွေးကာ နေ့လယ်နေ့ခင်း တစ်ရေးအိပ်လိုက်သည်။ အိပ်ပျော်နေရာမှ နိုးလာလျှင်ကား ကျွန်တော့်ရှေ့မှာ အမေထိုင်နေသည်ကို တွေ့ရသည်။ အမေ့မျက်နှာ မကောင်းပါ။

"အမေ. . . ကျွန်တော့်ကို ဘာပြောချင်လို့လဲ"

ဟု မေးလိုက်လျှင်ကား အမေက

"လာ. . . ဒီနားကို"

ဟု ပြော၍ ကျွန်တော် အမေ့ရှေ့မှာ သွားထိုင်လိုက်သည်။ အမေက

"ခုနက မထားစိန်လာသွားတယ်၊ ခင်ဖုန်းဆွေ လွှတ်လိုက်တာတဲ့"

"မထားစိန်က ဘာပြောသွားလဲအမေ"

"စာတစ်စောင်ပေးသွားတယ်၊ စာအိတ်နဲ့မဟုတ်ဘူး၊ အမေလည်း စိုးရိမ်လို့ ဖတ်လိုက်တယ်၊ ရော့. . . ဒီမှာစာ"

ခင်ဖုန်းဆွေစာကို ကျွန်တော် အလောတကြီး ဖတ်လိုက်ရလေသည်။

သို့

မိုးဝေ

သိပ်အရေးကြီးတယ်၊ အဖေ့ကို လာမတွေ့နဲ့တော့၊ အဖေက ငါ့ကို တည်ကြက်လုပ်ထားတာ၊ ငါသိလိုက်ပြီ၊ ဟုတ်တယ်၊ အဖေက နင့်ကို အခဲမကြေဘူး၊ နင် ဒုက္ခရောက်အောင် တစ်ခုခုလုပ်လိမ့်မယ်၊ အမေပြောပြလို့ သိရတာ. . . အဖေက ငါ့ကို အချိုသတ်နေတာ. . . ကိုချက်ကြီးက နင့်ကို အပါမခေါ်ခဲ့လို့ အဖေ ဒေါသထွက်နေတာတဲ့၊

ငါ နင့်အတွက် စိုးရိမ်တယ် မိုးဝေ. . .

အကောင်းဆုံးကတော့ နင် မြို့မှာမနေဘဲ အမြန်ဆုံး ထွက်သွားမှ ဖြစ်မယ်၊ အဲဒါ အန္တရာယ်အကင်းဆုံးပဲ၊ ကိုချက်ကြီးတို့လူတွေက များတယ်၊

ငါ့အတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ တို့တွေ ကံမကုန်ပါဘူး၊ ပြန်ဆုံကြရမှာပါ။

ငါပြောတာတွေ ယုံပါ မိုးဝေ. . .

ခင်ဖုန်းဆွေ

စာကိုဖတ်ပြီး ကျွန်တော်သည် အမေ့ကို ကြည့်လိုက်လေရာ

"အမေပြောသားပဲကွယ်. . . ဒီမိန်းကလေးနဲ့မဖြစ်ပါဘူးလို့ . . . ခုတော့ ဆုပ်လည်းစူး၊ စားလည်းရူး ဖြစ်ပြီပဲပေါ့"

ဟု ပြောလေသည်။

"ကံတရားပဲပေါ့ အမေရယ်. . . အခု ကျွန်တော် ရဲလှဆီကို သွားလိုက်ဦးမယ်"

"သတိနဲ့သွားနော်. . . သား"

"ဟုတ်ကဲ့ပါ"

ခင်ဖုန်းဆွေစာကို ဖတ်ရပြီးနောက်နေ့မှာပဲ ကျွန်တော်သည် အမေ့ကို ကန်တော့ပြီး ညီလေးမင်းမင်းနှင့် နှမကလေး သူသူတို့ကို အမေ့အား စောင့်ရှောက်ဖို့မှာကာ အိမ်မှ ထွက်လာခဲ့လေသည်။

ခင်ဖုန်းဆွေစာအရ ကျွန်တော်မြို့မှာရှိနေလျှင် ဦးဘပုက ကျွန်တော့်ကို အမှုဆင်ပြီးဖမ်းမှာ သေချာသည်ဟု ရဲလှပြော၍ ရန်ကုန်ကို အမြန်ဆုံးသွားဖို့ စီစဉ်ပေးခဲ့ခြင်း ဖြစ်သည်။ အဝေးပြေး



ကားဂိတ်သွားပြီး ကားစီးလျှင် ဦးချက်ကြီး စက်ကွင်းမလွတ်နိုင် ဖြစ်မည်စိုး၍ မီးရထားစီးမည် လုပ်တော့လည်း အဆင်မပြေ။

သို့နှင့် ရဲလှက အဝေးပြေးကားကိုပဲ မြို့ဆင်ခြေဖုံးက မရ-ရသည့်ကားကို တားစီးမည်ဟု အကြံပေးသည်။ ထို့နောက် မြင်းလှည်းတစ်စီးကို ငှားပြီး ရဲလှကိုယ်တိုင် လိုက်လာ၍ ကုန်တင် ကားကြီးတစ်စီးကို တားကာ တင်ပေးလိုက်လေသည်။

"ရန်ကုန်ရောက်ရင် ဆရာဆောင်းနဲ့ အမြန်ဆက်သွယ်. . . မိုးဝေ. . ."

ဟု သတိပေးလိုက်ပါသေးသည်။ ရဲလှသည် သူငယ်ချင်း အဆင့်ကို ကျော်ကာ ရဲဘော်ရဲဘက်အဆင့်ရောက်နေပြီ ဖြစ်သည်။

ကားပေါ်ရောက်မှ သတိထားမိသည်။ ရန်ကုန်-မန္တလေး အဆန်ကားတွေက များနေသည်။ မန္တလေး-ရန်ကုန် အစုန်ကားမှာ အလွန်နည်းသည်။ ပြီးအဆန်ကားတွေမှာ လူတွေက အပြည့်၊ ပစ္စည်းတွေကလည်း မနည်း။ အင်္ဂလိပ်တွေ၊ ကုလားတွေ များသည်။ စစ်သတင်းတွေကြောင့် ပြည်တော်ပြန်တွေက များနေသည်။ သူတို့သည် ရန်ကုန်-မန္တလေး ကားလမ်း၊ မီးရထားလမ်းတစ်လျှောက်ရှိ မြို့များက ထွက်ခွာလာကြသူများ ဖြစ်နိုင်သည်။

သူတို့သည် ပြည်ကတစ်ဆင့် တောင်ကုတ်လမ်းကို ဖြတ်၍လည်းကောင်း၊ မုံရွာ-ကလေး လမ်းမှ ဖြတ်၍လည်းကောင်း အိန္ဒိယနိုင်ငံသို့ သွားကြမည့်ခရီးသည်များမှန်း ကျွန်တော် သိလိုက်သည်။ မြို့တိုင်းမှာ လုံခြုံမှု မရှိတော့၊ ယခု ခရီးသည်များသည်ပင် အရင်က ဗြိုရိုကရေစီ စက်ယန္တရားလုပ်စားပွဲထိုင်ခုံများတွင် အခန့်သားရှိနေသူများ ဖြစ်ပေလိမ့်မည်။ ခုတော့ စုတ်ပြတ်နေပြီ။ ခွေတိုး

ဝက်ဝင်ဘဝ၊ ဤသည်ပင် စစ်ဖြစ်သေးသည်မဟုတ်။ သူတို့ ရည်မှန်းသော အရပ်ဒေသများသို့ အဆင်ပြေစွာ ရောက်နိုင်ပါမည်လား။ တောတွေ တောင်တွေ၊ မြစ်ချောင်းအသွယ်သွယ်။ ပြီးတော့လည်း ခားပြ၊ လူဆိုး၊ လူမိုက်၊ ဒုစရိုက်လောကသားများ။ နောက် ကပ်ရောဂါတွေ၊ ဖြတ်ကျော်ရမှာ ကန္တာရတွေက များလွန်းသည်။ ကံကြမ္မာ၏သားကောင်များပါပေ။

ကျွန်တော်ကရော ကံကြမ္မာ၏သားကောင်တစ်ယောက်ပေပဲ။ လောလောဆယ်မှာ သူတို့က ကျရောက်လာမည့်စစ်ကို ရှောင်ပြေးခြင်း ဖြစ်သည်။ ကျွန်တော်က နှလုံးသားအချစ်ကို ပစ်ပြီးစစ်ကို သွားတွေ့ရမည့်အဖြစ်မျိုးပါပေ။ ကျွန်တော်သည် ချက်ပလက်ကုန်တင်လော်လီကားကြီးတစ်စီး၏ အမိုးပေါ်တွင် အခြားခရီးသည် လေးငါးယောက်နှင့်အတူ လိုက်ပါလာခြင်း ဖြစ်သည်။ အမိုးပေါ်မှာ အုန်းဆံကြိုးများနှင့် တုတ်နှောင်ထားသော အထုပ်အပိုးတွေ၊ အိတ်တွေရှိပါသေးသည်။ ကားယိမ်းလိုက်တိုင်း အထုပ်တွေရော ကျွန်တော်တို့ခရီးသည်တွေပါ ယိမ်း၍နေသည်။ ဒါလည်း စွန့်စားခန်းများပင် ဖြစ်သည်။

နေလုံးကြီးက အလယ်ရိုးမပေါ် မေးတင်သည်နှင့် ဆည်းဆာရိပ်က ထပ်ချပ်မကွာ တိုးဝင်၍လာလေသည်။ လမ်းတစ်လျှောက် ကားကို လက်တား၍ ရပ်ခိုင်းလျှင် ဒရိုင်ဘာက ရပ်ပေးသည်။ ခေတ်ပျက်ထဲမှာမို့ ကူညီလိုသည့်သဘောလား။ ငွေပို ရလိုသည့် စိတ်ထားလား. . . ခွဲခြားမသိနိုင်ပါ။ ကျွန်တော်တို့ ကားအမိုးပေါ်မှာ ခရီးသည်တွေ တိုးလာသည်။ ဒူးနှစ်ချောင်း ထောင်ထားရလေသည်။



ကျွဲပွဲမြို့ကလေးကို ဖြတ်လျှင်ကား မှောင်စပြုနေပြီ။ မြို့ကလေးမှာ ညအမှောင်ထဲရောက်နေသဖြင့် ပုံရိပ်များကိုသာ မြင်ရသည်။ မီးအလင်းရောင်ကတော့ ဟိုနားတလက်လက်၊ သည်နားတလက်လက်၊ ဘကြီး ဦးဘိုးဆင်တို့မိသားစု ထိုင်စကားပြောနေဦးမှာလား။ ခင်ဖုန်းဆွေနှင့် ပြုံးပျော်ကြည်နူးခဲ့ရသော အရပ်ဒေသတစ်ခုပေပဲ။ ရင်ထဲမှာအလွမ်းမိုးတွေ ရွာသွန်း၍ နေလေသည်။ မကြည့်ဘဲလည်း မနေနိုင်။

ကားအမိုးပေါ်မှာဆိုတော့ အိပ်၍မရ။ အိပ်ပျော်နေတုန်းကား တိမ်းလိုက်လျှင် မတွေးဝံ့စရာ။ သို့နှင့် ကျွန်တော်မအိပ်ရပါ။ ခင်ဖုန်းဆွေနှင့်ပတ်သက်သော အသိတစ်ခုဝင်လာသည်။ ခင်ဖုန်းဆွေနှင့် နောက်ဆုံးတွေ့ခဲ့စဉ်က

"မိုးဝေ. . . နင်တော့ ကလေးအဖေဖြစ်တော့မယ် ထင်တယ်"

ဟု ပြောခဲ့သည်ပဲ။ ကျွန်တော်က သမီးကလေးမွေးချင်ကြောင်း ပြောဖြစ်ပါသေးသည်။ ကျွန်တော် တွေးချင်တိုင်းတွေး၍ ငေးချင်တိုင်းငေးနေတုန်းမှာပဲ ချက်ပလက်ကားကြီးက ဖောက်လာပါသည်။ ဆီငတ်တာလား၊ မီးပျောက်တာလား။ အင်ဂျင်ပူလွန်းလို့များလား မသိ။

"ကဲ. . . ဒီမှာနားမယ်။ ကားပေါ်က ဆင်းလို့ရတယ်. . . ဝေးဝေးတော့ မသွားနဲ့ပေါ့"

စစ်အတွင်း မဟုတ်သေးပေမယ့်. . . သည်ခေတ်မှာ ခရီးသွားကြရသည်မှာ အခုလိုအဖြစ်မျိုးက ရိုးသလောက်ပင်ဖြစ်နေပြီ။ ကားကြီးတွေက ဟောင်းလှပြီ။ အင်ဂျင်တစ်ခုလုံး မူလပစ္စည်းဆို၍ မရှိသလောက်ပင်။ ဘော်ဒီပိုင်းကျတော့လည်း ခနော်ခနဲ့။

ဘာဖြစ်ဖြစ်ဆိုသော အသိစိတ်နှင့် စီးနင်းလိုက်ပါကြရသည်။ အမှန်တော့ ခရီးသွားရာတွင် ရွေးစရာမရှိပါ။ ရှိတာကိုပဲ စီးကြရပေမည်။ ကားဒရိုင်ဘာတွေက သူတို့ကားအကြောင်းကို ကောင်းကောင်းသိသည်။ သူတို့သိသလို ခရီးသည်တွေ မသိပါ။

သည်လိုနှင့်ပင် ဇေယျဝတီမြို့သို့ ရောက်လာသည်။ ဘူတာမှာ ရန်ကုန်ဘက်ထွက်မည့် မီးရထားတစ်စီး တရှူးရှူးတရှဲရှဲ အသံပေးနေသည်။ ဘူတာပလက်ဖောင်းပေါ်တွင် ရန်ကုန်ဘက်သွားမည့် ခရီးသည်တွေ များလှသည်။ ကျွန်တော် စီးနင်းလိုက်ပါလာသော ချက်ပလက်ကားကြီးကို ကျွန်တော် မစီးတော့။ ဘူတာသို့ လာခဲ့သည်။ ရန်ကုန်လက်မှတ်တစ်စောင်ဖြတ်ပြီး မီးရထားတွဲတစ်တွဲပေါ် တက်လိုက်သည်။

ဘယ်တွဲပေါ်တက်တက်၊ ခရီးသည်တွေ အပြည့်အသိပ်ဆိုတော့လည်း နီးရာမီးရထားတွဲပေါ်ကိုပဲ တက်လိုက်သည်။ ထိုင်ခုံရှိတာထက် ခရီးသည်တွေ ပိုများနေသည်။ ကျွန်တော်သည် ခပ်ဟဟရှိနေသော နေရာတွင် ထိုင်လိုက်သည်။ ကိုင်စရာဆို၍ လွယ်အိတ်တစ်လုံးသာ ပါလာသဖြင့် ထိုလွယ်အိတ်ကို ပေါင်ပေါ်မှာပဲ တင်၍ ကိုင်ထားလိုက်သည်။ သည်နေရာ သက်သောင့်သက်သာ ရှိပါသေးကလားဟု တွေးမိရုံပဲရှိသေးသည်။ ခရီးသည် လူကြီး သုံးယောက် ကျွန်တော့်ဘေးမှာ တိုးဝင်ထိုင်ချလိုက်လေသည်။ သုံးယောက်စလုံး လူမိုက်ပုံပေါက်နေ၍ ဘေးကခရီးသည်များ နေရာမရှိဘဲ တိုးဝှေ့ထိုင်လိုက်မှန်းသိလျက် ဘာမျှမပြောဘဲ ငြိမ်နေလိုက်သည်။



မီးရထားသည် ဘယ်အချိန်ထွက်ရမည်မသိ။ ထွက်တော့ ထွက်လာသည်။ အသားညိုညိုလူကြီးက ကျွန်တော့်ကို

"မင်းက ဘယ်လဲ"

ဟု စပ်စုသည်။

"ရန်ကုန်ပါ"

"ရန်ကုန်မှာ ဂျပန်က ဗုံးတွေချနေတာ မင်းမသိဘူးလား"

"မသိဘူး. . . သိလည်း သွားရမှာပဲ"

"ငါတို့လည်း သွားရမှာပဲ၊ အခု ရန်ကုန်က အိမ်တွေဟာ ဟောင်းလောင်းတွေချည်းပဲ၊ တို့အတွက်တော့ စားကျက်တွေပဲ"

"ခင်ဗျားကလည်း သူများပစ္စည်းတွေပဲဥစ္စာ"

"ပစ်ပြေးသွားပြီလေကွာ"

"မဟုတ်သေးပါဘူးဗျာ"

"မင်းလည်း ဒီစားကျက်ကို လာတာပဲ မဟုတ်လား"

"မဟုတ်ပါဘူး"

"တော်စမ်းပါကွာ. . . ဒီမှာ အံသွား တိုနေပြီ"

"ကျွန်တော်က ကျွန်တော့်အဖေနဲ့ ကျွန်တော့်ဆရာတွေဆီကို လာတာပါ"

"တော်ပြီကွာ. . . မင်းနဲ့စကားပြောရတာ အလကားပဲ"

မီးရထားစာပို့လည်းမဟုတ်။ လော်ကယ်လည်း မဟုတ်။ ကြံ့တွဲရထားဖြစ်သည်။ ဖြူးရောက်လျှင် ဘွိုင်လာအိုးရေဖြည့်သည်။ ရေဖြည့်လိုက်ခြင်းကြောင့် မီးပေါင်ကျပြီး မထွက်နိုင်သေး။ မီးပေါင်ပြည့်သည်အထိ စောင့်ရသည်။ သည်လို မီးရထားက

ထွက်ရမည့်အချိန် မထွက်နိုင်ဖြစ်နေလျှင် လက်မှတ်မဲ့ခရီးသည်တွေ အဖို့ ကသိကအောက်ဖြစ်ကြရလေသည်။ သို့သော်လည်း စစ်ရိပ် စစ်ငွေ့သန်းလာသော ခေတ်ကာလဖြစ်နေသဖြင့် မီးရထားလက်မှတ် စစ်များလည်း တိတိကျကျ စစ်ဆေးလုပ်ကိုင်ခြင်းမျိုး မရှိတော့။

မီးရထား အချိန်တန်၍ မထွက်ပါက ခရီးသည်တွေက ဂါတ်ဗိုလ်ကိုပဲ အပြစ်ပြောတတ်ကြသည်။ ဘူတာတွင် ပလက်ဖောင်း ဈေးသည်များလည်း ပြန်သွားကြလေပြီ။ ခရီးသည်တွေမှာ မီးရထား တွဲများအတွင်းမှာ ပူလောင်အိုက်စပ်၍ နေလေသည်။ ခရီးသည်တွေ များလွန်း၍ နေစော်နံလာသည်။ ချွေးစော်နံလာသည်။ သည်တော့ ခရီးသည်အချို့ မီးရထားတွဲအောက် ပြန်ဆင်းကြရပြန်သည်။

ကျွန်တော့်မှာ ရေသောက်ချင်သော်လည်း ရေမသောက်ရ၊ ရေရောင်းသူမရှိ။ ရေအိုးစင်လည်း မတွေ့ရ။ အရင်က ဖြူးမြို့သည် အခုလို ခြောက်ကပ်ကပ် မဟုတ်။ ကျွန်တော် ဖြူးမြို့ကို မကြာခဏ ရောက်ခဲ့ဖူးသည်။ အလွန်စည်ကားသော မြို့တစ်မြို့ ဖြစ်သည်။ စစ်က အရာရာကို ခြိမ်းခြောက်နေပြီ မဟုတ်ပါလား။

"မီးရထားက ဘယ်တော့ ထွက်မှာလဲ"

"ဘယ်သူ သိမှာလဲဗျာ"

"မီးရထားတွေ အချိန်မှန်လှဆို့ . . . ခုတော့လည်း ကြည့်စမ်း ပါဦး"

ခရီးသည်တွေက တစ်ယောက်ကို တစ်ယောက်ပြောနေကြသည်။ သို့သော်လည်း မီးရထားက မကြာမီ ထွက်ခွာလာခဲ့လေသည်။ ညောင်ပင်သာဘူတာရောက်လျှင် မီးရထားက ဆက်မထွက်တော့ဘဲ ရပ်နေသည်။



"ဒီမီးရထားစီးရတာ အပင်းလျှို့ရတဲ့အတိုင်းပါပဲကလား"

မကျေနပ်သူတွေက အ-မနာပ ပြောတတ်ကြသည်။ အချို့က ဂါတ်ဗိုလ်ကို တိုက်ရိုက်သွားမေးကြသည်။ ဂါတ်ဗိုလ်က ရန်ကုန်ဘက်က ဆင်းလာသော မီးရထားကို စောင့်နေရခြင်း ဖြစ်ကြောင်း ရှင်းပြသည်။ ညဘက်ပိုင်းရောက်လာလျှင်ကား ကျွန်တော့်နားမှာ ထိုင်နေသော လူသုံးယောက် ပျောက်ချင်းမလှ ပျောက်သွားလေသည်။

"မင်းနားက လူသုံးယောက်က ထောင်ထွက်တွေ ထင်တယ်"

နောက်နားက ခရီးသည်မိန်းမကြီးက မှတ်ချက်ပေးလိုက်လေသည်။

"ဒီလိုပါပဲ အဒေါ်ရယ်၊ အဒေါ်ပြောတာလည်း ဖြစ်နိုင်ပါတယ်"

မီးရထားထွက်ပုံ မပေါ်သောအခါ ခရီးသည်တွေ တွဲပေါ်မှာ နေ၍မရ။ တွဲအောက်ဆင်းကြရပြန်သည်။ အချို့ကား ကားဂိတ်ဘက် လျှောက်လာကြသည်။ ကားဂိတ်လျှောက်လာသူ ခရီးသည်များထဲတွင် ကျွန်တော်လိုက်ပါလာခဲ့သည်။ ညဦးပိုင်းရောက်နေပြီဖြစ်၍ ပတ်ဝန်းကျင်မှာ မည်းမည်းမှောင်၍ နေသည်။

အမှောင်ရိပ်ထဲက လူရိပ် နှစ်ရိပ် ကျွန်တော့်ထံ ရွေ့လျားလာသည်ကိုတွေ့၍ ကျွန်တော်က ရပ်၍စောင့်ကြည့်နေလိုက်သည်။ ထိုလူရိပ်နှစ်ရိပ် ကျွန်တော့်ရှေ့သို့ ရောက်လာသောအခါတွင်ကား ကျွန်တော့်မှာ အလွန်အမင်း အံ့သြ၍သွားပါလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ရဲလှနှင့်အတူ ခင်ဖုန်းဆွေကို တွေ့လာရသောကြောင့်ပင် ဖြစ်သည်။

"မင်းတို့ ဒီကို ဘယ်လိုရောက်လာတာလဲ"

"နောက်မှ ငါ မင်းကို ရှင်းပြမယ်၊ အခု ဒီနေရာက ခပ်ဝေးဝေးရောက်မှ ဖြစ်မယ်"

ကျွန်တော့်မှာကား နားမလည်။ ယောင်အအ. . . .

❑❑❑

# အခန်း (၉)

"ခင်ဖုန်းက မင်းရှိတဲ့နေရာကို လိုက်ပို့ပေးပါဆိုတာနဲ့ ငါလည်း မိုက်မိုက်ကန်းကန်းလိုက်ပို့တာပဲ၊ မင်းလည်း သိပြီးသားပဲ၊ သူ့အဖေရဲ့လူတွေကြားက တိုးထွက်လာနိုင်ဖို့ဆိုတာ လွယ်တာမှတ်လို့၊ ကံကောင်းလိုက် မကောင်းလိုက်ပါပဲ၊ အမေက သူ့အဝတ်အစားတွေ ဝတ်သွားလို့ပြောတုန်းက အမေ့စိတ်ကူးကို ငါနားမလည်ချင်သေးဘူး၊ လက်တွေ့ကျတော့မှ ဟုတ်တာပေါ့ ခင်ဖုန်းဟာ အမေ့ဒီဇိုင်းအတိုင်းပဲ၊ ဒီတော့ ခင်ဖုန်းသိတဲ့လူတိုင်း ခင်ဖုန်းလို့ မထင်တော့တာမိုးဝေ. . ."

ရဲလှက သူ့ခင်ဖုန်းဆွေအား မြို့ကခေါ်ထုတ်ခဲ့ပုံကို ဤသို့ရှင်းပြနေသည်။ သည်တော့ ကျွန်တော်တို့သုံးယောက်သည် ညောင်ပင်သာမြို့တောင်ဘက်ရှိ ပန်းပင်ကုန်းကျေးရွာက သူကြီးဦးအောင်သာ ဒေါ်စောခင်တို့၏နေအိမ်တွင် ရောက်ရှိနေပြီဖြစ်သည်။

"ငါတို့လည်း ကြုံရာကားနဲ့တက်လိုက်လာခဲ့တယ်၊ ငါ့စိတ်ကူးထဲမှာ အခုလို မင်းတို့လင်မယားပြန်ဆုံလိမ့်မယ် စိတ်ကူးမျိုးမရှိခဲ့ပါဘူး၊ အရင်ဆုံး ရန်ကုန်ရောက်အောင်သွားမယ်၊ ဆရာဆောင်းပေးထားတဲ့လိပ်စာအတိုင်းသွားရင် ငါတို့ဆရာဆောင်းနဲ့တွေ့မယ်ပေါ့၊ ဆရာဆောင်းကိုတွေ့မှတော့ မင်းနဲ့တွေ့ရပြီပေါ့၊ ငါ့စိတ်ကူးက အဲဒီလိုပါ"

ရဲလှပြောပြနေသည်ကို ကျွန်တော်လိုပဲ စိတ်ဝင်စားနေသူများမှာ ဦးအောင်သာနှင့်ဒေါ်စောခင်တို့ လင်မယားဖြစ်သည်။

"ပထမဆုံးတက်စီးမိတဲ့ကား ယောကျ်ားလေးယောက်ပါတယ်။ ဒီကောင်တွေ ကားပေါ်တက်လိုက်မိကတည်းက ငါမှားသွားပြီလို့ထင်လိုက်မိတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့အားလုံး ခင်ဖုန်းကို မျက်စိကျနေကြတယ်၊ အရက်တွေကလည်း သောက်လာကြတာ၊ ဒါနဲ့ ငါလည်း ခင်ဖုန်းကို မျက်စိမှိတ်ပြချိန်တောင် မရပါဘူး၊ မိန်းမရာ မိန်းမရာလို့ သူတို့သိလောက်အောင်ပြောရတာပေါ့"

ဟု ရဲလှကပြောနေခိုက် ခင်ဖုန်းဆွေက-

"ရဲလှက ရုတ်တရက် ငါ့ကို မိန်းမရာ ဆာလိုက်တာ၊ တို့ဝယ်လာတဲ့ဘဲဥပြုတ်ထုတ်ပါဦးလို့ပြောလိုက်တဲ့အချိန်မှာ ခပ်ကြောင်ကြောင်ဖြစ်သွားတာအမှန်ပဲ၊ ဒါပေမဲ့ ချက်ချင်းပဲ ရဲလှ ဒီစကားကို ဘာကြောင့်ပြောလိုက်တယ်ဆိုတာ ခင်ဖုန်းသိလိုက်တာပေါ့"

ဟု ဖြည့်စွက်ပြောလေသည်။

"ဒီစကားပြောခဲ့တဲ့အတွက် ငါမင်းကို တောင်းပန်ပါတယ် မိုးဝေ"

"တောင်းပန်စရာလားကွာ၊ ဒီအခြေအနေတစ်ခုကို ဒီလိုကျော်ဖြတ်ရမှာပဲ"

ကျွန်တော်က ထပ်မံဖြည့်စွက်ပြောလိုက်ရာ ဦးအောင်သာပင်လျှင်-

"ဟုတ်တာပေါ့"

ဟု ထောက်ခံပြောလေသည်။



"ဒါတောင်မှ ဒီကောင်တွေမလျှော့ဘူး၊ ငါ့ကို အရက်တွေတိုက်တယ်၊ ငါသောက်လိုက်လို့ကတော့ ခင်ဖုန်း ဘယ်သူ့အားကိုးရတော့မှာလဲ ငါအရက်မသောက်တတ်ပါဘူးဆိုတာကို အပြစ်ပြောသေးတယ်"

"ဘာကောင်တွေလည်း ခေတ်ကာလမကောင်းဘူး၊ လူတွေဒုက္ခသုက္ခရောက်နေတယ်ဆိုတာကို ဒီကောင်တွေ မသိဘူးလား"

"အသိခေါက်ခက် အဝင်နက်တွေထင်ပါတယ်ကွာ၊ ကြည့်ရတာက လူဆိုးလူမိုက်တွေမဖြစ်နိုင်ဘူး၊ သူဌေးသားလူ့ဘော်ကျော့တွေထင်တာပဲ"

"ဒီကောင်တွေကားပေါ်က ဘယ်လိုဆင်းခဲ့ရတာလဲ"

ကျွန်တော်က ရဲလှကိုမေးလိုက်သည်။

"ဒီညောင်ပင်သာကားဂိတ်မရောက်ခင် ကားရပ်ပြီး အပေါ့အပါးသွားကြတယ်၊ အဲဒီအချိန်မှာ သူတို့ကားပေါ်က တို့နှစ်ယောက် နောက်လှည့်မကြည့်တမ်း ထွက်ပြေးလာခဲ့တာ၊ မင်းနဲ့တွေ့တဲ့အထိပဲ၊ ငါလည်း မင်းကို ရုတ်တရက်တွေ့လိုက်ရတော့ ဘယ်လိုပျော်သွားမှန်းမသိဘူး. . ."

သည်တွင် ဒေါ်စောခင်က-

"မောင်မိုးဝေရော ဒီကလေးမလေး ဘယ်သူ. . ."

"ခင်ဖုန်းဆွေပါ"

ခင်ဖုန်းဆွေက ချက်ချင်း ဒေါ်စောခင်ကို သူ့နာမည်ထုတ်ပြောလိုက်သည်။

"အေး. . . ခင်ဖုန်းဆွေ၊ တစ်ယောက်ကိုတစ်ယောက် မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ခဲ့ကြတယ်ဆိုတဲ့ အကျိုးကျေးဇူးပဲ"

ထိုအခါ ဦးအောင်သာက-

“သူငယ်ချင်းမောင်ရဲလှရဲ့ စေတနာကလည်း ဖြူစင်ရှင်းသန့်နေလို့ပါ ဒီလိုပဲရှိရမယ်လေ”

ဟု ပြောလိုက်လေသည်။

“မင်းတို့လေးတွေမှာ မေတ္တာ၊ စေတနာတွေ အားကောင်းလွန်းလို့လည်း ခုလို ငါတို့လည်းနဲ့ဆုံခဲ့ရပြန်တာပေါ့”

ဒေါ်စောခင်က ကရင်လူမျိုးဖြစ်သဖြင့် စကားပြောရာတွင် သူ့စကားသံက ဝဲနေသည်။

“မင်းတို့ အဒေါ်တို့ရွာမှာပဲနေဦးပေါ့၊ ဘယ်လောက်ကြာကြာနေလို့ရတယ်နော်၊ အားမနာနဲ့ မိဘတွေလိုပဲမှတ်ပါ”

ကျွန်တော်တို့စကားဝိုင်းဖွဲ့နေတုန်းမှာပဲ သူကြီးအိမ်အနီးအပါးက ရွာသူရွာသားတွေရောက်လာကြပြီး ခပ်လှမ်းလှမ်းမှာ ထိုင်၍ ကျွန်တော်ပြောသမျှနားထောင်နေကြသည်။ ကျွန်တော်တို့ ရယ်လျှင် သူတို့လည်း လိုက်ရယ်ကြသည်။ ကျွန်တော်တို့ မရယ်လျှင် သူတို့လည်းမရယ်တော့ပါ။ သူကြီးဦးအောင်သာတို့လင်မယားက ရွာသူရွာသားတွေ ခုလို လာနားထောင်နေသည်ကို ခွင့်ပြုထားသည်။

သည်လိုအမူအကျင့်မျိုးကို မြို့ပေါ်မှာ ရိုင်းသည်၊ ယဉ်ကျေးမှုနားမလည်သည်ဟုပြောကြသည်။ ကျွန်တော် ကျေးလက်ယဉ်ကျေးမှုအလှတရားကို အခုမှစတင်ထိတွေ့ရဖူးသည်ဟု ဆိုနိုင်ပါသည်။

“ဦးလေးက ဦးအောင်သာ၊ မင်းတို့အဒေါ်က ဒေါ်စောခင်တဲ့၊ ကရင်လူမျိုးဆိုတော့ စကားဝဲတာပေါ့ကွယ်၊ ပြောရဦးမယ်၊ ငါတို့လင်မယား မြို့သွားပြီး ဆရာဝန်ပင့်တာ ဆရာဝန်တွေလည်း ဆေးကုထွက်နေလို့ တစ်ယောက်မှမရှိဘူး၊ ဒါနဲ့ စိတ်ပျက်ပြီး ပြန်လာကြတာ၊ အဲဒီအချိန်မှာ မင်းတို့နဲ့တိုးတာပါပဲကွယ်”



ဦးအောင်သာက စကားကိုအများကြီးပြောချလိုက်လေသည်။ စကားပြောနေရတာကိုပဲ စိတ်ဝင်တစားရှိနေလေသည်။

“သူကြီးကိုယ်တိုင် မြို့တက်ပြီး ဆရာဝန်ပင့်တယ်ဆိုတော့ လူနာကအတော်အရေးကြီးနေလို့လား၊ ဘယ်သူဘာဖြစ်လို့လဲ”

ဟု ကျွန်တော်မေးလိုက်သောအခါ ဦးအောင်သာက ပြန်ဖြေမည်အလုပ်၊ အိမ်ခြံဝင်းထဲ ရွာသားတစ်ယောက်ဝင်လာပြီး သူကြီးကိုလက်တို့ခေါ်သွားလေသည်။ နောက်ထပ်ရွာသားနှစ်ယောက်ရောက်လာပြန်သည်။ သူတို့သည် ခြံတံခါးဝတွင် တစ်စုံတစ်ရာသောအကြောင်းကို ပြောဆိုဆွေးနွေးနေကြသည်။ ပြီးလျှင် ဦးအောင်သာက အိမ်ဘက်ပြန်လျှောက်၍လာသည်။ ရွာသားသုံးယောက်က လာရာလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်သွားကြလေသည်။

တွေ့မြင်နေရသောအခြေအနေက ပုံမှန်အခြေအနေမဟုတ်မှန်းသိရ၍ ကျွန်တော်သည် ဦးအောင်သာကို စောစောက စကားမဆက်တော့ဘဲနေလိုက်သည်။ သည်တွင် ဦးအောင်သာက-

“တို့ရွာထဲမှာ ဝမ်းရောဂါတွေဖြစ်နေလို့ကွယ့်”

ဟုပြောလိုက်လေသည်။

“ဩော်. . .”

ကျွန်တော်တို့ မျှော်လင့်မထားသောအကြောင်းအရာကို ဦးအောင်သာပြောပြလာ၍ အလွန်အံ့သြ၍ သွားရပါတော့၏။

“ခုန သူတို့လာသတင်းပေးတာ ရွာတောင်ပိုင်းက မခလေးမ ဝမ်းလျှောလို့ အခုပဲဆုံးသွားပြီ၊ သူ့အမေဒေါ်အေးကြွယ်ကတော့ ဝမ်းလျှောတာ မရပ်သေးဘူးတဲ့၊ သေမှာပဲလို့ပြောတယ်”

ဦးအောင်သာ ပြောပြနေသည်ကို ကြားရသူအားလုံး စိတ်မချမ်းမသာဖြစ်နေရလေသည်။ မလှမ်းမကမ်းမှာ ထိုင်နားထောင်နေသော အနီးအနားက ရွာသူရွာသားများလည်း ထပြန်သွားကြသည်။

ခင်ဖုန်းဆွေက-

"သူကြီး. . . အဲဒီအဒေါ်ကြီးကို ကျွန်မဆေးတိုက်ပေးပါရစေ၊ ကျွန်မမှာ ဝမ်းပိတ်ဆေးပါလာတယ်"

ဟုပြောလေရာ ကျွန်တော်က

"ဒီဆေးတွေ ခင်ဖုန်းဝယ်လာတာလား"

ဟုမေးလိုက်ပါသည်။

"အခုတလော နေရာအနှံ့ ဝမ်းရောဂါတွေဖြစ်နေတာကို အမေသိကတည်းက ဝမ်းပိတ်ဆေးပြားတွေ ဝယ်ဝယ်ထားတာ၊ အခု ခင်ဖုန်းခရီးသွားရတော့မယ်ဆိုတော့ လိုလိုမယ်မယ်ယူသွားဆိုပြီး ထည့်ပေးလိုက်တာပါ၊ ဆေးပြား ၁၀၀ ဝင် ပုလင်းငါးပုလင်းတောင်ထည့်ပေးလိုက်တာ၊ အမေ့ဆီမှာ နှစ်ပုလင်းပဲကျန်ခဲ့တယ်"

ခင်ဖုန်းဆွေ ပြောလိုက်သောစကားသံ ကြားရသော ဦးအောင်သာမှာ အလွန်ပင်ဝမ်းသာ၍နေသည်။

ထိုအခိုက် ဒေါ်စောခင်က တစ်စုံတစ်ရာကို အမှတ်ရဟန်ဖြင့်

"ကိုသူတော် ဒီကလေးမလေး ခေါ်သွားလို့ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ အဒေါ်"

ခင်ဖုန်းဆွေက ပြန်မေးသည်။

"ဝမ်းရောဂါက ကူးစက်တယ်လေ"



"ကျွန်မတို့က ကျောင်းမှာ ဝမ်းရောဂါကာကွယ်ဆေးထိုးထားပါတယ်၊ ဒီဆေးတစ်လုံးလောက် ကြိုတင်သောက်ထားရင်လည်း ကူးစက်ဖို့မလွယ်ပါဘူး၊ ဒီရောဂါမှာစားတဲ့အစားအစာက အဓိကကျတယ်"

"ဟုတ်တယ်. . . အဒေါ်ဆေးလည်းတိုက်တာပေါ့၊ တခြား ဝမ်းရောဂါ ကြိုတင်ကာကွယ်ရေးအလုပ်တွေကိုလည်း လုပ်ရလိမ့်မယ်"

"မိုးဝေပြောတာ အခုလောလောဆယ်လုပ်ရမယ် သူကြီး"

"ဘာတွေလုပ်ရမှာလဲ"

"လုပ်စရာတွေက အများကြီးပဲ၊ နောက်မှပြောပြမယ်၊ အခု ရွာတောင်က ဒေါ်အေးကြွယ်အိမ်ကိုသွားကြမယ်"

ကျွန်တော်ကဖြတ်ပြောလိုက်လျှင်ကား အားလုံးတောင်ပိုင်းသွားဖို့ တာစူလိုက်ကြလေသည်။ ဦးအောင်သာက သူ့ဇနီး ဒေါ်စောခင်အား-

"မစောက ဘာလိုက်လုပ်မှာလဲ နေခဲ့လေ"

ဟုပြောလိုက်သည်။

သည်နှစ်ပိုင်းမှာ ကပ်ရောဂါတွေက တစ်မျိုးတည်းကျရောက်သည်မဟုတ်၊ အမျိုးမျိုးကျရောက်နေသည်။ ပလိပ်ရောဂါဆိုလျှင် အထက်ပိုင်း ကျောက်ဆည်၊ မန္တလေး၊ စစ်ကိုင်း၊ မလှိုင်၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ ပုဂံ၊ ညောင်ဦးစသော မြို့ကြီးများနှင့် ဆက်စပ်ဆက်နွယ်နေသော ကျေးရွာများတွင်ဖြစ်ခဲ့ဖူးပြီ။

ပလိပ်ရောဂါက တစ်ကမ္ဘာလုံးကျရောက်ခဲ့သောရောဂါဖြစ်သည်။ အင်္ဂလန်မှာကျရောက်စဉ်က ထိုရောဂါက မြို့ကြီးတွေ

ပျက်လုမတတ်ချောက်ချားစေခဲ့ဖူးသည်။ ကြွက်ကျခြင်းကအစပြု၍ ပလိပ်ရောဂါကျရောက်တတ်လေရကား နောင်အခါ ကြွက်သေမြင်လျှင်ပင် လူများအထိတ်တလန့်ဖြစ်ခဲ့ကြရသည်။ ထိုရောဂါကလည်း အဖြစ်မြန်ပြီး ကူးစက်ရာ၌လည်း တစ်ညထဲ ရွာလုံးကျွတ် သေကျေပျက်စီးတတ်သည်မဟုတ်ပါလား။

ထို့နောက် ကျောက်ရောဂါကလည်း ကပ်ရောဂါ (EPIDEMIC DISEASE) တစ်မျိုးပင်ဖြစ်သည်။ ထိုရောဂါလည်း တစ်ကမ္ဘာလုံးက လူသားတွေကို ခြောက်လှန့်စေခဲ့ပါသည်။ အပူနာဖြစ်သည်။ အဖြစ်မြန်သည်။ ကူးစက်ရာ၌လည်း မြန်သည်။ ကျောက်ပေါက်လျှင် ရွာပြင်ထုတ်၍ ငှက်ပျောရွက်ခင်းပြီးထား၍ ကုသရသည်။ မီးလောင်ခံနေရသလို ပူပြင်းသည့်ဝေဒနာကို ခံစားရသဖြင့် အော်ဟစ်ငြီးတွားနေကြရသည်။ ကျောက်ရောဂါကာကွယ်ဆေးမပေါ်ပေါက်ခင်က ကျောက်ပေါက်လျှင် ရှင်သူနည်းသည်။ ကျောက်ရောဂါပျောက်သည့်တိုင် မျက်နှာမှာ ခန္ဓာကိုယ်မှာ ကျောက်ပေါက်မာ အမာရွတ်များက သေရာပါသည်။

ယခု ဂျပန်ခေတ်မှာ ဝမ်းရောဂါကျရောက်လာပြန်သည်။ ဝမ်းရောဂါလည်း ကပ်ရောဂါတစ်မျိုးပါပေ။ ခြင်ကောင်တွေက အစပြုကာဖြစ်တတ်သည်ဟုဆိုသည်။ ထို့ကြောင့် သန့်ရှင်းရေးသည် ဝမ်းရောဂါကာကွယ်မှု ဆောင်ရွက်မှုတစ်ခု ဖြစ်လာခဲ့လေသည်။

ကျွန်တော်တို့သည် ဒေါ်အေးကြွယ်ကို ဝမ်းရောဂါကာကွယ်ဆေးကို အမြန်ဆုံးတိုက်ကြသည်။ ဒေါ်အေးကြွယ်မှာ အိမ်သာကိုပင်မသွားနိုင်။ အိပ်ယာထဲအိုးခံထားရသော



အခြေအနေရောက်နေပြီ။ ခင်ဖုန်းဆွေက သူ့ကိုယ်သူ ဆရာဝန်ထင်မှတ်လေသလားမသိ။ လူနာပတ်ဝန်းကျင်သန့်ရှင်းရေးတွေလုပ်။ ရေကိုကြို၍ချက်တိုက်၊ ဆေးကိုလည်း အချိန်မှတ်၍တိုက်ကာ ကုသခဲ့သည်။

သို့ဖြင့် ဒေါ်အေးကြွယ်မှာ သေတွင်းထဲကတက်လာနိုင်ခဲ့လေသည်။ ဒေါ်အေးကြွယ် ဝမ်းရောဂါဖြစ်သည့်အခြေအနေမျိုး သူကြီးအောင်သာ၏အစ်မ ဒေါ်အုန်းမြလည်းဖြစ်ခဲ့လေရာ ခင်ဖုန်းဆွေတို့ကပဲ ဒေါ်အုန်းမြ၏အသက်ကို ကယ်တင်နိုင်ခဲ့လေသည်။ ဤသို့ဖြင့် သူကြီးဦးအောင်သာအပိုင် ကျေးရွာ သုံးလေးရွာက ဝမ်းရောဂါဝေဒနာသည်များကို ခင်ဖုန်းဆွေတို့က နေ့ညမဟူ ဆေးတိုက်၊ ဓာတ်စာကျွေး၊ သန့်ရှင်းရေးလုပ်၊ ခြင်တွေနှိမ်နှင်းကာကွယ်ရေးအလုပ်များကိုပါ တစ်ဆက်တည်းလုပ်ခဲ့ရာ ကျွန်တော်တို့သည် မြို့ကညွှဲ့သည်ဟုပင် မပြောတော့။ မြို့ကဆေးမှူးလေးတွေဟု အသိအမှတ်ပြုကာ ကျေးဇူးတင်၍ မကုန်နိုင်ဖြစ်ခဲ့ရပါတော့သည်။

ကျွန်တော်တို့မှာ ရန်ကုန်ကိုဆက်မသွားနိုင်။ ဖွတ်ဆက်သွား၍ မဖြစ်မဟုတ်၊ ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့က ရက်စက်ရာကျပေလိမ့်မည် မဟုတ်ပါလား။ အပြောမခံနိုင်၊ သည်လိုနှင့် ပန်းပင်ကုန်းရွာမှာ ကျွန်တော်တို့မမျှော်လင့်ပါပဲလျက် တစ်လကျော်နေဖြစ်ခဲ့ရပါတော့သည်။

❐❐❐

## အခန်း (၉)

ရောက်ရှိနေသောအခြေအနေမှာ ရေရာသေချာလှသည် မဟုတ်ပါ။ ဗြိတိသျှနယ်ချဲ့များလက်အောက်က လွတ်မြောက်ရေးကို ဂျပန်က ကူညီတိုက်ခိုက်ပေးမည်ဆိုသည်။ ပြီးတော့ မိမိတို့အလို ရှိနေသော မြန်မာ့လွတ်လပ်ရေးကိုလည်း ပေးဦးမည်။ ကြာကြာ မစောင့်စေရပါ။ တနင်္သာရီတိုင်းကို ဂျပန်တပ်မတော်ဝင်ရောက် တိုက်ခိုက်၍ ဗြိတိသျှနယ်ချဲ့တွေ ရှုံးနိမ့်ပြီး ဆုတ်ခွာသွားလျှင်ပင် ထိုမြန်မာ့လွတ်လပ်ရေးကို ဂျပန်တပ်မတော်က ပေးပါမည်ဆိုသော ကတိစကားကို ဂျပန်စစ်ဗိုလ်ချုပ်ကြီးတွေက ပြောလေသည်။

သည်လို မက်လုံးစကားပြောခဲ့သည်ကို ကျွန်တော်တို့ ခေါင်းဆောင်များက အလေးထားခဲ့သည်တော့မဟုတ်။ အဘယ် ကြောင့်ဆိုသော် ကျွန်တော်တို့ခေါင်းဆောင်များက ဂျပန်တပ်မတော် စစ်ဗိုလ်ချုပ်ကြီးများ၏ စိတ်ဓာတ်သဘောထားကို သိထားသည်။

သူတို့သည်လည်း ဗြိတိသျှကိုလိုနီနယ်ချဲ့နှင့် ကွဲပြားခြားနား လိမ့်မည် မဟုတ်။ သူတို့ကား ဖက်ဆစ်ဂျပန်ဖြစ်လေရကား ဖက်ဆစ်ဂျပန်နယ်ချဲ့ပင် ဖြစ်ပေလိမ့်မည်။ သူတို့မှာ ညှင်းပန်း နှိပ်စက်ခြင်းတွေ ပါလာသည်။ ကျွန်တော်တို့ခေါင်းဆောင်များ သည်ပင် ဂျပန်ဆီက အကူအညီမရလည်း အကြောင်းမဟုတ်တော့ပြီ။ ကျွန်တော်တို့အားအင်ဖြင့် ပြည်သူလူထုကို စည်းရုံးပြီးလျှင်





စစ်ပညာသင်ပေးမည်။ ပြီးလျှင် လက်နက်ရှာပြီး ဗြိတိသျှနယ်ချဲ့ အင်္ဂလိပ်ကို တိုက်ထုတ်မည်။ သည်လိုသည်ပုံရှိလာသူများ ရှိလာသည်။

သို့သော် ကတိပြုထားပြီးချေပြီ။ ဂျပန်က ကျွန်တော်တို့ကို သူပုန်ထရုံလောက် ပေးထားသည်။ လက်နက်မဟုတ်၊ ငွေဖြစ်သည်။ လက်နက်ကိုကား မရသေး။ ဤသို့သောအခြေအနေအဖြစ်အပျက် တွေကို အကြောင်းပြု၍ သခင်အောင်ဆန်းက. . . .

"တို့ကို စစ်ပညာသင်ပေး၊ ငွေ၊ လက်နက်ပေး၊ အင်္ဂလိပ် နယ်ချဲ့သမားကို မောင်းထုတ်မယ်"

ဟု ပြောထားသည်။ ပြည်တွင်းမှာကား မြေအောက် တော်လှန်ရေးအဖွဲ့၏ အစီအစဉ်က အင်္ဂလိပ်ကို မောင်းထုတ်ပြီးလျှင် ဗမာပြည်လွတ်လပ်ရေးကို ကြေညာရန်ဖြစ်သည်။ ဗမာ့လွတ်လပ်ရေး ကို ဂျပန်က အသိအမှတ်ပြုရပေလိမ့်မည်။ ဗမာ့လွတ်လပ်ရေးကို ဗမာကတိုက်ယူမှ ဂျပန်က လေးစားပေလိမ့်မည်၊ အသိအမှတ်ပြု ပေလိမ့်မည်။

ဗမာက ကိုယ့်ဘာသာတိုက်မယူဘဲ ဂျပန်ကဗမာပြည်ကို တိုက်သိမ်းယူလျှင် ဂျပန်လုပ်သမျှ ခံရပေလိမ့်မည်မဟုတ်ပါလား။ ထို့ကြောင့် ဂျပန်အကူအညီကို ယူလင့်ကစား ကိုယ့်အားကိုယ် အဓိကထားပြီး ပြည်တွင်းသူပုန်ထနိုင်ဖို့ လိုအပ်လေရကား ကျွန်တော်တို့ ဤလုပ်ငန်းအတွက် အပြင်းအထန်ကြိုးစားနေပြီ ဖြစ်သည်။

ကျွန်တော်တို့ခရီးကား မဆုံးသေးပါ။ အစုန်မီးရထားကို စီးလာခဲ့ကြသည်။ ကျွန်တော်တို့သုံးယောက်စလုံး ရန်ကုန်ကိုသာ

လူလားမြောက်ကတည်းက ကြားဖူးနေခဲ့သည်။ ဘယ်တုန်းကမှ ရောက်ဖူးခဲ့သည်မဟုတ်။ ဟိုတုန်းကတော့ အလွန်စည်ကား သိုက်မြိုက်ခမ်းနားထည်ဝါသော မြို့ကြီးတစ်မြို့ဟု သိရသည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံဘုရားလည်း ရှိသည်။ ဆူးလေ၊ ဗိုလ်တထောင်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီးဘုရား တွေလည်း ရှိသည်။

အမေက ရွှေတိဂုံဘုရားသမိုင်းပြောပြသည်မှာ အကြိမ်ကြိမ် အခါခါ၊ ပုံပြင်လား၊ ဒဏ္ဍာရီလား မပြောနိုင်သော လူစွမ်းကောင်း မောင်ကံ ရွှေတိဂုံဥပနာတိုက်ဝင်ဖို့ ကြိုးစားခြင်းဖြင့် ချက်ချင်း လက်ငင်း ကျောက်ဖြစ်ရပ်ကွင်းဖြစ်ရသည့်အကြောင်းက ကျွန်တော်တို့ကို လွှမ်းမိုးအနိုင်ယူခဲ့ဖူးသည်။

ရန်ကုန်မှာ ကလပ်အသင်းတွေရှိသည်။ ရုပ်ရှင်ရုံတွေ ရှိသည်။ ဓာတ်ရထားနှင့် သွားကြသည်။ တက္ကစီကားတွေလည်း ရှိသည်။ ပဲရှော့ဦးဆန်နီ၏ ပဲရှော့တက္ကစီကားငှားစီးမလား။ တိုက်ပုံ ခေါင်းပေါင်းနှင့် ဒရိုင်ဘာက လိုရာခရီးကို မောင်းပို့ပေးလိမ့်မည် ဆို၏။ ဂေါ်ရဂျီကုလားတွေက ဇော်သောက်ပြီးပြေးဆွဲပေးသော လန်ချားလည်းရှိသည်။ ကျွန်တော်တို့က ဗိုလ်အောင်ဒင်ရုပ်ရှင်ကား ထဲက ရန်ကုန်မြို့ကိုသာ မြင်ဖူးသူများဖြစ်သည်။

ထိုရန်ကုန်မြို့ကြီးကို ခုတော့ ဂျပန်လေယာဉ်ပျံတွေက ဗုံးတွေကြဲချနေပြီဟု ပြောသံကြားနေရချေပြီ။

"မိုးဝေ"

ကျွန်တော့်ပုခုံးကိုမှေးမှီလျက်ရှိသော ခင်ဖုန်းဆွေက တိုးတိတ်ညင်သာ ခေါ်လိုက်သဖြင့် ကျွန်တော်၏အတွေးစများ



လွင့်ပြယ်သွားလေသည်။ ပြီးတော့ တဂျုံးဂျုံးတဂျက်ဂျက်နှင့် မီးရထားကြီးယိမ်းလှုပ်ပြေးနှင်နေသည်ကို သတိရှိလာသည်။

အစုန်မီးရထားမို့ ခရီးသည်အနည်းအကျဉ်းသာ ပါလေသည်။ ဗုံးတွေကြဲချနေပြီဆိုသော အောက်ပြည်အောက်ရွာကို ဘယ်သူတွေ သွားဝံ့ကြမှာလဲ။ ရဲလှက ကျွန်တော်တို့နောက်ကြောဘက်က ထိုင်ခုံမှာ ခရီးသည်ပေါက်ဖော်တရုတ်ကြီး တစ်ယောက်နှင့်အတူ ငိုက်မြည်းနေသည်။

"ဘာပြောချင်လို့လဲ"

"ရန်ကုန်ရောက်ရင် ဘယ်မှာသွားနေကြမလဲ"

"ထောက်ကြန့်မှာ တို့ဘကြီးအိမ်ရှိပါတယ်"

"ထောက်ကြန့်ဆိုတာ ရန်ကုန်ပဲလား"

"မဟုတ်ဘူး. . . ရန်ကုန်မရောက်ခင်မြို့ကလေးတစ်မြို့ပါ"

ခင်ဖုန်းဆွေအားတက်သွားဟန် တူသည်။ ဘာမျှမမေးတော့။ ကျွန်တော့ပုခုံးကိုမမှီတော့ဘဲ မီးရထားပြတင်းပေါက်က မြင်သမျှ မြင်ကွင်းကြီးကို ငေးကြည့်နေသည်။ သူ့ခေါင်းက ဆံနွယ်စကလေး တွေ တဖျတ်ဖျတ်လွင့်ပျံ့နေသည်။ ကျွန်တော်သည် တစ်ချက် မှေးခနဲဖြစ်ကာ အိပ်ပျော်၍သွားလေသည်။ နိုးလာလျှင်ကား မီးရထားက ပဲခူးဘူတာတွင် ဆိုက်ရောက်နေပြီ။ မီးရထားတွဲပေါ်က ခရီးသည်များအားလုံး ဆင်းသွားကြသဖြင့် ကျွန်တော်တို့သုံးယောက်ပဲ ကျန်ခဲ့သည်။

"မိုးဝေ. . . အိတ်တွေယူ. . . ငါတို့ ဆက်လိုက်မယ်ဆိုတာ တောင် မဖြစ်တော့ဘူး။ ရန်ကုန်မှာ ဂျပန်က ဗုံးကြဲနေလို့ လူတွေ

သေတာသောက်သောက်လဲပဲတဲ့။ တိုက်တွေလဲပြို၊ အိမ်တွေလည်း မီးလောင်ကုန်ပြီတဲ့”

ဟု ပြောလေသည်။

ခင်ဖုန်းဆွေ အလွန်ကြောက်လန့်သွားဟန် တူသည်။ စကားပင်မပြောနိုင် ဖြစ်သွားလေသည်။ သူကြောက်မည်ဆိုလည်း ကြောက်စရာပင်။ ကျွန်တော်တို့သွားရမည့်အရပ်ဒေသ မဟုတ်ပါလား။

မီးရထားထွက်တော့မည် မဟုတ်၍ ကျွန်တော်တို့လည်း မီးရထားကိုသံယောဇဉ်ဖြတ်ကာ ကားဂိတ်သို့လာခဲ့ကြသည်။ အငှားယာဉ်ဆို၍ မြင်းလှည်းကိုလည်း မတွေ့ရ။ လန်ခြားကိုလည်း မမြင်ရလေသောကြောင့် ကျွန်တော်တို့ ခြေလျင်လျှောက်လာခဲ့သည်။

သစ်ပင်တစ်ပင်အောက်အရောက်တွင် ဂျပန်လေယာဉ်သံကြားလေရကား ပဲခူးဈေးရုံထဲက လူတွေလျှံထွက်လာပြီး အဖက်ဖက်ဦးတည်၍ ပြေးလွှားပုန်းရှောင်နေကြသည်။ ကျွန်တော်တို့အနီးတွင်လည်း အိမ်ရှေ့ကလူတွေက အိမ်ထဲပြေးဝင်ကြ၏။ လမ်းပေါ်ကလူတွေက မြောက်ကလာသူ တောင်ဘက်ပြေး၊ တောင်ဘက်ကလာသူ မြောက်ဘက်ပြေး ဖြစ်ကုန်၏။

ကျွန်တော်တို့က ခပ်လှမ်းလှမ်းတွင်ရှိသော ကုန်းတံတားအောက်ဆင်းနေလိုက်ရလေသည်။ ဂျပန်လေယာဉ်ပျံက ပဲခူးမြို့ကို ဝဲရံပဲဝဲသွားခြင်းဖြစ်၍ လေယာဉ်ပျံသံပျောက်လျှင်ပျောက်ချင်း မြောင်းပေါက်ထဲကထွက်လာပြီး လမ်းမပေါ်ပြန်တက်ရလေသည်။

“ခင်ဖုန်းတက်လို့ ရလား”

“နင့် လက်ပေး”



“လာပါ”

ကျွန်တော်က ခင်ဖုန်းကိုယ်လုံးကလေးကို ပွေ့တင်လိုက်ပါသည်။

“အဆင်းတုန်းက အောက်ကို ဘယ်လိုရောက်သွားမှန်းတောင် မသိဘူး၊ အတက်ကျမှ ဒီကုန်းလျောမြင့်မှန်းသိရတော့တယ်”

“တော်သေးတာပေ့ါ လိမ့်ကျမှဖြင့်အခက်”

“ကံပေ့ါဟယ်”

“ရှေ့လျှောက် သတိထားတော့နော်”

ကျွန်တော်တို့နှစ်ယောက် စကားပြောရင်းလျှောက်လာခဲ့ရာ ရဲလှထိုင်နေသောသစ်ပင်အောက်ရောက်လာ၏။

“ဒီမှာ. . . မိုးဝေ. . . ငါအခုစဉ်းစားနေတာ တခြားမဟုတ်ဘူး၊ မင်းတို့ထောက်ကြန့်က မင်းဘကြီးအိမ်ဝင်မယ်ဆိုတော့ မင်းဘကြီးအိမ်ကို ငါမလိုက်တော့ဘူး၊ ရန်ကုန်ကိုပဲ တန်းသွားလိုက်မယ်”

ရဲလှက တို့ဗမာအစည်းအရုံးကို အမြန်ရောက်ချင်နေပုံရသည်။ ထို့ကြောင့်လည်း ကျွန်တော်က သူ့အစီအစဉ်ကို သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ၊ သူ့အစီအစဉ်ကို မကန့်ကွက်သင့်မှန်း သိလိုက်သည်။

“ကောင်းပါတယ်”

“တို့ဗမာအစည်းအရုံးလိပ်စာ မင်းမှာ ရှိတယ်မဟုတ်လား”

“ရှိတယ်၊ ပြီးတော့ ဒီလိပ်စာကို ငါအလွတ်ကျက်ထားပါတယ်”

“ဒါဆို လာတဲ့ကားနဲ့လိုက်သွားကြမယ်၊ ခင်ဖုန်း နင်က ဆာတတ်တဲ့လူ၊ တစ်ခုခုစားထားပါလား”

"တို့နှစ်ယောက်လည်း ဘာစားရသေးလို့လဲ"

"အေး. . . ဟုတ်သားပဲ"

သို့နှင့် ကျွန်တော်တို့တွေ ဈေးဘက်လျှောက်လာကြသည်။ ဈေးရုံထဲမှာ ဈေးသည်တွေမရှိတော့၊ ချက်ချင်းပင် ခြောက်ကပ်သွားလေသည်။ ကျွန်တော်က ထမင်းဆိုင်ရွေးမနေတော့၊ တွေ့တွေ့ချင်း ထမင်းဆိုင်ထဲကို ဝင်လိုက်သည်။

ကျွန်တော်တို့အရင်ထမင်းစားနေသော အုပ်စုတစ်စုကို တွေ့သည်။ သူတို့ကိုကြည့်ရှုလေ့လာအကဲခတ်လိုက်လျှင်ကား အဝေးပြေးကားသမားတွေမှန်းသိလိုက်သည်။ ဆိုင်ရှေ့မှာ လမ်းချရပ်ထားသော ကုန်တင်လော်လီကားကြီးတစ်စီးကို တွေ့လိုက်ရသောအခါ ကျွန်တော်အထင်မှာ သေချာသွားပါတော့သည်။

ထမင်းသုံးပွဲကို ကြက်၊ ဝက်၊ ငါး ဟင်းသုံးမျိုးဖြင့်မှာလိုက်ပြီးလျှင် ကျွန်တော်က ရဲလှအား-

"ရဲလှရေ. . . တို့တွေ ကံကောင်းသလားမပြောနိုင်ဘူး၊ ဒီအုပ်စုက ကားသမားအုပ်စုနဲ့တူတယ်"

ဟုပြောလိုက်ရာ စပယ်ယာလူရွယ်ကကြားသွားသည်။ စပယ်ယာက ထမင်းစားပြီး၍ သွားကြားထိုးတံကိုက်လျက် ကျွန်တော်အနီးလျှောက်လာကာ-

"အစ်ကိုတို့က တက်မှာလား၊ ဆင်းမှာလား"

ဟုမေးသည်။ သူမေးတာကို ကျွန်တော်က ချက်ချင်းပဲ ဖြေလိုက်သည်။

"ဆင်းမှာပါ"



"ဒါဆိုအတော်ပဲ ကျုပ်တို့ကားနဲ့လိုက်ခဲ့လေ"

"အေးကွာ. . . ကျေးဇူးပဲ၊ ကားခပေးစီးမှာပါ"

"တန်သလောက်ပေါ့ ပိုမယူပါဘူး၊ ခေတ်ပျက်ထဲမှာဆိုပြီး ကားခ မတရားတောင်းမှာမဟုတ်ပါဘူး"

"အေးကွာ. . . သူတော်ကောင်းနဲ့တွေ့တယ်လို့ပဲ သဘောထားပါတယ်"

တကယ်လည်း စိတ်ကောင်းရှိသော ကားသမားများနှင့် ကံအားလျော်စွာ တွေ့ဆုံလာရခြင်းဖြစ်သည်။ အခုလိုအချိန်ကာလမျိုးတွင် စိတ်ကောင်းရှိသူများမှာ မရှိသလောက်ပင်။ လူကောင်းသူကောင်းများသည်ပင် အပေါင်းအသင်းမကောင်းလျှင် စိတ်ပုပ်၊ စိတ်ဆိုးတွေဝင်လာတတ်သည် မဟုတ်ပါလား။

လူဆိုးလူကောင်းရွေးချယ်နေသော ခေတ်ကာလဟုဆိုရမည် ဖြစ်သည်။

❐❐❐

## အခန်း (၁၀)

ထောက်ကြန့်ရောက်သောအခါ ကျွန်တော်နှင့် ခင်ဖုန်းဆွေ ကားပေါ်က ဆင်းနေခဲ့သည်။ ရဲလှက ဆက်လိုက်သွားလေသည်။ တစ်လျှောက်လုံး အတူတကွ အေးအတူ ပူအမျှ နေလာခဲ့ပြီးကာမှ ယခု လမ်းခွဲရသောအခါ သူလည်း စိတ်မကောင်းသလို ကျွန်တော်တို့လည်း အလိုလိုနေရင်း ဝမ်းနည်း၍ လာခဲ့လေသည်။

“မိုးဝေ. . . မင်းလာခဲ့နော်”

ရဲလှအသံသည် မမာနိုင်တော့ပြီ။ ကျွန်တော့်မှာကား စကားပင် အပြည့်မပြောနိုင်။

“အေးပါ”

ဟုသာ အသံပြုရုံပြုလိုက်ရလေသည်။ ခင်ဖုန်းဆွေကိုယ်တိုင် ရဲလှ နှုတ်ဆက်ထွက်ခွာသွားသည်ကို ကြည့်ပြီး ရင်ထဲမှာ မောကြပ်၍လာသည်ထင်၏။ ရဲလှသည် ကားနောက်ပိုင်းအပေါ်က အုန်းဆံကြိုးကို ဆွဲတက်သွားပြီး စပယ်ယာလူရွယ်က အရှေ့ဘက်ခေါင်းငုံ့ကာ

“မောင်း. . . ဆရာရေ့”

ဟု အော်လိုက်သည်။ မကြာမီ ကုန်တင်လော်လီကားကြီးသည်လည်း ထွက်ခွာသွားလေတော့သည်။ အချိန်မှာ ညနေခြောက်နာရီကျော်ကျော်လောက် ရှိပြီ။ ဘကြီး ဦးဘကြွယ်တို့အိမ်ကို





ကျွန်တော် ငါးနှစ်သားအရွယ်က ရောက်ဖူးထား၍ ရောက်ရှိလာသော ပတ်ဝန်းကျင်ကို အမြင်ကျက်မိအောင် အဖေနှင့် လာတုန်းကအကြောင်းကို အလေးအနက်ထား၍ စဉ်းစားလိုက်ရသည်။ သည်တော့မှ အဖေနှင့် လိုက်လာစဉ်က သွားရာလမ်းကြောင်းပုံရိပ်ကို ထင်လာမြင်လာသည်။

“လာ. . . လာ ခင်ဖုန်း. . . ငါ မှတ်မိပြီ၊ ဟော့ဒီလမ်းကြားလေးက ဝင်သွားရတယ်၊ မဝေးဘူး၊ ရှေ့နားမှာပဲ၊ ပိန္နဲပင်တွေရှိတယ်၊ ညောင်ချပ်ပင်ကြီးတစ်ပင်လည်း ရှိတယ်၊ ဂျိုးဖြူရေပိုက်ကြီးကိုလည်း မြင်ရလိမ့်မယ်”

“နင်က မှတ်ဉာဏ်ကောင်းတယ်၊ ငါဆို သုံးလေးခေါက် ရောက်ဖူးတဲ့နေရာကိုတောင် မမှတ်မိဘူး”

“စကားမရှည်နဲ့တော့. . . တွေ့ပြီ. . . ဘကြီးဦးဘကြွယ် အိမ်ကို”

ထို့နောက် ကျွန်တော်တို့နှစ်ယောက် အထုပ်အပိုးများနှင့် ဘကြီးဦးဘကြွယ်အိမ်ရှေ့ရောက်သွားသည်။ ဘကြီးဦးဘကြွယ်က ကျွန်တော့်ကိုမမှတ်မိ၊ ဒေါ်လေးဒေါ်လှကြည်က မှတ်မိသည်။ အိမ်နောက်ဘေးက ချဉ်ပေါင်ရွက်စည်းကိုင်လျက် ထွက်လာပြီး ကျွန်တော့်ကိုကြည့်ကာ-

“ဟယ်. . . မောင်မိုးဝေပါလား”

ဟု ဝမ်းသာရွှင်ပြခေါ်လိုက်ပါသည်။ ဒေါ်လှကြည်က ကျွန်တော်တို့အိမ်ကို တစ်နှစ်လျှင်တစ်ခေါက် နှစ်နှစ်လျှင်တစ်ခေါက် ရောက်ခဲ့ဖူးသည်မဟုတ်ပါလား။ နောက်ပြီး သူကိုယ်တိုင်က ဆွေမျိုးစပ်အလွန်တော်သူ ဖြစ်သည်။

ခင်ဖုန်းဆွေအဖို့မှာကား သူနေရမည့်အိမ် သူပေါင်းရမည့် လူများဆိုတာကို ကြိုတင်သိရှိထားလေကား ခုလို သဘောမနော ကောင်းသူများကို တွေ့လာရသောအခါ တော်တော်လေးကို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဖြစ်နေပါတော့သည်။

ညစာထမင်းစားသောက်ပြီး ရေနွေးကြမ်းကို ထန်းလျက်ခဲနှင့် သောက်နေကြသည့်အချိန်တွင် ကျွန်တော်က ကျွန်တော်တို့ ဖြစ်ကြောင်းကုန်စင်အကြောင်းကို အဘိုးကြီးနှင့်အဘွားကြီး လိပ်ပတ်လည်အောင် အသေအချာ ပြောပြလိုက်ပါလျက် ဘကြီး ဦးဘကြွယ်က-

"အရေးပိုင်ဦးဘပုက ဒီကလေးမလေးရဲ့ ဘကြီးလား"

ဟု နားမရှင်း၍ မေးလိုက်ပါသည်။ သည်တော့ ဒေါ်လှကြည်က-

"မောင်မိုးဝေက. . . တော့်ကို ဘကြီး. . . ဘကြီးလို့ ထည့်ထည့်ပြောတာပါ၊ အရေးပိုင်မင်းဦးဘပုဆိုတဲ့သူက ဒီကလေး မလေးရဲ့အဖေပါတော်"

ဟု ပြောလေသည်။ ပြီးတော့ ဘကြီးဦးဘကြွယ်က သူ့ညီ ကျွန်တော့်အဖေ ဦးဘသန်းမှာ ယခုအခါ ရန်ကုန်က တို့ဗမာ အစည်းအရုံးဝင် တစ်ယောက်ဖြစ်နေကြောင်း၊ ဒေသခံတို့ဗမာ အစည်းအရုံးခေါင်းဆောင်သခင်များနှင့် မြေအောက်တော်လှန်ရေး လှုပ်ရှားမှုတွေကို တာဝန်ယူလှုပ်ရှားနေကြောင်း ပြောပြလိုက်သည်။

"ဒါဆိုရင်. . . မင်းတို့သားအဖက နိုင်ငံရေးလောကထဲမှာ ရှိနေကြပြီပဲ၊ ကောင်းတယ်. . . ကောင်းတယ်. . . ဒီလို စွန့်စွန့် စားစားလုပ်နိုင်တဲ့လူမျိုးတွေရှိမှ ရှေ့ထွက်တိုက်ပွဲဝင်မှ တို့ကျွန်ဘဝက



လွတ်မှာ၊ လွတ်လပ်ရေးရမှာ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သခင်မြနဲ့ သခင်အောင်ဆန်းတို့ဆိုရင် ဒီလွတ်လပ်ရေးအတွက် အင်တိုက်အားတိုက်လုပ်နေကြတာ. . . တို့တွေအားလုံးအတွက် ပဲလေ"

ထိုအခါ ဒေါ်လှကြည်က လေသံကိုအုပ်၍-

"ဦးဘကြွယ်. . . လွတ်လပ်ရေးရသေးတာမဟုတ်ဘူးလေ. . . တော့်အသံကြီးက ကျယ်လိုက်တာ. . . အိမ်နောက်ဖေးကတောင် ကြားနေရတယ်. . . လွတ်လပ်ရေးရမှ ကျယ်ကျယ်ပြော. . . ခုတော့ တော့်အသံထိန်းပြောဦး တော်ရေ. . ."

ဟု ပြောလိုက်လေသည်။ သည်တွင် ဘကြီးဦးဘကြွယ်က

"အေး. . . ဘကြီး မင်းကို ပြောရဦးမယ်. . . တခြား မဟုတ်ပါဘူး. . . ဂျပန်ကပုံးတွေကြဲ၊ စက်သေနတ်တွေနဲ့ပစ် လုပ်နေတော့ တို့လည်း ဒီမှာမနေရဲတော့ဘူးလေ. . . ဒီရက် အတောအတွင်းပဲ တောပြောင်းမလို့. . ."

ဟု ပြောလိုက်လျှင် ကျွန်တော့်အနီးတွင် ကျုံ့ကျုံ့ကလေး ထိုင်လျက် ကျွန်တော်တို့ပြောတာနားထောင်နေသော ခင်ဖုန်းဆွေ ကို ရုတ်တရက်လှည့်၍ကြည့်လိုက်လေရာ ခင်ဖုန်းဆွေကလည်း ကျွန်တော့်ကိုပြန်၍ ကြည့်လိုက်ပါသည်။

"မင်းမိန်းမတို့ဆီမှာ လာအပ်တာ မထားချင်လို့ ဒီလို စီစဉ်တာ မဟုတ်ဘူးနော်"

ထိုအခါ ဒေါ်လှကြည်က ကြားဝင်၍

"ဦးဘကြွယ်ကလည်း ကလေးတွေနားမရှင်းအောင် ပြောနေ ပြန်ပါပြီ. . . ဒီလို မောင်မိုးဝေ. . . မင်းမိန်းမကိုပါ ခေါ်သွားမှာပါ

. . . သူပါလာလို့ တို့လူကြီးတွေတောင် အဖော်ရသေးတာပေါ့. . . ဒီမှာလည်း စိတ်မချရတော့ဘူးလေ. . . ”

ဟု ပြောလိုက်မှ ကျွန်တော့်ရင်ထဲအေး၍သွားလေသည်။ ခင်ဖုန်းဆွေလည်း ခုမှ ပြုံးနိုင်ပါတော့သည်။

“ဒေါ်ကြီးတို့က ဘယ်တောကိုသွားမှာလဲ”

“ဒေါ်ကြီးတို့ရွာလေ. . . သိပ်မဝေးပါဘူး”

ဒေါ်လှကြည်ပြောသောရွာမှာ ဥယျာဉ်ဝရွာကို ပြောခြင်းဖြစ်သည်။ ဥယျာဉ်ဝရွာသည် တိုက်ကြီးကသွားရသည်။ ဖောင်ကြီးမရောက်မီ ကျေးရွာကြီးတစ်ရွာ ဖြစ်သည်။ အဖေ မကြာခဏ ပြောနေကျမို့ ကျွန်တော်မှတ်မိနေခြင်း ဖြစ်သည်။ အလယ်ရိုးမ တောင်ကြော ဖြစ်သည်။

ကျွန်တော်တို့ရောက်ရှိနေသောအချိန်၌ပင် ဒေါ်လှကြည်သည် ထောက်ကြန့်ဈေးထဲမှာ ငါးပိ၊ ငါးခြောက်ဆိုင်ဖွင့်ထားပါလျက် တစ်ဈေးလုံး ဘယ်ဈေးသည်မှ မထွက်တော့၍ ဈေးထွက်ချင်ပါလျက် ဈေးထွက်၍မရတော့ပါ။ တစ်မြို့လုံးသည် တောဘက်ပြောင်းရွှေ့နေကြပြီဖြစ်၍ ပို၍ပင်လှုပ်လှုပ်ရှားရှား၊ သွားသွားလာလာ ဖြစ်နေသည်။ အချို့က လော်လီကားတွေနှင့် ပြောင်းရွှေ့ကြသည်။ အချို့က နွားလှည်းတွေနှင့် ပြောင်းရွှေ့ကြသည်။ ထူးခြားသည်မှာ ပရိဘောဂများကို အပင်ပန်းခံပြီးမသယ်ယူတော့ပါ။ တစ်မိသားစု ပြောင်းရွှေ့ကြသည့်အခါ သားချင်းတစ်ယောက်လျှင် ဖောင်းကားနေသော လွယ်အိတ်တစ်လုံး၊ သံသေတ္တာ ဖြစ်စေ၊ သားရေသေတ္တာ ဖြစ်စေ တစ်လုံးသာ သယ်ယူနိုင်သည်။ ပို၍မသယ်ယူကြပါ။



အိမ်တံခါးကိုရော၊ ခြံတံခါးကိုပါ ပိတ်ပြီးသော့ခတ်၍ထားခဲ့သည်။ အချို့သော ချမ်းသာသူများ၏ နေအိမ်များတွင် အဖိုးတန်ပရိဘောဂပစ္စည်းများအပြင် စန္ဒရားကြီးများပင် ကျန်ရှိသည်။ ဗြိတိသျှကိုလိုနီခေတ်ကာလ၌ စန္ဒရားသည် အထက်တန်းလွှာလူကုံထံသုံး ဂီတပစ္စည်းတစ်မျိုးဖြစ်သဖြင့် နောက်ပိုင်းချမ်းသာသူများသည် စန္ဒရားများကိုဝယ်၍ ထားကြသည်။ စန္ဒရားသင်ဆရာများကိုခေါ်၍ သားသမီးများကို သင်ကြားစေသည်။

ဂီတပညာကို မြတ်နိုးလွန်း၍မဟုတ်ပါ။ လူကုံထံလောကတွင် လူဝင်ဆန့်စေချင်သောကြောင့်ပါပေ။ အခုတော့ သူတို့သည် စန္ဒရားကြီးများကိုလည်း မနှမြောနိုင်တော့ပြီ၊ အသက်ထက်ဘာမျှတန်ဖိုးမရှိဟု တွေးထင်လိုက်ကြရပါတော့သည်။

ဘကြီးဦးဘကြွယ်တို့လည်း သည်ကနေ့ မနက်ဖြန်၌ပင် ပြောင်းရွှေ့တော့မည့်အခြေအနေရှိသည်။ ညဘက်၌ ကျွန်တော်နှင့် ခင်ဖုန်းဆွေ ဂျိုးဖြူရေပိုက်လုံးကြီးပေါ် ကပ်သံလှေကားမှတက်ပြီး ထိုင်ကာ စကားပြောဖြစ်ကြလေသည်။

“ဒေါ်ကြီးကတော့ မနက်ဖြန်ပဲဥယျာဉ်ဝကိုသွားတော့မယ်လို့ ပြောနေတယ်မိုးဝေ၊ ငါတို့တော့ ပိုဝေးသွားဦးမယ်ထင်တယ်။ ဒုက္ခပါပဲဟယ်”

သည်လို ခင်ဖုန်းဆွေကပြောလာလျှင်ကား ကျွန်တော်သည် ရဲလှနောက်ကိုလိုက်ရကောင်းမလား၊ မလိုက်ဘဲနေလိုက်ရကောင်းမလား တွေးနေမိပါတော့သည်။ အမှန်တော့ ကျွန်တော်သည် တို့ဗမာအစည်းအရုံးနှင့်ဆက်သွယ်ရန်အရေးမှာ ပုဂ္ဂလိကအရေး

ဖြစ်သည်၊ တို့ဗမာအစည်းအရုံးက ကျွန်တော်တို့အာရှလူငယ်အစည်းအရုံးဝင်လူငယ်များကို ဇွတ်အတင်းစည်းရုံးခဲ့သည် မဟုတ်ပါ။

ကျွန်တော်တို့ကို အမျိုးသားရေးအနှစ်သာရနှင့် လွတ်လပ်ရေး၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်အောင် ရှေ့ဆောင်လမ်းပြခဲ့ခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ရဲလှနောက်လိုက်ခြင်း၊ မလိုက်ခြင်းဆန္ဒမှာ ကျွန်တော်နှင့်သာ သက်ဆိုင်နေပါသည်။

“မိုးဝေ. . .”

“ဘာပြောချင်လို့လဲ၊ ဒီညတော့ တို့နှစ်ယောက်အတွက် နောက်ဆုံးညဖြစ်နိုင်တယ်”

ခင်ဖုန်းဆွေက ကျွန်တော်ပါးစပ်ကို လက်ဖဝါးနှင့် ကာလိုက်ပြီး-

“မိုးဝေ. . . နင် ဘာတွေပြောနေတာလဲ. . . နိမိတ်မရှိ နမာမရှိ၊ ဘာလို့နောက်ဆုံးညဖြစ်ရမှာလဲ၊ လွဲပါစေ. . . ဖယ်ပါစေ”

ကျွန်တော်အမှတ်မဲ့ပြောလိုက်မိသောစကားကို ခင်ဖုန်းဆွေ အတော့်ကို တုန်လှုပ်ချောက်ချားသွားပုံရပါသည်။

“ဇမ္ဗူဒီပါလကျ်ာတောင်ကျွန်း အောင်နိမိတ်ထွန်းတဲ့ မိုးဝေရယ်၊ နင် မသိဘူးလား”

“မှားတဲ့အခါလည်းမှားမှာပေါ့၊ ဒါဆို ပြင်ပြောမယ် ဒီညဟာ တို့နှစ်ယောက်အတွက် အမှတ်တရညကလေးတစ်ညပေါ့”

သည်တစ်ခါ ခင်ဖုန်းဆွေက-



“အဲဒါထားလိုက်ပါ၊ ငါ. . . နင့်ကို အလေးအနက် ပြောစရာစကားရှိတယ်”

ဟုပြောလာသည်။

“စကားပလ္လင်တွေခံလို့ပါလား၊ ဘာအကြောင်းလဲ”

“အခု နင်သွားမယ့်နေရာကို မသွားလည်းရတာဘဲ၊ မသွားဘဲ ငါနဲ့ပဲ တစ်သက်လုံးအတူနေသွားကြမယ်လေ၊ အခု ငါ့ဗိုက်ထဲမှာလည်း နင်လိုချင်တဲ့သမီးကလေးလည်း ရောက်နေပြီပဲ၊ အဲဒီလိုသာဆိုရင် ပျော်စရာပဲပေါ့နော်. . .”

ကျွန်တော်သည် ကောင်းကင်က ငွေလမင်းကို ဆက်လက် မငေးနိုင် ဖြစ်ရလေပြီ။ ခင်ဖုန်းဆွေမျက်နှာကို အသေအချာ ကြည့်ပြီး

“ခင်ဖုန်း”

ဟု ခေါ်လိုက်သည်။

“ဘာလဲ. . . မိုးဝေ. . . ငါပြောတဲ့စကား မှားသွားလို့လား”

ခင်ဖုန်းဆွေက ခပ်အေးအေးပင် မေးလေသည်။

“ဒီလိုရှိတယ်. . . ခင်ဖုန်း”

“ပြောပါဦး”

“ခင်ဖုန်းပြောတာ မမှားပါဘူး၊ မှန်ပါတယ်၊ ဒါပေမဲ့ တို့နှစ်ယောက်ထဲအတွက်ဆိုရင်သာ မှန်တာပါ။ အများပြည်သူတွေအတွက်ဆိုရင် မှားတာပေါ့၊ မနက်ပိုင်းက ဘကြီးပြောခဲ့သေးတယ်လေ၊ ငါတို့လိုလူငယ်တွေဝင်လုပ်မှ တို့ဟာ ကျွန်ဘဝက လွတ်မြောက်မယ်၊ လွတ်လပ်ရေးရမယ်ဆိုတဲ့ စကား”

"မိုးဝေရယ်. . ."

ခင်ဖုန်းဆွေက ကျွန်တော့်ကိုပဲ ခေါ်လိုက်ပါသည်။ ကျွန်တော်တို့ပြောဆိုဆွေးနွေးနေသော အကြောင်းအရာကို ထပ်မပြောတော့ပါ။

ကျွန်တော် အတော်စိတ်မကောင်း ဖြစ်ရပါသည်။ သည်စကားကို ပြောပြီးကာမှ မှားသွားသလား၊ မှန်ရောမှန်ရဲ့လား ဝေဖန်ဆန်းစစ်မိပြန်ပါသည်။

"ငါ မမှားပါဘူး. . . ငါ မမှားဘူး"

သည်ညက ကျွန်တော်ရော ခင်ဖုန်းပါ တော်တော်နှင့် အိပ်မရခဲ့ပါ။

မနက်ပိုင်း နေမမြင့်မီ ဘကြီးဦးဘကြွယ်တို့အိမ်က ကျွန်တော်နှင့်ခင်ဖုန်း ထွက်လာခဲ့ကြသည်။ ခင်ဖုန်းဆွေက ကျွန်တော့်ကို ကားဂိတ်လိုက်ပို့ခြင်းဖြစ်သည်။ ကားဂိတ်နှင့် အိမ်မှာ မဝေးလှပါ။ ကျွန်တော်တို့ ဝင်လာခဲ့သော လမ်းကြားကလေး အတိုင်း ပြန်ထွက်လိုက်ရုံနှင့် ကားဂိတ်သို့ရောက်ပြီ ဖြစ်သည်။ ဒေါ်ကြီး ဒေါ်လှကြည်က ကြို၍ အိပ်ရာကထပြီး ထမင်းကြော် ထားသည်။ ငါးမြွေတိုးငါးခြောက်ကို ဆီဖွားဖွားနှင့် ရွှနေအောင် ကြော်ထားသေးသည်။

ထိုထမင်းကြော်နှင့် ငါးမြွေတိုးငါးခြောက်ကြော်ကို တစ်ပန်းကန်စီ ထည့်လာပြီး ကျွန်တော်တို့နှစ်ယောက်ကို ကျွေးလိုက်ပါသည်။ တော်သေးသည်။ ကားဂိတ်မှာ နံနက်ပိုင်း အဆာပြေစာ စားစရာ ဘာဆိုင်မှ မဖွင့်သေးပါ။ တရုတ်လက်ဖက်ရည်တစ်ဆိုင်တော့ ဖွင့်နေပြီ။ သို့သော် ကျွန်တော်တို့လက်ဖက်ရည်ဆိုင် မထိုင်



ဖြစ်တော့ပါ။ ခပ်လှမ်းလှမ်းတွင်ရပ်ထားသော လော်လီကားတစ်စီးပေါ် ခရီးသည် သုံးလေးယောက် တက်နေသည်ကိုတွေ့၍ သွားရောက်မေးကြည့်သောအခါ ရန်ကုန်သွားမည့်ကားဖြစ်ကြောင်း သိရသည်။

သို့နှင့်. . . ခင်ဖုန်းဆွေက. . . ကျွန်တော့်ကို

"မိုးဝေ. . . တက်တက်. . ."

ဟု ပြောလေသည်။ အုပ်ချုပ်ရေး ပျက်ပြားနေသောအချိန်တွင် ဘယ်အရာ ဘယ်အခြေအနေတွေမှ ပုံမှန်အနေအထား မဟုတ်တော့ပါ။ ကြုံတွေ့လာရသောအခြေအနေများနှင့်အညီ လိုက်လျောစွာ သွားလာလှုပ်ရှားနေရခြင်း ဖြစ်ပါသည်။

ခင်ဖုန်းဆွေက ကျွန်တော်ကားပေါ် မရောက်ခင်

"မိုးဝေ. . . အစစအရာရာ သတိရှိနော်၊ စိတ်လိုက်မာန်ပါ ဘာမှ မလုပ်မိစေနဲ့"

ဟု မှာသည်။

သည်တွင် အမေ့ကို သတိရလာသည်။ ကျွန်တော်မို့ ခရီးသွားလျှင် အမေကလည်း ခင်ဖုန်းဆွေလိုပဲ မှာတတ်သည်။

"စိတ်ချ. . . ခင်ဖုန်း၊ ခင်ဖုန်းလည်း ကျန်းမာရေး ဂရုစိုက်နော်"

ခင်ဖုန်းမှာ ခေါင်းကလေးကိုသာ ညိတ်ပြနိုင်ပါတော့သည်။ ကားက ထွက်တော့မည်ဖြစ်၍ ကျွန်တော်သည် ဆုပ်ကိုင်ထားသော ခင်ဖုန်းဆွေလက်ကလေးကို မလွှတ်ချင်သေးပေမယ့် မတတ်သာ။ လွှတ်လိုက်ရလေသည်။ ကားထွက်လာလျှင် ခင်ဖုန်းဆွေသည် ညာလက်ကို မြှောက်လျက်သား အခါခါလှုပ်ပြရင်း ဝေးကျန်ရစ်ပါလေတော့သည်။

လော်လီကားကြီးပေါ်တွင် ယောကျ်ား၊ မိန်းမ ခရီးသည် (၁၀) ယောက် ပါလာသည်။ စပယ်ယာနှင့်ဆိုလျှင် (၁၁) ယောက် ရှိသည်။ ထိုင်ခုံမပါ၊ ဖြစ်သလို ထိုင်လိုက်ရသည်။ ကားဆောင့်လွန်း၍ ကိုင်၍ရတာမှန်သမျှကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရသည်။ တာလပတ်အမိုးပါ၍ တော်၏။ ဒါတွေကို သတိမထားနိုင်။

"ရေကျော်-အမှတ် (၆၇)၊ တို့ဗမာအစည်းအရုံးဌာနချုပ်" လိပ်စာကို ကျွန်တော် အလွတ်ကျက်ထားသည်။ လိပ်စာပျောက်လည်း မကြောင်းမဟုတ်။ တို့ဗမာအစည်းအရုံးဌာနချုပ်မှာ သခင်ခေါင်းဆောင်များရှိသည်။ အဖေနှင့် ဆရာဆောင်းတို့လည်း ရှိသည်။ ရဲလှက ကျွန်တော်အရင်ရောက်နေမည် ဖြစ်သည်။

သူတို့ရှိနေသဖြင့် ကျွန်တော် တွေးပူစရာ မလိုတော့ပါ။ တို့ဗမာအစည်းအရုံးဌာနချုပ်အကြောင်းကိုလည်း ဆရာကြီးဦးချမ်းမြ၊ ဆရာဆောင်း၊ ဆရာငြိမ်းမောင်တို့က မကြာခဏ ပြောနေသဖြင့် ရင်းနှီးကျွမ်းဝင်ပြီးသားလို ဖြစ်နေသည်။

ကားဒရိုင်ဘာက ကားမောင်းကျွမ်းကျင်ပေမယ့် လမ်းပေါ်က ချိုင့်ကွက်တွေကို သူသည် လွတ်အောင်ကျော်၍လည်းမရ။ ခွ၍လည်းမဖြစ်။ လမ်းတွေက ဆိုးသည်။ လော်လီကားကြီးသည် တဒုန်းဒုန်း၊ တဝုန်းဝုန်း၊ ဘယ်သူမှ မငိုက်မြည်းနိုင်ရှိသည်။ ကျွန်တော့်ဘေးက အသက် (၄၀) ကျော် လူကြီးတစ်ယောက်က

"ရန်ကုန်ပဲလား"

ဟု ကျွန်တော့်ကို မေးလေသည်။

"ဟုတ်ကဲ့"



ကျွန်တော်က ရှည်ရှည်ဝေးဝေး မပြောချင်။ ဟုတ်ကဲ့ဟုသာ ပြောလိုက်သည်။ လူကြီးက ဆက်မေးသည်။

"ဘာလာလုပ်တာလဲ"

သည်တော့မှ ယခုလို ခေတ်ကာလတွင် ဤမေးခွန်းကို သူမေးသင့်ကြောင်း ကျွန်တော်နားလည်လိုက်ပါသည်။ မှန်ပါသည်။ ဂျပန်က ဗုံးတွေကြဲချနေသဖြင့် မြို့ခံလူများသည်ပင် ရန်ကုန်ကို စွန့်ခွာနေကြပြီမဟုတ်လား။ သည်လိုနေရာဒေသမျိုးကို ဘယ်သူလာကြမှာလဲ။

သည်တော့မှ ကျွန်တော်က ထိုလူကြီးကို အကဲခတ်လိုက်သည်။ လမ်းမှာတုန်းက တွေ့ခဲ့ဖူးသော ထောင်ထွက်များပုံမျိုးပါပေ။ တောကြောင်များဟု မှတ်ယူရပေလိမ့်မည်။

"ကျွန်တော့်အဖေကို လာခေါ်တာပါ"

ကျွန်တော်က အမှန်အတိုင်းမပြောဘဲ ဇာတ်လမ်းဆင်၍ ပြောလိုက်ခြင်းဖြစ်သည်။

"မင်းအဖေက ရန်ကုန်မှာ ဘာလာလုပ်လို့လဲ"

"ကားလာမောင်းတာ။ ကုန်ကားမောင်းတာ. . ."

လူကြီး ဆက်မမေးနိုင်အောင် ကျွန်တော်ကပဲဖြည့်၍ ပြောလိုက်သည်။ သည်လိုလူမျိုးနှင့် ဆက်ဆံပြောဆိုနေတော့ရော ကျွန်တော်က ဘယ်လိုအသိပညာတွေ တိုးတက်လာမှာလဲ။

ထို့နောက် လူကြီးသည် ကျွန်တော့်ကို ဘာမျှမပြောတော့ဘဲ ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော လော်လီကားကြီး ဘေးပတ်ဝန်းကျင်ကြီးက လယ်ကွင်းတွေ တောင်ကုန်းကလေးတွေ တောအုပ်

လိုလို ဖြစ်နေသော တောရွာကလေးတွေ၊ စေတီပုထိုး၊ ချောင်း၊ မြောင်း၊ အင်းအိုင်၊ သစ်ပင်၊ ချောက် စသော အရာခပ်သိမ်းကို ငေး၍ ကြည့်နေလေသည်။

လော်လီကားကြီးက အတော့်ကို ကြမ်းတမ်းပါသည်။ မြန်မြန် မောင်းလေလေ တဝုန်းဝုန်း၊ တဒိုင်းဒိုင်းနှင့် ခုန်လေလေဖြစ်နေသည်။ အမိုးတာလပတ်က အပြည့်မိုးထားသည်မဟုတ်၍ နေပူဒဏ်ခံရသေးသည်။ သို့သော် ကားမောင်းနေခိုက် လေတိုးနေ၍ နေပူဒဏ် လျော့နည်းသွားလေသည်။

"ဒါဆို. . . မင်းအဖေကို မင်းက ဘယ်မှာ သွားတွေ့မှာလဲ"

လူကြီးက အတန်ကြာငေးနေပြီးကာမှ နောက်တစ်ကျော့ မေးလိုက်သောအခါ ကျွန်တော့်မှာ ရုတ်တရက် ကြောင်အအ၊ သတိချပ်လိုက်တော့လည်း တို့ဗမာအစည်းအရုံးဌာနချုပ်မှာ သွားတွေ့မှာပေါ့ဟု ပြော၍မဖြစ်မှန်း သိလိုက်သည်။ လွှဲ၍ ပြောလိုက်ရသည်။

"ပွဲရုံမှာပဲပေါ့"

"ဘယ်ပွဲရုံလဲ"

"မသိဘူး"

ကျွန်တော်လည်း ရောက်တတ်ရာရာဖြေလိုက်မိပါတော့သည်။

"မင်းကလည်း မရေရာလိုက်တာကွာ၊ ဒီလိုလုပ်. . . မင်းအဖေကို ငါလိုက်ရှာပေးမယ်၊ တွေ့ရင်တော့ တစ်မျိုးပေါ့၊ မတွေ့ဘူးဆိုရင် မင်း ငါတို့နဲ့သာလိုက်ခဲ့၊ ငါတို့ရော မင်းရော အကျိုးရှိစေရမယ်"



သူ့စကားမှာ စေတနာအရိပ်အယောင် တွေ့လာရလျှင်ကား ကျွန်တော်က

"ခင်ဗျားနဲ့ ဘာလိုက်လုပ်ရမှာလဲ"

"မင်းကလည်း. . . အရန်ကော. . . အခု မြို့ပေါ်မှာ လူတွေမရှိသလောက်ဖြစ်နေပြီ၊ လူတွေ မရှိတော့တဲ့အိမ်တွေထဲ ဝင်မွှေကြတာပေါ့၊ စိန်တွေ၊ ရွှေတွေ တွေ့လို့ကတော့ သူဌေးဖြစ်ပြီပေါ့"

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ. . . ကျွန်တော်က မိုးဝေပါ"

သည်လိုလူမျိုးနာမည်ကို သိချင်လာ၍ ကိုယ့်နာမည်ကိုရင်းပြီး မေးလိုက်လျှင် သူက

"ငါ့နာမည် ထွန်းလှိုင်ကွ. . . စနေသား"

ဟုပြော၏။

ကျွန်တော့်စိတ်ထဲ

"ဒီစနေသားကျတော့လည်း မဟန်လိုက်တာ"

ဟု တွေးလိုက်မိသည်။ တစ်ခါက ဆရာကြီး ဦးချမ်းမြက ကျွန်တော်တို့ကို ပြောပြဖူးသည်။

"နေ့ခုနစ်နေ့တိုင်းမှာ အကောင်းနဲ့အဆိုး ရှိတယ်လို့ လက္ခဏာကျမ်းတစ်စောင်မှာ ဖတ်ရတယ်"

ဟု ပြောခဲ့ခြင်းပင်။ ကိုထွန်းလှိုင်စနေမှာကား အဆိုးစနေဖြစ်နိုင်သည် ထင်၏။

ထိုအခါ ကျွန်တော်က

"အသက်စွန့်လုပ်ရတဲ့အလုပ်ကလည်း အောက်တန်းကျလိုက်တာဗျာ. . . ခေါင်းဆောင်ကြီးတွေ ဗမာ့လွတ်လပ်ရေးအတွက် အသက်စွန့်လုပ်နေတဲ့အချိန်မှာ ခင်ဗျားရှက်ဖို့ကောင်းနေပြီ"

ဟု ပြောလိုက်ချင်သည်။

"မကောင်းပါဘူးဗျာ"

ဟု ပြောဖြစ်အောင် ပြောလိုက်မိလေရာ သူက

"သူတို့ပစ်ထားခဲ့တဲ့ပစ္စည်းကို ယူတာလေကွာ"

ဟု ပြောပါသေးသည်။ မကောင်းမှုဒုစရိုက်မှု ကျူးလွန်နေသူများကလည်း သူတို့အကြောင်းပြချက်နှင့် သူတို့ပါပဲကလား။ ထို့နောက် သူသည် ကျွန်တော်နှင့် စကားမပြောတော့ပါ။ သို့သော် သူ့အဖော်များနှင့်ပြောနေသည်။ သည်တော့မှ ကိုထွန်းလှိုင်သည် တစ်ယောက်တည်းမဟုတ်။ အဖွဲ့နှင့်လာမှန်း သိလိုက်သည်။ ထို့ကြောင့် သူက ကျွန်တော့်ကို သူတို့အဖွဲ့ဝင်တစ်ယောက်ဖြစ်စေချင်၍ အဖေ့ကို ကူညီရှာပေးမည်ဟု ပြောနေကြောင်း သိလိုက်သည်။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော လော်လီကားကြီးသည် ထောက်ကြန့်မှ ရန်ကုန်သို့ မောင်းနှင်၍လာရာလမ်းတွင် ကားစက်နှစ်ကြိမ် ရပ်သွားသည်။ ဒရိုင်ဘာနှင့် စပယ်ယာလည်း တတ်သမျှ မှတ်သမျှ စက်ကို ပြင်ကြရာ ကားစက်သည် နှစ်ကြိမ်စလုံးနိုးလာသည်။ သို့နှင့် ခရီးဆက်ခဲ့ကြသည်။ ရန်ကုန်မှ ရောက်ပါ့မလား တွေးပူနေရသည်။ အင်းစိန်ဘူတာအနီး ရောက်သောအခါ ထိုးရပ်သွားပြန်သည်။ သည်တစ်ကြိမ်မှာတော့ ဒရိုင်ဘာက

"မရတော့ဘူး"

ဟု ပြောလိုက်လေသည်။ သည်တော့ ကားပေါ်ပါလာသူ ခရီးသည်တွေ ကားအောက်ရောက်လာကြသည်။ ကားခ တောင်းသလောက်ပေးထားရပြီး လိုရာမရောက်၍ အချို့ခရီးသည်များက မကျေနပ်၊ ပွစိပွစိ လုပ်နေကြသည်။ ဒရိုင်ဘာနှင့် စပယ်ယာတို့က မသိဟန် နေလိုက်သည်။



ကိုထွန်းလှိုင်တို့လူစု ဘယ်ရောက်သွားပြီမသိ။ ကျွန်တော်သည် ရန်ကုန်သို့ ကလေးဘဝက အဖေခေါ်လာ၍ ရောက်ဖူးသည်ဆိုသော်လည်း ဘယ်နေရာကိုမှ မှတ်မိသည်မဟုတ်ပါ။ ရန်ကုန်မြို့ထဲ မည်သည့်ဘက်က သွားရမည်ဆိုတာလောက်တော့ သိသည်။ ကျွန်တော်တို့က တောဘက်ကလူတွေဆိုတော့ ခြေလျင်သွားရသည်ကို မမှု။

ကျွန်တော်ရောက်လာသောအချိန်မှာ ဂျပန်က ဗုံးကြဲချသွားပြီး တစ်ရက်အလွန်မှာဖြစ်သည်။ အလွန်စည်ကားလှပါသည်ဆိုသော ရန်ကုန်မြို့သည် ယခုအခါ မြို့ပျက်ကြီးတစ်ခုကဲ့သို့ ဖြစ်နေသည်ကို ကျွန်တော်ကိုယ်တိုင် တွေ့လာရပါတော့သည်။

"ဟေ့. . . ရပ်လိုက်စမ်း။ နောက်လှည့်မကြည့်နဲ့။ မလှုပ်နဲ့ . . . လက်တွေကို မြှောက်ထားလိုက်စမ်း"

နောက်ကြောဘက်က အမိန့်ပေးသည့်အသံတစ်သံ ပေါ်ထွက်လာ၍ ကျွန်တော်သည် ရောက်သည့်နေရာမှာ ရပ်လိုက်ရလေသည်။ နောက်လှည့်၍ကြည့်ချင်သော်လည်း မကြည့်ရဲသေးပါ။ လက်မြှောက်ထားခိုင်း၍ လက်နှစ်ဖက်စလုံးကိုပါ မြှောက်ထားလိုက်ရသည်။

ကျွန်တော့်အနီးလျှောက်လာသော ခြေသံကို ကြားရသည်။ သေနတ်သမားလား၊ ဓားသမားလား။ ကျွန်တော်တွေးနေဆဲမှာပဲ ထိုပုဂ္ဂိုလ် ကျွန်တော့်ရှေ့ရောက်လာသည်။ သေနတ်သမားလည်း မဟုတ်။ ဓားသမားလည်းမဟုတ်။ တုတ်သမား ဖြစ်လေသည်။ မှန်ပါသည်။ အလွန်သနားစရာကောင်းသော စိတ်မနှံ့သူ လူတစ်ယောက်ဖြစ်နေပါသည်။ သူသည် တုတ်တိုတစ်ချောင်းကို

သေနတ်လိုကိုင်၍ ထိုးချိန်လျက် ပေါက်တတ်ကရ ပြောချင်တာ ပြောလိုက်ခြင်းပင်။

ခုတော့ သူက ကျွန်တော့်ကို ဂရုမစိုက်။ ခပ်တည်တည်နှင့် ပြုံးပြပြီး လမ်းတစ်ဘက်သို့ လျှောက်သွားပါလေတော့သည်။ သွက်သွက်ခါအောင် စိတ်မနှံ့သူမျိုးတော့ မဟုတ်ပါ။ တကယ်ပဲ ရူးတာလား။ သို့မဟုတ် ဆရာဆောင်းတို့ ပြောပြောနေသော မြန်မာစကားတတ်သော ဂျပန်စစ်စုံထောက်များလား။ ကျွန်တော်သည် မြှောက်ထားသောလက်များကို မေ့ပြီး မြှောက်ထားမိရာ သတိရမှ ပြန်ချလိုက်ရလေသည်။ စိတ်တော့ အတော့်ကို ပင်ပန်း၍သွားသည်။

ကျွန်တော် ဆက်လျှောက်၍လာပါသည်။ ဂျပန်လေယာဉ်ပျံများ ဗုံးကြဲသည့်ရက်များအတောအတွင်းဆိုတော့ ဘတ်စ်ကား၊ ဓာတ်ရထား၊ လန်ချား ဘာမျှမတွေ့။ ကျွန်တော်တို့ငယ်စဉ်တောင် ကျေးကလေးဘဝကတည်းက ကြားခဲ့ရသော စည်ကားလှပါသည် ဆိုသည့် ရန်ကုန်မြို့ကြီးကား အခုဘယ်ရောက်သွားပြီလဲ။

ကျွန်တော်သည် လမ်းလျှောက်ရသည်မှာ အတော်လှမ်းလာပြီး မောဟိုက်လာသဖြင့် သစ်ပင်ရိပ်တွင် ရပ်နေလိုက်သည်။ ထိုအခိုက် လူတစ်စုသည် အထုပ်ကြီးများကို ထမ်းပိုးလာနေကြသည်ကို တွေ့ရသည်။ အိမ်သုံးပစ္စည်းတွေ အပြည့်တင်လာသော ချယ်ဂါရီတွန်းလှည်းများ တွန်းလာနေကြသည်ကိုလည်း တွေ့ရသည်။

သူတို့သည် အင်္ဂလိပ်စစ်သားများကို တွေ့ကြလျှင် အထမ်းသမားတွေရော ချယ်ဂါရီသမားပါ နောက်ကြောင်းလှည့်ကာ ထွက်ပြေးသွားကြသော်လည်း အချို့မှာ မပြေးနိုင်သောကြောင့်



ပါလာသောပစ္စည်းများကို အစစ်အဆေးခံကြရသည်။ သို့သော်လည်း အင်္ဂလိပ်စစ်သားများက ဂျပန်တွေ ဘယ်တော့လာတိုက်မလဲ။ ဗုံးတွေကြဲလာဦးမှာလား အခြေအနေမို့ သူတို့သိက္ခာမကျရုံ စစ်ဆေးခြင်းမျှသာ ရှိသည်။

လော်လီကားပေါ်မှာ ကိုထွန်းလှိုင်ဆိုသော လူကြီးလိုတောကြောင်များကို ကျွန်တော်ကိုယ်တိုင် တွေ့လာရခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ထိုနေရာမှ ခပ်မြန်မြန် ဖြတ်လာခဲ့ရလေသည်။ ခပ်သုတ်သုတ်လျှောက်လာသော လူတစ်ယောက်ကို တွေ့ရလျှင်-

"ဒီမှာ. . . ဒီမှာ. . . ရန်ကုန်ထဲသွားချင်လို့ ဘယ်က သွားရမလဲ"

မေးလိုက်ပါသည်။ ထိုလူက ကျွန်တော့်ကို နယ်ကမှန်း သိလိုက်သည်နှင့် စာနာစိတ်ကလေးဝင်လာပုံရှိသည်။

"ဒီလမ်းအတိုင်း တောင်ဘက်ဆက်သွား. . . ခု ဒါက ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ခင်ဗျားက ဘယ်နေရာသွားမှာလဲ"

"ရေကျော်"

"အဲဒီနေရာတွေပဲ ဟိုတစ်နေ့က ဂျပန်လေယာဉ်ပျံတွေ ဗုံးကြဲသွားတာ၊ လူတွေ အတော်သေတယ်၊ မသွားပါနဲ့လား"

"မသွားလို့ မဖြစ်လို့ပါ"

"အေးလေ. . . ဒါဆိုလဲ သွားပေါ့၊ ဆူးလေဘုရားရောက်အောင် အရင်သွား၊ ဟိုကျတော့ တွေ့တဲ့လူကို မေးပေါ့"

"ကျေးဇူးပါပဲဗျာ"

ခုလိုအချိန်မျိုးတွင် အခုလောက် စေတနာထားသူမျိုးနှင့် တွေ့ရသည်မှာ ကုသိုလ်ကောင်းသည်ဟု ဆိုနိုင်ပါသည်။ ခရီးဆက်မည့်အလုပ် လူ လေးငါးယောက် စန္ဒရားကြီးတစ်လုံးကို အိမ်ကြီးတစ်အိမ်ထဲက အပြင်ဘက်မ၍ ထုတ်ယူလာကြသည်။ ဖြည်းဖြည်းသက်သာ ကိုင်တွယ်ရမည့်ပစ္စည်းတစ်ခုကို ခုတော့သည်လူကြမ်းကြီးတွေက တရွတ်တိုက်ဆွဲလား ဆွဲ၏။ ဒုန်းခနဲအသံကြားရသည်အထိ ပစ်ချလား ပစ်ချ၏။

သူတို့ထဲက တစ်ယောက်က

"ဖြည်းဖြည်းကိုင်ကြပါကွာ. . . အကောင်းကြီး ပျက်သွားရင် တန်ဖိုးနည်းသွားပါဦးမယ်"

ပြောသည်။

"ဖြည်းဖြည်းလုပ်နေလို့ရမလား၊ မင်းအမေလင်တွေက ရှိသေးတာ၊ သူတို့ရောက်လာမှ ထားပြီးပြေးရမှာ"

တစ်ယောက်က ပြန်အော်သည်။

ထိုခဏမှာပဲ နောက်ထပ် လူ လေးငါးယောက် အထုပ်အပိုးများ ထမ်းသူကထမ်း၊ ဆွဲသူကဆွဲ၍ ပိုက်သူက ပိုက်ကာ ထိုအိမ်ကြီးအတွင်းကပင် သုတ်သီးသုတ်ပြာ ထွက်လာကြပြန်၏။ သည်လူတွေကျကာမှ ကံမကောင်းရှာ၊ အင်္ဂလိပ်တပ်မှ ကုလားစစ်သား ငါးယောက် ရိုင်ဖယ်သေနတ်ကိုယ်စီ ကိုင်ဆောင်လျက် ရောက်ရှိလာကာ နေအိမ်ဖောက်ထွင်းသူများအား ရိုင်ဖယ်သေနတ်တွေ ထိုးချိန်ကာ ဆဲဆို အော်ထုတ်နေသည်။ ဖောက်ထွင်းသူအများစုက စစ်သားတွေကို တောင်းပန်ပြီး ထွက်ပြေးသွားကြသည်။ ဖောက်ထွင်းသူတစ်ယောက်စ နှစ်ယောက်စ အိမ်ထဲက မထွက်ဘဲ



နေသည်။ ကျွန်တော်လည်း တွေ့မြင်နေရသော အခြေအနေမဟန်မှန်း သိရလျှင်သိရချင်း လမ်းဘေးသစ်ပင်ကြီး တစ်ပင်နောက်မှ ပြေးထွက်လာခဲ့ရပါတော့သည်။ ထိုအချိန်ကျကာမှ သေနတ်သံတွေ ပေါ်ထွက်လာသည်။

ကျွန်တော်သည် မောပန်းနေပါသော်လည်း ပြေးနိုင်သမျှပြေးလာခဲ့သည်။ သေနတ်သံများ ကြားရလျှင် ပို၍ အားသွန်ပြေးခဲ့ရလေသည်။ အင်္ဂလိပ်တပ်ကုလားစစ်သားတွေက ဖောက်ထွင်းသူတွေကို ပစ်သတ်လိုက်ပြီလားမသိ။ ထောင်ပစ်ပါစေဟု ဆုတောင်းပေးလိုက်ရသည်။

ကျွန်တော်သည် ဆက်မပြေးတော့ဘဲ ခပ်မှန်မှန် လျှောက်လာခဲ့ရာ နောက်ဘက်မှ

"အစ်ကိုရေ"

"အစ်ကို"

ခေါ်သံကြား၍ နောက်လှည့်ကြည့်လိုက်သောအခါ အသက် (၁၅) နှစ်သာသာ လူငယ်လေးတစ်ယောက်ကို ကျွန်တော် တွေ့လိုက်ရလေသည်။ ကျွန်တော် ဆက်မသွားဘဲ ရပ်စောင့်နေစဉ် လူရွယ်ကလေး ကျွန်တော့်ရှေ့ ရောက်လာသည်။

"အစ်ကို အဲဒီဘက်ကို မသွားနဲ့။ အင်္ဂလိပ်စစ်သားတွေ ရှိတယ်။ အစ်ကို့ကို ပြဿနာရှာကြလိမ့်မယ်"

"ဟုတ်လား. . . တော်သေးတာပေါ့"

"မသွားတာ ကောင်းတယ်"

ထိုအခါ စေတနာရှင်လူငယ်ကလေးကို အသေအချာကြည့်လိုက်သည်။ စစ်အတွင်းကာလတွင် ကလေးလူကြီး၊ ယောကျ်ား၊

မိန်းမ ဘယ်သူ့ကိုမှ မယုံကြည်မိစေရန်လိုသည်ဟုလည်း ကြားဖူးသည်။ သည်လူငယ်ကလေးကတော့ လူလိမ်လူကောက် မဖြစ်နိုင်ဟု ထင်သည်။

“မင်းက ဘယ်ကလဲ”

“ကျွန်တော်က အလုံကပါ”

“ဘာလဲကွ အလုံဆိုတာ”

“အစ်ကို နယ်ကထင်တယ်၊ အလုံဆိုတာ ရပ်ကွက်လေ”

ဤသို့ဖြင့် ကျွန်တော်နှင့် မောင်မြင့်ကြုံဆုံခဲ့ရခြင်း ဖြစ်ပါသည်။

❐❐❐

# အခန်း (၁၁)

လူပုံက ဖြူဖြူနွဲ့နွဲ့၊ စိတ်ဓာတ်က သံမဏိ၊ သူ့နာမည်က မောင်မြင့်။ သူ့အဖေက သစ်တောအရာရှိတစ်ဦး ဖြစ်သည်။ မိသားစုခုနစ်ယောက်၊ သားချင်း ငါးယောက်၊ မောင်မြင့်က အလယ်လူ၊ ဂျပန်တွေ ချီတက်လာပြီး စင်ကာပူခံတပ်ကျပြီ သတင်းများနှင့်အတူ ဂျပန်လေတပ်က ရန်ကုန်ကို ဗုံးတွေကြဲ တိုက်ခိုက်လာသောအခါ မောင်မြင့်တို့မိသားစုတောပြေးကြသည်။

ညောင်လေးပင်-မဒေါက်မှ စစ်တောင်းအရှေ့ဘက်ကမ်း ရွှေကျင်သို့ မောင်မြင့်တို့မိသားစု ပြေးကြခြင်းဖြစ်သည်။ ရွှေကျင်မှာ မောင်မြင့်အဖေဘက်က အဘိုး၊ အဘွားများ ရှိသည်။ မောင်မြင့်တို့မိသားစု တောပြေးတော့မည့်နေ့က ငှားထားသော လော်လီကားပေါ် ပစ္စည်းတွေ တင်နေသည့်အခိုက် ဂျပန်လေတပ်က ရန်ကုန်မြို့ပေါ် ဗုံးတွေကြဲချလေရာ မောင်မြင့်တို့အဖေက ဗုံးသံ၊ စက်သေနတ်သံတွေကြားကပဲ ထိုအငှားလော်လီကားကြီးဖြင့် ရန်ကုန်မြို့က ထွက်ခွာသွားခြင်းဖြစ်သည်။

မောင်မြင့်မှာ စမ်းချောင်းက သူ့ဘကြီးအိမ်မှာ သွားနေသည်။ ရက်သတ္တတစ်ပတ် ကျော်ပြီ။ သူ့ဘကြီးမိသားစုလည်း သူ့ဘကြီး မိန်းမဇာတိ ပုသိမ်သို့ ပြေးလေရာ မောင်မြင့် မိဘအိမ်ပြန်လာရ လေသည်။ အိမ်မှာ သော့ခတ်လျက်ပါပေ။ နောက်ဖေးတံခါး

ရိုက်ဖွင့်ပြီး နေ-နေဦးမလား တွေးဖြစ်ပါသေးသည်။ တွေ့မြင်သူများက မောင်မြင့် မိဘအိမ်ကို တံခါးဖျက်ဝင်သည် ထင်မည်မဟုတ်။ ဖောက်ထွင်းသူ သူခိုး၊ ဂျပိုးတွေလို့ပဲ ထင်ကြပေမည်။ မောင်မြင့် ဘာလုပ်ရမလဲ မသိဘဲ လျှောက်လာရင်း ကျွန်တော်နှင့် ကြုံဆုံလာခြင်းပင်။

မောင်မြင့်လို လူငယ်ကလေးတစ်ယောက်နှင့် တွေ့လိုက်ရသည်မှာ ကျွန်တော့်အဖို့ အကျိုးရှိလှသည်။ နတ်ကောင်းနတ်မြတ်များက စောင့်ရှောက်ကူညီလိုက်လေသလားဟုပင် အတွေးရောက်လိုက်မိသည်။ မောင်မြင့်က ရန်ကုန်မြို့ကလမ်းတွေကို သိနေသူ။ တည့်တည့်သွားမလား။ ကွေ့သွားမလား။ အတိုဆုံးလမ်းက သွားမလား။ ဓာတ်ရထားတွေ၊ မီးရထားတွေ၊ ဘတ်စ်ကား တက္ကစီကားတွေ မရှိတော့၍ ရှိသေးလျှင် မောင်မြင့်က ဦးဆောင်ပေးနိုင်သူဖြစ်သည်။

တော်သေးသည်။ လမ်းတွင် ပိုင်ရှင်မရှိသော စက်ဘီးတစ်စီးတွေ့၍ ထိုစက်ဘီးကို ကောက်ယူစီးလာခဲ့သည်။ ကုလားစစ်သားတွေကိုတော့ မတွေ့ရတော့ပါ။

"အစ်ကို. . . စက်ဘီးကို အစ်ကိုချည်း နင်းနေရတာ ကျွန်တော်မစီးချင်တော့ဘူး။ ဒီတစ်ခါ ကျွန်တော် နင်းပါရစေ"

စက်ဘီးပြဿနာက စတင်ပေါ်ပေါက်လာလေသည်။

"ငါက အသက်ကြီးတဲ့လူပဲ. . . ငါပဲ နင်းသင့်တာပေါ့"

"ဒါပေမဲ့. . . နောက်ဘီး လေမရှိဘူးလေ။ အစ်ကို နင်းရတာ လေးတာပေါ့"

"အေး. . . ဒါတော့ ဟုတ်တယ်။ တို့စက်ဘီး လေထိုးရအောင်"



"လေထိုးဖို့ မကြိုးစားနဲ့အစ်ကို. . . အခြေအနေက အစ်ကိုမြင်တဲ့အတိုင်းပဲ"

"ဒီလိုဆို ဒီစက်ဘီးကို ဘာလုပ်မလဲ"

"ပေး. . . စက်ဘီး"

မောင်မြင့်က ကျွန်တော်ကိုင်ထားသော စက်ဘီးကိုယူ၍ အိမ်ခြံကြီးတစ်ခြံအတွင်းသို့ နင်း၍ဝင်သွားသည်။ အိမ်နောက်ဘက်ရောက်သွားတော့ သူ့ကို မမြင်ရတော့ပါ။ သူပြန်ထွက်လာသော အခါ စက်ဘီးပါမလာတော့။

"စက်ဘီးရော"

"ဒီအိမ်ကြီးနောက်က ကားဂိုဒေါင်ထဲမှာ ထားလိုက်တယ်၊ ကျွန်တော်တို့လမ်းကြုံရင်လည်း ဝင်ယူတာပေါ့"

"နိဗ္ဗာန္ဒပစ္စယောဟောတုလို့သာ မှတ်လိုက်စမ်းပါကွာ၊ တို့လည်း လမ်းဘေးတွေ့လို့ ကောက်ယူခဲ့တာပဲ"

မောင်မြင့်က ပြုံးနေသည်။ အသက်ငယ်သေးလို့လားမသိ။ သူ့ကိုမြင်ရသည်မှာ စိတ်ညစ်ဟန်မတူပါ။ အမြဲတက်ကြွလန်းဆန်းနေသည်။

"ပစ္စည်းဆိုတာ အသုံးဝင်ရင် တန်ဖိုးရှိတယ်၊ အသုံးမဝင်ရင် အနှောင့်အယှက်ပဲကွ"

ထို့နောက် ကျွန်တော်တို့နှစ်ယောက် ဆက်လျှောက်လာခဲ့ကြသည်။ ဇောကြောင့်လားမသိ၊ အမောခံနိုင်ခဲ့သည်။

"အဲဒါပဲ မောင်မြင့်. . . စစ်ဖြစ်ရင် တိုက်တာအဆောက်အဦတွေ၊ အကျင့်စာရိတ္တတွေ၊ ယဉ်ကျေးမှုတွေ ပျက်စီးသွားတာပဲ"

"ဟုတ်တယ်နော်"

ထိုအခိုက် ခပ်လှမ်းလှမ်းဆီမှ "ဝုန်း" ဆိုသော ဗြောမအသံကြီးတစ်သံ မြည်ဟိန်း၍ ပေါ်ထွက်လာသည်။ အသံပေါ်ထွက်ရာ လှည့်ကြည့်လျှင် ကားမီးခိုးလုံးကြီးသည် ကောင်းကင်သို့ ထိုးတက်ပြန့်ကားသွားလေသည်။

"အစ်ကိုရေ. . . ဂျပန်တပ်တွေ ဝင်လာပြီထင်တယ်"

မောင်မြင့်က သူ့အထင်ကို ရိုးသားစွာ တင်ပြလိုက်လေသည်။ ကျွန်တော်က အခြေအနေကို သိလိုက်သဖြင့်

"အဲဒါစက်ရုံလား. . . လက်နက်တိုက်လား. . . တစ်ခုခုပဲ၊ ဖောက်ခွဲဖျက်ဆီးနေတာ"

"ဘယ်သူကလဲ"

"အင်္ဂလိပ်တွေပဲပေါ့၊ သူတို့ထွက်ပြေးရင် မထားခဲ့ချင်လို့ပေါ့၊ မြေလှန်စနစ်လို့ ခေါ်တယ်"

"နှမြောစရာကောင်းလိုက်တာ"

မောင်မြင့်သည် သူ့စိတ်ရင်းအတိုင်း ရိုးရိုးသားသားပင် မှတ်ချက်ချလိုက်လေသည်။

"အကျင့်ပုတ်ကြတာပေါ့ကွာ"

ကျွန်တော်တို့သည် စကားတပြောပြောနှင့် လျှောက်လာကြရင်း ဆူးလေဘုရားသို့ ရောက်လာပါတော့သည်။ ဆူးလေဘုရားတက်ဖူးသောအခါ ဘုရားပေါ်မှာ ကျွန်တော်တို့နှစ်ယောက်နှင့် ခိုတွေပဲ ရှိသည်။

"ဆာလိုက်တာ. . . ဝယ်စားရအောင်ကလည်း ဘာဆိုင်မှကို မရှိဘူး. . . ကြုံမှ ကြုံရတတ်ရန်ကောကွာ"



"ကျွန်တော့်မှာ ပေါင်မုန့်ခြောက်တွေပါတယ်. . . ဘကြီးအိမ်ကအထွက် လိုရမယ်ရယူလာတာ"

"ဟာ. . . ဝမ်းသာလိုက်တာ. . . မင်းက အတော်မြင်တတ်တာပဲ၊ စောစောက ပြောရောပေါ့ကွာ. . . ထုတ်. . . ထုတ်"

"ကျွန်တော်မြင်တာ မဟုတ်ပါဘူး၊ ဘကြီးမြင်တာပါ"

ပေါင်မုန့်ခြောက် ငါးချပ်လောက် စားလိုက်မှ ဝမ်းထဲက အသံတွေ ပျောက်သွားပါတော့သည်။ ပေါင်မုန့်ခြောက်စားပြီးပြန်တော့ ရေသောက်ချင်သည်။ သောက်ရေကို ဘယ်ကရပါမည်လဲ။ ရေဘုံပိုင်က ရေမထွက်၊ လမ်းဘေးသောက်ရေအိုးစင်တွေကလည်း ရေအိုးချည်းရှိသည်။ ရေမရှိ၊ ကံအားလျော်စွာ ဗာဒံပင်ကြီးတစ်ပင်အောက်က သောက်ရေအိုးစင်မှာကား အိုးတစ်ဝက် ရေရှိသည်ကို တွေ့ရသည်။ ရေက သန့်ပါသည်။ သို့သော် ကျွန်တော်တို့နှစ်ယောက်သည် ရေသန့် မသန့် မတွေးနိုင်။ ရေကိုပဲ အငမ်းမရ သောက်ကြသည်။ ကျွန်တော့်မှာ အမေပေးလိုက်သော မတ်ခွက်တစ်ခွက်ပါလာ၍ သောက်ရေသောက်ရာတွင် အဆင်ပြေ၍သွားလေသည်။

ထို့နောက် မောင်မြင့်က

"အစ်ကိုရေ. . . ရေကျော် ရောက်နေပြီ"

ဟု ပြော၏။ ကျွန်တော် ဝမ်းသာ၍သွားလေသည်။

မောင်မြင့်က နယ်မြေကျွမ်းသော လူငယ်တစ်ယောက်ဖြစ်သည်။ တို့ဗမာအစည်းအရုံးဌာနချုပ်ကို မိနစ်ပိုင်းအတွင်း တွေ့အောင် ရှာပေးသည်။ ဌာနချုပ်ရောက်လျှင် အတွင်းရေးမှူး သခင်တင်မောင်နှင့် ရုံးအုပ်သခင်တင်ဦးတို့ကို တွေ့ရသည်။ သူတို့က ကျွန်တော်နှင့်မောင်မြင့်ကို နွေးထွေးစွာ ကြိုဆိုပါသည်။

သို့သော် ကျွန်တော် ကံမကောင်းပါ။ အဖေ့ကိုရော ဆရာဆောင်း၊ ဆရာငြိမ်းမောင်နှင့် ရဲလှတို့အားလုံးကိုပါ မတွေ့ရပါ။ မြေအောက်တော်လှန်ရေးလှုပ်ရှားမှုအတွက် ခရီးထွက်သွားကြသည်ဟု သိရပါသည်။

သခင်တင်မောင်က အိုင်ဆေးပါကြီးအသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ ဌာနချုပ်က အစည်းအရုံးဝင်တွေ စိတ်မကောင်းဖြစ်ကြရကြောင်း ကျွန်တော့်ကို ပြောပြသည်။ ပြီး သူက. . .

"သခင်ဆောင်းက တောင်ငူအာရှလူငယ်အစည်းအရုံးဝင်လူငယ်တွေရောက်လာလိမ့်မယ်လို့ အသေအချာ မှာသွားပါတယ်"

"အနားယူလိုက်ပါဦး"

ဟုပြောသည်။ ရုံးအုပ်သခင်တင်ဦးက

"ရေနံမြေက ရဲဘော်တွေနဲ့အတူ ထားမှာလား"

ဟု မေးသည်။

အတွင်းရေးမှူး သခင်တင်မောင်က

"ကိုဗဟိန်းလာမှ သူ့သဘောကို မေးကြည့်ကြတာပေါ့"

ဟု ပြောလိုက်သည်။ ရုံးအုပ် သခင်တင်ဦးက ခေါင်းညိတ်ပြသည်။ သူတို့မှာ အလုပ်တွေ ရှုပ်နေဟန်ရှိသည်။

ရေနံမြေက ရဲဘော်များမှာ သခင်အုန်းဖေ၊ သခင်ပု၊ သခင်ခင်မောင်ညို စသူတို့ဖြစ်သည်။ သူတို့နှင့် ကျွန်တော် စကားပြောဖြစ်သောအခါ သခင် ခင်မောင်ညိုဆိုသူက ကိုဗဟိန်းမှာ မြန်မာ့လွတ်လပ်ရေး မြေအောက်တော်လှန်ရေးလှုပ်ရှားမှုအရေးကိစ္စကို ဦးဆောင်နေသူဖြစ်ကြောင်း၊ ယခု မြန်မာ့အလင်း



သတင်းစာတိုက်မှာ ဤမြေအောက်လှုပ်ရှားမှုအရေးကို ဦးဆောင်နေကြောင်း၊ မြန်မာ့အလင်းသတင်းစာတိုက်မှာ အယ်ဒီတာလုပ်နေကြောင်း ရှင်းပြသည်။

ကျွန်တော်သည် ကျွန်တော်တို့ လေးစားဂုဏ်ပြုအပ်သောခေါင်းဆောင်များနှင့် အနီးကပ် ထိတွေ့လှုပ်ရှားရတော့မည်ဖြစ်၍ ပျော်နေပါသည်။ ကျွန်တော်တို့ကိုကြည့်ပြီး မောင်မြင့်က အားကျနေသည်။

ညနေပိုင်း၌ ဌာနချုပ်သို့ သခင်ဗဟိန်းရောက်ရှိလာသည်။ ကျွန်တော်ရောက်လာကြောင်း သခင်တင်မောင်က သခင်ဗဟိန်းကို ပြောပြနေသည်။ ထို့နောက် သခင်ဗဟိန်းက ရုံးခန်း၌ သခင်တင်မောင်၊ သခင်တင်ဦးတို့နှင့်အတူ ကျွန်တော့်ကို တွေ့ပြီး

"မောင်မိုးဝေက လူငယ်တစ်ယောက်ကို ခေါ်လာတယ်ဆို"

"ဟုတ်ပါတယ်"

ထို့နောက် မောင်မြင့်ဘဝအကြောင်း ပြောပြလိုက်သည်။ မောင်မြင့်ကိုလည်း ခေါ်ပြလိုက်သည်။

"ဟုတ်ပြီ. . . ဘာတွေလုပ်ကြမယ်ဆိုတာ နောက်မှပြောမယ်၊ အခု. . . ဦးစံမောင်နဲ့ ဆက်သွယ်လိုက်ပါ"

ဟု ပြောလေသည်။ ဌာနချုပ်ခေါင်းဆောင်များက ခုလိုကျွန်တော့်အား အနီးကပ်အမိန့်ပေးညွှန်ကြားနေသည်ကို ကျွန်တော်ဝမ်းသာနေသည်။

သခင်ဗဟိန်းသည် ကျွန်တော့်ကို စကားတစ်ခွန်းနှစ်ခွန်းပြောရသည်ကိုပင် အချိန်လုပြောနေရသည်။ သူ့မှာ အလုပ်တာဝန်တွေက အလွန်များလှဟန်တူသည်။ ဌာနချုပ်ရောက်သည့်အခိုက်

ပုသိမ်က ရောက်လာသော သခင်နှစ်ယောက်နှင့် စကားပြောဖြစ်သေးသည်။ သူတို့ပြန်လျှင် ရေနံမြေက သခင် ငါးယောက်အား လျှို့ဝှက်တာဝန်ပေးသည်။ ည ခုနစ်နာရီလောက်တွင် မြန်မာ့အလင်းသတင်းစာတိုက်သို့ ပြန်သွားလေသည်။

ကျွန်တော်တို့နှစ်ယောက်ကို ည ကိုးနာရီလောက်တွင် ဦးစံမောင်ဆိုသူ လူကြီးတစ်ယောက် လာခေါ်သည်။ ခြေလျင်ပင် လျှောက်ကြရလေသည်။ ဦးစံမောင်က သူ့ကိုယ်သူ ဘုန်းကြီးကျောင်းက ကပ္ပိယကြီးတစ်ယောက်ဖြစ်ကြောင်း ပြောပြသည်။ ဝတ်ထားသော အဝတ်အစားမှာ ညစ်နွမ်းပေမယ့် စိတ်သဘောထားပြည့်ဝသူ ဖြစ်မည်ဆိုတာ သူပြောသောစကားနှင့် သူ့အမူအယာက သက်သေပြနေသည်ထင်ပါသည်။

မကြာမီ ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်းတန်ဆောင်းအနီး ဗဟန်းကြားတောရလမ်း ဘယ်ဘက်ဘေးရှိ ကရင်ဗုဒ္ဓဘာသာ ပိဋကတ်ကျောင်းတိုက်သို့ ရောက်လာသည်။ ကျောင်းဝင်းတံခါးကြီး ပိတ်ထားပြီဖြစ်သည်။ ဦးစံမောင်က သူ ဘယ်အချိန်က ကောက်လာခဲ့သည်မသိလိုက်သော ကျောက်စလစ်ခဲကလေးနှင့် ကျောင်းတိုက်တစ်နေရာသို့ ပစ်ပေါက်လိုက်သည်။ တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်တွင် ကျောက်စလစ်ခဲကလေး ကျသွားသံမှာ အသံအတော်ကလေး ကျယ်သည်။

ဦးစံမောင်က ဘာမှမလုပ်ဘဲ ရပ်စောင့်နေသည်။ မကြာလှပါ။ ဦးပဉ္စင်းတစ်ပါး ကျောင်းဝင်းတံခါးတို့ ဖွင့်ပေးသည်။ ကျောင်းဝင်းအတွင်း၌ အုတ်ကျောင်းတိုက်ကြီးနှင့် သိမ်ဇရပ် အပြင် ဆွမ်းစားဆောင်တို့ ရှိသည်။ အုန်းပင်များက ကျောင်းဝင်းတစ်ခုလုံးကို အုပ်မိုးထားလေသည်။



ဦးစံမောင်သည် ကျွန်တော်နှင့် မောင်မြင့်ကို တိုက်အုပ်ဆရာတော် ဘုန်းကြီးတစ်ပါးထံ ခေါ်သွားသည်။ ဦးစံမောင်နှင့် ဆရာတော် လျှောက်ထားပြီး အခံစကားရှိဟန်တူသည်။ ယခုမူ ဦးစံမောင်က ဆရာတော်ဘုရားအား

“ရောက်လာကြပါပြီဘုရား”

ဟုသာ လျှောက်ထားလိုက်သည်။ အခြား ထူးထူးထွေထွေ ဘာမျှ မပြောပါ။

“ကပ္ပိယကြီးနဲ့နေတာပေါ့၊ ကပ္ပိယကြီးပဲ လုပ်စရာရှိတာ လုပ်ပေးလိုက်ပါ”

ဟု ဆရာတော်က မိန့်ကြားလိုက်လေသည်။

ကပ္ပိယကြီးက

“သွားကြစို့. . .”

သဘော မျက်ရိပ်ပြလိုက်သည်နှင့် ကျွန်တော်တို့သည် တိုက်အုပ်ဆရာတော်ကို ဝတ်ပြုလိုက်သည်။ ဆွမ်းစားဆောင်သို့ ရောက်လျှင် ဦးစံမောင်က ကျွန်တော်တို့နှစ်ယောက်ကို ထမင်းကျွေးသည်။ ငါးကြော်နှပ်နှင့် ချဉ်ပေါင်ရွက်ဟင်းရည်ဖြစ်သည်။

“ထမင်းနဲ့ အချဉ်ဟင်းရည်က ငါချက်တာ. . . ငါးကြော်နှပ်ကတော့ ကိုယ်တော်တွေ ဆွမ်းခံခဲ့တဲ့ဟင်းကျန်ပေါ့၊ ဒါလည်း ချန်ထားလို့ရတဲ့ဟင်းပဲ ချန်လို့ရတာ. . . ရန်ကုန်ကျောင်းတွေမှာကတော့ ဒီလိုပဲ မောင်မိုးဝေရဲ့”

ကပ္ပိယကြီး ဦးစံမောင်က ကျောင်းကိစ္စ၊ ကျောင်းသဘာဝကို ပြောပြသည်။ ကျွန်တော်တို့နှစ်ယောက်မှာ ဟင်းကောင်းမပြောနှင့် ထမင်းကိုပင် မှန်မှန်မစားရသည်မှာ ကြာပြီမို့ နှစ်ယောက်သား ခေါင်းမဖော်နိုင်အောင် စား၍နေသည်။

"မင်းတို့ တော်တော်ဆာနေပြီပဲ"

"ဟုတ်ကဲ့"

"စားစား. . . ဒီမှာ ဆွမ်းဟင်းပြည့်စုံပါတယ်၊ နောက်တော့ မပြောတတ်ဘူးပေါ့ကွာ. . . မြို့ပေါ်မှာ လူတွေမရှိတော့ဘူး မဟုတ်လား၊ အေး. . . ဒီဗဟန်းက လူတွေကတော့ ပြေးကြရဲ့လားလို့တောင် ပြောရမလိုပဲ. . . သူခိုးဈေးတောင် ပေါ်လာတယ်၊ ပစ္စည်းတွေကို စုံနေတာပဲ"

"ဈေးကလည်း သူခိုးဈေးရယ်လို့"

"တစ်မြို့လုံးက ခိုးလာတဲ့ပစ္စည်းတွေ ချရောင်းကြတာလေကွာ၊ ဒီဈေး ဘာဈေးခေါ်မလဲ"

"ဝယ်တဲ့လူရှိရဲ့လား ကပ္ပိယကြီးရဲ့"

မောင်မြင့်က ဖြတ်မေးသည်။

"မနက် မင်းတို့သူခိုးဈေး လျှောက်ကြည့်ပေါ့၊ ဝယ်တဲ့လူ ရှိမရှိ သိရမှာပေါ့"

သို့သော် နောက်နေ့မနက် ကပ္ပိယကြီးဦးစံမောင်ကပင် ကျွန်တော်တို့အား-

"မင်းတို့နှစ်ယောက် နောက်ပိုင်းသခင်ဗဟိန်းနဲ့ သွားတွေ့ရလိမ့်မယ်၊ ချက်ချင်းကြီးတာဝန်ပေးမယ်တော့မထင်ပါဘူး၊ လှုပ်ရှားမှုအခြေအနေတွေ အသိပေးထားမလို့နဲ့တူတယ်"

သည်အကြောင်းကို ကပ္ပိယကြီးဦးစံမောင်က ညတုန်းက မပြောဘဲ မနက်ကျမှပြောလေသည်။ သို့နှင့် ကျွန်တော်တို့သည် ဘုန်းကြီးများအရုဏ်ဆွမ်းစားသည့်အချိန် မနက်စာအဖြစ် အရုဏ်ဆွမ်းဟင်းဆွမ်းထမင်းကို ကျွန်တော်တို့ဝင်စားထားလိုက်ပါသည်။



မြန်မာ့အလင်းသတင်းစာတိုက်သို့ မနက်ပိုင်း (၁၀) နာရီ လောက်ရောက်သွားသည်။ သခင်ဗဟိန်းမရောက်သေး၍ စောင့်နေရပါသေးသည်။ သခင်ဗဟိန်းသတင်းစာတိုက် ရောက်ရောက်ချင်း ကျွန်တော်တို့နှစ်ယောက်ကို ဗြိတိသျှကိုလိုနီနယ်ချဲ့တွေက သူတို့ ရှုံးလိမ့်မယ်မထင်သေးကြောင်း၊ စုံထောက်တွေပိုများလာကြောင်း၊ ထို့နောက် မြေအောက် UG လှုပ်ရှားမှုတွေအကြောင်း ပြောပြသည်။ သခင်ဗဟိန်း ကျွန်တော်တို့နှစ်ယောက်ကို ပေါ့ပေါ့တန်တန် ပြောသည်မဟုတ်ပါ။ ခုလို အလေးအနက်ပြောပြနေသောကြောင့်လည်း ကျွန်တော်တို့မှာ အလွန်အားတက်၍နေပါသည်။

သခင်ဗဟိန်းနှင့်လမ်းခွဲပြီးပြန်လာသောအခါ ကျွန်တော်သည် မြန်မာနိုင်ငံတစ်မျိုးသားလုံးအတွက် အသက်ပေးထားလိုက်ပြီဖြစ်သော မြေအောက်တော်လှန်ရေးတပ်သားတစ်ယောက်ဖြစ်နေပြီပဲဟု တွေးမိပြီး အလွန်ပီတိဖြစ်၍နေပါတော့သည်။ မောင်မြင့်ကပင် ကျွန်တော့်ကို-

"အစ်ကို စကားမပြောတော့ဘူးလား"

ဟုမေးရလောက်သည်အထိ ကျွန်တော့်မှာ ကိုယ့်အတွေးနှင့်ကို ငေးငိုင်နေမိခြင်းပါပေ။ ကျွန်တော်တို့နှစ်ယောက်သည် စိုးရိမ်ကြောက်လန့်စွာ ခပ်သုတ်သုတ်ခပ်သွက်သွက်သွားလာနေသော ခရီးသည်အချို့ကိုကြည့်ရင်း ကျွန်တော်တို့သည် ဂျပန်လေကြောင်းက ဗုံးလာကြဲလေမလား စိုးရိမ်စိတ်ဖြင့် ခပ်မြန်မြန်ခြေလှမ်းကျဲကျဲ လျှောက်လာခဲ့ကြသည်။ ဘုရားလမ်းတစ်နေရာသို့ရောက်သောအခါ အထုပ်ကိုယ်စီထမ်းကာ လူနှစ်ယောက် ခပ်သုတ်သုတ်လိုက်လာသည်ကို ကျွန်တော်က နောက်လှည့်ကြည့်ရင်းတွေ့လိုက်သဖြင့် စပ်စုလို၍ သူတို့နှစ်ယောက်ကို ရပ်စောင့်နေလိုက်သည်။

အထုပ်ထမ်းလာသူနှစ်ယောက်အနက် ခါးကုန်းကုန်း အရက်သမားပုံပေါက်နေသော လူတစ်ယောက်က-

"မင်းတို့ သိမ်ကြီးဈေးက ပြန်လာတာမဟုတ်ဘူးလား"

"ကျွန်တော်တို့က ရေကျော်ဘက်ကလာတာပါ"

ကတုံးပြောင်နှင့်လူက

"သိမ်ကြီးဈေးမှာ ဆိုင်တွေဖောက်ထားတယ်၊ ပစ္စည်းတွေ သွားသယ်ပါလား"

ပြောလိုက်လေသည်။

ထိုအခါ ခါးကုန်းကုန်းနှင့်လူက

"ခုမှတော့ မသွားနဲ့တော့ ငါတို့တောင်မနည်းပြေးလာရတာ၊ ကုလားတပ်သားတွေ သေနတ်နဲ့လိုက်ပစ်လို့ ပြေးလာရတာ"

ဟုပြောလေသည်။ ထို့နောက် ဘုရားဘက်ကို ကျွန်တော်တို့အရင် ခပ်သုတ်သုတ်ခပ်ပြာပြာဆက်လက်လျှောက်သွားကြ၏။

"ဒီလူတွေ ပစ္စည်းတွေ လုလာတာထင်တယ်"

"သူများဖောက်ထားတဲ့ ကုန်တိုက်တွေထဲကပစ္စည်းတွေ ဝင်ကောက်လာတာဖြစ်မှာပါ"

"သူခိုးဈေး သွားကြမှာပေ့ါ"

"ဒါပဲ ရှိမှာပေ့ါ"

ထိုအခါ ကျွန်တော်တို့လာခဲ့သော နေရာဘက်က လူသံကြား၍ ပြန်လှည့်ကြည့်လိုက်လေရာ အဝတ်အစားစုတ်ပြတ်နေသော အရူးတစ်ယောက်နောက်သို့ ကုလားစစ်သားနှစ်ယောက် ပြေးလိုက်နေသည်ကိုတွေ့သည်။

"လာ. . . လာ. . . မောင်မြင့် အခြေအနေမကောင်းဘူး"



ကျွန်တော်က မောင်မြင့်ကို ဆွဲခေါ်လာခဲ့ရလေသည်။ ခပ်လှမ်းလှမ်းရောက်လျှင် မောင်မြင့်က-

"ကုလားစစ်သားတွေက အရူးကိုဘာလို့လိုက်ဖမ်းရတာလဲ၊ သူ့ခမျာ ရူးနေပါတယ်ဆို"

"အရူးကိုမသက်ာလို့ပေ့ါ၊ မြန်မာစကားတတ်တဲ့ဂျပန်တွေကို အရင်လွှတ်ထားတယ်လို့ ဆရာဆောင်းပြောဖူးတယ်"

"အစ်ကိုပြောတာလည်း ဖြစ်နိုင်တာပဲ"

သို့နှင့် ကျွန်တော်တို့နှစ်ယောက်သည် ကြားတောရလမ်းသို့ ရောက်လာကြသည်။ သည်နေရာရောက်တော့လည်း လူတွေ အတော်ခပ်များများကို တွေ့လာရသည်။ ခိုးရာပါပစ္စည်းတွေ လမ်းဘေးမှာချရောင်းနေကြသည်။ ဈေးသည်ကများပြီး ဈေးဝယ်က နည်းပါးလှပါသည်။ ဈေးဝယ်နည်းသော်လည်း သူတို့က ပစ္စည်းကောင်းများကိုတွေ့လျှင် မနေနိုင် ဝယ်နေကြသည်။ စစ်ဖြစ်ပါတော့မည်ဆိုပါလျက် သည်လူတွေက ဈေးဝယ်နေကြသည့် အဖြစ်ကို တွေ့ရလျှင် ကျွန်တော်သည် လူတွေကို အတော်အသိရ ခက်ပါကလားဟုပင် တွေးလိုက်မိလေသည်။

အဝတ်အထည်၊ ပိတ်စ၊ တိုင်ကပ်နာရီ၊ ဖိနပ်၊ ပေါင်ဒါဘူး၊ ရေမွှေး၊ ဖလေဇာကုတ်၊ သက္ကလတ်ဘောင်းဘီ၊ ကောဇော၊ ကြွေအိုး၊ ကြွေခွက်၊ ကြွေဖလား၊ ဥတီဘွားရုပ်၊ အပ်ချုပ်စက်ခေါင်း၊ စက်ဘီး၊ ရေဒီယို စသည့် ပစ္စည်းများဖြစ်သည်။

မောင်မြင့်က

"ဘာဂျာကလေးတစ်လက် ပိုက်ဆံမပါလို့ ဝယ်ချင်လိုက်တာ"

ဟုပြော၍ ကျွန်တော်က ငွေငါးကျပ် ထုတ်ပေးလိုက်သည်။ မောင်မြင့်သည် ဘာဂျာသွားဝယ်ပြီး ပြန်လာသောအခါ သူ့လက်ထဲ ဘာဂျာကလေး ပါလာသည်။ နှစ်ကျပ်ပေးရသည်ဟုပြောသည်။

မောင်မြင့်သည် ဘာဂျာကလေးကို ကြည့်ပြီး

"ဒီဘာဂျာကလေးက ဂျာမနီမိတ်ပဲ. . . ဟန်ကျလိုက်တာ"

ဟုပြောပြီး ပါးစပ်ဖြင့် ဖွဖွငုံ၍ လက်ဖဝါးနှစ်ဖက်နှင့် ကွယ်ကာလျှင် မှုတ်ပြသည်။ မောင်မြင့် ဘာဂျာသံစဉ်က သီချင်းတစ်ပုဒ် ဖြစ်လာသည်။

"အဘိုးကြီးအို ခါးကုန်းကုန်း. . . မသေပါနဲ့ဦး. . . နောင်နှစ်ခါ တန်ဆောင်မုန်း. . . ပွဲကြည့်ပါဦး"

"ဘယ်လိုလဲ အစ်ကို"

"မင်းက ဘာဂျာကောင်းကောင်း မှုတ်တတ်တာပဲ. . . ကောင်းတယ်၊ ငါက ဘင်ဂျိုတီးတတ်တာနဲ့အတော်ပဲ"

သည်ညက ဆွမ်းစားဆောင်တွင် ကျွန်တော်တို့ ညဉ့်နက်သန်းခေါင်အထိ စကားထိုင်ပြောဖြစ်ကြသည်။ ကျွန်တော်တို့သည် ကပ္ပိယကြီး ဦးစံမောင်ကို မသင်္ကာ၍

"ဦးလေးစံက ဒီကျောင်းက ကပ္ပိယကြီး ဟုတ်မယ်မထင်ပါဘူး"

ဟု မေးကြည့်တော့မှ ကပ္ပိယကြီး ဦးစံမောင်ကိုယ်တိုင်က သူသည် ဤကျောင်းက ကပ္ပိယကြီး ဦးဩဘာကို တောပြောင်းခိုင်းပြီး သူ့နေရာတွင် တကယ်ကပ္ပိယအလုပ်ကို ဦးစံမောင်က ဝင်လုပ်နေကြောင်း၊ လျှို့ဝှက်မြေအောက်တော်လှန်ရေးသမားတစ်ယောက်



ဖြစ်ကြောင်း၊ သူက မြေအောက်တော်လှန်ရေးသားများအား လောလောဆယ် မြန်မာ့ရိုးရာသိုင်းပညာ သင်ပေးနေရကြောင်း ပြောပြပါသည်။

"အခုလည်း သခင်ဗဟိန်းက မင်းတို့ကို သိုင်းပညာသင်ပေးထားပါလို့ ပြောလိုက်တယ်၊ မနက်ဖြန်ညက စပြီး မင်းတို့နှစ်ယောက် သိုင်းပညာ စသင်ရမယ်"

ဟု ပြောပြသည်။ ကျွန်တော့်မှာ ပို၍ဝမ်းသာသွားရလေသည်။ မောင်မြင့်လည်း သူ့မိဘနှစ်ပါးနှင့် သားချင်းညီအစ်ကိုတွေကို မေ့နေပြီလားမသိ။ နောက်ညများတွင် ဦးစံမောင်က ကျွန်တော်တို့နှစ်ယောက်အား အခြေခံသိုင်းကွက်များကို ပြသည်။ နောက် တိုက်ကွက်များကိုပါ ပြသည်။ အချိန်မဆွဲ၊ လက်တွေ့လုပ်ခိုင်းသည်။

သည်ညက သခင်ထွန်းဖေဆိုသူ တို့ဗမာအစည်းအရုံးဝင် တစ်ဦးရောက်လာသည်။ ညဘက် လသာမှန်အိမ်အောက်တွင် ထိုင်စကားပြောဖြစ်ကြသည်။

"ကြားရတဲ့သတင်းက မကောင်းဘူး၊ မနေ့က အစည်းအရုံးမှာ သခင်လှစိန် မော်လမြိုင်က ရောက်လာတယ်၊ ဂျပန်တပ်ဦးက အတော်ရိုင်းတယ်တဲ့၊ ကျွန်တော်တို့ဗမာတွေကတော့ ဂျပန်တပ်ကို အားရဝမ်းသာ ကြိုဆိုကြတာပေါ့၊ ဂျပန်တွေက ခူးရားကားဆိုပြီး ပါးရိုက်ရော၊ ရေချိုးတော့လည်း လူမြင်ကွင်းမှာ ကိုယ်တုံးလုံးချွတ်ချိုးတာ"

"ဟာ. . . သူ့ထက်ကဲ ရွှေပြည်စိုး ဖြစ်နေပြီပေါ့၊ မလွယ်ပါလား သခင်လှစိန်"

"ဂျပန်တွေက ရိုင်းလှမယ်မထင်ပါဘူး၊ ခု အခြေအနေကတော့ စစ်ဦးလေ. . . စစ်ဦးဘီလူးလို့ ကြားခဲ့ဖူးတာပဲ"

"သခင်လှစိန်ရေ. . . ဂျပန်က ကျွန်တော်တို့ကို လွတ်လပ်ရေး ပေးမယ်ဆိုတာ မရေရာတော့ဘူးပေါ့"

"ဒီအတွက် မပူပါနဲ့ သခင်စံမောင်. . . ကျွန်တော်တို့ သခင်အောင်ဆန်းက နိုင်ငံရေးအမြင်ရှိပါတယ်"

ဦးစံမောင်သည် သခင်စံမောင်ဖြစ်မှန်း သိလာသော်လည်း ကျွန်တော်နှင့်မောင်မြင့်ကတော့ ဦးစံမောင်ကို ဦးလေးစံဟု ခေါ်မိနေသည်။ ဦးစံမောင်က ကြွေပန်းကန်ပြားတစ်ချပ်ပေါ်တွင် ပဲကြီးလှော်နှင့် ထန်းလျက်ခဲ ရော၍ ချထားပေးသည်။ ရေနွေးကြမ်းအိုးကြီးမှာ မီးခိုးမှိုင်းချိုးများဖြင့် မဲတူးနေသော မြေလုပ်ရေနွေးအိုးကြီး ဖြစ်သည်။

"ဟုတ်ပါတယ်. . . ဒီအခက်အခဲတွေကြားမှာ ကျုပ်တို့ သခင်အောင်ဆန်းတို့ ရဲဘော်သုံးကျိပ်က ဘီအိုင်အေတပ်မတော်ကြီးကို ဖွဲ့စည်းလိုက်နိုင်တာ၊ ကျုပ်တို့ ဗမာတွေရဲ့ အခွင့်အလမ်းကြီးတစ်ခုပဲ၊ ဂျပန်တွေ မဟန်လို့ တော်လှန်တိုက်ခိုက်မယ်ဆိုရင်လည်း ရသွားပြီမဟုတ်လား"

ဦးစံမောင်က သူ၏ထင်မြင်ချက်ကို ပြောလိုက်လေသည်။ သခင်ထွန်းဖေသည် ရေနွေးကြမ်းသောက်နေရင်း ခေါင်းတညိတ်ညိတ် လုပ်ပြလိုက်လေသည်။ သည်ညက သူတို့နှစ်ယောက် စကားထိုင်ပြောနေကြသည်မှာ ဘယ်အချိန်ကျမှ အိပ်ကြသည်မသိ။ ကျွန်တော်နှင့် မောင်မြင့်ကတော့ သူတို့ပြောနေကြသည်ကို



အိပ်ရာထဲက နားထောင်ရင်း အိပ်ပျော်၍သွားလေသည်။ မနက်မိုးလင်းလျှင်ကား သခင်ထွန်းဖေကို မတွေ့ရတော့ပါ။ ဘယ်အချိန်က ထပြန်သွားသည်ကိုလည်း မသိလိုက်ပါ။

❐❐❐

# အခန်း (၁၂)

ဂျပန်တပ်မကြီးသည် (ဘီအိုင်အေ) ဗမာ့လွတ်လပ်ရေးတပ်နှင့်အတူ ထိုင်း-မြန်မာနယ်စပ်ကို ဖြတ်ကျော်၍ လာနေပြီဟူသော သတင်းကိုကြားရသောအခါ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ ပြည်၊ တနင်္သာရီကမ်းရိုးတန်း၊ ရခိုင်ကမ်းရိုးတန်းတို့ရှိ မြန်မာ့လွတ်မြောက်ရေး တော်လှန်ရေးသမားများ၏ ဗြိတိသျှဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုများမှာ ပို၍အားကောင်းလာသည်။

ကျွန်တော်နှင့် မောင်မြင့်က ကျောင်းတိုက်မှာပဲ ကျောင်းသားများအဖြစ် နေရသည်။ ကျောင်းသားအလုပ်တွေကိုလည်း လုပ်ရသည်။ ဦးစံမောင် ညွှန်ကြားသော မြေအောက်လှုပ်ရှားမှုဆက်သွယ်ရေးအလုပ်များကို လုပ်ရသည်။ သခင်ဗဟိန်းရှိနေသော မြန်မာ့အလင်းသတင်းစာတိုက်သို့ အများဆုံး သွားခဲ့ရသည်။ တို့ဗမာအစည်းအရုံးက သခင်တင်မောင်၊ သခင်တင်ဦးတို့ ခိုင်းတာကိုလည်း လုပ်ပေးရသည်။ ကျွန်တော်သည် နယ်မြေကျွမ်းကျင်သူ မဟုတ်သော်လည်း ရန်ကုန်သား မောင်မြင့်ရှိနေသဖြင့် ခေါင်းဆောင်တွေခိုင်းသမျှ တာဝန်ကျေအောင် လုပ်ပေးနိုင်ခဲ့သည်။ မောင်မြင့်အကူအညီ မယူမဖြစ် ယူရသည်။

မောင်မြင့်သည် သူ့မိသားစုအကြောင်း မပြောတော့ဘဲ ကမ္ဘာ့အရေး၊ မြန်မာ့အရေးများကို အများဆုံး ပြောလာပါတော့သည်။





မောင်မြင့် အခုလို တက်ကြွလာလိမ့်မည်ဟု ကျွန်တော်မထင်ခဲ့ပါ။ လူငယ်များ၏စိတ်သဘောထားကို ကျွန်တော် နားလည်ခွင့်ရလိုက်ပါသည်။ မောင်မြင့်ကလည်း ကျွန်တော့်ကို ကြည့်ပြီး မေးလာတတ်သည်။ စူးစမ်းလာတတ်သည်။

“အစ်ကို. . . အိမ်ကို သတိမရဘူးလား”

“သတိမရဘဲနေမလား မောင်မြင့်ရာ၊ အမေနဲ့ ညီမလေးကိုလည်း သတိရတယ်၊ အဖေနဲ့ ရဲလှကိုလည်း သတိရတယ်”

“အစ်ကို့မိန်းမကိုရော”

“သူ့ကိုတော့ မေ့ထားရတယ်”

“ဘာဖြစ်လို့လဲအစ်ကို. . . အစ်ကို့စကားက ခပ်ဆန်းဆန်းပဲ၊ အစ်ကို့မိန်းမမှာ ကိုယ်ဝန်လည်းရှိနေပြီဆို”

မောင်မြင့်က ကျွန်တော်မေ့ထားပါသည်ဆိုသော ခင်ဖုန်းဆွေအကြောင်းကိုမှ အစဖော်နေပါပကောလား။

“သူ့ကို မေ့ထားရတာ သွားတွေ့ချင်တဲ့စိတ်တွေ များလာမှာစိုးလို့ပါ၊ တို့မှာ တာဝန်တွေ များလာပြီမဟုတ်လား”

“ဒါပေမဲ့ အစ်ကိုရယ်. . . တစ်ခေါက်လောက်တော့ သွားတွေ့ဖို့ကောင်းပါတယ်၊ ဝေးတာမှ မဟုတ်တာ၊ ခုနေ အစ်ကိုသွားမယ်ဆို သွားလို့ရပါတယ်၊ ဦးစံကလည်း လွှတ်မှာပါ”

မောင်မြင့်က ကျွန်တော့်ကို ခင်ဖုန်းဆွေအကြောင်း အစဖော်ပေးပြီး ဆက်မပြောတော့ဘဲ ဘာဂျာကလေးမှုတ်နေပါတော့သည်။ ကျွန်တော့်မှာကား ခင်ဖုန်းဆွေအကြောင်း ခေါင်းထဲကမထွက်တော့ပြီ။ ထိုအခိုက် ဦးစံမောင်သည် ရွှေတိဂုံဘုရားပေါ်မှာ အဓိဋ္ဌာန်ပုတီးစိတ်ရာမှ ကျောင်းသို့ ပြန်ရောက်လာလေသည်။

ထူးခြားနေသည်မှာ အသက် (၅၀) ကျော် ဦးစံမောင်တို့အရွယ် လူကြီးတစ်ယောက်ပါလာခဲ့လေသည်။

ပို၍ထူးခြားသွားသည်မှာ ထိုလူကြီးသည် မောင်မြင့်ကို တွေ့လျှင်တွေ့ချင်း ဝမ်းသာအားရဖြင့်

"သား. . . မောင်မြင့်"

ဟုခေါ်လိုက်ပြီး မောင်မြင့်ကလည်း

"အဖေ"

ဟု ပြန်ခေါ်လိုက်ခြင်းပင် ဖြစ်လေသည်။

အမှန်မှာ သားပျောက်ဖခင် ဆရာဝန်ကြီး ဦးဘမြင့်သည် တောက ရန်ကုန်သို့ တစ်ခေါက်ပြန်လာ၍ သားကိုရှာသော်လည်း မတွေ့ရသည့်အဆုံး ရွှေတိဂုံဘုရားဖူးပြီးမှပဲ ပြန်မည်ဟူသော စိတ်ကူးဖြင့် ရွှေတိဂုံဘုရားသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဦးဘမြင့်သည် ဘုရားဖူး၍အပြီး ဦးစံမောင်အနီးမှာ ဘုရားဖူးတစ်ဦးကို သူ့သားပျောက်ရှာပုံတော်အကြောင်း ပြောမိနေစဉ် ဦးစံမောင်က ကြားရပြီးသည်နောက် ဦးဘမြင့်လည်း ခုလို ကျောင်းသို့ ရောက်ရှိလာခြင်းဖြစ်လေသည်။

သည်ညက ဦးဘမြင့်ကျောင်းတွင် တစ်ညအိပ်သည်။ ဦးဘမြင့်တို့သားအဖနှင့် ပတ်သက်၍ ကျောင်းထိုင်ဆရာတော်က ကျွန်တော်တို့အား ဆန္ဒာဓိပတိတရားသဘောကို အကြောင်းပြု၍ သတ္တဝါတိုင်း စိတ်ဆန္ဒအလွန်ပြင်းပြလျှင် သူတို့စိတ်ဆန္ဒအတိုင်း ဖြစ်နိုင် ဖြစ်အပ်သည်သာဖြစ်ကြောင်း မိန့်ကြားလိုက်ပါသည်။ ဦးဘမြင့်သည် မနက်မိုးလင်းသည်နှင့် သူ့သားမောင်မြင့်နှင့်အတူ ရွှေကျင်သို့ ပြန်မည့်အစီအစဉ်ကို ချထားပြီးဖြစ်သည်။ သို့သော်



မောင်မြင့်က ဖခင်နှင့်မလိုက်ဘဲ ကျွန်တော်တို့နှင့်ပဲနေသွားမည်ဟု သူ့အဖေကို ပြောပါလေတော့၏။ ဦးဘမြင့်သည်လည်း အလွန် အံ့သြသွားလေသည်။

"မင်းက အဖေနဲ့ မလိုက်ချင်ရအောင် ဘာရည်ရွယ်ချက် ရှိလို့လဲ"

မေး၏။ ထိုအခါ မောင်မြင့်က

"ဘီအိုင်အေတပ်ထဲ ဝင်မလို့ပါ"

ဟု ပြတ်ပြတ်သားသား ပြောလိုက်လျှင်ကား ကျွန်တော်တို့အားလုံး မောင်မြင့်ကိုကြည့်ပြီး မင်သက်မိသွားရပါတော့သည်။ မြန်မာတစ်မျိုးသားလုံး မျိုးချစ်စိတ်ဓာတ်နိုးကြားနေသောအချိန်၌ ကျွန်တော်တို့သည် မောင်မြင့်စိတ်ဆန္ဒကို မည်သို့လျှင် တားဆီးနိုင်ပါမည်နည်း။ ဦးစံမောင်ကသာ မောင်မြင့်လက်တစ်ဖက်ကို ခပ်ဖွဖွ ကိုင်လျက်

"မင်းစကားကြားလိုက်ရလို့ တို့တွေအားလုံး စိတ်ချမ်းသာရပါတယ်ကွာ. . . ဟုတ်ပါတယ်. . . လူငယ်တိုင်းက သူ့ခေတ်ရဲ့ သူရဲကောင်းဖြစ်ရမယ်၊ ဒါမှ လူငယ့်ဘဝ တာဝန်ကျေမယ်၊ ဒါပေမဲ့ အခုလောလောဆယ်မှာ မောင်မြင့်က အသက်ငယ်သေးတယ်၊ ကလေးသာသာအရွယ်ပဲ ရှိသေးတယ်၊ မင်းအဖေနဲ့ ပြန်လိုက်သွားပါကွယ်"

ဝမ်းနည်းကြေကွဲနေသောအသံဖြင့် ပြောလိုက်လျှင်ကား မောင်မြင့်က ကျွန်တော့်ကိုမော်၍ကြည့်လေသည်။ ကျွန်တော့်လက်ထဲ သူ့ဘာဂျာကလေး ရောက်နေသဖြင့် ဘာဂျာကလေးကို ကိုင်မြှောက်၍ မောင်မြင့်ထံ ကမ်းလိုက်သည်။ မောင်မြင့်သည် ထလာပြီး

ကျွန်တော့်လက်ထဲက ဘာဂျာကလေးကို လှမ်းယူလိုက်ပြီး သူမှုတ်နေကျသီချင်းကို မှုတ်ပြလေသည်။

အဖိုးကြီးအို ခါးကုန်းကုန်း
မသေပါနဲ့ဦး
နောက်နှစ်ခါ တန်ဆောင်မုန်း
ပွဲကြည့်ပါဦး။

ကျွန်တော့်ရင်ထဲမှာ တလှပ်လှပ်ခံစားလာရလေသည်။ ကာလတိုကလေးအတွင်း ကြုံတွေ့လိုက်ရသော်လည်း ကျွန်တော်တို့အခံစိတ်ဓာတ်က တူညီမှုရှိနေသောကြောင့်ထင်သည်။ သံယောဇဉ်ကြီးမားခဲ့ကြရပါပကောလား။ ဦးစံမောင်နှင့် ဦးဘမြင့်တို့သည်ပင်လျှင် ရင့်ကျက်နေကြပြီဖြစ်ပါလျက် မျက်ရည်ကြည်များ မျက်လုံးအိမ်များမှာ ပြည့်၍လာလေသည်။

မောင်မြင့်တို့သားအဖ ပြန်သွားသောနေ့မှာပင် ကျွန်တော်သည် မောင်မြင့်အကြံပေးသည်ကို အကြောင်းပြု၍ ဦးစံမောင်ကို အသိပေးပြီး ထောက်ကြန့်သို့ ထွက်လာခဲ့သည်။ အင်္ဂလိပ်စစ်သားတွေက အစစ်အဆေး အမေးအမြန်းထူနေသောကြောင့် ဦးစံမောင်က ကျွန်တော်သွားမည့်ခရီးကို လွှတ်ချင်လှသည်မဟုတ်။

“အေးလေ. . . သတိဝီရိယတော့ ရှိပါစေပေါ့”

ဟု ပြောပြီး လွှတ်လိုက်လေသည်။ ဦးစံမောင်ထင်သည့်အတိုင်းပင် လမ်းတစ်လျှောက်လုံး ကုလားစစ်သားတွေက ရိုင်ဖယ်သေနတ်တွေနောက်ကျောမှာ လွယ်လျက် ကျွန်တော့်ကို မေးမြန်းစစ်ဆေးသည်။



“စစ်ပြေးဒုက္ခသည်တစ်ယောက်ပါ”

ဟုသာ ဖြေနေရသည်။ သည်အဖြေကို မကျေနပ်လျှင်

“ကျွန်တော့်မိန်းမနဲ့ကလေးတွေက တောရောက်နေပြီ. . . ကျွန်တော်က ခုမှလိုက်သွားရမှာ”

ထပ်ပြောပြရသည်။ ကျေနပ်လှသည်တော့မဟုတ်။ သူတို့လည်း သူတို့ပြဿနာနှင့် သူတို့ဖြစ်နေ၍ ကျွန်တော့်ကို သွားခွင့်ပြုလိုက်ကြသည်။ ကျွန်တော်လည်း ကားတွေ့လျှင်ကား၊ လှည်းတွေ့လျှင်လှည်း၊ မြင်းလှည်းတွေ့လျှင် မြင်းလှည်း ကြုံသလို လာခဲ့ရသည်။ ခြေလျင်လျှောက်ရသည်မှာ မကြာခဏ သွားဖူးသော ခရီးမဟုတ်၍ လမ်းခုလတ်မှာ ဘယ်ဆက်သွားရမှန်းမသိ ဖြစ်ရသေးသည်။ ရွှေမြန်မာတွေ စိတ်ရင်းကောင်းလှပါသည်ဆိုပေမယ့်လည်း တစ်ခါတစ်ခါ စိတ်ပုပ်သောလူများနှင့် ကြုံရတတ်ပါသေးသည်။ ရွှေမြန်မာမှ ဟုတ်ပါလေစဟု အတွေးရောက်ရသည်။

သည်လိုနှင့်ပဲ ကျွန်တော်သည် ရန်ကုန်က ထောက်ကြန့်၊ နောက် တိုက်ကြီး၊ ဥယျာဉ်ဝကို ဖြတ်ကာ ခင်ဖုန်းဆွေရောက်ရှိနေသော စပယ်လှိုင်ရွာကလေးကို ရောက်ခဲ့ရလေသည်။ စိမ့်စမ်းမြေနှင့် ဥယျာဉ်ခြံမြေတွေကို တွေ့လာရသည်။ ကျွဲကောသီးပင်တွေက အသီးတွေ သီးနေသည်နှင့်မတူ။ အသီးတွေချိတ်ဆွဲထားသည်နှင့်တူသည်။ ပိန္နဲ၊ မရမ်းပင်တွေက ဆက်စပ်အုပ်မိုးနေသည်။ ပဲခူးရိုးမတစ်ကြောဆိုတော့ ကနစိုးသီးပင်တွေကို ကြိုးကြားတွေ့ရသေးသည်။ ဟိုမှာဘက်တစ်ကြောမှာကား ဝါးတောကြီးတွေကို တွေ့ရသည်။ ကျွန်တော်က တောင်ငူသားဆိုတော့ အင်တိုင်း

တောတွေ၊ ကွမ်းသီးပင်တောတွေကိုသာ ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ခုလို ဝါးတောကြီးတွေနှင့် မရင်းနှီးမကျွမ်းဝင်လှပါ။

နွေရာသီမှာ မြင်တွေ့ရသော ဝါးတောကြီးသည်ကား အဝါရောင် ဝါးရွက်၊ ဝါးဖက်တွေသာ များသည်။ မြေကြီးပေါ်မှာ ဝါးရွက်တွေ နေရာအနှံ့ပြန့်ကျဲနေသည်။ နွေလေတိုက်လျှင် ထခုန်၍ နေရာပြောင်းရွှေ့တတ်သည်။ ဝါးရုံတစ်ရုံလျှင် ဝါးအပင်တစ်ရာကျော် နိုင်သည်။ ဝါးဆစ်ငုတ်တိုတွေက ဝါးရုံတိုင်းမှာ ဝန်းရံလျက်ရှိသည်။ ဝါးတောကို ဖြတ်စီးသော စမ်းချောင်းသည် စီးဆင်းနေသည် မထင်ရ။ ဝါးတောကို ကျော်လျှင် တောအုပ်တစ်အုပ်၊ ထိုတောအုပ်ကို မောမောနှင့် ဖြတ်ကျော်သည်နှင့် စပယ်လှိုင်ရွာကို မျက်နှာချင်းဆိုင်လျက်သား တွေ့ရ၏။ စပယ်လှိုင်ရွာအဝင်ဝမှာ ခနော်နီခနော်နဲ့ ချောင်းကူးတံတားကလေး ရှိသည်။ လက်ရန်းတန်းများမှာ ဝါးလုံးတွေကို ပြုလုပ်ထားသည်။

သည်ချောင်းကူးတံတားကလေးထိပ်မှာ ငါးပိုက်ထမ်းလာသော ရွာသားတစ်ယောက်ကို မေးမြန်းပြီး ဦးစိန်မောင်၏ အိမ်ခြံဝိုင်းသို့ ကျွန်တော်ရောက်လာရလေသည်။ ဦးစိန်မောင်သည် ဒေါ်လှကြည်၏ အစ်ကိုတော်စပ်သည်။ သည်တော့လည်း ကျွန်တော့်ဘကြီး ဦးဘကြွယ်နှင့် ဦးစိန်မောင်မှာ ဆွေမျိုးအရင်းအချာတွေ ဖြစ်လာပါတော့သည်။

"မိုးဝေ"

ခင်ဖုန်းဆွေက ကျွန်တော့်ကို အရင်မြင်သူမို့ သူကပဲ အရင်ခေါ်လိုက်လေသည်။ သို့သော်လည်း မပေါ့မပါးမို့ အိမ်နောက်ခန်းမှ အိမ်ရှေ့ခန်းကို ရုတ်ချည်း မြန်မြန်ဆန်ဆန် ပေါ့ပေါ့ပါးပါး လျှောက်မလာနိုင်။



"ခင်ဖုန်း"

ကျွန်တော်က အိမ်ရှေ့ခန်းထွက်လာသော ခင်ဖုန်းဆွေကို တွေ့မြင်မှပဲ ခေါ်လိုက်ရလေသည်။ ဤသို့ဖြင့် ကျွန်တော်နှင့် ခင်ဖုန်းဆွေ ပြန်လည်ဆုံတွေ့ရပြန်ပါသည်။ ကျွန်တော်သည် ခင်ဖုန်းဆွေကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေရသည်။ အကြောင်းမူကား ခင်ဖုန်းဆွေက ကျွန်တော် သူ့ဆီကို အပြီးအပိုင်ပြန်လာသည်ဟု အထင်ရှိနေဟန်ပင်။ ကျွန်တော်ကမူ ခင်ဖုန်းဆွေထံ ခေတ္တခဏလာရောက်တွေ့ဆုံခြင်းသာ ဖြစ်သည်မဟုတ်ပါလား။

ညဦးပိုင်းအချိန်တွင်ကား ဦးစိန်မောင်တို့အိမ်မှာ တစ်ရွာလုံးက ရွာသူရွာသားတွေ လူလဲနှင့် စုဝေးရောက်ရှိလာပါလေတော့သည်။ သူတို့အားလုံးက မြို့သတင်းကို ကြားချင်ကြသည်။ မြို့က ရောက်လာသူ ကျွန်တော့်ကို သူတို့မေးတာမှန်သမျှ သိသိမသိသိ ကျွန်တော် ဖြေရပေလိမ့်မည်။ တောသူတောင်သားတွေဆိုတာ ရိုးသားကြသူတွေ ဖြစ်သည်။ ရိုးသားလွန်းသဖြင့် နုံတုံတုံ အတတတွေကလည်း ရှိသည်။

"ရန်ကုန်ကို ဂျပန်က ဗုံးကြဲဆို"

"ဟုတ်ပါတယ်"

"လူတွေ သေတယ်ဆို"

"ဂေါ်ရင်ဂျီကုလားတွေ အသေအပျောက်များတာပါ"

"မော်လမြိုင် ကျပြီဆို"

"ဟုတ်တယ်၊ ထားဝယ်လည်း ကျပြီ"

"ရန်ကုန်ရော"

"ရန်ကုန် မကျသေးပါဘူး"

သည်မှာ ကျွန်တော်က ကျွန်တော်တို့မြေအောက်တော်လှန်ရေးအကြောင်းကို မပြောဘဲ ချန်ထားလိုက်သည်။

"ဒါထက် မောင်မိုးဝေကို မေးရဦးမယ်. . . ဂျပန်က တို့ကို လွတ်လပ်ရေးပေးတော့မယ်ဆို. . . အဲဒါ အမှန်ပဲလား"

ဦးစိန်မောင်က ကျွန်တော်တို့အားလုံး အမျှော်လင့်ဆုံးသော လွတ်လပ်ရေး ရ မရ မေးလိုက်လေသည်။

"သခင်ခေါင်းဆောင်တွေ ပြောနေကြတဲ့ ထင်မြင်ချက်က အားမရှိစရာဘဲ. . . ဗမာ့လွတ်လပ်ရေးကို ဂျပန်က ပေးမယ်လို့သာ ပြောတာ၊ ပေးမယ်မထင်ဘူးတဲ့"

"ဘာဖြစ်လို့လဲကွယ့်"

ဘကြီးဦးဘကြွယ် မေးလိုက်သည့်အသံမှာ မာနေသည်။ အမျက်ဒေါသဖြစ်သွားဟန် တူသည်။

"ဂျပန်က မန်းချူးကိုးကို လွတ်လပ်ရေးပေးခဲ့တုန်းက အတွက်မှားခဲ့ဖူးလို့တဲ့"

"ဘာဆိုင်သလဲကွာ"

"ဟုတ်ပါတယ်. . . မြန်မာကို လွတ်လပ်ရေးပေးမယ်လို့ လက်လွတ်စပယ် ပြောလိုက်တာပါ၊ ပြောတာမှ တနင်္သာရီကျရင် ပေးမယ်လို့ပြောတာ၊ အဲ့ဒီကတိကို ဖျက်လိုက်တာပါ"

"ဒီအတိုင်းသာဆိုရင် တို့တွေ သခင်အောင်ဆန်းကိုပဲ အားကိုးရတော့မှာပဲပေါ့"

ဘကြီး ဦးဘကြွယ်က သူ၏မျှော်လင့်ချက်ကိုတော့ ကိုင်မြဲကိုင်ထားပါသေးသည်။ ကျွန်တော်တို့လင်မယားမှာ ညဘက်အိပ်ရာဝင်တော့မှာပဲ နှစ်ကိုယ်ကြားစကားတွေ အတိုးချပြောရပါတော့သည်။ စကားတွေက မကုန်။



"ခင်ဖုန်း. . . နင် ဒီမှာနေတာ အဆင်ပြေပါတယ်နော်"

ကျွန်တော်က အခုလိုမေးလိုက်သည်နှင့် ခင်ဖုန်းဆွေက စကားတွေအများကြီး ပြောပြသည်။

"အားလုံးအဆင်ပြေတယ်၊ ကျန်းမာရေးဆို ဒေါ်လေး ဒေါ်လှကြည်က အရမ်းကို ဂရုစိုက်တာ၊ မိကျော့၊ မိဖော့တို့ ညီအစ်မကလည်း အနားကကို မခွာဘူး"

မိကျော့၊ မိဖော့တို့မှာ ဒေါ်လေးဒေါ်လှကြည်၏ တူမကလေးများ ဖြစ်သည်။

"ဒါပေမဲ့ ညည အိပ်မပျော်ဘူး"

"ဘာဖြစ်လို့လဲ"

"နင့်အတွက် စိုးရိမ်နေရလို့ပဲပေါ့ဟယ်"

သည်စကားကြားရလျှင် ကျွန်တော်သည် ခင်ဖုန်းဆွေ ကိုယ်လုံးကလေးကို ဖက်လျက်သားမှာပဲ ပို၍တင်းတင်းဖက်လိုက်သည်။ အပြင်မှာ လရိပ်က မှုန်ပြတ်ပြတ်။

"မိုးဝေ. . ."

"ဘာလဲ. . . ခင်ဖုန်း ပြောလေ"

"ခင်ဖုန်းလေ. . . သမီးကလေး မွေးချင်နေတယ်"

"သားလေး မမွေးချင်ဘူးလား"

"သားလေးလည်း မွေးချင်ပါတယ်. . . ဒါပေမဲ့. . ."

"ဆက်ပြောလေ"

"နင့်လိုစိတ်ဓာတ်မျိုး ရှိဦးမှာ. . . ခင်ဖုန်း ရင်ကွဲရမှာ"

"ခင်ဖုန်းကလည်းကွယ်"

အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေပါသည်။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေမိခြင်းဖြစ်သည်။ နောက်မှ ခင်ဖုန်းဆွေက စပြောလေသည်။ စကားသံမှာ တိုးတိတ်ညင်သာလွန်းပါ၏။

"နေ့လယ်က ငါနင့်ကို တွေ့လိုက်တော့ နင်ပြန်မသွားတော့ဘူးထင်ပြီး အပျော်ကြီးပျော်နေတာ၊ နင်က ပြန်မယ့်အကြောင်းဘကြီးကို ပြောပြနေတာကြားလိုက်တော့မှ နေ့လယ်က အပျော်တွေပျောက်သွားရတာ မိုးဝေ၊ ငါလေ တစ်ခါတစ်ခါ နင့်ကို ငါချစ်ခဲ့မိတာ မှားများမှားသွားပြီလားလို့"

"မပြောပါနဲ့တော့ခင်ဖုန်းရယ်. . . ခင်ဖုန်း အဲဒီလိုပြောရင် ငါလည်း နင့်လိုခံစားရပြီပဲပေါ့"

"ခင်ဖုန်း. . . မပြောတော့ပါဘူး"

ခင်ဖုန်းဆွေက ပါးစပ်ကမပြောတော့ပါဘူးဆိုပေမယ့် ရင်ထဲက ဆက်ပြောနေမည်ဆိုတာ ကျွန်တော် နားလည်နေပါသည်။ သူ့အဆင်သူ့အကဲ ကျွန်တော်မသိဘဲနေမှာလား။

"မိုးဝေ"

"ခင်ဖုန်း"

"သမီးလေးနာမည် ရွေးပြီးပြီလား"

"တကယ်သမီးလေး မွေးမှာလား"

"အင်းပေါ့"

"ခင်ဖုန်းဆွေရဲ့သမီးလေးဟာ ခင်ဖုန်းဝေပေါ့"

"ခင်ဖုန်းဝေ. . . ကောင်းတယ် မိုးဝေ"

ကျွန်တော်တို့သည် သည်ညက စကားတွေအများကြီး ပြောဖြစ်ခဲ့ပါသည်။ ကျွန်တော်တို့ မိဘ၊ မောင်နှမတွေအကြောင်း



ကိုလည်း ပြောဖြစ်သလို ခင်ဖုန်းဆွေတို့ မိဘမောင်နှမအကြောင်းလည်း ပြောဖြစ်ခဲ့ပါသည်။

ကျွန်တော်ပြောနေတုန်းမှာပဲ ခင်ဖုန်းဆွေ အိပ်ပျော်သွား၍ ကျွန်တော်စကားပြော ရပ်လိုက်ရလေသည်။ သည်တော့လည်း ကျွန်တော့်မှာ မျက်စိတွေကြောင်ပြီး အိပ်မပျော်ဘဲ အတွေးတွေက လုံးချာလည်နေပါသည်။

အပြင်တွင် တစ်လောကလုံး အိပ်ပျော်နေသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ လရောင်မှာ မှုန်ပြတ်ပြတ်ပင်။

❒❒❒

# အခန်း (၁၃)

စပယ်လှိုင်ရွာကလေးကို ကျွန်တော်သွားသည်မှာ ဘာမျှမကြာ၊ ရက်ပိုင်းမျှသာဖြစ်သည်။ သို့သော်လည်း အခြေအနေတွေက တော်တော်လေးကို ပြောင်းလဲ၍သွားလေသည်။ အင်္ဂလိပ်စစ်တပ်တွေ ပြည်ဘက်သို့ ဆုတ်ခွာသွားကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်နှင့်အတူ ဂျပန်တပ်မကြီးက မော်လမြိုင်ကိုသိမ်းပြီးသည်နှင့် ရန်ကုန်ကို ဆက်သိမ်းသည်။

အင်္ဂလိပ်စစ်တပ်က သံလျင်ရေနံပိုက်လိုင်းများ ဖျက်ဆီးခဲ့သည်။ ဧရာဝတီသင်္ဘောများ ရေတွင်နစ်မြှုပ်ခဲ့သည်။ စက်ရုံ၊ အလုပ်ရုံတွေ ဖြိုဖျက်ခဲ့သည်။ ရန်ကုန်မြို့တွင်း မြို့ပြင် တည်ငြိမ်မှုမရှိသေး။ ဘီအိုင်အေတပ်ထဲသို့ သခင်ခေါင်းဆောင်တွေနှင့် အာရှလူငယ်အစည်းအရုံးဝင်လူငယ်များ အစုလိုက် အဖွဲ့လိုက်ဝင်လာကြသည်။ ကျွန်တော်ကိုယ်တိုင် ဘီအိုင်အေတပ်သားတစ်ယောက်ဖြစ်လာခဲ့ပြီ။ ကျွန်တော်တို့မှာ ကိုယ်ပိုင်နံပါတ်သာ တပ်သားတိုင်းရရှိပေမယ့် ယူနီဖောင်းရော လက်နက်ပါ ပြည့်စုံကြသည် မဟုတ်ကြပါ။

သို့သော်လည်း ကျွန်တော်တို့တွေအားလုံး စစ်ယူနီဖောင်း ဝတ်ချင်၍ ဘီအိုင်အေတပ်ထဲ ဝင်သည်မဟုတ်။ လက်နက်ကိုင်ချင်လှသောကြောင့်လည်း ဘီအိုင်အေတပ်သားဘဝကို ခံယူခဲ့သည်





မဟုတ်။ မြန်မာ့လွတ်လပ်ရေး ရလိုခြင်းဖြင့် အမျိုးသားတပ်မတော်ကို ဖွဲ့စည်းတည်ထောင်လိုသောကြောင့်သာ ဖြစ်သည်။ ကျွန်တော်သည် စပယ်လှိုင်ရွာကအပြန် ဦးစံမောင်နှင့် ခဏသာတွေ့လိုက်ရသည်။ ကျွန်တော် ဘီအိုင်အေတပ်ထဲ ရောက်လာသည့်တိုင် ရဲလှနှင့်လည်း မတွေ့ရ၊ အဖေနှင့်လည်း မတွေ့ရ။

သည်လိုနှင့် ကျွန်တော်သည် ဂျပန်စစ်ဗိုလ်များ ကြီးကြပ်ကွပ်ကဲသော စစ်သင်တန်းသို့ ရောက်လာသည်။ စစ်သင်တန်းရောက်ကာမှ ကျွန်တော်တို့ မြန်မာလူငယ်များမှာ ဂျပန်စစ်ဗိုလ်များက စစ်သင်တန်းအတွင်း တစ်ချက်ကလေး မမှားလိုက်နှင့် သွားကျွတ်အောင် ပါးကို ရိုက်ပြီး မညှာမတာမောင်းနေရကား။ “ဂျပန်တွေ တို့ကို လွတ်လပ်ရေး မပေးချင်လို့ တမင်နှိပ်စက်ပြနေသလား” အတွေးရောက်လိုက်မိသည်။

ကျွန်တော်နှင့် ဘီအိုင်အေတပ်ထဲ အတူဝင်လာသော ထွန်းခင်ဆိုသူ လူရွယ်ဆိုလျှင်

“စစ်သင်တန်းဆရာတွေဟာ ဂျပန်စစ်ဗိုလ်တွေဆိုတော့ တို့မြန်မာ ဘီအိုင်အေတပ်သားတွေကို အငြိုးနဲ့ နှိပ်စက်နေတာဖြစ်လိမ့်မယ်၊ ငါတော့ ဒီသင်တန်းကို ဆက်မတက်ဘူး”

ဟု တိုင်ပင်လာ၍ ကျွန်တော်က ရဲဘော်ထွန်းခင်ကို

“ဒီလိုလည်း မဟုတ်သေးဘူးလေ. . . ဗိုလ်ချုပ်တို့ စစ်သင်တန်းတက်ခဲ့တုန်းကလည်း သူတို့က ညှာတာမဟုတ်ဘူးတဲ့. . . ကိုင်တာပဲလို့ ပြောတယ်. . . အခု ငါတို့ဘက်မှာ ပြင်ဆင်ထားဖို့က ဂျပန်တွေသင်ပေးတဲ့စစ်ပညာတွေကို မတတ်တတ်အောင် သင်ယူရမှာ မဟုတ်လား၊ ဒါအမြတ်ပဲလေ”

ရှင်းပြရလေသည်။

"ရဲဘော်ပြောတာလည်း ဟုတ်တာပါပဲ၊ ငါတို့ ဒီလိုမှ အနစ်နာမခံလည်း ဒီပညာတွေ တိုးတက်လာမှာကို မဟုတ်ဘူး၊ ငါတို့က အင်္ဂလိပ်ကျွန်ဘဝမှာ နှစ်တစ်ရာကျော် နေခဲ့ရတာ. . . ဘာပညာမှ ဟုတ်တိပတ်တိ တတ်ကြတာမဟုတ်ဘူး"

"ဒီလိုဆိုတော့လည်း မင်းက ဒီသဘောတရားတွေကို သိနေပြီးသားပဲ၊ သည်းခံစမ်းပါကွာ၊ အခြေအနေအရ သည်းခံရတာပဲ"

"ငါ့ဦးလေးကလည်း သခင်တစ်ယောက်ပဲလေကွာ. . . သခင်သိန်းမောင်တဲ့၊ မင်း သိချင်သိမှာပါ၊ ရေနံမြေသပိတ်မှာပါခဲ့တယ်၊ ခုလည်း သူယုံကြည်တဲ့အလုပ်ကို လုပ်နေတုန်းပဲ"

"ငါလည်း မင်းကို ထင်ပါတယ်၊ မင်းတို့အမျိုးထဲမှာ မင်းအားကျတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက် ရှိရလိမ့်မယ်လို့"

နောက်ပိုင်း ရဲဘော်ထွန်းခင်သည် စစ်သင်တန်းက ထွက်ပြေးဖို့ စကားမပြောတော့ပါ။ စစ်သင်တန်းဆရာ စစ်ဗိုလ်တပ်ကြပ်များမှာကား ကျွန်တော်တို့အမှားကို မတွေ့လိုက်တွေ့လိုက်သည်နှင့် ပါးကို တဖြောင်းဖြောင်းရိုက်နှင့်ပြီးလေပြီ။ သူတို့ကိုယ်တိုင် မရိုက်ရလျှင် ကျွန်တော်တို့သင်တန်းသားအချင်းချင်းကို သူတစ်ပြန် ငါတစ်ပြန် ရိုက်ကြရသည်။ အချင်းချင်းဆိုပြီး ဖွရိုက်၍မရ။ ဖွရိုက်လျှင် ထိုသင်တန်းသား နာပြီသာမှတ်။ သင်တန်းဆရာကိုယ်တိုင်

"ပါးရိုက်တယ်ဆိုတာ ဒီလို ရိုက်ရတယ်ကွ"



ဟုပြောပြီး တစ်ကိုယ်လုံး လည်ထွက်သွားအောင် ရိုက်ပြတတ်သည်။ သင်တန်းသားအချင်းချင်း ပါးရိုက်ခဲ့ရသော အဖြစ်အပျက်တစ်ခု ကျွန်တော့်အဖို့ မေ့နိုင်ကောင်းသောအဖြစ်မဟုတ်ပါ။ ကျွန်တော်တို့သင်တန်းဆရာစစ်ဗိုလ်သည် အသက် (၃၀) ကျော်ပဲရှိဦးမည်။ သူက ထိုင်း-မြန်မာနယ်စပ်ဒေသကို ဖြတ်လာစဉ်က မျောက်ကလေးတစ်ကောင် ဖမ်းယူလာပြီး မွေးထားသည်။ သင်တန်းဆရာ စစ်ဗိုလ်မွေးထားသော မျောက်ဖြစ်နေ၍ ကျွန်တော်တို့က ထိုမျောက် ဘာလုပ်လုပ် ကြည့်နေရသည်။ လာစလည်း ကြိတ်မှိတ်ငုံ့ခံနေရသည်။

မျောက်ဆိုသော သတ္တဝါသည် အငြိမ်မနေ။ ခုန်ပေါက်ပြေးလွှားပြီး အထူးသဖြင့် ဘာမဟုတ်တာ လုပ်ရမလဲ အကြံထုတ်နေတတ်သော သတ္တဝါမျိုးမဟုတ်ပါလား။ ကျွန်တော်တို့တန်းလျားထဲကို သည်မျောက်ဝင်လာလို့ကတော့ တန်းလျားထဲမှာ ပွစာကြဲသွားရုံမက အင်္ကျီ သစ်ပင်ပေါ်ရောက်သူနှင့်၊ ဘောင်းဘီ ခေါင်မိုးပေါ်ရောက်သည့်လူနှင့် သည်မျောက်ကို ဖမ်းပြီး ဆုံးမရအောင်ကလည်းအခက်၊ ကြိတ်ပြီးဆဲရသည်မှာ အမော။

ရဲဘော်ထွန်းခင်က ကြွက်ထောင်ချောက် ချထားမည်ဟုပြောသည်။ ရဲဘော် ကျော်ညွန့်က ဝမ်းနှုတ်ဆေးကျွေးမည်ဟုပြောပြန်သည်။ ကျွန်တော်က ပြဿနာဖြစ်မည်စိုး၍ သူတို့ကို တောင်းပန်နေရသည်။ သည်ကြားထဲက မျောက်ကိုယ်လုံးမှာ ကတ္တရာတွေကပ်လာသဖြင့် ဂျပန်စစ်ဗိုလ် (Sugata Sanshiro) ဆူဂါတာဆန်ရှီရိုက ကျွန်တော်တို့အားလုံးကို တန်းစီခိုင်းပြီး

“ငါ့မျောက်ကို ဘယ်သူ ကတ္တရာ ကပ်လိုက်တာလဲ”

ဂျပန်ဘာသာစကားဖြင့် မေးသည်။

“မိမာဆင်းဒေရှိတ”

ဟု ကျွန်တော်တို့အားလုံး စကားတစ်ခွန်းကို တစ်ပြိုင်တည်း ဖြေလိုက်ကြသည်။ ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်သည်။ သည်စကားအဓိပ္ပာယ်က “မမြင်ခဲ့ပါ၊ မကြည့်ခဲ့ပါ” ဟူသော အဓိပ္ပာယ်ဖြစ်သည်။ စစ်ဗိုလ်က အကြိမ်ကြိမ်မေးသည်။ ကျွန်တော်တို့ကလည်း သည်အဖြေကိုပဲ ဖြေသည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် အချင်းချင်း မျက်နှာချင်းဆိုင် ရပ်ကာ တစ်ယောက်ပါးကို တစ်ယောက် (၁၀) ချက်စီ ရိုက်ရပါတော့သည်။ ဖွရိုက်သူကို (၁၀) ချက် ပိုရိုက်ရသည်။ ပြီးတော့ (၁၀) ချက် ပို၍အရိုက်ခံရသည်။ သည်နေ့က ရဲဘော်ကျော်ညွန့်နှင့် ရဲဘော်ငွေလှအတွဲ တွဲရသည်။ ရဲဘော်ငွေလှက ရဲဘော်ကျော်ညွန့် သွားနာနေ၍ ခပ်ဖွဖွရိုက်လေရာ (၁၀) ချက်စီ ပိုသွားရပါတော့သည်။ ရဲဘော်ကျော်ညွန့်မှာ သွားနာနေသူမို့ အလူးအလဲခံလိုက်ရလေသည်။

သည့်နောက် ကျွန်တော်တို့သည် တန်းလျားထဲ မျောက်ကို အဝင်မခံ၊ မောင်းထုတ်လွှတ်ရပါတော့သည်။ သို့သော်လည်း မျောက်ကလေးက ကျွန်တော်တို့ကို သနားသွားဟန်တူသည်။ အရင်ကလောက် ဒုက္ခမပေးတော့ပါ။ ကျွန်တော်တို့လည်း စစ်သင်တန်းဆင်းရမည့်အချိန် မဟုတ်ပါဘဲလျက် ဘီအိုင်အေ တပ်သားဟောင်းများနှင့်အတူ ပြည်လမ်းအတိုင်း ချီတက်လာရပါတော့သည်။ ဂျပန်တပ်က ကျွန်တော်တို့ဘီအိုင်အေတပ်သားများ



ထက် များသည်။ ကျွန်တော်တို့မှာ စစ်တိုက်ထွက်လာရသည်ကို ပျော်၍နေပါသည်။

မော်လမြိုင်မြို့သို့ ရောက်ရှိနေပြီဖြစ်သော ဂျပန်တပ်ရင်း တပ်မကြီးမှာ တနင်္သာရီ-မုတ္တမ-မြစ်ဝကျွန်းပေါ်ဘက်သို့ ခွဲထွက်လာသော တပ်မသည် ကမ်းတက်တပ်ဆွယ်တပ် ဖြစ်သည်။ သည်တပ်ကို ဗိုလ်ကြီး ဟိရယာမက ကွပ်ကဲကြီးကြပ်ရလေသည်။ ဗိုလ်အိစုမိယဘတ်စူရော၊ တပ်ကြပ်အီကေဗေး အာကာဂါဝါ၊ အိဇုတို စသူတို့လည်း ဤကမ်းတက် တပ်ဆွယ်တပ်တွင် တာဝန်ထမ်းဆောင်ကြသည်။ ဤတပ်နှင့်အတူ ဘီအိုင်အေ တပ်သားအချို့လည်း ဟိရယာမ ကွပ်ကဲကြီးကြပ်သော တပ်မနှင့် လိုက်ပါလာကြသည်။ ဘီအိုင်အေတပ်သားအချို့ဟု ဖော်ပြရသော်လည်း သည်စဉ်အချိန်ကာလ၌ စစ်ကြောင်းဖြတ်သန်းရာ တနင်္သာရီ-မုတ္တမ-မြစ်ဝကျွန်းပေါ်ရှိ မျိုးချစ်စိတ် တက်ကြွလျက်ရှိသော ဘဝအသီးသီးက လူငယ်များသည် ဘီအိုင်အေတပ်ထဲဝင်လာကြသဖြင့် ဘီအိုင်အေတပ်သည် ချီတက်လာစဉ်မှာပဲ တပ်သားဦးရေတိုး၍လာသည်။

ဗိုလ်ကြီးဟိရယာမ၏ကမ်းတက်တပ်ဆွယ်တပ်သည် ချောင်းတွေ၊ မြောင်းတွေ လက်ယှက်ထိုး များပြားလှသော မြစ်ဝကျွန်းပေါ်မြို့များကို တိုက်ခိုက်ခဲ့လေရာ အောင်ပွဲအလီလီ ခံခဲ့ရပြီဖြစ်သည်။ သို့သော်လည်း ဗိုလ်ကြီးဟိရယာမ၏တပ်သည် ဖျာပုံကို တက်ရောက်တိုက်ခိုက်ခဲ့လေရာ အင်္ဂလိပ်တပ်များက အကြိတ်အနယ် ခုခံတိုက်ခိုက်သဖြင့် ဂျပန်တပ်နှင့် ဘီအိုင်အေတပ်တို့သည် ခက်ခက်ခဲခဲ တိုက်ခိုက်ရလေသည်။ ဖျာပုံတိုက်ပွဲတွင် ဗိုလ်ကြီးဟိရယာမတပ်က အနိုင်တိုက်ခိုက်နိုင်လင့်ကစား အာက

ဂါဝါနှင့် ဗိုလ်အိဇုတို့နှစ်ယောက်သည် မြန်မာပြည်အတွက် အသက်ပေးခဲ့ကြရလေသည်။

ထိုသို့ ဗိုလ်ကြီးဟိရယာမ မြစ်ဝကျွန်းပေါ်ကို တိုက်ခိုက်နေစဉ်အခိုက်မှာ ကျွန်တော်တို့တပ်မှူး ဗိုလ်ရန်နိုင်က ဗိုလ်ကြီးဟိရယာမထံသို့ လောလောဆယ် မြစ်ဝကျွန်းပေါ်မြို့များကို ဆက်မတိုက်သေးဘဲ ရွှေတောင်မြို့ကို အဓိကထား၍ တိုက်ခိုက်ရမည့်အခြေအနေ ဖြစ်လာကြောင်း Message ပို့လိုက်လေသည်။ စင်စစ် ဗိုလ်ကြီးဟိရယာမ၏ ကမ်းတက်ကမ်းဆွယ်တပ်မသည် မြစ်ဝကျွန်းပေါ်မြို့များကို တိုက်ခိုက်ပြီးလျှင် မူလအစီအစဉ်အတိုင်း ရန်ကုန်သို့ ချီတက်သွားမည်။ ရန်ကုန်ရောက်လျှင် မော်လမြိုင်က ချီလာသော ဂျပန်တပ်ရင်းတပ်မနှင့် ပြန်လည်ပေါင်းစည်းကြမည်။ ဤကဲ့သို့သော အစီအစဉ်များ ရှိခဲ့သည်။ စစ်သေနင်္ဗျူဟာသဘောမှာ ဘာကိုမျှ ပုံသေမရှိ။ မူလက စစ်ဆင်ရေးအစီအစဉ်အတိုင်း မဟုတ်တော့ပြီ။ ဆက်လက်တိုက်ခိုက်ရမည့် မြစ်ဝကျွန်းပေါ်မြို့များကို မတိုက်ခိုက်တော့ဘဲ ရွှေတောင်မြို့သို့ ဦးတည်ကာ အမြန်ချီတက်လာခဲ့သည်။ သည်တော့ ဗိုလ်ကြီးဟိရယာမ၏တပ်မသည် ဘီအိုင်အေတပ်နှင့်အတူ ညောင်တုန်း၊ ဓနုဖြူမြို့များကို ဖြတ်၍ ဧရာဝတီမြစ်ကြောင်းအတိုင်း ပြန်ထောင်တက်လာခဲ့သည်။ သည်ဘက်ရောက်လာလျှင် မြန်မာလူငယ်များသည် (BIA) တပ်ထဲသို့ တပ်သားစုဆောင်းရေး အချိန်မပေးနိုင်သည့်ကြားက အလျှိုအလျှိုဝင်လာကြသည်။

ဗိုလ်ရန်နိုင်ကွပ်ကဲသော (BIA) တပ်တွင် ကျွန်တော်ရောက်ရှိနေသည်။ ကျွန်တော်တို့တပ်သည် ဂျပန်တပ်မနှင့်အတူ



ရန်ကုန်မှချီတက်လာခဲ့ရာ ယခုအခါ တရုတ်မှော်သို့ ရောက်ရှိနေပြီဖြစ်သည်။ တရုတ်မှော်သည် မြို့လည်းမဟုတ်၊ ရွာလည်းမကပါ။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှာ ရှိသည်။ ပြည်က ဧရာဝတီသဘော်နှင့် ဆင်းရသည်။ တရုတ်မှော်က ရွှေတောင်ကို အင်တိုင်းတောဖြတ်၍သွားသော မြေလမ်းရှိသည်။ မိုးရာသီကျလျှင် ကားဖြတ်၍မရတော့ တရုတ်မှော်သည် ရှေးက "တရုတ်မျှော်" ဟုဆိုသည်။ ပုဂံပြည် နရပတေ့စည်သူမင်းအား တရုတ်လိုက်တိုက်စဉ်က တရုတ်ကို ပြန်မျှော်ကြည့်သောနေရာမို့ "တရုတ်မျှော်" ဟုတွင်ပြီး ယခုမူ တရုတ်မှော်ဖြစ်လာရသည်ဟု ဆိုသည်။

ဗိုလ်ရန်နိုင် ကွပ်ကဲသော ဘီအိုင်အေတပ်တွင် စစ်မှုထမ်းရသဖြင့် ကျွန်တော်ပျော်နေသည်။ သူက ရဲဘော်သုံးကျိပ်ဝင်ဖြစ်သည်။ ဂျပန်နာမည်က ယာမာရှီတာ (YAMASHITA) ဖြစ်သည်။ နာမည်ရင်းမှာကား သခင်ထွန်းရှိန်ဖြစ်သည်။

ဗိုလ်ကြီးဟီရယာမ ကွပ်ကဲသော ကမ်းတက်ကမ်းဆွယ်တပ်သည် (၁၆-၃-၁၉၄၂) ရက်နေ့တွင် ဟင်္သာတမြို့သို့ ရောက်ရှိလာလေသည်။ ဟင်္သာတမြို့သည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ပြည်မြို့မှ အင်္ဂလိပ်တပ်တစ်တပ် စုန်ဆင်း၍လာလေသည်။ သူတို့က ဟင်္သာတမြို့သို့ ဂျပန်တပ်ရောက်နှင့်မည်မထင်။ ထို့ကြောင့် မူလအစီအစဉ်က သူတို့တပ် ဟင်္သာတမြို့မှာ စခန်းချတပ်စွဲနေမည်။ ပြည်မြို့ကဆင်းလာသော အင်္ဂလိပ်တပ်ကို စောင့်မည်။ ရန်ကုန်မြို့က ဆုတ်ခွာလာသော အင်္ဂလိပ်တပ်ကိုလည်း စောင့်မည်။ ထိုအင်္ဂလိပ်တပ် သုံးတပ် ပေါင်းစည်းပြီး ဂျပန်တပ်ကို အပြတ်ချေမှုန်းရန် အစီအစဉ်ပြုလုပ်ပြီးသား။

ခုတော့လည်း စီစဉ်ထားသလိုဖြစ်မလာ။ ဟသ်ာတမြို့သို့ ဗိုလ်ကြီးဟီရယာမ၏ ကမ်းတက်ကမ်းဆွယ်တပ်က ရောက်နှင့်နေလေရကား. . . ထိပ်တိုက်တိုးပါလေတော့၏။

ရိုင်ဖယ်သံ၊ စက်သေနတ်သံ၊ လက်ပစ်ဗုံးသံ၊ အမြောက်သံ အဆက်မပြတ်။

ပေါက်ကွဲဆူညံ၍လာပါလေတော့သည်။ ဧရာဝတီမြစ်ရေပြင်တွင် ယမ်းငွေ့များ ဖုံးလွှမ်း၍သွားလေသည်။ သည်တိုက်ပွဲမှာ အင်္ဂလိပ်တပ်များက ပြည်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားလေသည်။

ကျွန်တော်တို့တက်ခဲ့သော စစ်သင်တန်းမှာ မပြီးဆုံးသေးပါ။ အခြေခံ စစ်သင်တန်းအစသာ ဖြစ်သည်။ သို့သော်လည်း ကျွန်တော်တို့သည် တကယ်ပဲ စစ်သင်တန်းပြီးဆုံးသည်အထိ သင်ကြားပြီး စစ်သင်တန်းဆင်းများကဲ့သို့ ဂျပန်တပ်ဖွဲ့နှင့်အတူ စစ်မြေပြင်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ သို့သော်လည်း အင်္ဂလိပ်နှင့် တိုက်ခိုက်ရတော့မည်ဆိုတာကိုပဲ ကျွန်တော်က ပျော်နေသည်။ ကြောက်ရကောင်းမှန်းမသိခဲ့။ တိုက်ခိုက်ရေးတာဝန်ယူဖို့သာ အားသန်နေကြသည်။

"တိုက်ပွဲကျတော့ရော ဘာအရေးလဲ. . . ကိုယ့်နိုင်ငံအတွက် တိုက်ခိုက်လို့ကျတာ ဂုဏ်မငယ်ပါဘူး"

ဤသို့သော အတွေးမျိုးသာရှိသည်။ ကျွန်တော်မှမဟုတ်ပါ။ စစ်သင်တန်းအတူ တက်ခဲ့သူများအားလုံး တစ်သွေးတစ်သံတစ်မိန့်တည်းဖြစ်နေသည်။ ကျွန်တော်တို့ တရုတ်မှော်သို့ ရောက်ရှိနေသည့်အခိုက် ရွှေတောင်မှာ အင်္ဂလိပ်တပ်နှင့် ဂျပန်တပ် တိုက်ခိုက်နေပြီဖြစ်ကြောင်း ဗိုလ်ရန်နိုင်ဆီကို ဂျပန်တပ်က



Message လှမ်းပို့သည်။ စစ်ကူလိုနေကြောင်းလည်း ဗိုလ်ရန်နိုင် သိလိုက်ရသည်။ အချိန်ကို လုနေရပြီ။

ကျွန်တော်တို့ တရုတ်မှော်က မခွာသေးသည်မှာ ပေါင်းတည်က လာမည့် ဂျပန်တပ်ကို စောင့်နေခြင်း ဖြစ်သည်။ ခုတော့ ပေါင်းတည်က ဂျပန်တပ်ကို စောင့်ချိန်မရတော့ပါ။ ရွှေတောင်ကို အမြန်ဆုံးချီတက်ရတော့မည်ဖြစ်သည်။ ရွှေတောင်မြို့ကို အင်္ဂလိပ်တပ်က မြေလှန်ခဲ့လိမ့်မည်ဆိုသောသတင်းကို စောစောပိုင်းကတည်းက ရထားလေရကား ရွှေတောင်မြို့ကို မိမိတို့က အုပ်မိဖို့ လိုအပ်နေသည်။ ထို့ကြောင့်လည်း ရွှေတောင်မြို့ကို တက်သိမ်းမည့်ဂျပန်တပ်က လက်နက်အင်အား၊ တပ်သားအင်အား မိမိတို့ဘက်မှာ အပြည့်အဝရှိရန် ရည်ရွယ်ထားဟန်တူသည်။

ရွှေတောင်သို့ သွားရောက်စစ်ကူပေးရန်အရေးကို ဗိုလ်ရန်နိုင်သည် ဂျပန်စစ်ဗိုလ်များအား ရှင်းပြလိုက်သောအခါ ဂျပန်စစ်ဗိုလ်များက နားလည်လွယ်ကြပါသည်။ ထိုအခိုက် ရဲဘော်လေးတစ်ယောက် ရောက်လာသည်။ ရွှေနတ်တောင်လမ်းခွဲက လူတစ်ယောက် ရောက်ရှိနေကြောင်းပြောသည်။ ဗိုလ်ရန်နိုင်က ချက်ချင်းခေါ်တွေ့သည်။ သူက သခင်သံတိုင်ဖြစ်ကြောင်း ပြောပြသည်။ ဗိုလ်ရန်နိုင်က သခင်သံတိုင်ကို သိနေဟန်တူသည်။

"သခင်သံတိုင်ကို တွေ့ချင်နေတာ အတော်ပဲ"

ဟု ပြောသည်။ သခင်သံတိုင်က

"ကျွန်တော်လည်း ဒီမှာ ဘီအိုင်အေတပ်တွေ ရောက်နေပြီကြားလို့ ကြားကြားချင်းလာခဲ့တာပါ"

ဟု ပြော၏။

“ဟုတ်ပြီ. . . အခု ရွှေတောင်အခြေအနေ ဘယ်လိုလဲ”

“ကြားရတဲ့သတင်းက မကောင်းဘူး၊ အင်္ဂလိပ်တပ်က ရွှေတောင်ကို မြေလှန်မယ်လို့ ကြားတယ်”

“ဟိုမှာ. . . ဂျပန်တပ်တစ်တပ် ရောက်နေတယ်တဲ့၊ အဲဒီသတင်း သူတို့လည်း ကြားထားတယ်၊ ကျွန်တော်တို့ အင်တိုင်းတောကြီးကို ဖြတ်ဖောက်ရလိမ့်မယ်၊ လမ်းကတော့ တောလမ်းပဲထင်တယ်”

“ဖြတ်လမ်းတွေ ရှိပါတယ် ဗိုလ်ကြီး”

ထို့နောက် အချိန်လုကာ သခင်သံတိုင် ညွှန်ပြသည့်ဖြတ်လမ်းအတိုင်း ဂျပန်တပ်နှင့် BIA တပ်နှစ်တပ် ချီတက်လာကြသည်။ သည်နေရာမှာ ဂျပန်စစ်ဗိုလ်များက ကျွန်တော်တို့ တိုက်ခိုက်ရေး အတွေ့အကြုံ မရှိသေးမှန်းသိ၍ သူတို့တပ်က ရှေ့ကချီတက်သည်။ ကျွန်တော်တို့တပ်က ဂျပန်တပ်နောက်က လိုက်ရသည်။ တရုတ်မျှော်အရှေ့ဘက် အင်းတိုင်တောကြီးကို ထိုးဖောက်၍ လာကြရသည်။ အင်တိုင်းတောကြီးသည် နွေရာသီတွင် အပူဒဏ်ကို မခံနိုင်ကြတော့။ သစ်ရွက်တွေက အပင်ပေါ်မှာ အဝါရောင်သန်းနေကြပြီ။ အပင်အောက်မှာကျတော့ အရွက်ခြောက်တွေ ကျိုးကြေနေကြပြီ။ သခင်သံတိုင် ညွှန်ပြသောလမ်းမှာ တောလမ်းဖြစ်သည်။ လှည်းလမ်းကြောင်း ရှိသည်။ ဖုန်ထူလွန်း၏။

သခင်သံတိုင်ကို ဗိုလ်ရန်နိုင်က မြေအောက်တော်လှန်ရေး သမားတစ်ယောက်မှန်း သိထား၍ မယုံနိုင်ရာမရှိ။ သို့သော် မိမိတို့ ဘယ်နေရာရောက်နေပြီဆိုတာ သိရလေအောင် မြေပုံစာရွက်လိပ်ကို မကြာမကြာ ဖြန့်ကြည့်နေရသည်။ စမ်းချောင်းတစ်ခုသို့ ရောက်သောအခါ စာကလေးအုပ်ကိုလည်း တွေ့သည်။ တောကြက်



အုပ်တွေကိုလည်း တွေ့ရသည်။ တောကြက်တွေက ပုပုအိုက်အိုက်၊ နီနီရဲရဲကလေးများပါပေ။ စာကလေးအုပ်များရော တောကြက်အုပ်များပါ ကျွန်တော်တို့ ရဲဘော်များကို အဝေးကပင်မြင်ပြီး ရုတ်တရက် ဝေါခနဲ ထပျံ၍သွားကြသည်မှာ ကြည့်လို့ပင် ကောင်းပါသေးသည်။ သူတို့သည် မြင့်မြင့်မပျံ။ အင်းတိုင်းတောအုပ်များပေါ်သို့ ရောက်လျှင် လမ်းကြောင်းပြောင်း၍ ပျောက်သွား၏။ အဝေးမရောက်မီ ကွေ့ချိုးပျံဝဲသွားကြသောကြောင့်ပင်။

ဖြတ်ကျော်ခဲ့သော လမ်းတစ်လျှောက်၌ အင်ပင်များကိုပဲ တွေ့ရသည်။ အင်ပင်များသည် ကျွန်းပင်နှင့် တူသော်လည်း အင်ပင်များက ကျွန်းပင်လို မြင့်တက်မသွားပါ။ အင်ပင်ပေါက်ကလေးများက ထီးလောက်ကြီးသော အင်ရွက်များ ထွက်နေကြသည်။ အချိန်မှာ ညနေ နေဝင်ရီသရော အမှောင်ကျရောက်စအချိန် ဖြစ်သည်။ ရဲဘော်များသည် တောလမ်းသွားရသဖြင့် မြွေများကို ဂရုစိုက်ကြရသည်။ ညဦးပိုင်းကျရောက်လာသဖြင့် မှက်တွေ၊ ခြင်တွေက အသံတစီစီမြည်လာသည်။ ထိုတောတွင်း ကပ်ပါးပိုးမွှားများသည် လူများ သူတို့အနီးရောက်လျှင် သူတို့ အော်မြည်သောအသံများ ပြောင်းလဲသွားတတ်သည်ဟု ဆိုကြသည်။ ထို့ကြောင့် တောကျွမ်းသူများသည် မိမိတို့အနီးသို့ ရန်သူရောက်လာ မလာ တောတွင်းကပ်ပါးပိုးမွှားကောင်များ အော်မြည်သံကို နားထောင်၍ သိနိုင်ကြသည်။ ကျွမ်းကျင်ရာလိမ္မာပင် ဖြစ်သည်။

မြွေတွေ့သောရဲဘော်များကို မြွေခေါင်းအနီး လည်ပင်းနေရာကို ဘက်နက်နှင့်ထိုးစိုက်ပြီး ရှင်းလင်းဖြစ်ကြရ၏။ ဤနေရာများတွင် အင်္ဂလိပ်တပ်များ ဖြတ်သွားတတ်လေရာ အင်္ဂလိပ်တပ်များကို

လည်း သတိထားရသည်။ ကိုယ်က လက်ဦးမှုမရဘဲ သူတို့က လက်ဦးမှုရလျှင် ကိုယ့်တပ်က သတ်ကွင်းထဲရောက်ပြီး ချောင်ပိတ်တိုက်ခိုက်ခြင်း ခံရတတ်၏။ သတိထားနေသည့်ကြားက ကျွန်တော်တို့တပ်သည် ချီတက်လာရာမှ ရုတ်တရက်ရပ်တန့်၍ သွားသည်။ နောက်မှ အင်္ဂလိပ်တပ်တစ်တပ် စခန်းချသွားသည့်လက္ခဏာများကို ဂျပန်ဗိုလ်များနှင့် ဗိုလ်ရန်နိုင်တို့ တွေ့ရသောကြောင့်ဟု သိကြရသည်။

မိုးချုပ်သွားပြီဖြစ်သည်။ လသည် လဆန်း လတစ်ခြမ်းသာရှိသေးသည်။ တစ်နေရာသို့ရောက်လျှင် ကျွန်တော်တို့တပ်အားလုံး စခန်းချသည်။ ဝါးတောထဲမှာ စခန်းချခြင်းဖြစ်သည်။ ဝါးရွက်တွေကြား လေတိုးသံမှာ ဆူညံနေသော်လည်း ကျွန်တော်တို့အဖွဲ့ ရိုးနေပြီဖြစ်သည်။ သခင်သံတိုင်ဆိုသူသည် ညဘက် ကျွန်တော်တို့ရဲဘော်များနှင့် လာ၍ စကားပြောနေသည်။

ငါက ရွှေတောင်သားပါ ပြောပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့်လည်း ဆွေမျိုးတော်စပ်ကြောင်း၊ သခင်သံတိုင်က သခင်ကိုယ်တော်မှိုင်း၊ သခင်မြနှင့် သခင်အောင်ဆန်းတို့ မြန်မာ့လွတ်လပ်ရေးနှင့် ပတ်သက်လျှင် အသက်စတေးဝံ့သူများဖြစ်ကြောင်း ပြောပြနေပါသည်။ ယခု ကျွန်တော်တို့တပ်စခန်းချသောနေရာမှာ "ဝတောဝလယ်ရာ" ဖြစ်ကြောင်းကိုလည်း ပြောပြသည်။ ကျွန်တော်တို့မှာ ပင်ပန်းလွန်း၍ ခုလိုအခြေအနေမှာ ရန်သူတပ်နှင့်တိုးလျှင် တိုက်မှတိုက်နိုင်ပါ့မလား တွေးလိုက်မိလေသည်။

ထိုညက ကျွန်တော်တို့ထမင်းမစားရပါ။ စားချိန်မရသောကြောင့် ညစာမစားဘဲ နားရုံသက်သက် နားလိုက်ခြင်းဖြစ်သည်။ သို့နှင့် အရုဏ်ဦးမရောက်မီ အလင်းရောင်ပင် မတွေ့ရသေး၊



ကျွန်တော်တို့တပ်တွေ ဆက်လက်ချီတက်ခဲ့ကြသည်။ BIA တပ်သားများမှာ စစ်သင်တန်းဆင်းနည်းသောကြောင့် အရင်ဆုံး ခြေကုန်လက်ပန်းကျခဲ့ရလေသည်။ လောလောဆယ် သက်လိုမကောင်းနိုင် ဖြစ်နေသည်။

BIA တပ်သားများအခြေအနေကို ဗိုလ်ရန်နိုင်သိသည်နှင့် တစ်နေရာတွင် စခန်းချလိုက်သည်။ ဂျပန်တပ်လည်း စခန်းချကြသည်။ သို့သော် ဂျပန်တပ်က ခဏတာ နားရုံသာနားပြီး ဆက်လက်ချီတက်လေရာ BIA တပ်သားများလည်း မနေသာ။ ဆက်လက်ချီတက်လာခဲ့သည်။ မိုးစင်စင်လင်းချေပြီ။ ကျွန်တော်တို့ ဖြတ်လမ်းက ချီတက်လာသောကြောင့် ရွှေနတ်တောင်ဘုရားသို့ ရောက်လာသည်။ ကျွန်တော်က ဘုရားကို အဝေးကပဲ လက်အုပ်ချီ၍ ဖူးလိုက်ရလေသည်။ ကျန် BIA တပ်သားများလည်း ကျွန်တော့်လို သွားရင်းက ဘုရားကို လက်အုပ်ချီဖူးကြသည်။

ကျွန်တော်တို့တပ်တွေ ရောက်ရှိလာကြောင်း ဒေသခံကျေးရွာများက သိသိချင်း ထမင်းထုပ်တွေ သယ်ယူလာပြီး ထမင်းထုပ်များ ဝေပေးပါသည်။ ကျွန်တော်တို့တပ်သားတွေအားလုံး ဆာလောင်နေသဖြင့် ထမင်း၊ ဟင်းကို အားပါးတရ စားကြလေသည်။ ဒေသခံကျေးရွာများက. . . .

"တို့ဗမာ. . ."

"တို့ဗမာ. . ."

ဟု ကြွေးကြော်ကြသည်။ BIA တပ်သားများကိုပဲ ကြိုဆိုသလိုဖြစ်နေသည်။ ဒါက အမျိုးသားစိတ်ဓာတ်ကို ဖော်ပြလိုက်ခြင်းပင်။ ဂျပန်တပ်သားများကတော့ ပြုံးပြုံးရွှင်ရွှင်ပင်။ စိတ်ထဲက ဘယ်လို

ခံစားကြရမည်မသိ။ ကျွန်တော်တို့သည် ဒေသခံကကျေးရွာသူ ကျေးရွာသားများကို လက်ပြ၍ နှုတ်ဆက်ပြီး ဆက်လက်ချီတက် လာခဲ့သည်။ ဒေသခံကျေးရွာသူ ကျေးရွာသားများက လက်များ မြှောက်တန်း၍

"တို့ဗမာ. . ."

"တို့ဗမာ. . ."

ဟု အော်ဟစ်နေကြသည်။

ဖြတ်ကျော်လာသော ကျေးရွာများက ရွာသူရွာသားများ ကလည်း ရွာပြင်ထွက်ပြီး အော်ဟစ်ကြိုဆိုကြသည်။ ကျွန်တော်တို့က ပြန်၍လက်ပြကြရသည်။ ရွှေနတ်တောင်ဘုရားလမ်းနှင့် ပြည်လမ်း ဆုံသို့ရောက်လျှင် ရွှေတောင်မြို့အဝင်မှာ အင်္ဂလိပ်စစ်တပ်က အမြောက်တွေ တပ်ဆင်ထားကြောင်း သိလိုက်ရသည်။ ယခုလို အခြေအနေမှာ BIA တပ်သားတွေက ချက်ချင်းသွား၍ တိုက်ခိုက် ချင်သည်။ ကျွန်တော်တို့မှာ မျိုးချစ်စိတ်အပြည့်ရှိနေသည် မဟုတ် ပါလား။ သို့သော် စစ်ပရိယာယ်ကို သိရဦးမည်။

ယခုချီတက်လာသော တပ်များမှာ အီကေဒါတပ်၊ ဗိုလ်သူရ တပ်၊ ဗိုလ်ကြီးအီမူရာ (ငွေဓားဗိုလ်) တပ်နှင့် ဗိုလ်ရန်နိုင်တပ်တို့ ဖြစ်သည်။ ကျွန်တော်တို့က ဗိုလ်ရန်နိုင် ကွပ်ကဲသော BIA တပ် တွင် ရှိပြီး ကျွန်တော်တို့တပ်က ဗိုလ်ကြီးအီမူရာတပ်တွင် ပါဝင် ချီတက်လာခြင်းဖြစ်သည်။ မရမာန်ကျေးရွာအနီးသို့ရောက်လျှင် ကျွန်တော်တို့သည် ရွှေတောင်မြို့ကို မြင်နေရပြီဖြစ်သည်။ နီးလှသည်မဟုတ်သလို ဝေးလှသည်လည်း မဟုတ်ပါ။

"မီးခိုးလုံးတွေ မမြင်ရလို့ တော်ပါသေးရဲ့"



ကျွန်တော်တွေးလိုက်မိသည်။ ထိုအချိန်တွင် တပ်များကို ကွပ်ကဲလာသူ ဗိုလ်ကြီးများမှာ မြေပုံချကာ အလုပ်ရှုပ်နေကြသည်။ ဆုံးဖြတ်ချက်က အသေခံကင်းထောက်အဖွဲ့ကို အရင်ဆုံးလွှတ်ရန် ဖြစ်သည်။ ကင်းထောက်တပ်ဖွဲ့ကို ဗိုလ်သူရက ဦးဆောင်သည်။ သူကိုယ်တိုင် တပ်သားများမှ ရွေးထုတ်ရာ ကျွန်တော်ပါလာသည်။ ကျွန်တော်သည် အသေခံကင်းထောက်တပ်ဖွဲ့မှာ တာဝန်ထမ်းရမည် မှန်းသိလျက် လုံးဝမကြောက်။ အခုလို အသေခံကင်းထောက် တပ်သားဖြစ်ရသည်ကိုပဲ အလွန်ပျော်နေသည်။ ကျွန်တော်တို့သည် ရိုင်ဖယ်များကို အသင့်ထိုးချိန်လျက် ချီတက်သွားကြသည်။

ကားလမ်းဘေး လူသွားလမ်းအတိုင်း ရှေ့နောက်တန်းစီ၍ ချီတက်လာခဲ့သည်။ အင်္ဂလိပ်တပ်က လက်ဦးမှုရလျှင် ကျွန်တော်တို့ တပ်သားအစိတ်သည် တစ်ဝက်လောက် တုံးလုံးပက်လက်ဖြစ်သွား နိုင်သည်။ တွေ့ပါပြီ. . . အင်္ဂလိပ်တပ်ကို။ သူတို့သည် ဇရပ်ပေါ်မှာ တချို့၊ အောက်ဘက်မြေကြီးပေါ်မှာ တချို့၊ သူတို့သည်လည်း တပ်ပန်းနေပုံရသည်။ ဗိုလ်သူရက ကျွန်တော်တို့ကို ဘယ်တောင်ပံ၊ ညာတောင်ပံ ဖြန့်၍တိုက်ရန် စစ်သေနင်္ဂဗျူဟာသဘော လက်ရိပ်ပြ လိုက်သည်။

သို့နှင့် ကျွန်တော်တို့သည် လမ်းဘေးမှ လမ်းမပေါ်သို့တက်၍ ရိုင်ဖယ်များချိန်ရွယ်လျက် တိုးဝင်သွားခိုက် အင်္ဂလိပ်တပ်မှ ကင်းစောင့်တပ်သားက စတင်ခုခံပစ်ခတ်လေရာ ကျွန်တော်တို့က ထိုအင်္ဂလိပ်ကင်းစောင့်တပ်သားကို ထိုးချိန်ပစ်သွင်းလိုက်သည်။ ထိုတပ်သားလေး နောက်လန်လဲကျသွားစဉ်မှာပဲ အိပ်နေကြသော အင်္ဂလိပ်တပ်သားများ တစ်မုဟုတ်ချင်းထကာ အသင့်ရှိနေသော

ရိုင်ဖယ်များကို ဆွဲကိုင်၍ ပြန်လည်ပစ်ခတ်ပါလေတော့သည်။ သေနတ်သံတွေ ပြောက်အိုးဖောက်သကဲ့သို့ ဆူညံနေလေပြီ။ ယမ်းငွေ့များက လွင့်တက်လာကာ ယမ်းနံ့များ ပတ်ဝန်းကျင်ကို လွှမ်းခြုံလာ၏။

ခုတော့ ကျွန်တော်တို့ရော အင်္ဂလိပ်တပ်သားများပါ မျက်ကွယ်နေရာများမှာ ခိုကပ်၍ ကာကွယ်ပြီး ပစ်ခတ်နေကြရသည်။ BIA တပ်က လက်ဦးမှုရလိုက်သောကြောင့် အင်္ဂလိပ်တပ်သား လေးငါးယောက် ထိမှန်ကျဆုံးသွားကြပြီဖြစ်သည်။ ကျန်အင်္ဂလိပ်တပ်သားများက ခုခံပစ်ခတ်ရင်း ဆုတ်ခွာသွားကြသည်။ ရွှေတောင်မြို့အဝင်ဝတွင် တပ်ဆင်ထားသော အမြောက်များကို အင်္ဂလိပ်တပ်က စတင်အသုံးပြုလေပြီ။ တဝုန်းဝုန်း အမြောက်သံတို့ မြည်ဟိန်း၍လာ၏။ အမြောက်ဆံများ ကျွန်တော်တို့ရှေ့မှာ ကျလာသလို နောက်မှာလည်း ကျလာသည်။ ဗိုလ်သူရက ကျွန်တော်တို့ကို ထိန်းထားသည်။ အော်ဟစ်အမိန့်ပေးနေသည်။

အမြောက်ဆန်များ ကျရောက်ပေါက်ကွဲနေသောကြောင့် ယမ်းငွေ့တွေ ပိုများလာသည်။ ကျွန်တော်တို့မှာ တစ်နေရာတည်း မနေဘဲ နေရာရွှေ့ပြီး အဆက်မပြတ်ပစ်၏။ အင်္ဂလိပ်ကင်းထောက်တပ်ဖွဲ့သည် ကျွန်တော်တို့နှင့် အတော်ဝေးကွာသောနေရာသို့ ရောက်သွားသည်အထိ အပစ်ကိုမရပ်။ အနီးရှိတောအုပ်တွေထဲက ငှက်အုပ်တွေ လန့်ပြီး ထပျံကြကုန်၏။ တောသူတောင်သားများသည် အော်ဟစ်ကြ၊ ပြေးကြလွှားကြ ဖြစ်လာ၏။ စောစောပိုင်းက တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်တစ်ခုလုံးမှာ ခုတော့ အမြောက်သံ၊ သေနတ်သံနှင့် စက်သေနတ်သံများ လွှမ်းခြုံ၍ သွားပါလေတော့၏။



ယခုတော့ ဗိုလ်ရန်နိုင်ကွပ်ကဲသော BIA တပ်များနှင့် ဗိုလ်ကြီး ဟီရယာမ၏ ဂျပန်တပ်များ ပူးပေါင်းခွင့်ရလိုက်ပြီ ဖြစ်သည်။ ဂျပန်ဗိုလ်ကြီး ဟိရယာမအား ဗိုလ်ရန်နိုင်က

"ဒီအင်္ဂလိပ်တပ်ဟာ ပြည်က ဆင်းလာမယ့်အင်္ဂလိပ်တပ်နဲ့ ပေါင်းတိုက်မှာ သေချာတယ်"

ဟု ပြောလိုက်သည်။ ဗိုလ်ကြီးဟိရယာမက

"တော်သေးတယ်. . . အခု အခြေအနေဟာ ကျုပ်တို့ သူတို့ကို လက်ဦးမှု ရလိုက်တာပဲ"

ဟု ဗိုလ်ရန်နိုင်အား ပြန်ပြောလိုက်လေသည်။ ထို့နောက် သူက ဆက်ပြောသည်။

"ဒါပေမဲ့ အထင်သေးလို့လည်း မဖြစ်ဘူး၊ ဘာဖြစ်လို့လည်း ဆိုရင် သူတို့မှာ သံချပ်ကာကားတွေ ပါလာလို့ပဲ"

"ဟုတ်တယ်. . . ရန်ကုန်က ဆုတ်သွားတဲ့အင်္ဂလိပ်တပ်တွေနဲ့ ပေါင်းလိုက်တာဆိုတော့ လက်နက်အင်အားရော တပ်သား အင်အားပါ များသွားတာပေါ့"

"ဗိုလ်ရန်နိုင်ရဲ့တပ်သားတွေကို အသိပေးထားပါ၊ ဒီအချက်ကို လျှို့ဝှက်ထားလို့မရဘူး"

"စိတ်ချ. . . ဗိုလ်ကြီး"

ဤသို့ဖြင့် ရွှေတောင်တိုက်ပွဲကို စတင်ခဲ့ခြင်းပါပေ။ ကျွန်တော်သည် ဗိုလ်ရန်နိုင်အနီးတွင် ရှိနေသဖြင့် မိမိအကြီးအကဲ၏ သဘောထားကို သိရှိနေပါသည်။ ကျွန်တော်တို့သည် ရွှေတောင်မြို့ကို ရောဝတီကမ်းဘက်က လှည့်တက်ပြီး ပြည်လမ်းဘက်ကပါ နှစ်ဖက်ညှပ်၍ တိုက်ခိုက်ရန် အဆင့်ဆင့်ညွှန်ကြားထားပြီးဖြစ်သည်။

အင်္ဂလိပ်တပ်တွေက ဝလယ်ရွာက ခုခံတိုက်ခိုက်သည်။ ဝလယ်ရွာမှာကား ပေါင်းတည်၊ ရွှေတောင်၊ ပြည်လမ်းမှာ ရှိသည်။

တိုက်ပွဲက ဖြစ်နေပြီ။ တစ်ဖက်နှင့်တစ်ဖက် ပစ်ကြခတ်ကြနှင့် သေနတ်ကျည်ပေါက်ကွဲသံတွေ၊ ကျည်ဆန်တွေက ကျွန်တော်တို့ ခေါင်းပေါ်မှာ တရှီးရှီး လေကိုဖြတ်တိုးနေသလို သူတို့အင်္ဂလိပ်တပ်တွေပေါ်မှာလည်း ကျွန်တော်တို့ကျည်ဆန်တွေ တရှီးရှီးလေကို ဖြတ်တိုးနေ၏။ တစ်ချက်တစ်ချက် အမြောက်သံတွေ မြည်ဟိန်းထွက်လာသည်။ တစ်ချက်တစ်ချက်တွင် စက်သေနတ်သံများကို ကြားရသည်။ ပေါက်ကွဲသံနှင့် ယမ်းငွေ့များက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်း၍နေ၏။ အခြေအနေမှာ ကျွန်တော်တို့ဖက်က ထိတာ၊ မှန်တာတွေ များနေသည်။ BIA တပ်နှင့် ဂျပန်တပ်များသည် အင်နှင့်အားနှင့် အကြိတ်အနယ် တိုက်ခိုက်နေသော်လည်း ရွှေကြို့ကုန်း၊ ဝါးလယ်နှင့် ကွမ်းညှပ်စင်ကျေးရွာများကို မထိုးဖောက်နိုင်။ ထိုးဖောက်၍ရတော့မည်ဆိုလျှင် စစ်ကူအင်္ဂလိပ်တပ်တွေက အုံခဲ၍ ရောက်လာသည်။

အင်္ဂလိပ်တပ်များ၏ နောက်တန်းအမြောက်များက တဝုန်းဝုန်းအသံများဖြင့် ပစ်သွင်းနေသည်။ အမြောက်သံများ ကျွန်တော်တို့ကိုကျော်ပြီး နောက်ကတောခြုံတွေရှေ့မှာ ထိုးကျပေါက်ကွဲ၏။ မြေစိုင်ခဲများ အက်ကွဲဖြာထွက်၍သွားသည်။ အမြောက်ဆန်ကျနိုင်မည့်နေရာကိုကား ကျွန်တော်တို့မသိနိုင်။ ရှောင်တိမ်း၍ မရနိုင်ဖြစ်နေသည်။ မိမိဘေးကျလာလျှင်ကား ရှောင်၍ရတော့မည်မဟုတ်တော့ပါ။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖ ဖြစ်ပါတော့သည်။



ကျွန်တော်တို့ကို လှမ်းပစ်နေသော နေရာမှာ တည်ကုန်းကျေးရွာဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် တည်ကုန်းကျေးရွာတောင်ဘက်သို့ ပြေးတက်လာခဲ့သည်။ နောက်က ခြေသံကြား၍ လှည့်ကြည့်လိုက်သောအခါ ရဲဘော်ကျော်ညွန့်လိုက်လာသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်တို့ ဘာလုပ်ကြမည်ဆိုတာ အချင်းချင်း သိလိုက်သည်။

"ရဲဘော်မိုးဝေ. . . သတိထားနော်"

"အေးပါ"

နှစ်ယောက်သား တောခြုံတွေကို အကာအကွယ်ယူ၍ တစ်ထောက်နားကာ နားကာ ပြေးလာခဲ့ကြသည်။ ချက်ချင်းပင် တည်ကုန်းကျေးရွာတောင်ဘက်သို့ ရောက်လာသည်။ ရှေ့ကိုသာ မဲပစ်နေသော အင်္ဂလိပ်တပ်သားနှစ်ယောက်ကို တွေ့ရလျှင် ကျွန်တော်နှင့် ရဲဘော်ကျော်ညွန့် ဘယ်သူက ဘယ်သူ့ကို တာဝန်ယူတိုက်ခိုက်ရန် လက်ဟန်ပြ၍ အသိပေးလိုက်သောအခါ ကျွန်တော့် အစီအစဉ်ကို ရဲဘော်ကျော်ညွန့် နားလည်သဘောပေါက်သည်။

"ခေါင်းညိတ်"

ကျွန်တော်တို့နှစ်ယောက် ရိုင်ဖယ်ကိုယ်စီ ကိုင်လျက် ရှေ့သို့ တိုးဝင်သွားခဲ့ရာ ခြေလှမ်း သုံးလှမ်းသာ လှမ်းရသေးသည်။ အင်္ဂလိပ်တပ်သားနှစ်ယောက်အနက် စက်သေနတ်ကိုင်ပစ်နေသော အင်္ဂလိပ်တပ်သားက ခြေသံကြားသွားဟန်တူသည်။ နောက်သို့ လှည့်ကြည့်လိုက်သည်။ ကျွန်တော်တို့နှစ်ယောက်ကို တွေ့လိုက်ရာ အံ့အားသင့်ကာ ဘာလုပ်ရမည်မသိ ဖြစ်နေသည်။ ကျွန်တော်လည်း အင်္ဂလိပ်တပ်သား ငေးကြောင်နေသည့်အခိုက် ရိုင်ဖယ်ခလုတ်

ဆွဲဖြုတ်လိုက်ရမှာကို သနားစိတ်ဝင်ကာ ကျွန်တော်ပါ ရန်သူ အင်္ဂလိပ်တပ်သားလို ငေးကြောင်ကြည့်နေမိ၏။

သည်တွင် ရဲဘော်ကျော်ညွန့်က အင်္ဂလိပ်တပ်သားကို ကျွန်တော့်ကိုယ်စား ဒိုင်းခနဲ ပစ်သွင်းလိုက်သည်။ ထိုအခါ ရှေ့မဲပစ်နေသော အင်္ဂလိပ်တပ်သားက ဖျတ်ခနဲ လှည့်ကြည့်ပြီး ကျွန်တော်တို့ကို မြင်သည်နှင့် သူကိုင်ပစ်နေသော ရိုင်ဖယ်ကို ရဲဘော်ကျော်ညွန့်ရင်ဝကို ထိုးချိန်၍ ဒိုင်းခနဲ ပစ်သွင်းလိုက်သည်။ ရဲဘော်ကျော်ညွန့်က တစ်ဖက်သို့ ရှောင်တိမ်းရင်း လဲကျသွားသည်။ ခုမှ ကျွန်တော်လည်း စစ်စိတ်စစ်သွေး ဝင်လာကာ ထိုအင်္ဂလိပ်တပ်သားနားထင်တည့်တည့်သို့ ဒိုင်းခနဲ ပစ်သွင်းလိုက်ရပါတော့သည်။ အင်္ဂလိပ်တပ်သားသည် "အား" ဟု အသံနက်ကြီးဖြင့် အော်ဟစ်ပြီး လဲကျသွားပါတော့၏။ ယခုလိုအခြေအနေမျိုး ရောက်လာသည်အထိ ကျွန်တော်သည် ဘယ်တုန်းကမှ မရက်စက်ဘူးပါလျက် ရက်စက်လိုက်ရသည့်အတွက် စိတ်ထဲမကောင်း ဖြစ်နေမိပါသည်။

ထို့နောက် ကျွန်တော်တို့နှစ်ယောက်သည် မိမိတပ်နှင့် အမြန်ဆုံး ပြန်လည်ဆက်သွယ်ရလေသည်။ တည်ကုန်းကျေးရွာက အမြောက်သမားအင်္ဂလိပ်တပ်သား သုံးယောက်ကို ဆက်လက်ရှင်းလင်းရန် တာဝန်ကျလာသည်။ ကျွန်တော်တို့ကလည်း သွေးဆာနေပြီဖြစ်သည်။ (BIA) တပ်သား ငါးယောက်သည် တည်ကုန်းကျေးရွာဘေး ချောင်းရိုးထဲက ချီတက်လာခဲ့ကြသည်။ ချောင်းထဲမှာ ရေမရှိတော့ပြီ။ ကျွန်တော်တို့ချောင်းထဲက ချီတက်လာသည်ကို အမြောက်ပစ်နေသော အင်္ဂလိပ်တပ်သား ကင်းစောင့်လုံခြုံရေး



တပ်သားက မြင်သွားသည်။ သူကိုင်စွဲထားသော ရိုင်ဖယ်ဖြင့် အရင်လှမ်းပစ်လိုက်သည်။ ကျွန်တော်နှင့်အတူယှဉ်၍ လျှောက်လှမ်းချီတက်လာသော ရဲဘော်မောင်ချစ် ထိသွားသည်။ အား. . . ဟုအော်ပြီး လဲကျသွားသည်။

သူ့ခမျာ အင့်ခနဲမျှသာ ထပ်မံအသံထွက်နိုင်သည်။ ကျွန်တော့်မှာ မနေသာ။ ရဲဘော်မောင်ချစ်ကို ပြုစုပေးဖို့ သူ့ဘေးမှာထိုင်ချလိုက်သည်။ ရဲဘော်မောင်ချစ်က ကျွန်တော့်ကို တွန်းလွှတ်သည်။ မှန်ပါသည်။ အမြောက်နားက အင်္ဂလိပ်တပ်သားသုံးယောက်သည် အမြောက်မပစ်တော့ဘဲ နောက်ကဝင်လာသော ကျွန်တော်တို့ကို အသဲအမဲ ကာကွယ်တိုက်ခိုက်ပါတော့သည်။ ကျွန်တော်တို့ကလည်း သူတို့ပစ်ခွင့်မရအောင် တရစပ် ပစ်ဝင်ခဲ့ကြသည်။ သူတို့ပစ်ခွင့်မသာပဲ ပစ်နေရသည်။ ကျွန်တော်တို့ တပ်သားတွေ ထိမထိမသိ။ ကျွန်တော်၏ဘယ်ဘက်လက်မောင်း ပူခနဲခံစားလိုက်ရသည်။ အင်္ဂလိပ်တပ်သားနှစ်ယောက် ကျည်ထိမှန်ပြီး လဲကျသွားကြသည်ကို ပြေးရင်းလွှားရင်း ပစ်ရင်းခတ်ရင်း တွေ့မြင်လိုက်ရသည်။ သည်တော့လည်း ထိုအင်္ဂလိပ်တပ်သားနှစ်ယောက်နှင့် ကျွန်တော်ရန်ညှိုးရန်စမရှိပါဘဲလျက် ကျွန်တော်ပျော်နေသည်။ ကျေနပ်အားရနေသည်။

ကျန်အင်္ဂလိပ်တပ်သားက ကျွန်တော့်ကိုတည့်တည့်ချိန်ရွယ်နေပြီး ကျွန်တော်သည် ရန်သူ၏ပစ်ကွင်းထဲ ရောက်သွားသဖြင့် သားကောင်ဖြစ်ရချေပြီ။ အနိုင်မခံအရှုံးမပေးစိတ်ဖြင့် ကျွန်တော့်လက်ထဲက ရိုင်ဖယ်ကိုပင့်မြှောက်လိုက်သည်။ ရန်သူကချိန်ရွယ်ထားပြီးပြီမို့ ကျွန်တော်နောက်ကျသွားပြီဆိုတာ သိလိုက်သည်။

သို့သော် ကံကြမ္မာက ဆန်းကြယ်လှသည်။ ကျွန်တော်ရှေ့သို့အလှမ်း မြေစိုင်ခဲတစ်ခုနှင့် တိုးတိုက်မိပြီး ဟပ်ထိုးလဲကျသွား၏။ ပြေးဝင်လာသောရန်သူ၏ ကျည်က ကျွန်တော့်အပေါ် ဖြတ်ကျော်၍ သွားသည်။ ရဲဘော်ခင်မောင်ပစ်လိုက်သော ရိုင်ဖယ်ကျည်ကမူ အင်္ဂလိပ်တပ်သားကို ဖြတ်ကျော်မသွားဘဲ နံကြားကိုဖြတ်ဖောက်၍ သွားလေသည်။ တိုက်ပွဲသံကြားတွင် ရဲဘော်ခင်မောင် ပစ်ချလိုက်သော အင်္ဂလိပ်တပ်သား၏ အော်ဟစ်ညည်းတွားသံကို ကျွန်တော် ကြားလိုက်ရလေသည်။ သနားရမှန်းမသိ။

ဤသို့ဖြင့် တည်ကုန်းကျေးရွာထိပ်မှ အင်္ဂလိပ်တပ်သား တစ်စု၏ ရိုင်ဖယ်သံ၊ စက်သေနတ်သံနှင့် အမြောက်သံများ ပေါ်ထွက်မလာနိုင်တော့ပြီ။ ကျွန်တော်၏ဘယ်ဘက်လက်မောင်းမှာကား ကျည်ရှပ်ထိမှန်သွားသည့် ဒဏ်ရာက သွေးများယိုစီးကျနေသည်။ ခုမှ နာကျင်ကိုက်ခဲလာသည်။

❒❒❒

## အခန်း (၁၄)

ကျွန်တော်တို့တာဝန်ယူ ရှင်းလိုက်သဖြင့် တည်ကုန်းရွာထိပ်တောင်ကုန်းပေါ်က အမြောက်ကိုသိမ်းယူနိုင်ခဲ့သည်။ ပြီးလျှင် (BIA) တပ်နှင့် ဂျပန်တပ်များသည် ရွှေကြိုကုန်း၊ ဝါးလယ်နှင့် ကွမ်းညှပ်စင်ကျေးရွာတို့ကို ထိုးဖောက်နိုင်ခဲ့ပါတော့သည်။ အင်္ဂလိပ်တပ်များ ဆုတ်ခွာ၍သွားပြီး မကြာမီ ကျွန်တော်တို့သည် ရွှေတောင်မြို့ကို ကမ်းနားဘက်က လှည့်ဝင်ကြသည်။ ဝင်သာ ဝင်ခဲ့ပေမယ့် စိတ်ချရသေးသည်မဟုတ်။ အင်္ဂလိပ်တပ်တွေ ရွှေတောင်မြို့ထဲမှာ ရှိသလား။ မြောက်ဘက်ဆုတ်ခွာသွားပြီလား မသေချာ။ သည်တော့ သတိထားနေရသည်။ နေရာတိုင်းကို ကြည့်လာရသည်။

ဗိုလ်ကြီးဟိရယာမကတော့ တပ်ကိုညွှာတာပါသည်။ သူတို့ဂျပန်တပ်ရှေ့ကချီတက်သည်။ ကျွန်တော်တို့တပ်ကို နောက်က ချီတက်လာစေသည်။ မြန်မာတွေအပေါ် စေတနာထားသော ဂျပန်စစ်ဗိုလ်တစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့ ရွှေတောင်မြို့ထဲ ရောက်လာသည့်တိုင် အင်္ဂလိပ်တပ်သားများကို လုံးဝမတွေ့ရတော့ပါ။

"ဒီကောင်တွေ မြို့ကို မြေလှန်ပစ်ဖို့အချိန်မရလိုက်တာဘဲ ဖြစ်မယ်"

ဟု ဗိုလ်ရန်နိုင်က ပြောသည်။ သူပြောတာဖြစ်နိုင်သည်ဟု ကျွန်တော်အတွေးရောက်လိုက်မိသည်။ မြို့ထဲရောက်လျှင်ရောက်ချင်း လူမရှိသောမြို့ကြီးတစ်မြို့ကဲ့သို့ ခြောက်ကပ်ငြိမ်သက်နေလေသည်။ တစ်နာရီလောက်ရှိကာမှ မြို့ခံလူတွေ နေအိမ်များအတွင်းမှ အလျှိုအလျှို ထွက်လာကြလေသည်။ အဘိုးအဘွား၊ ယောကျ်ားမိန်းမ၊ ကလေးများကအစ တွေ့မြင်လာရပြီ ဖြစ်သည်။ သူတို့က လက်များမြှောက်၍ အဝတ်များကိုင်ရမ်း၍. . .

"တို့ဗမာ. . ."

"တို့ဗမာ. . . ."

ဟုပင် ကြွေးကြော်နေကြသည်။ ဂျပန်တပ်များနှင့်အတူ မြန်မာ့တပ်မတော်သားများကို တွေ့လာရသောကြောင့် "တို့ဗမာ" ဟုကြွေးကြော်ကြခြင်းပင်။ အချိန်မှာကား နံနက် ၁၀ နာရီကျော်လာပြီ နေရောင်သည်ပင် ပူပြင်းစပြုလာပြီ။ ပြီးတော့ ကျဲတောက်တောက်။

ဗိုလ်ရန်နိုင်က အသက် ၅၀ ကျော်လူကြီးတစ်ယောက်ကို-

"ဆရာကြီး. . . ဒီကိုတစ်ဆိတ်လောက်ကြွပါဦး ခင်ဗျာ"

ဟုခေါ်ပြီး

"အင်္ဂလိပ်တပ်တွေ ဘယ်အချိန်လောက်က ထွက်သွားကြတာလဲ" ဟု မေးနေသည်။

"ကျုပ်တို့က အင်္ဂလိပ်တွေ မြို့ကို မြေလှန်မယ်ကြားကတည်းက အိမ်ထဲကအိမ်ပြင်မထွက်ရဲတာ။ အင်္ဂလိပ်တွေနဲ့ ဗိုလ်ကြီးတို့ တိုက်ပွဲတွေဖြစ်နေတာကိုပဲ ကြားနေရတာ. . . သူတို့မြို့က ဘယ်အချိန်ထွက်သွားမှန်းကိုတော့ မသိလိုက်ဘူး. . . ဗိုလ်ကြီးတို့ကိုတောင် အင်္ဂလိပ်တပ်တွေလားလို့ ထင်မိပါသေးတယ်"



ဟု ထိုမြို့ခံလူကြီးက ဗိုလ်ရန်နိုင်အား ပြောပြနေသည်။ အရိုးခံအတိုင်းပြောပြနေခြင်းပင် ဖြစ်ပါသည်။ တစ်ဖန် "အခု. . . မြန်မာတပ်တွေကို မြင်လိုက်ရတော့ ဝမ်းသာလို့မဆုံး ဖြစ်ရပါတယ်ကွယ်. . . ကံကြီးပေလို့သာပေါ့ကွယ်. . . "

အဘွားအိုတစ်ယောက်က ဝင်ပြောသည်။

"ဟုတ်တယ်အဘွား. . . မြို့ကိုမြေလှန်မယ်သတင်းကြားလို့ ကျွန်တော်တို့အချိန်မီရောက်အောင်လာခဲ့ရတာပါ၊ သတိတော့ထားဦး အဘွားရေ"

ဗိုလ်သူရက အဘွားအိုအား (BIA) တပ်နှင့် ဂျပန်တပ်များ၏ စေတနာကို သိစေလို၍ မိမိတို့ အချိန်မီရောက်အောင်လာခဲ့ရခြင်း အကြောင်းကို ထုတ်ဖော်ပြောပြလိုက်လေသည်။ ထိုအချိန်မှာပဲ တစ်နေရာတွင် ဂျပန်အလံနှင့် (BIA) အလံကို လွှင့်ထူလိုက်လေသည်။ အလံနှစ်ခုသည် လေဖြင့် တလူလူလွင့်၍ နေ၏။ (BIA) တပ်သည် ရွှေမျက်မှန်ဘုရား၊ ချမ်းသာကြီးဘုရားပရိဝုဏ်အတွင်းမှာ စခန်းချသည်။ လုံခြုံရေးကင်းများကို အသေအချာ တာဝန်ပေးထားရသည်။

သည်ကြားထဲမှာ ကမ်းနားတွင် အင်္ဂလိပ်တပ်သားတစ်ယောက်ကို တွေ့သဖြင့် ဂျပန်တပ်သား သုံးယောက်က ဝိုင်းဖမ်းရာ၌ ခုခံထွက်ပြေးသော အင်္ဂလိပ်တပ်သားကို အသေပစ်ချလိုက်ရလေသည်။ ထိုအခိုက်မှာပဲ မြို့ခံလူ ၄၀၀ ကျော်လောက် ဒရင်တဟိုယောဒေါင့်ချောင်းကြီးထဲမှာ အကြောက်လွန်ပြီး စိတ်ချနိုင်သောနေရာသို့ သွားရောက်ပုန်းခိုနေသူများပါပေ။ ခုမှ အရဲစွန့်၍ထွက်လာခြင်း ဖြစ်သည်။

"သူတို့ ဘယ်ကလူတွေလဲ"

ဗိုလ်ကြီးဟိရယာမက အထုပ်အပိုးများနှင့်သူများကို ကြည့်ပြီး ဗိုလ်ရန်နိုင်ကိုမေးလိုက်လေသည်။ ဗိုလ်ရန်နိုင်က သိထားပြီးဖြစ်၍

"ဒီရွှေတောင်မြို့ကို အင်္ဂလိပ်တပ်က မီးရှို့ဖျက်ဆီးခဲ့မယ် ပြောလို့ ထွက်ပြေးသွားတဲ့လူတွေပါပဲ၊ အခု ကျွန်တော်တို့ တပ်ရောက်လာတာကြားလို့ သူတို့ပြန်ရောက်လာကြတာပါ"

လိပ်ပတ်လည်အောင် ဂျပန်ဘာသာစကားဖြင့် ရှင်းလင်း ပြောပြလိုက်လေသည်။ ဗိုလ်ကြီးဟိရယာမက ခေါင်းတညိတ်ညိတ်။

သည့်နောက် မြို့ခံလူများသည် အစားအသောက်များနှင့် ရေကို တစ်ယောက်ချင်းသယ်ယူလာပြီး (BIA) တပ်ကိုရော ဂျပန် တပ်ကိုပါ ဝေချမ်းပေးကြသည်။ ထမင်းဟင်းတော့မဟုတ်ပါ။ လတ်တလော စားနိုင်သော ကောက်ညှင်းထုပ်၊ ငှက်ပျောသီး၊ ဘီစကစ်၊ ကြက်ဥစသော အာဟာရဖြစ်စေသည့် အစားအသောက် များ ဖြစ်ကြပါသည်။

ကျွန်တော်တို့အား လာပေးသော ဖီးကြမ်းငှက်ပျောတစ်ခိုင် မှာ တစ်ယောက်လျှင် သုံးလုံးပဲ စားလိုက်ရသည်။ စား၍မရသော အစိမ်းသီးကလေးများသာ ကျန်သည်။ အမှည့်ရော ဝင်းရောင်ပါ ကုန်သွားပါတော့၏။ မျောက်များ ရှုံးလောက်ပါသည်။

အမှန်စင်စစ် (BIA) တပ်ကို ကွပ်ကဲသော ဗိုလ်ရန်နိုင်သည် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တစ်ဦးဖြစ်သော်လည်း ငွေဓားဗိုလ်ဟု သိထားကြသော ဗိုလ်ကြီးအိမမူရာလက်အောက်တွင်ထားရှိသည်။ (BIA) တပ်သည် ရန်ကုန်မြို့သို့ ချီတက်ခဲ့ရာ လမ်းတစ်လျှောက်ရှိ ဒေသခံတိုင်းရင်းသား လူငယ်အတော်များများသည် လောလော



ဆယ် (BIA) ဗော်လံတီယာတပ်သားများအဖြစ်နှင့် လိုက်ပါလာ ကြသည်။ အားတက်စရာကောင်းပါသည်။

ဗိုလ်ကြီးဟိရယာမ၏စစ်ကြောင်းမှာ မုတ္တမမှ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသကို ဖြတ်ကျော်လာခဲ့လေရကား ထိုအရပ်ဒေသ တွင် ရှိနေကြသော တိုင်းရင်းသားလူငယ်များက (BIA) တပ်ထဲ တပ်သားစုဆောင်းသည် မဟုတ်ဘဲ အတော်ခပ်များများ ဝင်လာကြသည်။ ထိုနေ့က ကျွန်တော်တို့တပ်ဖွဲ့သည် ရွှေတောင်မြို့ ထိပ်သို့ ရေခပ်ရန်အသွား အင်္ဂလိပ်ကင်းထောက်အဖွဲ့နှင့် ပက်ပင်း တိုးခဲ့လေရကား ကျွန်တော်တို့မှာ ရှေ့တိုး၍လည်းမဖြစ်၊ နောက်ဆုတ်ရန်လည်း အခြေအနေမပေးတော့၍ အကာအကွယ် ယူပြီး ပစ်ရပါတော့သည်။ ကျွန်တော်တို့ဘက်က စတင်ပစ်ချိန်ရလိုက် သဖြင့် အင်္ဂလိပ်ကင်းထောက်တပ်မှာ ရုတ်တရက် ချက်ချင်း သတ်ကွင်းပေါ်က အပြင်သို့ပြေးထွက်၍ နေရာယူလိုက်ကြပြီး ကျွန်တော်တို့ကို ပြန်၍ပစ်ခတ်ကြသည်။ သည်တော့ သေနတ်သံတွေ ဆူညံပွက်လောရိုက်သွားပါလေတော့၏။ ချက်ချင်းပင် ကျွန်တော်တို့ ဘက်က စစ်ကူတပ်ဖွဲ့များ တိုက်ကွင်းသို့ရောက်ရှိလာပြီ။ အင်္ဂလိပ် ကင်းထောက်တပ်ဖွဲ့ကို အဖက်ဖက်က ဝိုင်းပစ်ကြသည်။ ကျည်များမှာ ပျံလွှားတွေလို ပျံထွက်သွားသလို ပျံဝင်လာကြသည် လည်းရှိသည်။ သစ်ပင်စည်များကို ထိသည်။ သစ်ကိုင်းတွေကို ထိသည်။ သစ်ပင် ပင်စည်သည် ဖွာလန်သွား၏။ သစ်ကိုင်းများမှာ ကား ကျိုးပြတ်လွင့်စင်သွားသည်။ တိုက်ပွဲဖြစ်နေရင်း နေဝင်၍ သွားလေသည်။

အင်္ဂလိပ်ကင်းထောက်အဖွဲ့သည် ကျွန်တော်တို့ဘက်က စစ်ကူတပ်ဖွဲ့များ လာရောက်ပူးပေါင်းတိုက်ခိုက်လာသောအခါ သူတို့ဘက်က ရေရှည်မရမှန်း သိပုံရသည်။ ဆုတ်ခွာသွားလေသည်။ ကျွန်တော်တို့ဘက်မှာကား ဗိုလ်ကြီးဟိရယာမ၏တပ်များက ပူးပေါင်းလိုက်သဖြင့် ပို၍ပင် အင်အားတောင့်တင်းလာလေသည်။ ဤသို့ အင်အားတောင့်တင်းလာကာမှ အင်္ဂလိပ်တပ်ကလည်း အင်အားပို၍များလာပါတော့၏။ ပုတ်ကန်းဘက်က အင်္ဂလိပ်တပ် တစ်တပ်သည်လည်း ပင်မလက်ရှိအင်္ဂလိပ်တပ်နှင့် ပူးပေါင်းလိုက်သောကြောင့်ပင်။ ထိုသတင်းကို ဗိုလ်ရန်နိုင် သိလိုက်သည်။ ဒေသခံတော်လှန်ရေးသမားတစ်ဦးက ပေးလာသောသတင်းဖြစ်သည်။ ထိုသတင်းကို ဗိုလ်ရန်နိုင်က ဗိုလ်ကြီးဟိရယာမအား အသိပေးထားလိုက်လေသည်။

သည်တွင် ဗိုလ်ကြီးဟိရယာမက ပုတ်ကန်းကိုချီတက်ရန် အမိန့်ပေးလိုက်သည်။ (BIA) တပ်များသည် ဂျပန်တပ်နှင့်အတူ ချီတက်ရန်ဖြစ်ပါသည်။ ခုနစ်အိမ်တန်းကျေးရွာသို့ရောက်လျှင် အင်္ဂလိပ်တပ်က ကျွန်တော်တို့တပ်များကို ဆီးကြိုတိုက်ခိုက်ပါလေတော့သည်။ ဤနေရာမှာ ပြည်နှင့်ရွှေတောင်ကြားတစ်နေရာဖြစ်သည်။ ရွှေတောင်မြောက်ဘက် တစ်မိုင်ခွဲလောက်ကွာဝေးပါလိမ့်မည်။

ခုနစ်အိမ်တန်းကျေးရွာမှာ အိမ် (၁၀) လုံး လောက်တော့ ရှိနိုင်ပါသည်။ နောက် ဤအရပ်တွင် ကုသိန္နာရုံ၊ မင်းထဲ၊ ဆားကွင်းတောင်၊ လေးကျွန်းဆီမီးစသော ကျေးရွာကလေးများမှာ ဖိုခုံလောက်ဆိုင်လျက်ရှိသည်။ အရင်က ဤပတ်ဝန်းကျင်သည် တောင်သူလယ်လုပ်ဓားမခုတ်အလုပ်များကိုသာ အလုပ်ဟုထင်မှတ်ပြီး



လုပ်ကိုင်ကာ အေးအေးချမ်းချမ်း နေထိုင်ခဲ့သော အရပ်ဒေသဖြစ်သည်။ ခုတော့ တောင်ယာရိုးဖြတ် တောမီးခိုးငွေ့မဟုတ် ယမ်းငွေ့များသာ ဖြစ်နေပြီ။ (BIA) တပ်သားတွေက မျိုးချစ်စိတ်အပြည့်ရှိသည်၊ တိုက်ခိုက်ရေးမှာ ဂျပန်တပ်သားတွေလောက် မကျွမ်းကျင်။ ယခုတိုက်ပွဲတွင် ကျွန်တော်တို့ဘက်မှာ တည်ကုန်းကျေးရွာထိပ်က သိမ်းယူခဲ့သော အမြောက်တစ်လက်သာရှိသည်။ အင်္ဂလိပ်တပ်မှာက အမြောက်တွေ ရှိသည်။ ကျွန်တော်တို့မှာ စိန်ပြောင်းနှင့်လက်ပစ်ဗုံးကိုပဲ အားကိုးနေရသည်။

ထားဝယ်သားကြီးဦးအောင်ပန်းသည် (BIA) တပ်သား မဟုတ်ပါဘဲလျက် စစ်ကြောင်းမှာလိုက်ပါလာသူဖြစ်သည်။ သူကိုင်စွဲသောလက်နက်မှာ ငှက်ကြီးတောင်ဓားတစ်လက်ဖြစ်သည်။ ရဲဘော်ကလေးများကို ထားဝယ်သားကြီး ဦးအောင်ပန်းကို တုတ်ပြီး၊ ဓားပြီးသည်ဟုပြောနေကြသည်။ ကျွန်တော်ကတော့ သူ၏မျိုးချစ်စိတ်ကို လေးစားဂုဏ်ယူနေမိသည်။

ဗိုလ်ကြီးဟိရယာမက (BIA) တပ်နှင့် ဂျပန်တပ်များကို ပေါင်းစည်းလိုက်ပြီး တစ်ဝက်စီခွဲလိုက်သည်။ နောက် ပ-စောက် ပုံသဏ္ဌာန်မျိုး ဘေးနှစ်ဖက်မှ ဝိုက်ပြီး ချီတက်တိုက်ခိုက်ရန် ဖြစ်သည်။ ထိုအခိုက် ဗိုလ်ကြီးဟိရယာမတို့ စစ်ခေါင်းဆောင်များ ကိုယ်တိုင် တောင်ကုန်းပေါ်တက်ပြီး မှန်ဘီလူးများဖြင့်ကြည့်လိုက်လျှင်ကား-

"ရန်သူ့အင်အားက အတော်များနေတယ်"

ဟုပြောလိုက်လေသည်။

"ဘီအိုင်အေတပ်သားတွေနဲ့ဆိုရင် ကျွန်တော်တို့တပ်အင်အား လည်း မနည်းပါဘူး၊ အခုဆိုရင် တိုက်ပွဲအတွေ့အကြုံလည်း ရှိနေပြီပဲ"

ဟု ဗိုလ်ရန်နိုင်က ဗိုလ်ကြီးဟိရယာမကို ရှင်းပြသည်။

"ကျုပ်က ပေါင်းတည်ကလာမယ့်တပ်ကို စောင့်လိုက်ချင်သေးတယ်"

ဟု ဗိုလ်ကြီးဟိရယာမက မှတ်ချက်ချသည်။ ပေါင်းတည်က ချီတက်လာပြီဆိုသော တပ်များကို စောင့်ရန်နှင့်ပတ်သက်၍ ကျန်စစ်ဗိုလ်တွေက လက်မခံ။ သို့နှင့် ကျွန်တော်တို့သည် အင်္ဂလိပ်တပ်များကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ကြလေတော့၏။ အင်္ဂလိပ်တပ်များက အဆက်မပြတ်ပစ်သွင်းသော စက်သေနတ်ကျည်များမှာ ကျွန်တော်တို့ခေါင်းပေါ်မှ တရွှီးရွှီးအသံဖြင့် ဖြတ်ကျော်လျက်ရှိသည်။ အင်္ဂလိပ်တပ်မှ သံချပ်ကာကားများသည် အင်္ဂလိပ်တပ်သားများကို ရှေ့မှ အကာအကွယ် ပေးနေသလိုရှိသည်။ သံချပ်ကာကားကို ရိုင်ဖယ်နှင့် ပစ်၍ထိမှန်သော်လည်း အချည်းနှီးပင်။ သံချပ်ကာကားမှအမြောက်သည် ဆုံလည်အမြောက်ဖြစ်သည်။ မိမိဘက်တူရူပြု၍ချိန်လာလျှင် လွတ်အောင်ရှောင်ရသည်။

သံချပ်ကာကားမှာ သုံးစင်းလောက်ဆိုသော်လည်း ဤသံချပ်ကာကား သုံးစင်း အင်္ဂလိပ်တပ်ဘက်မှာ ရှိနေ၍ တိုက်ပွဲအနေအထားအတော်လေးကို ပြောင်းလဲ၍သွားသည်။ ပြည်မှအင်္ဂလိပ်တပ်နှင့် ရန်ကုန်မှ အင်္ဂလိပ်တပ်တွေက သည်နေရာ သည်ဒေသမှာ အစီအစဉ်တကျ စုစည်းလိုက်သကဲ့သို့ ဖြစ်သွားသည်။



ဤသို့ဖြင့် ကျွန်တော်တို့သည် တိုက်စစ်အနေအထားမှ ခံစစ်အနေအထားသို့ ရောက်ရှိလာပါတော့သည်။ (BIA) တပ်သားများမှာ စစ်သင်တန်းဆင်းဆိုသူက ကျွန်တော်တို့ကိုယ်တိုင်စစ်သေနင်္ဂဗျူဟာဆိုတာ အသေအချာသိကြသည်မဟုတ်၊ ရိုင်ဖယ်သေနတ်ကိုင်တွယ်ရုံသာ၊ ပို၍မတတ်။ သို့သော်လည်း ကျွန်တော်တို့က အနိုင်မခံအရှုံးမပေး ခုခံတိုက်ခိုက်နေကြသည်။ ဂျပန်တပ်သားတွေက အလွန်ရဲသည်။ လက်ပစ်ဗုံးကို စနက်တံဆွဲထုတ်ပြီး သံချပ်ကာကား ဒရိုင်ဘာခန်းထဲကို ပစ်ထည့်သည်။ လက်ပစ်ဗုံးကို အင်္ဂလိပ်တပ်သားတွေ မကာကွယ်နိုင်၊ ဝုန်းခနဲပေါက်ကွဲပြီး သံချပ်ကာကားမှာ လမ်းဘေးကိုဆင်းကာ တိမ်းမှောက်၍သွားလေတော့၏။ တစ်စင်းတော့ သွားလေပြီ။

သည်တွင် ဗိုလ်ကြီးဟိရယာမက

"တို့တပ်တွေအားလုံး နောက်ပြန်ဆုတ်"

ဟုအမိန့်ပေးလိုက်သည်။ ယခုပင် (BIA) တပ်သားတွေရော၊ ဂျပန်တပ်သားများပါ ကျဆုံးသော ရဲဘော်တပ်သားများနှင့် ဒဏ်ရာရထားသော ရဲဘော်တပ်သားများမှာ အတော်များနေပြီ။ သို့နှင့် ကျွန်တော်တို့သည် တစ်ယောက်ကိုတစ်ယောက် ကာပစ်ရင်း ရွှေတောင်မြို့တွင်းသို့ပြန်ဆုတ်ခဲ့ကြသည်။ စစ်ဆင်ရေး တစ်ရပ်မှာ တက်သင့်သလောက်တက်နိုင်ပြီးကာမှ ပြန်ဆုတ်ပေးရသည်မှာ အလွန်ပင်ရင်နာစရာအဖြစ်မျိုးပါပေ။ အမျက်ထွက်နေကြရသည်။

ဗိုလ်ကြီးဟိရယာမက-

"အခု ဆုတ်ခဲ့ရပေမယ့် ကျွံလာတဲ့အင်္ဂလိပ်တပ်တွေကိုတော့ အပြတ်တိုက်ပစ်ရမယ်"

ဟု မှာကြားထားလေသည်။ ရွှေတောင်မြို့တွင်းသို့ ပြန်လည်ရောက်ရှိပေမယ့် ကျွန်တော်တို့သည် ရန်သူတွေကြားမှာ ပိတ်မိနေသကဲ့သို့ရှိနေသည်။

ရွှေတောင်တိုက်ပွဲတွင် ကျွန်တော်တို့ကို ကွပ်ကဲဦးဆောင်တိုက်ခိုက်နေသူများမှာ ဂျပန်တပ်ကဗိုလ်ကြီး ခြောက်ဦးနှင့် မြန်မာ (BIA) တပ်က ဗိုလ်ကြီး လေးဦးတို့ ဖြစ်ကြပါသည်။ ဗမာ့ထွက်ရပ်ဂိုဏ်းကို ဖွဲ့စည်းခဲ့သော သခင်ပါတီမှ အင်အားစုများဖြစ်သော မြန်မာလူငယ်များကား တိုက်ပွဲဝင်လျက်ပါပေ။ သူတို့သည် ဖျာပုံ၊ ညောင်တုန်း၊ ဓနုဖြူ၊ ဟင်္သာတမြို့များဖြတ်ကျော်စဉ်က တိုက်ခိုက်ချင်စိတ်အပြည့်ဖြင့် စစ်ကြောင်းနှင့်အတူ တစ်ပါတည်း လိုက်ပါလာသူများဖြစ်သည်။

လောလောဆယ်အခြေအနေမှာ ဗိုလ်ကြီးဟိရယာမသည်လည်း ရန်ကုန်ဂျပန်တပ်နှင့် အဆက်အသွယ်မရသေး၍ ဘာလုပ်ရမည်မသိဖြစ်နေသည်။ အင်္ဂလိပ်တပ်တွေ ရွှေတောင်မြို့ထဲအထိ လိုက်လံတိုက်ခိုက်လာခဲ့လျှင်ကား သူသေကိုယ်သေအစွမ်းကုန်တိုက်ခိုက်ရမည်သာဖြစ်သည်။ မြို့ခံတွေက ကျွန်တော်တို့အခြေအနေကိုကြည့်ပြီး စိုးရိမ်နေကြသည်။

ထိုအခိုက် ဒရင်တဘိုကျေးရွာထိပ်တွင် အင်္ဂလိပ်တပ်သားငါးယောက် ဝင်ရောက်ထောက်လှမ်းသည်လားမသိ၊ ဂျပန်တပ်သားများကတွေ့သဖြင့် တိုက်ပွဲဖြစ်ခဲ့ရလေသည်။ ဤသို့ဖြင့် အင်္ဂလိပ်ဂျပန်တိုက်ပွဲများကား နားလျှင်ခဏပင် ဆက်လက်တိုက်ခိုက်နေကြပါသည်။ ပြည်လမ်းတစ်လျှောက် စိန်ပြောင်းသံ၊ စက်သေနတ်သံများ အဆက်မပြတ်ပေါ်ထွက်နေသည်။ ယမ်းငွေ့များလည်း လွင့်မျောမှောင်ဝေနေ၏။



ပတ်ဝန်းကျင်ရှိကျေးရွာများက တောသူတောင်သားများမှာကား ရွာလုံးကျွတ်ထွက်ပြေးပုန်းရှောင်ကြလေသည်။ ကျေးရွာကလေးများမှာ တိတ်ဆိတ်ငြိမ်သက်လျက်ကျန်ရှိခဲ့လေသည်။ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမျှကိုပင် မတွေ့နိုင်ပြီ။ မတ်လ ၂၈ ရက်နေ့ ကျွန်တော်တို့သည် အင်္ဂလိပ်တပ်များကို တစ်ကျော့ပြန်တိုက်ခိုက်ကြရလေသည်။ ရွှေတောင်မြို့မှ မြောက်ဘက်မှာဖြစ်သည်။ သည်တိုက်ပွဲမှာ တိုက်ကွင်းတိုက်ကွက် အနေအထားကျယ်သည်။ တောခြုံတွေ တောင်ကမူတွေလည်း ပေါများသည်။ အင်္ဂလိပ်တို့၏ သံချပ်ကာကားနှစ်စီးကတော့ ကျွန်တော်တို့ကို အလွန် အနှောင့်အယှက်ပေးနေ၏။ သံချပ်ကာကားက ကားကြီးမဟုတ်၊ ဘရင်းကယ်ရီယာခေါ် အငယ်စားသံချပ်ကာ ကားကလေးများဖြစ်သည်။ အပေါ်မှ အဝေးပစ်ဆုံလည်အမြောက်ပါသည်။ ကားထဲက စက်သေနတ်ဖြင့်ပစ်နိုင်သည်။ အားကောင်းပြီး သွက်လက်ပေါ့ပါးသည်။

တစ်ဖက်နှင့်တစ်ဖက်ပစ်ခတ်သံများက ပို၍များလာသည်။ ကျည်ဆံတွေကိုသုံးချင်တိုင်း သုံးနေသလား တွေးထင်စရာပင်။ မတ်လ ၂၉ ရက်သို့ကူးလာပေပြီ၊ ဗိုလ်ကြီးဟိရယာမတပ်သည် ဆာတိုတပ်ရင်းနှင့် ဆက်သွယ်မိသွား၍တော်သေး၏။ သည်တော့ ကျွန်တော်တို့က အင်အားပိုလာသည်နှင့် စိတ်အင်အားတက်ကြွ၍လာသည်။ နှစ်ဖက်စလုံးပို၍ ပစ်ခတ်နေကြသည်။ တိုက်ပွဲသည် ပို၍ ပြင်းထန်လာလေသည်။ အင်္ဂလိပ်သံချပ်ကာကားနှစ်စီးမှာ အင်္ဂလိပ်တပ်သားတွေအဖို့ အားကိုးတစ်ခုဖြစ်ပါသော်လည်း ကျွန်တော်တို့အဖို့မှာကတော့ မကောင်းဆိုးဝါးနှစ်ကောင် ဖြစ်နေပါတော့သည်။ အသေခံပြီးဖျက်ဆီးချင်လှပါသည်။

အင်္ဂလိပ်တပ်များသည် ကျွန်တော်တို့နှင့် မီတာ ၂၀၀ လောက်သာ ကွာဝေးပါတော့သည်။ သူတို့ကတက်လာလျှင် ကျွန်တော်တို့က ဆုတ်လိုက်၊ ကျွန်တော်တို့ကတက်သွားလျှင် သူတို့ကဆုတ်လိုက်နှင့် ကျည်ဆန်မိုးတွေ နှစ်ဖက်စလုံးခေါင်းပေါ်မှ ဝဲပျံ၍နေလေသည်။ သံချပ်ကာကား နှစ်စီးကို ကျွန်တော်တို့က လက်ပစ်ဗုံးနှင့် ပစ်သွင်းတိုက်ခိုက်တတ်လေရကား သံချပ်ကာကား မောင်းသူ အင်္ဂလိပ်တပ်သားများက လက်ပစ်ဗုံးကို အလွန်လန့် လေဟန် ရှိသည်။ သူတို့ အနီးအကပ်မခံ။

တိုက်ပွဲငြိမ်နေသောအခါ ဗိုလ်ကြီးဟိရယာမက တပ်ဦးသို့ ထွက်ကာ ဓားရှည်ကိုဆွဲထုတ်ပြီး ကိုင်မြှောက်၍-

"မင်းတို့ လက်နက်ချလိုက်တော့"

ဟု ဂျပန်ဘာသာစကားဖြင့် လှမ်းအော်သည်။ သူက ဂျပန် ဘာသာစကားဖြင့် အော်သော်လည်း သူဘာပြောသည်ဆိုတာ အားလုံးနားလည်ကြပါသည်။ စစ်ရေးအခြေအနေပေါ်မှာ သိနေကြသည်။

"ဗိုလ်ကြီး. . . ရှေ့မထွက်ပါနဲ့. . . စိတ်မချရသေးဘူး"

တပ်ကြပ်အီကေဗေးက သူ့ဆရာကို စိုးရိမ်တကြီးဖြင့် လှမ်း ပြောလိုက်သည်။ အမှန်တော့လည်း အင်္ဂလိပ်တပ်သည် လက်နက် ချနိုင်လောက်သော အခြေအနေမျိုးမဟုတ်နိုင်။ စစ်ပန်းနေသော ကြောင့် ခေတ္တခဏနားနေခြင်း ဖြစ်သည်။ သည်တွင် ဗိုလ်ရန်နိုင်က သူ့နေရာမှ ဗိုလ်ကြီးဟိရယာမတို့အနီးသို့ ကူးလာကာ ကျည်ကွယ် မျက်ကွယ်နေရာမှ-



"ဗိုလ်ကြီး. . . နောက်ဆုတ်ပါ. . . သူတို့ပစ်ကွင်းထဲရောက် နေတယ်. . . နောက်ဆုတ်ပါ"

ဟု အော်၍ပြောသည်။ ဗိုလ်ကြီးဟိရယာမက လက်ထဲ ဆုတ်ကိုင်ထားသော ဓားရှည်ကြီးကိုမြှောက်ကာ တယမ်းယမ်း လှုပ်ရှားပြနေသည်။ ထိုအချိန်မှာပဲ အင်္ဂလိပ်တပ်တစ်နေရာမှ ရိုင်ဖယ်သေနတ်သံများ တစ်ပြိုင်တည်းပေါ်ထွက်၍ လာလေသည်။ ဗိုလ်ကြီးဟိရယာမရော တပ်ကြပ်ကြီးအီကေဗေးပါ ကျည်များထိပြီး နှစ်ယောက်စလုံး ကျွန်တော်တို့ရှေ့မှာပင် ခွေခေါက်ကာလဲကျ၍ သွားပါလေတော့၏။

"ဗိုလ်ကြီးနဲ့တပ်ကြပ်ကြီး. . . ထိသွားပြီ"

"ဟာ. . . လက်နက်ချ မချမေးနေတာ ပစ်ရမှာတဲ့လား"

"သူရဲဘောကြောင်တဲ့ ကောင်တွေပဲ"

"ကဲ. . . ထွက်တိုက်ကြစမ်း"

ဗိုလ်ရန်နိုင်ရော ဂျပန်စစ်သားများပါ ဗိုလ်ကြီးဟိရယာမနှင့် တပ်ကြပ်ကြီးအီကေဗေးကျဆုံးရခြင်းအတွက် အလွန်ပင်စိတ်မကောင်း ဖြစ်သွားရလေသည်။ ဂျပန်တပ်သားများသည် ဗိုလ်ကြီးဟိရယာမ နှင့် တပ်ကြပ်ကြီးအီကေဗေးတို့၏ အလောင်းများကိုတိုက်ပွဲကြားမှ သယ်ထုတ်ရမည်ဖြစ်သော်လည်း ရုတ်တရက်မသယ်ထုတ်နိုင် ရှိသည်။ ထို့ကြောင့် ကျွန်တော်တို့က ကာပစ်နေကြရသည်။ ခုမှပဲ ဂျပန်သူနာပြုတပ်ဖွဲ့ လှုပ်ရှားနိုင်သည်။ ဗိုလ်ကြီးဟိရယာမနှင့် တပ်ကြပ်ကြီးအီကေဗေးတို့အလောင်းများကို သက်စွန့်ဆံဖျား သွားရောက် သယ်ထုတ်ကြရလေသည်။ တပ်သားများက ဗိုလ်ကြီး

ဟိရယာမနှင့် တပ်ကြပ်ကြီးအီကေဗေးတို့ တိုက်ရင်းခိုက်ရင်း စစ်သားကောင်းတို့နည်းတူ တိုက်ပွဲတွင် အများကောင်းကျိုးအတွက် အသက်ကိုပါပဓာနမထားဘဲ တိုက်ခိုက်ဝံ့သူများဖြစ်သည်မှာ ထူးခြားလှပေသည်။ ဗိုလ်ကြီးငွေဓားဗိုလ် (ခေါ်) ဗိုလ်ကြီးအီမာမူရာနှင့် သူ့တပ်သားအချို့ ချက်ချင်းရောက်ရှိလာ၏။

ဗိုလ်ကြီးဟိရယာမနှင့် တပ်ကြပ်ကြီးအီကေဗေးတို့ကိုမှ အင်္ဂလိပ်တပ်သားတွေရွေးပြီး ပစ်သွားကြလေရော့သလားဟုပင် ကျွန်တော်တို့အားလုံး တွေးထင်နေရလေသည်။ ကျည်ဆန်တစ်တောင့် ဗိုလ်ကြီးဟိရယာမ၏ ညာဘက်ရင်အုံကဖောက်ဝင်ပြီး နောက်ကြောဘက်မှ ပွင့်ထွက်သွားစေ၏။ တပ်ကြပ်ကြီးအီကေဗေးမှာကား ညာဘက်မျက်ခုံးအထက် နားထင်ကိုမှ ကျည်ဆန်ကဖောက်ဝင်၍ သွားလေသည်။ ဂျပန်တပ်သားများနည်းတူ (BIA) တပ်သားများလည်း နာကြည်း ကြေကွဲရလေသည်။ ချက်ချင်းပင် အင်္ဂလိပ်တပ်သားများကို အပြုတ်တိုက်ခိုက်ရန် စိတ်ဆန္ဒများ ရင်ထဲအသည်းထဲမှာ ထိုးထိုးထောင်ထောင်ဖြစ်လာသည်။

တိုက်ပွဲသည် ပြန်လည်၍ ပြင်းထန်လာခဲ့ပါ၏။ ဂျပန်တပ်သားတွေရော (BIA) တပ်သားတွေပါ အင်္ဂလိပ်တပ်ကို ထိုးစစ်အနေဖြင့် အပြင်းအထန်တိုက်ခိုက်၏။ အင်္ဂလိပ်ပိုင်သံချပ်ကာကားများသည် ယခုအခါ ဂျပန်တပ်ပိုင်သံချပ်ကာကားများ ဖြစ်သွားရပြန်၏။ အင်္ဂလိပ်တပ်များသည် ပြည်ဘက်သို့တဆုတ်တည်းဆုတ်ခွာ၍သွားကြလေပြီ။

ရွှေတောင်တိုက်ပွဲတွင် (BIA) တပ်သားများနှင့်အတူ ဂျပန်ဗိုလ်ကြီးဟိရယာမ၊ တပ်ကြပ်ကြီးအီကေဗေးတို့အပါအဝင် ဂျပန်



တပ်သားများလည်း အသက်စတေးခဲ့ကြရသည်။ ကျွန်တော်သည် မြန်မာပြည်သူပြည်သားများကိုယ်စား ထိုသူရဲကောင်းများအား ကမ္ဘာတည်သရွေ့ ဂုဏ်ယူနေမည်သာဖြစ်ပါ၏။

❒❒❒

# အခန်း (၁၅)

လေဖြင့်တသိမ့်သိမ့် တယိမ်းယိမ်းရှိနေသော ပိတောက်ခက်များမှာ ပိတောက်ပွင့်တွေက အဝါရောင် တောက်ပ၍ နေလေသည်။ ပိတောက်ရနံ့က ပတ်ဝန်းကျင်ကိုတသင်းသင်းပျံ့၍ နေစေသည်။ တန်ခူးလေသည် တစ်ချက်တစ်ချက်၊ တသုန်သုန် တဟူးဟူးမြူးချင်ရာမြူး၍နေလေသည်။

ပိတောက်တွေဝေလာပြီဆိုတော့လည်း ငုဝါပန်းဆိုင်းတွေက ပိတောက်ထက်သာလေမလား အဝါရောင်ကဲ၍ ပြနေကြပါပကောလား။ စိန်ပန်းကတော့ ပိတောက်ကိုပြိုင်ရကောင်းမှန်းမသိ၊ သူ့ပင်ကိုယ်အနီရောင်နှင့် သူ့ကိုယ်သူအလှဆောင်၍နေသည်။ ခုလိုမိုးကြိုကာလရောက်ပြီဆိုတော့လည်း ကျွန်တော်အတွေးစိတ်ကူးတွေက တန်ခူးလေနှင့်အတူ လွင့်မျောလေသလားမသိ၊ ကျွန်တော့်အတွေးစိတ်ကူးကမ္ဘာထဲ ခင်ဖုန်းဆွေရောက်လာသည်။ ကြည့်စမ်းခင်ဖုန်းဆွေတစ်ယောက်ထဲမဟုတ်။ သမီးကလေးခင်ဖုန်းဝေနှင့်ပါကလား။ သို့ပေမယ့် သမီးကလေးခင်ဖုန်းဝေက ကျွန်တော်ဘက်ကိုလှည့်မကြည့်ဘဲ ကျွန်တော့်ကိုကျောခိုင်းပြီး ဟိုမှာဘက်အဝေးရှုခင်းတွေကို ငေးနေသည်။ သူ့အဖေဆိုတာသိပါလေစ။

ကျွန်တော်တို့က သမီးကလေးမွေးလာလိမ့်မည်ဟုတွေးထင်ပြီး ခင်ဖုန်းဝေ အမည်ကို ရွေး၍ပေးခဲ့သည်။ သားကလေးမွေးလာခဲ့လျှင်





ရော။ သားကလေးမွေးခဲ့လျှင် မောင်ဖုန်းဝေပြောင်းလိုက်ရုံပဲပေါ့။ သားကလေးဆိုလျှင် ဖအေတူသားအဖြစ်နဲ့ တိုင်းပြည်နှင့်လူမျိုးကို အလုပ်အကျွေးပြုမှာသေချာသည်။ ကျွန်တော့်အတွေးများက ခရီးသွားတတ်ကြသည်။

ဩော်. . . မဟာသင်္ကြန်ပွဲတော်ကိုရောက်လာပြန်ပါပေါ့ကလား။ သည်တော့လည်း အဖေတို့ အမေတို့နှင့် ဖွဲ့စည်းခဲ့သော ငယ်ဘဝ မိသားစုဘဝကိုသတိရလာသည်။

“အမေနဲ့ညီမလေးနေကောင်းကြပါရဲ့လား၊ အမေကျန်းမာပါစေ၊ အမေအသက်ကြီးပြီ၊ အမေ့နားမှာ အဖေလည်းမရှိ၊ အမေ့သား ကျွန်တော်လည်းမရှိ၊ အမေအားငယ်ရှာရော့မည်၊ အမေ့ကိုသနားလိုက်ပါဘိ ညီမလေးကိုရော၊ ညီမလေးက ကျွန်တော်အိမ်ကထွက်လာစဉ်မှာ အပျိုဖော်ဝင်စကလေးသာသာအရွယ်၊ အခုဆို အပျိုကြီးဖားဖားဖြစ်နေပြီပဲပေါ့”

“အမေနဲ့ညီမလေးနေထိုင်ကောင်းကြရဲ့လား၊ အမေကအသက်ကြီးပြီ၊ အမေ့မှာ သွေးဆုံးရောဂါရှိတယ်လို့ အမေပြောခဲ့ဖူးတာပဲ၊ ဘုရား. . . ဘုရား အမေမသေပါနဲ့ဦး”

အမေ့ကိုသတိရလာလျှင်ကား ဘယ်လိုပုံပန်းသဏ္ဍာန်ဆိုတာတောင် မသိရသေးသော သမီးလား၊ သားလား မသိရသေးသော မိမိသားသမီး မိမိသွေးကို ဤ၍ဤမျှမေတ္တာကြီးမားခဲ့သော မိမိအဖြစ်ကို အမေ့မေတ္တာ အမေ့ကရုဏာတရားတွေနှင့် ချိန်စက်ကြည့်မိသည်။ အမေတို့ခေတ်မှာက မိန်းမတွေ ကိုယ့်အားကိုယ်ကိုးသောခေတ် မဟုတ်ဘူး ကောင်းစင်ခံ၊ လင်ကောင်းမှစံ ဆိုသောခေတ်မျိုးဖြစ်သည်။ အမေသည် အဖေ့ကိုပဲ အားကိုးခဲ့ရရှာသည်။

အခု အဖေက အမေ့နားမှာမရှိ၊ နှမကလေးသွယ်သွယ်က ထက်မြက်ပေမယ့် သင်းက နှလုံးသားအလိုလိုက်ပြီး အမေ့ကို ပစ်ထားခဲ့လေမလား။

“ညီမလေးကို စိတ်ချပါ၊ အမေ့နားမှာညီမလေး အမြဲတမ်း ရှိနေမှာပါ”

စကားကိုကား နှမလေးသွယ်သွယ် ပြန်ပြောခဲ့ဖူးပါသည်။

သည်မှာ အဖေ့ကိုသတိရလာပြန်သည်။ အဖေ ဘယ်အရပ် ဘယ်ဒေသတွေကို ရောက်နေပြီလဲ။ အဖေက အထက်ဘက်မှာ စည်းရုံးရေးအလုပ်တွေ လုပ်နေသည်ဟုဆိုသည်။ သူငယ်ချင်းရဲလှ တစ်ယောက်ကရော။

(BIA) တပ်ထဲကို တို့နှစ်ယောက်အတူဝင်ကြမယ်နော် ရဲလှ မကြာခဏပြောဖူးသောစကားဖြစ်သည်။ သို့သော်လည်း မိမိတို့ စိတ်ကူးဘဝနှင့် လက်တွေ့ဘဝများမှာ ကွဲပြားခြားနားလှပါသည်။ မှန်ပါသည်။ ခုတော့လည်း ကျွန်တော်သည် (BIA) တပ်ထဲရောက် လာခဲ့ပေမယ့် ဆရာသောင်းတို့လို၊ ဆရာကြီးငြိမ်းမောင်တို့လို၊ သူငယ်ချင်းရဲလှတို့လို ခင်မင်ရင်းနှီးပြီးသားလူတွေနှင့် ဝေးခဲ့ရသည်။ ခုလိုအချိန်မှာ ငါသာ ရွှေတောင်တိုက်ပွဲမှာကျဆုံးခဲ့လျှင် သူတို့တွေ ငါ့ကိုတွေ့ရတော့မည်မဟုတ်သလို အကယ်၍ သူတို့တွေလည်း အကြောင်းကြောင်းကြောင့် လူ့ဘဝမှာမရှိတော့ဟုဆိုလျှင် ကျွန်တော် အသက်ရှင်သန်နေသည့်တိုင် သူတို့နှင့်ပြန်လည်ဆုံတွေ့ ရတော့မည်မဟုတ်။

ကျွန်တော်အတွေးစများ မြစ်တစ်စင်းလို စီးမျောချင်တိုင်း စီးမျောနေစဉ်မှာပဲ ကျွန်တော်တို့ (BIA) တပ်သားရဲဘော်များ



တင်ဆောင်လာသော စစ်သုံးထရပ်ကားတန်းကြီးသည် မြောက်ဘက် အရပ်သို့မျက်နှာမူလျက် မောင်းနှင်လာကာ ပြည်မြို့သို့ရောက်ရှိ လာလေပြီ။ မဟာသင်္ကြန်အကြတ်နေ့မို့ မြို့သူမြို့သားတွေက ရေပက်ကစားနေကြသည်။ ကျွန်တော်တို့စစ်ကားတွေကို သင်္ကြန်ရေ ပက်ချင်ကြောင်း (BIA) တပ်က မြန်မာစစ်ဗိုလ်များက ဂျပန် စစ်ဗိုလ်များကို ပြောပြခွင့်တောင်းရာ ဂျပန်စစ်ဗိုလ်များက သင်္ကြန်ရေပက်လောင်းခွင့်ပြုပါသည်။

သို့နှင့် မြို့သူမြို့သားများက ကျွန်တော်တို့စစ်ကားတွေပေါ်သို့ ရေပုံးများ၊ ရေပြွတ်များဖြင့် ရေပက်လောင်းကစားရာ ကျွန်တော်တို့ (BIA) တပ်သားများက-

“ခွက်စုတ်ကလေးနဲ့ ပက်တာလောက်တော့ရယ်တာပေါ့ ရယ်တာပေါ့”

ဟု ပြန်လည်အော်ဟစ်နေသည်ကို ဂျပန်တပ်သားများ ကလည်း အားကျကာ “ဟေး. . ဟေး” ဟုအော်နေကြသည်။ သည်တော့မှ မြန်မာအမျိုးသား၊ အမျိုးသမီးများက ကျွန်တော်တို့ (BIA) တပ်သားများသာမက ဂျပန်တပ်သားများကိုပါ ရေပက် ကြလေတော့သည်။ ဂျပန်စစ်ဗိုလ်တစ်ဦးက

“ဂျပန်နိုင်ငံမှာ ဗွန်ပွဲတော်၊ နှစ်သစ်ကူးပွဲတော်နဲ့ တူလိုက်တာ”

ဟု ကျွန်တော့်ကို အင်္ဂလိပ်ဘာသာစကားဖြင့် ပြောပါသည်။ ဂျပန်တွေ ရက်စက်ကြမ်းကြုတ်ရန်ကောဟု ပြောကြပေမယ့် တပ်ထဲက ဂျပန်စစ်ဗိုလ်နှင့် တပ်သားတွေတော့ လက်ပွန်းတတီး အတူနေကြရသောကြောင့်လားမသိ။ ကျွန်တော်တို့နှင့် လိုက်လျော ညီထွေရှိကြပါသည်။ သူတို့မှာ ကျွန်တော်တို့ ဘဝင်မကျတာကတော့

အခြားမဟုတ်ပါ။ လူလူချင်း ပါးကိုမှ ရွေး၍ ရိုက်တတ်ခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာတွေအပေါ် မေတ္တာထားသော ဂျပန်များ မရှိမဟုတ် ရှိကြပါသည်။ ကျွန်တော် တွေ့ခဲ့ရဖူးပါသည်။ ဗိုလ်မှူးကြီး စူဇူကီးဆိုလျှင် ကျွန်တော်တို့ မြန်မာတွေဖက်မှာ ရပ်တည်ပေးခဲ့သည် မဟုတ်ပါလား။

"မြန်မာတွေကို လွတ်လပ်ရေးမပေးရင် ဂျပန်-မြန်မာစစ်ပွဲ ဖြစ်နိုင်သလား"

ဟု ဗိုလ်မှူးကြီးနာစုက မေးသောအခါ ဗိုလ်မှူးကြီး စူဇူကီးက-

"ဖြစ်နိုင်ပါတယ်၊ မြန်မာ့လွတ်လပ်ရေးဟာ စွဲမြဲခိုင်မာတဲ့ လှုပ်ရှားမှုဖြစ်တာမို့ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသင့်ပါတယ်"

ဟု ဖြေသည်။

ဗိုလ်မှူးကြီးနာစုက

"မဖြစ်နိုင်တာတွေချည်း ပြောနေတယ်. . . မင်းဟာ ဂျပန်မှ ဟုတ်သေးရဲ့လား၊ မြန်မာပြည်တိုက်ပွဲတွေမှာ ကျဆုံးခဲ့ရတဲ့ တို့ရဲဘော်တွေရဲ့ ဝိညာဉ်တွေကို မင်းအနေနဲ့ တောင်းပန်ဖို့လိုမယ် ဆိုတာ မတွေးမိဘူးလား"

ဟုပင် ဗိုလ်မှူးကြီး စူဇူကီးကို ပြောခဲ့ဖူးလေသည်။ ထို့ကြောင့် မြန်မာတွေအပေါ် တကယ်မေတ္တာစေတနာထားခဲ့သူ ဂျပန်လူမျိုး တစ်ဦးပင် မဟုတ်ပါလား။

ပြည်သို့ ရောက်လျှင်ကား ကျွန်တော်သည် မျှော်လင့်မထားသော သူငယ်ချင်း မအေးခင်နှင့် တွေ့ဆုံခဲ့ရလေသည်။ တောင်ငူမှာ အတူရှိခဲ့ကြစဉ်က စိန့်ဂျိုးဇက်ကွန်ဗင့်ကျောင်း အတူတက်ခဲ့ကြ



သော ကျောင်းနေဘက်သူငယ်ချင်းများ ဖြစ်သည်။ ခင်ဖုန်းဆွေနှင့် လည်း ကျောင်းနေဘက်သူငယ်ချင်းပင် ဖြစ်သည်။ မအေးခင်တို့ မိဘများက တောင်ငူသစ်ကုန်သည်များ ဖြစ်သည်။ ဆန်စက်လည်း ပိုင်သည်။ အထည်ဆိုင်လည်း ဖွင့်ထားသည်။ ကျွန်တော့်ဘဝတွင် မအေးခင်သည် ပထမဦးဆုံးသော ရင်ခုန်စေခဲ့သူဖြစ်ပါသည်။ ထို့ကြောင့်လည်း မအေးခင်အတွက် ပထမဦးဆုံးသော ချစ်ခွင့် တောင်းခံစာ တစ်စောင်ကို ကျွန်တော်ရေးခဲ့ခြင်း ဖြစ်သည်။ ထိုစာကို တည်းဖြတ်သူမှာ ရဲလှဖြစ်သည်။ ခင်ဖုန်းဆွေက ထိုစာ မအေးခင်လက်ထဲ ရောက်ရှိရေးတာဝန်ယူရသည်။ သည်တုန်းက ခင်ဖုန်းဆွေက စာပို့သမားပို့စ်မင်းကောင်း တစ်ယောက်ဖြစ်သည်။

အဖက်ဖက်က အဆင်ပြေနေပေမယ့် ကျွန်တော်နှင့် မအေးခင် မနီးစပ်ခဲ့။ အခြေအနေ မပေးခဲ့ပါ။ ပြည်မြို့သား သူ့အဖေရဲ့ အဖေ သူတို့အဘိုးကွယ်လွန်သောအခါ သူ့အဖေက အမွေထိန်းသားကြီး ဩရသဖြစ်သောကြောင့် တောင်ငူက စီးပွားရေးလုပ်ငန်းအားလုံးကို အပြတ်ရောင်းချပြီး ပြည်မြို့သို့ အပြီးအပိုင်ပြောင်းရွှေ့သွားခြင်းဖြစ်သည်။ မတွေ့ကြတာ ကြာပြီ ဖြစ်သည်။ ခုမှ ကျွန်တော်သည် မအေးခင်နှင့် ပြန်လည်ကြုံဆုံ ခဲ့ရခြင်းဖြစ်သည်။ ကြုံဆုံကြပုံကိုလည်း ကြည့်ပါဦး။

မအေးခင်က ရေပက်လောင်းသော မိန်းကလေးအုပ်စု တစ်စုမှာ လိုက်ပါလာခဲ့သည်။ ရေပက်လောင်းနေသော မိန်းကလေး အုပ်စုတစ်ခုထဲက မိန်းကလေးတစ်ယောက် ရေဆက်မပက်ဘဲ ရှေ့ဘက်ထွက်လာသည်ကိုသာ ကျွန်တော်သိသည်။ ဘယ်သူ၊ ဘယ်ဝါဆိုတာ ကျွန်တော် သတိမထားမိ။ အနီးရောက်လာတော့မှ ထိုမိန်းကလေးကို မအေးခင်မှန်း သိလာရသည်။

"ဟဲ့ . . . မိုးဝေ . . . ဘာကြောင်ကြည့်နေတာလဲ . . . အေးခင်ရယ်လေ"

မအေးခင်က ရုတ်တရက်မို့ တအံ့တသြဖြစ်နေသော ကျွန်တော့်ကို အပြစ်တင်လိုက်သည်။

"ငါက ကြောင်ကြည့်နေတာမဟုတ်ပါဘူး . . . အေးခင်ရယ် . . . နင်က ကြောင်ကလေးတစ်ကောင်မှ မဟုတ်တာ"

သည်တော့လည်း ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် ရယ်ပွဲ ဖွဲ့လိုက်ကြသည်။ ကျွန်တော်က စစ်ကားရပ်ထားသဖြင့် ကားပေါ်က ဆင်းလာပြီး သစ်ပင်တစ်ပင်အောက်မှာ ရပ်နေခိုက် မအေးခင်နှင့် တွေ့ခဲ့ရခြင်းပင် ဖြစ်သည်။

"နင် . . . တပ်ထဲ ရောက်တာ ကြာပြီလား"

"ကြာပြီရယ်လို့ ပြောလို့တော့ မရသေးဘူးပေါ့၊ BIA တပ်က ခုမှ တည်ထောင်တာ မဟုတ်လား"

"နင့်အဖေအမေနဲ့ ညီမလေးရော . . . တောင်ငူမှာပဲလား"

"အမေနဲ့ ညီမလေးက တောင်ငူမှာပဲ . . . အဖေက ရန်ကုန်က တို့ဗမာအစည်းအရုံးဝင် သခင်တစ်ယောက် ဖြစ်နေတယ်၊ ငါနဲ့ မတွေ့တာ ကြာပြီ . . . သြော် ပြောရဦးမယ်၊ ငါ ခင်ဖုန်းဆွေနဲ့ လက်ထပ်လိုက်ပြီ"

"အဲဒါ . . . ငါသိတယ် . . . ရဲလှ . . . ပြောလို့"

ရဲလှကို စကားစပ်လာလျှင်ကား ကျွန်တော် အံ့သြသွားရပြန်လေသည်။ မှန်ပါသည်။ ကျွန်တော်နှင့် ရဲလှ ကွဲကွာသွားပုံကလည်း ခပ်ဆန်းဆန်းမဟုတ်လား။

"ရဲလှနဲ့ နင်တွေ့တယ် ဟုတ်လား"



"နင် . . . အံ့သြသွားလား"

"အေးပေါ့ . . . ငါနဲ့ သူ တောင်ငူကထွက်လာတုန်းက အတူတူလာခဲ့ကြတာလေ . . . ခင်ဖုန်းဆွေရောပဲပေါ့"

"ရဲလှက အကုန်ပြောပြပါတယ် . . . သူကလည်း အထက်ဘက်ကို နိုင်ငံရေးကိစ္စနဲ့သွားရင်း ဒီမှာ နင်နဲ့တွေ့သလိုပဲ တွေ့ရတာ။ သူကတော့ နိုင်ငံရေးသမားပေါ့ . . . "

"မြန်မာ့လွတ်လပ်ရေးအတွက် လုပ်ကြတဲ့လူတွေချည်းပါပဲ။ အလုပ်ချင်းမတူပေမယ့် ရည်ရွယ်ချက်ကတော့ အတူတူပဲ"

"ပြောရဦးမယ် မိုးဝေ . . . အိမ်ထောင်ကျတာ နင်တစ်ယောက်တည်း မဟုတ်ပါဘူး . . . ငါရောပါ"

ကျွန်တော် အိမ်ထောင်ကျကြောင်း ပြောစဉ်က ရင်ထဲ မလှုပ်ရှားပေမယ့် အခု မအေးခင်က သူအိမ်ထောင်ကျနေပြီ ဖြစ်ကြောင်း ပြောပြလာသောအခါ ကျွန်တော့်ရင်မှာ သိသိသာသာ လှုပ်ရှားနေပါပကောလား။

"ဟုတ်လား"

ဟုသာ ကျွန်တော် ပြောနိုင်ပါတော့သည်။

မအေးခင်က ကျွန်တော့်ကြန္ဒြေပျက်သွားသည်ကို သတိပြုမိလိုက်ဟန်တူသည်။ သူ့စကားကို ဆက်ပါသည်။

"နင်တော့ မပြောတတ်ဘူး . . . ငါက အိမ်ထောင်ပြုကံမကောင်းပါဘူးဟာ . . . အိမ်ထောင်ပြုပြီးတစ်နှစ်မှာ ငါ့ယောကျ်ားကိုကံမြင့် သေသွားတယ်လေ"

"ဘာဖြစ်လို့ သေရတာလဲ"

"သူပုန်တွေ ဖမ်းသွားတာလေ . . . "

“သတ်လိုက်လို့လား”

“ထင်တာပဲလေ. . . သူတို့ဖမ်းသွားပြီး ကိုကံမြင့် ပြန်မှ မလာတော့တာ”

ခုတော့ မျက်လွှာကလေးချပြီး ညှိုးငယ်သွားသူမှာ မအေးခင်ပင် ဖြစ်ပါသည်။

“အခု နင်ဘယ်မှာနေလဲ”

“ဒီမှာပဲလေ. . . အရင်ကတော့ ငါ့ယောက်ျားရွာမှာ လိုက်နေတာပေါ့. . . သူမရှိတော့ အမေတို့အိမ်ကိုပဲ ပြန်လာနေရတယ်လေ. . .”

“သားသမီး ရှိပြီလား. . .”

“မရှိဘူး. . . နင်ရော. . .”

“မပြောတတ်ဘူး”

“ဘာပြောတယ်. . . အူကြောင်ကြောင်နဲ့”

ကျွန်တော်တို့တွေ စကားကောင်းနေတုန်း ကလေးသုံးယောက် ရေလာလောင်းကြသည်။ ရေလောင်းလိုက်ရသဖြင့် “ဟေး” ဟု ပျော်ရွှင်စွာ အော်ဟစ်၍ ပြန်ပြေးသွားကြလေသည်။ ကျွန်တော်ရော မအေးခင်ပါ ရေစိုရွှဲ၍သွား၏။ မအေးခင်က သူ့စကားကို မကျေနပ်၍ ပြန်ဆက်သည်။

“ဟဲ့. . . မိုးဝေ. . . မပြောတတ်ဘူးဆိုတာက ဘာစကားလဲ . . . ရှင်းစမ်းပါဦး”

သည်တော့ ကျွန်တော်က ခင်ဖုန်းဆွေမှာ ကိုယ်ဝန်နှင့် ကျန်ခဲ့သည့်အကြောင်း ရှင်းပြလိုက်ရလေသည်။



“ဒါဆို. . . ခင်ဖုန်း မွေးလောက်ပြီပေါ့. . . ယောက်ျားလေးလား. . . မိန်းကလေးလား. . . နင်. . . သိချင်မှာပေါ့”

“ဘယ့်နှယ် ပြောပါလိမ့်ဟာ”

သည်နေ့က ကျွန်တော်တို့နှစ်ယောက် တစ်ခဏသာ စကားပြောဖြစ်ပါသည်။ ကျွန်တော်တို့တပ် ဆက်လက်ခရီးထွက်လာရလေသည်။ ကားပေါ် ပြန်ရောက်သောအခါ ကျွန်တော်သည် မအေးခင်နှင့် တွေ့ခဲ့ရသောအဖြစ်ကို အိပ်မက် မက်လိုက်မိလေသလားဟုပင် အတွေးရောက်မိလေသည်။

အမှန်တော့ ကျွန်တော်သည် မအေးခင်ကို အရင်က စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် မအေးခင်ကို ချစ်နေမိသည့်အကြောင်း စာရေးပေးခဲ့သည်။ ခင်ဖုန်းဆွေက တစ်ဆင့် မအေးခင်ကို ပေးခဲ့ခြင်းဖြစ်သည်။ သည်တုန်းက ခင်ဖုန်းဆွေက ကျွန်တော်ကို. . .

“သူ. . . နင့်ကို ချစ်မှာပါ. . . မိန်းကလေးဆိုတော့ မူရသေးတာပေါ့”

ဟု ပြောခဲ့သည်။ မအေးခင် အမူလွန်သွားလေသလားမသိ။ မအေးခင်တို့ ပြည်ကိုသာ ပြောင်းသွားသည်၊ ကျွန်တော့်ကို ဘယ်လိုစာမျိုးမှ ပြန်မပေးခဲ့ပါ။ ခင်ဖုန်းဆွေက ကျွန်တော့်ကို တကယ်ချစ်နေမှန်း သိရပြန်တော့ ဘယ်သူ့ကို ချစ်ရမည်ဆိုတာ နားလည်လိုက်ရပါတော့သည်။

တစ်ယောက်ရင်ထဲကအကြောင်း တစ်ယောက် သိနေပါလျက် သိနေသောအကြောင်း ရင်ထဲမှာပဲ သိုဝှက်ထားရသည်မှာ မောတော့ အမောသားပါပေ။

❒❒❒

## အခန်း (၁၆)

ဤအချိန်အတောအတွင်း ဗိုလ်ရန်နိုင် ကွပ်ကဲသောတပ်က တပ်သား ၄၀၀ ကျော်နှင့် စစ်တွေသို့ ချီတက်သွားလေသည်။ ဗိုလ်တစ်စု ကားနှင့် တပ်ကြပ်ကြီးနာဂါမီတို့နှင့် အကြံပေးအရာရှိများအဖြစ် လိုက်ပါသွားကြသည်။ တိုင်းပြည်အဝှမ်း ငြိမ်ဝပ်ပိပြားရေးအတွက် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်လည်း တပ်ထဲအတူဝင်ခဲ့သူများနှင့် ကွဲကွာခဲ့ရပါသည်။ ပြီးတော့ တပ်မကြီးနှင့်အတူ ရေနံချောင်းသို့ ချီတက်ခဲ့ရလေသည်။ ရေနံချောင်းအနီးသို့ ရောက်ကာမှ အင်္ဂလိပ်တပ်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ရသည်။ ဤနေရာ ပထဝီအနေအထားမှာ တောင်ကုန်းဆင်ခြေလျှောတွေ များသည်။ အင်္ဂလိပ်တပ်က တောင်ကုန်းပေါ်မှာ နေရာယူထားပြီးဖြစ်၍ ကျွန်တော်တို့မှာ တိုက်ပွဲစပါပြီဆိုကတည်းက အောက်ဘက်သတ်ကွင်းတွေမှာ ရောက်ရှိနေသည်။

အင်္ဂလိပ်တပ်က အမြောက်နှင့် ပစ်သည်။ စိန်ပြောင်းများနှင့် ပစ်၏။ ကျွန်တော်တို့နားမှာ တအုန်းအုန်း တဒိုင်းဒိုင်းဖြစ်နေသည်။ ကျည်စတွေ မထိမှန်စေရန်မြေမှာ ပြားပြားဝပ်ရသည်။ BIA တပ်ရှေ့တွင် ဂျပန်တပ် အမြဲရှိနေခဲ့သော်လည်း ရေနံချောင်းအနီး ဤတိုက်ပွဲတွင်ကား BIA တပ်က ဂျပန်တပ်အရှေ့မှာ ရောက်နေသည်။





သို့နှင့် BIA တပ်သည် ရေနံချောင်းကို ဝင်ဖို့မကြိုးစားတော့ဘဲ ထိုနေရာမှ ဆုတ်ခွာလာခဲ့ကြပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းသို့ ကူးခဲ့ကြသည်။ အနောက်ဘက်ကမ်းတစ်လျှောက် မန္တလေးသို့ ဆက်လက်ချီတက်လာသည်။ သို့မှသာလျှင် အိန္ဒိယပြည်ဘက် ဆုတ်ခွာလာသော အင်္ဂလိပ်တပ်တွေကို ကြို၍တိုက်ခိုက်နိုင်မည် ဖြစ်ပါသည်။ ရေနံချောင်းသည် ရေနံနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ အလွန်အချက်အချာကျသော မြို့ကြီးတစ်မြို့ ဖြစ်ပါသည်။ ရေနံချောင်းသာကျရှုံးခဲ့လျှင် ဆုံးရှုံးနစ်နာမှုတွေက နည်းမည်မဟုတ်။

မှန်ပါသည်။ ရေနံချောင်း၌ အလွန်တန်ကြေးရှိသော ရေနံတွင်းများ ရှိသည်။ ရေနံတွင်းတွေ ပျက်စီးကုန်မည်ဆိုလျှင် ထွက်နေသောရေနံများပင် ခန်း၍သွားနိုင်သည်။ သည်တော့ အနာဂတ်အတွက်ပါမကောင်း။ ကျွန်တော်တို့ ရေနံချောင်းသို့ ရောက်လျှင်ကား အင်္ဂလိပ်စစ်သားအလောင်းများကို တွေ့ရလေသည်။ သေသည်မှာ ကြာသေးဟန်မတူ။ အလောင်းများ အပုပ်နံ့ မထွက်သေးပါ။ သို့သော် အလောင်းများပေါ်တွင် ပုရွက်ဆိတ်တွေ ရွရွတက်နေကြလေပြီ။ ရေနံချောင်းကို ကျွန်တော်တို့ မကယ်တင်နိုင်ခဲ့ပါ။ အင်္ဂလိပ်တပ်က မြို့ကို မြေလှန်ဖျက်ဆီးသွားပြီးကာမှ ကျွန်တော်တို့ ရောက်ရှိခဲ့ရခြင်းပင်။ ထိုအင်္ဂလိပ်တပ်သည် ဧရာဝတီအနောက်ဘက်ကမ်းကို ဖြတ်ပြီး အိန္ဒိယပြည်သို့ ဦးတည်ထွက်ခွာသွားကြပြီဖြစ်သည်။ တစ်ယောက်တလေမျှကိုပင် မတွေ့ရတော့ပါ။

အနောက်ဘက်ကမ်းဒေသဝန်းကျင် သဘာဝပထဝီအနေအထားက မကောင်းပါ။ အထူးသဖြင့် လမ်းပန်းဆက်သွယ်မှု မကောင်း။ မိုးတွင်းဆိုလျှင် ရွံ့တွေ ဗွက်ထနေပြီး ခုလို နွေဘက်

ဆိုလျှင်ကား ဖုန်မှုန့်တွေက ပေါင်ဒါမှုန့်ထက် မှုန့်သည်။ မိုးတွင်း၌လည်း သွားရတာမလွယ်။ နွေဘက်၌လည်း သွားရတာခက်သည်။ ကျွန်တော်တို့မှာ ဒေသခံကျေးရွာများက ရှိသမျှနွားလှည်းတွေကို လိုက်လံငှားရသည်။ ဒေသခံကျေးရွာမှ ရွာသားများက အခကြေးငွေမယူဘဲ လိုက်ပို့ကြသည်။ ရောက်ရာကျေးရွာများက ကျွန်တော်တို့တပ်များကို ဂျပန်တပ်များနှင့်အတူ မြင်ရ၍ အားတက်သရော ကြိုဆိုကြလေသည်။

ကျွန်တော်တို့တပ်များ ချီတက်ရာလမ်းတွင် ငှက်ပျောသီး၊ ကောက်ညှင်းထုပ်စသော စားစရာများနှင့် သောက်ရေအိုးများကို စားပွဲများပေါ်တင်၍ထားသည်။ မောပန်းနေသော ကျွန်တော်တို့မှာ ဘယ်သူ့ကိုမျှ မရှက်နိုင်ဘဲ စားစရာတွေ့လျှင် စားသည်။ သောက်စရာတွေ့လျှင် သောက်ကြသည်။

“ရေသိပ်မသောက်နဲ့”

အတွေ့အကြုံရှိသူများက ရေများများ မသောက်ဖို့ သတိပေးသည်။ သို့သော်လည်း မနေနိုင်ပါ။ ဝမ်းက ဆာသည်။ ရေကျတော့ ငတ်သည်။ ဗိုလ်မှူးကြီးစူဇူကီးကို တွေ့ဖူးလိုက်ရပါသေးသည်။ သူသည် ကျွန်တော်တို့တပ်မနှင့်အတူ လိုက်ပါလာပါသေးသည်။ နောက် သူက ကျွန်တော်တို့တပ်မနောက် ဆက်မလိုက်တော့ပါ။ လိုအပ်သည်တို့ကို ကျွန်တော်တို့ တပ်မမှူးများအား ခေါ်တွေ့ပြီး ဆက်လက်လုပ်ရဦးမည့်အချက်များကို ပြောဆိုပြီးလျှင် ရန်ကုန်သို့ ပြန်လှည့်သွားလေသည်။

ကျွန်တော်တို့တပ်မကြီးသည် တစ်နေ့တခြား တပ်သားအင်အားတွေ တိုးပွား၍လာပါသည်။ BIA တပ်သားများမှာ



အင်အားတိုးပွားလာသောကြောင့် အားတက်၍လာသည်။ မြန်မာတွေမှာ အမျိုးသားရေးစိတ်ဓာတ် လူတိုင်းမှာရှိနေကြောင်း သိလိုက်ရလေသည်။ ကျွန်တော်တို့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းအတိုင်း မြောက်ဘက်သို့ ချီတက်ခဲ့သည်။ ဘယ်နေရာမှစခန်းမချ။ ဖြတ်ကျော်လာခဲ့သောကျေးရွာကလေးများမှာ မနည်းလှပေ။ ကျေးရွာကလေးတွေက အိမ်ခြေအလွန်နည်းသည်။ အိမ်ခြေ ၁၀၀-၁၅၀ လောက်ပဲရှိသည်။ အဝေးကကြည့်လျှင် တောအုပ်ကလေးများနှင့် တူသည်။

လေးအိမ်စု၊ ခုနစ်အိမ်စုတို့ကိုလည်း တွေ့ရသည်။ သူတို့တွေလည်း စစ်မီးဒဏ်ကို တိုက်ရိုက်မခံရပေမယ့် သွယ်ဝိုက်သောနည်းဖြင့် ခံကြရသည်ဟု ဆိုနိုင်သည်။ သူတို့၏ ယာထွက်ကိုင်းထွက်ပစ္စည်းများ မြို့တက်ရောင်းနေကျအလုပ်များ ရပ်ဆိုင်းသွားသောကြောင့်ပါပေ။ သို့သော်လည်း သူတို့အတွက် ဆန်ရှိသည်။ ပဲရှိသည်။ ဆီရှိသည်။ ငါးပိရှိသည်။ မြို့ကလူတွေလောက် စိုးရိမ်စရာမလို၊ အစားကောင်း မစားရပေမယ့် ငစိန်ဆန်ကို မှန်မှန်စားနေရသည်။ စစ်ရှောင်လာကြသော မြို့ကလူတွေကိုပင် ခေါ်ကြွေးနိုင်ပါသေးသည်။

ကျေးရွာတစ်ရွာတွင် ကျွန်တော်တို့တပ်တွေ စခန်းချလျှင် ရွာသူကြီးက ကျွန်တော်တို့ကို မငြိုငြင်စေရ။ BIA မြန်မာတပ်ပါလာသည့်အတွက် ကျေးရွာသားများ၏စေတနာက ပိုခဲ့ပါသေးသည်။ ကျွန်တော်တို့ မြန်မာတစ်မျိုးသားလုံးက သခင်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်အမြုတေဖြင့် ဖွဲ့စည်းသော ဗမာ့လွတ်လပ်ရေး BIA တပ်ကြီး၏ကျေးဇူးကို သိရှိနားလည်နေသော

ကြောင့်ပါပေ။ ကျွန်တော်တို့သည် အင်္ဂလိပ်များလက်အောက်တွင် နှစ် ၁၀၀ ကျော် ကျွန်ဘဝဖြင့် အနင်းခံ၊ အဖိနှိပ်ခံ နလပိန်းတုံးဘဝမှ လွတ်မြောက်ရေးလမ်းစကို တွေ့မြင်နေရပြီ မဟုတ်ပါလား။

ပခုက္ကူရောက်လျှင် ကြွင်းကျန်နေသော အင်္ဂလိပ်တပ်ဖွဲ့တစ်စုက ကျွန်တော်တို့ကို အလစ်ဝင်တိုက်သည်။ ရုတ်တရက် အလစ်ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ကျွန်တော်တို့ရဲဘော်နှစ်ဦး ထိမှန်သွားပါသည်။ ဒေါသစိတ်က ထောင်းခနဲဖြစ်လာသည်။

"ကဲ. . . လာ. . . တို့သုံးယောက် တက်မယ်. . . မင်းတို့ကာပေးထား"

ဟု ကျွန်တော်ပြောလိုက်လျှင် ပြောလိုက်ချင်း ရဲဘော်နှစ်ယောက် ထရမည်ဖြစ်ပါလျက် လေးယောက် ထလာသည်။ သူတို့သတ္တိ သူတို့စွန့်စားမှုတို့ကို ကျွန်တော် မငြင်းပယ်တော့။ ကာပစ်ပေးမည့်ရဲဘော်များက ကျွန်တော်တို့ကို လက်ရိပ်ပြလိုက်ပြီး ရိုင်ဖယ်တွေ၊ စက်သေနတ်တွေ၊ စိန်ပြောင်းတွေကို တရစပ် ပစ်သွင်းပါလေတော့သည်။ ထိုအချိန်၌ ကျွန်တော်တို့ရဲဘော်ငါးယောက်သည် တစ်ယောက်တစ်နေရာဖြန့်ကာ အင်္ဂလိပ်တပ် အနီးသို့ ရိုင်ဖယ်များ ချိန်ရွယ်လျက် ပြေးဝင်လာခဲ့သည်။ အင်္ဂလိပ်တပ်ဘက်မှ သေနတ်သံတစ်ချက်မထွက်ခင် ကျွန်တော်တို့ အင်္ဂလိပ်တပ်ရှေ့ ကိုက် ၁၀၀ လောက် အကွာအဝေးသို့ ရောက်သွားသည်။ အကာအကွယ်ယူစရာသစ်ပင်များ ရှိသည်။ ထိုသစ်ပင်များကြားမှ ကိုယ်ဖျောက်ကာ အင်္ဂလိပ်တပ် လက်တစ်ကမ်းရောက်သည်အထိ သွားပြီး ကျွန်တော်က အစပြု၍ လက်ပစ်ဗုံးတစ်လုံးစီ အင်္ဂလိပ်ကတုတ်ကျင်းပေါ်သို့ ပစ်သွင်းလိုက်လေသည်။ ကျွန်တော်တို့



ရဲဘော်ငါးယောက် ပစ်သွင်းလိုက်သော လက်ပစ်ဗုံးငါးလုံးက အင်္ဂလိပ်တပ်သားများပေါ် ကျသွားသည်ထင်သည်။ အသံနက်များဖြင့် အော်ဟစ်ငြီးတွားသည့်အသံများကို ကျွန်တော်တို့ ပြန်ကြားရလေသည်။

အင်္ဂလိပ်တပ် ချက်ချင်းပင် လက်ရှိအင်အား ကျိုးပေါက်ပျက်စီးသွားမှန်းသိလိုက်ပြန်ရာ ကျွန်တော်တို့သည် တုံ့ဆိုင်းခြင်းမရှိ၊ သတ္တိရှိရှိနှင့် သူပစ်ကိုယ်ပစ် ပစ်၍ဝင်သွားလေရကား အင်္ဂလိပ်တပ်သားများက ကျွန်တော်တို့ကို ရင်မဆိုင်။ ခံပစ် ပစ်ရင်း ဆုတ်ခွာ၍သွား၏။ ဆုတ်ခွာ၍သာသွားသည်။ ထိုအင်္ဂလိပ်တပ်သား အင်အားမှာ ၂၀၀ ကျော်လောက်ရှိသည်။ သူတို့သည် ကျွန်တော်တို့ကို ဆက်၍တိုက်မည်ဆိုလျှင် တိုက်နိုင်ပါသည်။ သို့သော် ဆုတ်ခွာ၍ သွားလေသည်။ ဤသို့ဖြစ်လာရသည်မှာ အခြားကြောင့် မဟုတ်ပါ။ ယခုအခါ အင်္ဂလိပ်တပ်များအားလုံး ဂျပန်စစ်အင်အား နှင့် မြန်မာ့မြေပေါ်တွင် အမျိုးသားတပ်မတော်အသွင်ကိုဆောင် သော ဗမာ့လွတ်လပ်ရေး BIA တပ်ကလည်း ပါဝင်တိုက်ပွဲဝင်နေသည်ကို သိထားသဖြင့် သူတို့အားလုံး စိတ်ဓာတ်ကျဆင်းနေသောကြောင့်ပင်။ အင်္ဂလိပ်တပ်မှ အိန္ဒိယနိုင်ငံသားများကလည်း ကြေးစားတပ်သားများဖြစ်သည်။

BIA တပ်သားများက လူငယ်တွေ၊ အာရှလူငယ်အစည်းအရုံးဝင်တွေ၊ တို့ဗမာအစည်းအရုံးဝင် မြေအောက်တော်လှန်ရေးသမားတွေ၊ သခင်တွေ၊ ကျောင်းသားတွေ၊ လူပြိန်တော်တွေ၊ တောင်သူလယ်သမားတွေ၊ ကျောင်းဆရာတွေ၊ နောက် ပြည်ထောင်စုသားချင်းတွေ အမိနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြသူများ

ဖြစ်သည်။ တိုက်ပွဲများတွင် ကျွန်တော်တို့တွေ အသက်သွေး ပေးဆပ်ခဲ့ရခြင်းများကား မလွဲမသွေ ရှိခဲ့ရပါသည်။ ဒါက ဂုဏ်ယူစရာဖြစ်သည်။ မိမိနိုင်ငံနှင့် လူမျိုးအတွက် ပေးဆပ်ခဲ့ခြင်း မဟုတ်ပါလား။

ပခုက္ကူမြို့အနောက်ဘက်မှာ ပေါက်မြို့ရှိသည်။ ပေါက်မြို့ ရောက်လျှင် ခိုအောင်းနေသော အင်္ဂလိပ်တပ်တစ်တပ်နှင့် ကျွန်တော်တို့တပ် ပက်ပင်းတိုးပြန်ပါ၏။ အင်္ဂလိပ်တပ်က ပခုက္ကူမှာ တိုက်ခဲ့ရသော အင်္ဂလိပ်တပ်ထက် တပ်သားအင်အား ပိုများသည်။ ၅၀၀ ကျော်လိမ့်မည် ထင်သည်။ တပ်သားအင်အားများလျှင် လက်နက်အင်အားကလည်း နည်းမည်မဟုတ်။ သို့သော်လည်း အင်္ဂလိပ်တပ်က စိတ်ဓာတ်ကျနေသောတပ်ဖြစ်သည်။ BIA တပ်က တက်ကြွနေသော တပ်ဖြစ်သည်။ ဂျပန်တပ်ကလည်း နေမျိုးနွယ် အသိစိတ်နှင့် အောင်ပွဲအလီလီ ရရှိနေသောတပ် ဖြစ်သည်။

အင်္ဂလိပ်တပ်သည် တပ်သားအင်အား ၅၀၀ ကျော် ရှိသော်လည်း ကျွန်တော်တို့ကို ထိုးစစ်အနေနှင့် မတိုက်ကြဘဲ ဆုတ်ခွာ၍သာ သွားသည်။ ကျွန်တော်တို့စစ်ကြောင်းသည် ဆုတ်ခွာသွားသော အင်္ဂလိပ်တပ်နောက်ကိုလိုက်၍ မတိုက်ခိုက်ပါ။ မန္တလေးဘက်ကိုသာ ဆက်လက်ချီတက်၍လာခဲ့သည်။ ယင်းမာပင်သို့ ရောက်ရှိလျှင်ကား ပြဿနာတစ်ရပ်နှင့် ကြုံရလေသည်။ ဂျပန်တပ်မှာရော BIA တပ်မှာပါ ဝမ်းရောဂါ ဖြစ်ကြရသည်။ သည်အချိန်က မြန်မာပြည်တွင် ကမ္ဘာ့ကပ်ရောဂါများဖြစ်သော ပလိပ်ရောဂါ၊ ကျောက်ကြီးရောဂါ၊ ကာလသားဝမ်းရောဂါနှင့် ငှက်ဖျားရောဂါများ ကျရောက်လျှင် လူတွေ အများအပြားသေဆုံး



ကြရသည်။ အချို့ဆေးကုသမှုနှင့် ဝေးလံသောဒေသများတွင် လူတွေအစုလိုက်၊ အပြုံလိုက် သေကျေပျက်စီးကြရသည်။ ကပ်ရောဂါကာကွယ်ဆေး ထိုးပေးသည်။ ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်ကလေးများ ကိုင်ဆောင်ထားကြရသည်။ ငှက်ဖျားရောဂါကာကွယ်ဆေးကိုကား တပ်သူနာပြုဌာနတွင် တစ်ကိုယ်တာ ထုတ်ယူထားရသည်။

ယခုလည်း ကျွန်တော်တို့မှာ ဂျပန်တပ်က ပံ့ပိုးရရှိထားသော ဝမ်းရောဂါကာကွယ်ရေးဆေးပြားများ ပါရှိ၍ အချိန်မီ ဆေးတိုက်ကျွေးနိုင်ခဲ့လေသည်။ ဆေးတိုက်ကျွေးနေသည်ကြားထဲကပဲ ဝမ်းရောဂါနှင့် သေဆုံးသွားကြသူများရှိသည်။ ဒါကတော့ သူတို့ကံ အကြောင်းတရားပင်။ ဘာတတ်နိုင်မှာနည်း။ ကျွန်တော်နှင့် အတူရှိနေသော ရဲဘော်အေးထွန်းနှင့် ကျွန်တော်တို့လည်း ရေပြောင်းရေလွှဲကြောင့်များလားမသိ။ ဝမ်းပျက် ဝမ်းလျှောဖြစ်သဖြင့် ကျွန်တော်တို့မှာ ဂျပန်စစ်ဗိုလ်များ မသိခင် အမြန်ဆုံး ပျောက်စေရန် ဝမ်းပိတ်ဆေးပြားများကို အမြန်သောက်ခဲ့ရလေသည်။ သူနာပြုတပ်ဖွဲ့ကိုတော့ အသိမပေး၍ မဖြစ်။ အသိပေးထားရသည်။ သူတို့သိထားလည်း သူတို့က အကျယ်မချဲ့၊ ဂျပန်စစ်ဗိုလ်တွေကတော့ အကျယ်ချဲ့လွန်းသည်။

ရဲဘော်အေးထွန်းက

“တိုက်ရင်း ခိုက်ရင်း ကျဆုံးရမှာကို ကျွန်တော်ဝမ်းမနည်းပါဘူး၊ ဝမ်းရောဂါနဲ့သေရမှာကိုတော့ ကျွန်တော် ဝမ်းနည်းတယ်ဗျာ”

ဟု ပြောသည်။

"ဒီမှာ အေးထွန်း. . . စိတ်ကိုတင်းထား. . . ဘာမှမဖြစ်ဘူး လို့ပဲ မှတ်ထား. . . ဘာမှမဖြစ်ဘူး၊ အဲဒါ ငါ့ကိုအဖေပေးလိုက်တဲ့ နည်းပဲ"

"ဟုတ်ရဲ့လားဗျာ. . ."

"သိပ်ဟုတ်တာပေါ့. . . မင်းကသာ အခု တို့သောက်ထားတဲ့ ဆေးကို တန်ဖိုးထားလိုက်. . . ရောဂါ ချက်ချင်းပျောက်တယ်. . . မယုံမရှိနဲ့"

"ကဲ. . . ကိုမိုးဝေပြောသလို လုပ်မယ်ဗျာ"

"လုပ်ပါဆိုနေမှ. . . နောက် အမေပြောတာရှိသေးတယ်. . . အမေပြောတာက ဆေးသောက်ရင် ဘုရားဆေး၊ တရားဆေး၊ သံဃာ့ဆေးလို့ တိုင်တည်ပြီး သောက်ရတယ်တဲ့"

"အဲဒါကိုတော့ ကျွန်တော့်အမေလည်း ပြောဖူးတယ်"

ကျွန်တော်တို့ယုံကြည်ထားသော စိတ်ဓာတ်ကြောင့်ပဲ ထင်ပါသည်။ နောက်နေ့၌ ကျွန်တော်တို့ ဝမ်းရပ်သွား၍သာ တော်၏။ ဝမ်းမရပ်လျှင် ယင်းမာပင်၌ တိုက်ရသော အင်္ဂလိပ်-ဂျပန်တိုက်ပွဲတွင် ကျွန်တော်တို့ ဝင်တိုက်ခိုက်နိုင်မည်မဟုတ်။ ခုတော့ ယင်းမာပင် အင်္ဂလိပ်-ဂျပန်တိုက်ပွဲ၌ ကျွန်တော်နှင့် ရဲဘော် အေးထွန်း နောက်တန်းမှာ ချန်မနေခဲ့ရ။ ရှေ့တန်းမှာ ဂျပန်တပ်သားများနှင့်အတူ လိုက်ခဲ့ရလေသည်။

ယင်းမာပင်တိုက်ပွဲ၌လည်း ကျွန်တော်တို့ကပဲ အင်္ဂလိပ်တပ်ကို ဆုတ်ခွာထွက်ပြေးကြရသည့်အခြေအနေအထိ အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည်။ ယင်းမာပင်မြို့ စာသင်ကျောင်းရှေ့တွင် ဂျပန်နိုင်ငံတော်အလံနှင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်အလံကို



လွှင့်ထူလိုက်သည်။ ယင်းမာပင်မှာ တိုက်ပွဲဖြစ်ပြီးလျှင် ပြီးချင်း ကျွန်တော်တို့တပ်များသည် အလုံသို့ ဆက်လက်ချီတက်လာကြသည်။ အလုံမှာလည်း ကျွန်တော်တို့သည် အင်္ဂလိပ်တို့၏ လက်ကျန်တပ်ကလေးကို တိုက်ခိုက်ရာ၌ ကျွန်တော်တို့တပ်ကပဲ အနိုင်တိုက်ခိုက်နိုင်ခဲ့ပါသည်။

ဤအချိန်၌ ဗိုလ်ကြီးကာဝါရှိမသည် သခင်အောင်ဆန်းနှင့် တိုင်ပင်ပြီး မန္တလေးမှ ဆုတ်ခွာလာသော အင်္ဂလိပ်တပ်များကို ဆီးကြိုတိုက်ခိုက်ရန် အစီအစဉ်ချထားခဲ့သည်။ သို့နှင့် ကျွန်တော်တို့တပ်သည် ဂျပန်တပ်မနှင့်အတူ အနောက်ရိုးမတောင်ကုန်း တစ်ခုသို့ ရောက်ရှိလာပါသည်။ ထိုတောင်ကုန်း၌ အင်္ဂလိပ်တပ် တစ်တပ် စခန်းချတပ်စွဲလျက်ရှိပါသည်။ ထိုတောင်ကုန်းသို့ ကျွန်တော်ရောက်ရှိလျှင်ကား ထိုတောင်ကုန်း၏အနေအထားကို သိလာရလေသည်။ သူတို့ စခန်းချတပ်စွဲမည်ဆိုကတည်းက ရန်သူ လာတိုက်လျှင် အလွယ်တကူသိရှိရမည်ဖြစ်ပြီး ထိုရန်သူတိုက်ခိုက်ရာ၌လည်း အပေါ်စီးက တိုက်ခိုက်နိုင်မည့်နေရာ ဖြစ်သည်။

သည်တော့ ကျွန်တော်တို့မှာ လောလောဆယ်အနိမ့်ပိုင်း သေကွင်း သတ်ကွင်းမှာ ရောက်ရှိနေသည်။ တိုက်ပွဲအတွေ့အကြုံ ရှိမှသာ အသက်ဘေးက ကင်းလွတ်နိုင်မည်ဖြစ်သည်။

"ရဲဘော်တို့. . . ဒီတိုက်ပွဲမှာ ငါတို့က အနိမ့်ပိုင်းမှာနေပြီး တိုက်ရမှာ. . . ဒဏ်ရာရနိုင်တယ်၊ သေနိုင်တယ်၊ ဒါကို မှုစရာမလို ဘူး၊ ဒီတိုက်ပွဲကို ငါတို့ အနိုင်ရမယ်လို့ ယုံကြည်ထားပါ"

ဟု ဗိုလ်ကြီးကာဝါရှိမက ပြောလေသည်။ ထို့နောက် မြေပုံ ချပြီး ကျွန်တော်တို့ ဘယ်လိုစစ်ပရိယာယ်သုံးပြီး သည်တောင်ကုန်း

ကို အနိုင်တိုက်ရမည်ဖြစ်ကြောင်း။ တိုက်ပွဲကို မနက်အရုဏ်တက်မှာ စတိုက်မည်ဖြစ်ကြောင်း တောင်ကုန်းရှေ့မှ ဘယ်တောင်ပံတွင် ဂျပန်တပ်၊ ညာတောင်ပံတွင် BIA မြန်မာတပ် အသီးသီးက အင်္ဂလိပ်တပ်ကို ဖိအားပေး၍ တိုက်ခိုက်နေရမည်ဖြစ်ကြောင်း။ ထိုအချိန်တွင် ဂျပန်တပ်စု နှစ်စုက တောင်ကုန်းကို အနောက်ဘက်က လှျပ်တပြက် ထိုးဖောက်ဝင်ရောက်တိုက်ခိုက်မည်ဖြစ်ကြောင်း အသေးစိတ်အမိန့်ပေးလေသည်။

အရုဏ်တက်အချိန်မှ စတင်တိုက်မည်ဖြစ်သော်လည်း ကျွန်တော်တို့အားလုံး ည (၁၁) နာရီကတည်းက စစ်ဆင်ရေး အလုပ်တွေ စတင်သည်။ တောင်ကုန်းအနောက်ဘက်မှ ထိုးဖောက်ဝင်ရောက်တိုက်မည့် ဂျပန်တပ်သည် ဘယ်အချိန်ကတည်းက စစ်ဆင်ရေးကို စတင်သည်မသိ။ အရုဏ်တက်ဟုဆိုသော်လည်း နံနက် သုံးနာရီ ဝေလီဝေလင်းအချိန်ကို သတ်မှတ်ထားသည်။ နံနက် သုံးနာရီထိုးသည်နှင့် ကျွန်တော်တို့တပ်များသည် တောင်ကုန်းရှေ့မျက်နှာစာမှာ နေရာအနှံ့ ဖြန့်ကြက်လျက် စတင်တိုက်ခိုက်၏။ ကျွန်တော်တို့ဘက်က စတင်ပစ်ကြလျှင်ကား တောင်ကုန်းပေါ်တွင် တပ်စွဲထားသော အင်္ဂလိပ်တပ်ကလည်း တဝုန်းဝုန်း တဒိုင်းဒိုင်း ပစ်ခတ်လာပါလေတော့၏။

ရိုင်ဖယ်သံ၊ စက်သေနတ်သံ၊ စိန်ပြောင်းသံ စသော စစ်လက်နက်ပစ္စည်းပေါက်ကွဲသံတွေက နှစ်ဖက်စလုံးက ပေါ်ထွက်၍ လာလေရာ တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်မှာ ဆူညံသံတွေ လွှမ်းမိုး၍သွားပါလေတော့၏။ ကျွန်တော်သည် မိမိ ထိုးဖောက်တိုက်ခိုက်ရသည့် သွားရာလမ်းကြောင်းမှာ သေကွင်း



သတ်ကွင်း၌ ကျရောက်နေမှန်းသိသည်။ သို့သော်လည်း ကျွန်တော်သည် စစ်သည်တစ်ယောက်ဖြစ်နေပြီ။ အထက်အရာရှိ၏အမိန့်ကို နာခံရပေလိမ့်မည်။ အသက်သေမှာ ကြောက်နေ၍ မဖြစ်ပေ။ ကျွန်တော့်အပေါ်မှာ ရှေ့မှာ နောက်မှာ ပြီးတော့ ဘေးမှာ ကျည်တွေ တရှိုးရှိုး ဝဲပျံ၍နေသည်။ သို့နှင့် သွားရာလမ်းကြောင်းတွင်ရှိနေသော သစ်မြစ်ဆုံတစ်ခုကို တွေ့ရသည်နှင့် ပြေးကပ်ကာ အကာကွယ်ယူလိုက်သည်။ အပေါ်က ကတုတ်ကျင်းဆီသို့ ရိုင်ဖယ်နှင့် ထိုးချိန်ပစ်လိုက်သည်။ “အား” ဆိုသော အသံနှင့်အတူ အင်္ဂလိပ်တပ်သားတစ်ယောက် ကျွန်တော်ပစ်လိုက်သော ရိုင်ဖယ်ကျည်နှင့် မိတ်ဆက်မိသွားခြင်းပင်။ ရန်သူတစ်ယောက် ကျဆုံးသွားသည်မှာ စင်စစ်လူတစ်ယောက် သေဆုံးသွားခြင်း ဖြစ်သည်။ ဒါကို ကျွန်တော်က ပျော်သလိုလို ဖြစ်သွားသည်။ ထိုအခိုက် ကျွန်တော့်ရှေ့ရှိ သစ်မြစ်ဆုံအစွန်းကို ကျည်တစ်တောင့် “ရှိုး” ခနဲပြေးဝင်လာပြီး ဖောက်ခနဲထိမှန်ကာ သစ်မြစ်များ ဖွာလန်၍သွားလေသည်။ ကျွန်တော်ဝပ်ချလိုက်သည်။ နောက် ရိုင်ဖယ်ဒင်ကို ပုခုံးတစ်ဘက်နှင့်ထိန်း၍ ထောက်ကာ တောင်ကုန်းဆီသို့ ပစ်ပေးနေရသည်။ တိုက်ခိုက်နေတုန်းမှာပဲ အရုဏ်အလင်းရောင်က အရှေ့ ဦးတည်စွန်းမှာ အလင်းခပ်ပါးပါး အရင်ဆုံး ပျို့တက်၍လာ၏။ သို့သော် ဝေလီဝေလင်းအချိန်ကို မကျော်လွန်သေးပါ။

လက်နက်ခဲယမ်းမီးကျောက် ပေါက်ကွဲသံများကြောင့် အနီးပတ်ဝန်းကျင်ရှိ သစ်ပင်ထက်အိပ်တန်း၌သာ ရှိသေးသော ငှက်တွေ အထိတ်တလန့်အော်ကာ ဟစ်ကာ ထပျံနေကြပါတော့သည်။ အခုလို ရန်သူ ဘယ်နေရာမှန်းမသိဘဲ ရမ်းသန်းပစ်နေရသည်ကို

ကျွန်တော်အားမရပါ။ ကိုယ်တိုင် သတ်ကွင်းထဲမှာ သူပစ်ကိုယ်ပစ် ပစ်ချင်သည်။ သို့သော် စစ်သားတစ်ယောက်သည် စစ်မြေပြင်တွင် သူလုပ်၍ရသောအလုပ်ရှိသလို သူလုပ်၍ မရသောအလုပ်ဆိုတာ ရှိသည်။ ထိုအခိုက် ကျွန်တော့်ညာဘက် ခပ်လှမ်းလှမ်းသစ်ပင်ရိပ် တွင် ဝပ်လျက်သား ရိုင်ဖယ်ပွေ့ပိုက်ထားသော ရဲဘော်အေးထွန်း က ကျွန်တော့်ဆီသို့ ပြေးဝင်လာ၏။ ပစ်ကွင်းအနေအထား ပြောင်း လိုက်ဟန်တူသည်။ အင်္ဂလိပ်တပ်သားများက သူ့ကို ဝိုင်းပစ်၏။

"ရဲဘော်. . . အေးထွန်း. . . ဝပ်. . . ဝပ်"

ကျွန်တော်က ရဲဘော်အေးထွန်းကို အချိန်မီ အော်ဟစ်သတိ ပေးလိုက်သည်။ ရဲဘော်အေးထွန်းကလည်း ပြေးနေရာမှ ပြေးဝင် လာသော ကျည်သွားရာလမ်းကြောင်းတွေကို ကျော်ကာလွှားကာ မြေမှာ ဝပ်ချလိုက်သည်။ ပြီးမှ ကျွန်တော့်ဆီကို လှိမ့်ကာလှမ့်ကာ ရောက်လာသည်။

"ရဲဘော် အေးထွန်း"

"ရဲဘော် မိုးဝေ"

ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ခေါ်လိုက်စဉ် မှာပဲ လက်ပစ်ဗုံးတစ်လုံး ရဲဘော်အေးထွန်းနောက်နားမှာ ကျလာပြီး "ဝုန်းခနဲ" ပေါက်ကွဲပါလေတော့သည်။ မြေစိုင်ခဲတွေ ခုန်ပျံလွင့်စင်၍ သွား၏။ ကျွန်တော်သည် ရဲဘော်အေးထွန်းလက်တစ်ဖက်ကို လှမ်းဆွဲလိုက်သော်လည်း ဆုပ်ကိုင်မိပြီးမှ လွတ်ထွက်၍သွား၏။ "ဝုန်းခနဲ" ပေါက်ကွဲသောအသံနှင့်အတူ ရဲဘော်အေးထွန်း အခြား တစ်ဘက်သို့ လွင့်စင်သွားသောကြောင့်ပါပေ။ ကျွန်တော့်မှာ မနေသာ။ ရဲဘော်အေးထွန်း လွင့်စင်သွားသောနေရာသို့ ကျွန်တော်



ခုန်ကူး၍သွားရာ ကျည်တစ်တောင့်က ကျွန်တော့်အင်္ကျီကော်လံစ ကို စုတ်ပြတ်သွားစေပါ၏။ သေကံမရောက်သေးသောကြောင့်ဘဲ ထင်၏။

တော်သေးသည်။ ရဲဘော်အေးထွန်းက အနိမ့်ပိုင်း ချိုင့်ကွက်ထဲ လွင့်စင်ကျသွားခြင်း ဖြစ်သည်။ ကျွန်တော်သည် ကျည်ကွယ်နေရာသို့ ရောက်သွား၍ နောက်ထပ်ဝဲပျံလာသောကျည် များက ကျွန်တော့်ကို မထိမှန်နိုင်တော့ပါ။ သို့သော်လည်း ရဲဘော် အေးထွန်းကို မြင်လိုက်ရသောအခါ ကျွန်တော့်ရင်မှာ တလှပ်လှပ်။ ရဲဘော်အေးထွန်းသည် တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲ၍ သွားပါ လေတော့၏။ ညာဘက်လက်တစ်ဖက် မရှိတော့။ ရဲဘော်အေးထွန်း ကား မလှုပ်မယှက်။ ခုနကပဲ သူသည် ကျွန်တော့်ကို "ရဲဘော်မိုးဝေ" ဟု ခေါ်ခဲ့ပါသေးသည်။ ခုတော့ ရဲဘော်အေးထွန်းသည် ကျွန်တော့် ကို မျက်လွှာကလေးပင့်၍ပင် မကြည့်နိုင်တော့ပြီ။ ကျွန်တော်သည် ရိုင်ဖယ်ကို ဘေးမှာချကာ သွေးချင်းချင်းနီနေသော ရဲဘော် အေးထွန်းခန္ဓာကိုယ်ကို ပွေ့ယူ၍ ထားလိုက်မိလေသည်။

"ဟင်. . ."

သွေးပူနေတုန်းမို့ ကျွန်တော်ကိုယ်ကျွန်တော် ဘာဖြစ်လို့ ဖြစ်မှန်းမသိခဲ့။ ရဲဘော်အေးထွန်းကို ပွေ့ဖက်ထားလျက် ညာဘက် ခြေတစ်ဖက်က နာကျင်ကိုက်ခဲလာသောကြောင့် ငုံ့၍ကြည့်လိုက် လေရာ ကျွန်တော့်ညာဘက်ခြေထောက်မှ သွေးတွေ ချင်းချင်းနီ နေသည်။ လှုပ်၍လည်း မရတော့။

ကျွန်တော်သည် ရိုင်ဖယ်ကို ကိုင်ထောက်၍ထမည်အပြု လဲပြို၍ ကျသွားပါတော့၏။ ကျွန်တော်သည် မြေကြီးပေါ် လဲကျသွား

သဖြင့် ပြန်ထဖို့ ကြိုးစားနေမိ၏။ သေနတ်သံ၊ ဗုံးသံ၊ စိန်ပြောင်း သံတွေက ကျွန်တော့်နားထဲ ပို၍ကျယ်လွန်းသည်ထင်၏။ ကျွန်တော့်မျက်နှာသည် ပက်လက်အနေအထားမို့ မိုးကောင်းကင် ပြာကြီးကို တွေ့နေရသည်။ နားထဲမှာက သေနတ်သံတွေ၊ ခဲယမ်း မီးကျောက်ပေါက်ကွဲသံတွေ ဆူညံ၍နေသည်။

"ရဲဘော် မိုးဝေ. . ."

"ရဲဘော် မိုးဝေ. . ."

ကျွန်တော် သတိလစ်သွားပါတော့၏။

❒❒❒

## အခန်း (၁၇)

အချိန်ဘယ်လောက်ကြာအောင် သတိလစ်နေသည်မသိပါ။ သတိရလာလျှင်ကား နားထဲတွင် အသံဗလံတွေ ကြားလာသည်။ မျက်စိအစုံကို ကြိုးစား၍ဖွင့်လိုက်သည်။ ကျွန်တော့်ရင်ဘတ်ပေါ်တွင် ဝါးရွက်ခြောက်ကလေးတစ်ရွက် ကျရောက်နေသည်ကို တွေ့လိုက် ရလေသည်။ ဝါးရုံတောနားမှာ ဖြစ်နိုင်သည်။ ပတ်ဝန်းကျင်သည် ကျေးငှက်သံကလွဲ၍ တိတ်ဆိတ်၍နေလေသည်။ နွေလေသည် မတိုက်တစ်ချက် တိုက်တစ်ချက်။

ကျွန်တော်သည် ပက်လက်အနေအထားရှိနေသောကြောင့် ဘေးဘီဝဲယာ ကြည့်လိုက်သည်။ သစ်သားအိမ်တစ်လုံး၏ အခန်း တစ်ခန်းအတွင်းသို့ ရောက်နေခြင်းဖြစ်သည်။ ကျွန်တော်သည် ပြတင်းပေါက်ဘေးရှိ ခုတင်တစ်လုံးပေါ် ရောက်ရှိနေပါသည်။ ကျွန်တော့်အဖြစ်ကို သိလိုက်လျှင် သိလိုက်ချင်း ညာဘက်ခြေထောက် ကို သတိရလိုက်သည်။ လှုပ်ကြည့်သည်မရ။ နာကျင်မှုဝေဒနာကို သာ ခံစားလိုက်ရသည်။

ငုံ့၍ကြည့်လိုက်သည်။ ကိုယ့်ခြေထောက်ကို မမြင်ရ။ အညာ စောင်ကျားကြီးခြုံ၍ထားသည်။ သည်တော့ နာကျင်သောညာဘက် ခြေထောက်ပိုင်းကို လှုပ်ကြည့်သည်။ လှုပ်မရ။ ဘယ်ခြေထောက်ပိုင်း ကို လှုပ်ကြည့်သည်။ လှုပ်၍ရသည်။ ကျွန်တော် နားလည်လိုက်ပါပြီ။

တိုက်ပွဲပုံရိပ်တွေ မျက်လုံးထဲမှာ မြင်လာသည်။ ကျွန်တော့်ဆီသို့ ရဲဘော်အေးထွန်း ပြေးဝင်၍အလာ သူ့နောက်ကြောမှာ လက်ပစ်ဗုံး တစ်လုံး "ဝုန်း" ခနဲ ပေါက်ကွဲသွားပုံက အစ အဖြစ်အပျက် အစအဆုံးကို မြင်နေသည်။ သည်အိပ်မက်ဆိုးထဲမှာ ကျွန်တော့် ညာဘက်ခြေထောက် ကျိုးကြေသွားကြောင်း ကျွန်တော်သိခဲ့သည်ပဲ မဟုတ်ပါလား။

ယခု ကျွန်တော် ဘယ်ကိုရောက်နေပြီလဲ။ ဆေးရုံဆေးခန်း လည်း မဖြစ်နိုင်။ ကျေးရွာတစ်ရွာက အိမ်ကလေးတစ်လုံးပဲ ဖြစ်နိုင် ပါသည်။ ထို့နောက် ကျွန်တော်သည် ပက်လက်အိပ်နေရာမှ ထထိုင်ဖို့ခန္ဓာကိုယ်ကို တစ်ဖက်စောင်းပြီး လက်နှစ်ဖက်ကိုင်ထောက်၍ ထထိုင်မည်အပြု

"အား. . . ကျွတ်. . ကျွတ်. . "

ညာဘက်ခြေဒူးဆစ်ပိုင်းလောက်က အလွန်နာကျင်လာသဖြင့် ငြီးတွားလိုက်ခြင်းပါပေ။ ကျွန်တော်သည် ထထိုင်ဖို့မကြိုးစားတော့ပါ။ စောစောကအတိုင်း ပက်လက်လဲလျောင်းနေလိုက်ရပါသည်။ သည်နေရာကို ဘယ်လိုပုံနှင့် ရောက်လာပါလိမ့်။ ကျွန်တော်သည် သတိမလစ်ခင်က အဖြစ်များကိုသာ သတိရသည်။ သတိလစ်သွား ပြီး နောက်ပိုင်းဘယ်လိုဖြစ်ပျက်ခဲ့သည်ကို မသိတော့ပါ။ ထိုအခိုက် နားထဲသို့ ခြေသံတစ်သံ တိုးဝင်မှန်လာလေသည်။ တစ်စုံတစ်ယောက် ကျွန်တော်ရှိနေသည့်နေရာသို့ လျှောက်လာနေမှန်း သိလိုက်သည်။ ခင်းပျဉ် ပျဉ်ချပ်အချို့က သံချက်ကြွနေ၍ ခြေနင်းသံက ပို၍ ကျယ်လာလေသည်။



မိန်းကလေးတစ်ယောက်ပါလား။ အသက် (၂၀) ကျော်ရုံပဲ ရှိဦးမည်။ အသားဖြူဖြူ ပခုံးမြင့်မြင့်၊ ပိန်ပိန်သွယ်သွယ်၊ ဆံနွယ်က နက်မှောင်ပြီး ရှည်လျားသည်။ ခင်ဖုန်းဆွေကို အတွေးရောက်သွား မိ၏။ ခင်ဖုန်းဆွေလည်း ချစ်သူဘဝမှာတုန်းက သည်အရွယ်ပဲ မဟုတ်ပါလား။

"သတိရလာပြီလား"

မိန်းကလေးက ကျွန်တော့်ကို မေးသည်။ သူ့မအေသံက ကရင် တိုင်းရင်းသားမျိုးနွယ် အသံခပ်ဝဲဝဲမိန်းကလေးသည် ကျွန်တော့် ခုတင်ရှေ့ ခွေးခြေခုံကလေးမှာ အသာဝင်ထိုင်လိုက်လေသည်။ ကျေးလက်တောရွာသူဆိုပေမယ့် ယဉ်ကျေးသိမ်မွေ့သည်။

"မင်း. . က. . ဘယ်သူလဲ"

ကျွန်တော်က မေးလိုက်လျှင် မိန်းကလေးက

"လုံမ. . ပါ"

"လုံမဆိုတာ မိန်းကလေး မဟုတ်လား"

ထိုအခိုက် အသက် (၆၀) ကျော် လူကြီးတစ်ယောက် အခန်းထဲဝင်၍လာကာ

"အဘက သမီးကို လုံမဆိုတဲ့နာမည် ပေးထားတာပါ၊ အဘက စောရီးရှိုကွဲ့. . . ကရင်တိုင်းရင်းသားပေါ့၊ သမီးအမေက အဘွားရှင်တဲ့. . . ဗမာကွဲ့"

"ကျွန်တော်က ဘီအိုင်အေတပ်သား ရဲဘော်မိုးဝေပါ"

"အေး. . . မင်းကို ဘီအိုင်အေတပ်သားဆိုတာ တို့လည်း သိနေပါတယ်၊ မင်းက ယူနီဖောင်းဝတ်ထားတာကို၊ မင်းကိုတွေ့တော့

တောထဲက ချုံတစ်ခုအောက်မှာကွယ့်၊ သတိလစ်နေတယ်၊ ညာဘက် ခြေထောက်မှာလည်း ဒဏ်ရာကြီးနဲ့”

“စဉ်းစားစရာပဲ. . . သတိလစ်သွားတုန်းက တိုက်ပွဲမှာပါ”

“ရဲဘော်တစ်ယောက်ယောက်က ဘေးကင်းရာကို သယ်လာပုံရတယ်၊ အဲဒီ့ရဲဘော် တိုက်ပွဲမှာ ကျသွားလို့ မင်းကို လာမခေါ်တာဖြစ်မယ်”

“အဘပြောတာ ဖြစ်နိုင်တယ်. . . အဘတို့ ကျွန်တော့်ကို တွေ့တော့ သေနတ်တွေ့သေးလား”

“မတွေ့ဘူးကွယ့်”

“မတွေ့တာ ပိုကောင်းပါတယ်”

ဦးစောရှီးရှိသည် ကျွန်တော်နှင့် စကားပြောနေရာမှ လုံမဘက် လှည့်ကာ

“လုံမလေး. . . ရေနွေးအိုးတစ်လုံးလောက် သွားကြိုပါလားကွယ်”

ဟု ပြောလိုက်လေသည်။

“ဟုတ်ကဲ့. . . ဖထီး. . . ”

လုံမက ပြောပြောဆိုဆို ထသွားပါတော့၏။ ဦးစောရှီးရှိက လုံမထိုင်ခဲ့သော ခွေးခြေခုံတွင် ဝင်ထိုင်လိုက်လေသည်။

“အဘမြို့ကအပြန် မင်းကိုတွေ့ခဲ့တာ. . . အသက်ရှူနေတာတွေ့လို့ ရွာကို လှည်းနဲ့တင်လာတာကွယ့်. . . ရွာရောက်ရောက်ချင်းပဲ ဆေးဆရာ ဦးစံအေးကို ပင့်ပြီး မင်းကို ကုသပေးရတာ၊ ခြေထောက်က တဲတဲလေးဆိုတော့ ဖြတ်ထုတ်လိုက်ရတာပေါ့ကွယ်. . . ဦးစံအေးလည်း တော်ရှာပါတယ်၊ ဒီအချိန်မှာ ဆေးရုံတွေကလည်း ဖွင့်တော့တာ မဟုတ်လို့ ဦးစံအေးလို ဆေးဆရာနဲ့တွေ့ရတာ မင်းကုသိုလ်ပါပဲကွယ်”



“အဘတို့ကျေးဇူးကြီးလှပါတယ်၊ အဘတို့သာ ကျွန်တော့်ကို မကယ်ခဲ့ဘူးဆိုရင် အခုဆို ကျွန်တော်သေနေပြီပဲပေါ့”

ကျွန်တော်သည် တကယ်ရင်ထဲ အသည်းထဲက လာသော စကားကို ပြောလိုက်ခြင်း ဖြစ်ပါသည်။

“သေကံမရောက်သေးလို့ပေါ့ကွယ်”

ဦးစောရှီးရှိကလည်း သူ့စကားကို အလေးအနက်ထား၍ ပြောလိုက်လေသည်။ အလွန်ရိုးသားသော တောသူတောင်သားတွေ ဖြစ်ပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် ဤသစ်ဆိမ့်ကုန်းကျေးရွာကလေးက ဦးစောရှီးရှိအိမ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ဦးစောရှီးရှိမှာ ဇနီးဒေါ်ဖွားရှင်နှင့် သမီးလုံမတို့ ရှိသည်။ ဒေါ်ဖွားရှင်ကတော့ ကရင်တိုင်းရင်းသူမဟုတ်၊ မြန်မာ ဖြစ်ပါသည်။ သူတို့တစ်မိသားစုလုံး စိတ်ကောင်းရှိကြသည်။ သူတို့အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ ခြံစိုက်၊ တောတက်လုပ်ငန်းဖြစ်သည်။ သစ်ဆိမ့်ကုန်းရွာကလေးက အနောက်ရိုးမတောနှင့် မဝေးကွာသော ရွာကလေးတစ်ရွာ ဖြစ်သည်။ အခုတော့လည်း ကျွန်တော်သည် ဘာဆက်လုပ်ရမည် မသိဖြစ်နေသည်။ တပ်ကို သတင်းပို့ရမလား။ အိမ်ကို အကြောင်းကြားရမလား။ လောလောဆယ်မှာတော့ ကျွန်တော်သည် ဘာမျှ မလုပ်ချင်။ ဦးစောရှီးရှိတို့မိသားစုကလည်း စိတ်တူကိုယ်တူ ကျွန်တော့်ကို နေချင်သလောက်နေဟု ပြောထားသည်။ အထူးသဖြင့် သူတို့သားတစ်ယောက်မှာ ဗြိတိသျှကိုလိုနီအစိုးရကို တော်လှန်ခဲ့

သဖြင့် အဖမ်းခံရပြီး ထောင်ထဲမှာ ကွယ်လွန်ခဲ့လေရကား ယခု မိမိ သူတို့အိမ်သို့ရောက်လာသောအခါ သူတို့သားအမှတ်ဖြင့် မိမိအား ပို၍ချစ်ခင်သနားနေမိကြောင်း ပြောပြလေသည်။

"လူလေးရေ. . . လာဟေ့. . . ရေနွေးကြမ်းသောက်ကြရအောင်"

ဦးစောရှီးရှိုက အရက်မသောက်၊ ရေနွေးကြမ်းကိုပဲ သောက်သည်။ ကွမ်းမစား ဆေးငုံသည်။ ဒေါ်ဖွားရှင်က ရေနွေးကြမ်း မသောက်ရမနေနိုင်။ မနက်ပိုင်း ကျွန်တော်တို့ အဆာပြေစားနေသည့်အချိန်မှာ ရွာခံလူငယ်တစ်ယောက် ရောက်လာသဖြင့် ထိုလူငယ်အား ဦးစောရှီးရှိုက ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။ လူငယ်က ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ဦးစောရှီးရှိုဘက် မျက်နှာမူကာ

"ဟုတ်ကဲ့. . . ဖထီး"

ဟုပြော၍ ကွပ်ပျစ်အစပ်မှာ ဝင်ထိုင်လိုက်လေသည်။ လူငယ်ကလေးကို ကြည့်ရသည်မှာ ဟော့ဟော့ရမ်းရမ်းမဟုတ်ကြောင်း သူ၏ကိုယ်နှုတ်အမူအယာက ဖော်ပြနေ၏။ လူငယ်ကလေး၏ အကြည့်သည် ချက်ချင်းပဲ ဆီထမင်းပန်းကန်ကိုင်၍လာသော လုံမဆီသို့ ရောက်သွားလေသည်။ လုံမနှင့် လူငယ် အကြည့်ချင်းဆုံ၍ သွားလေသည်။ လုံမက မျက်လွှာကလေး အသာချလိုက်သည်။ ယခု တဒင်္ဂအတွင်း ကျွန်တော်တွေ့မြင်လိုက်ရသောမြင်ကွင်းက သူတို့ကလေးတွေ လူငယ်ဘာဝ အပြန်အလှန်စိတ်ဝင်စားမှု ရှိနေကြလိမ့်မည်ဟု ကျွန်တော် သိလိုက်ရလေသည်။



"မောင်အောင်. . . ဒီဘက်တိုးလေ. . . ရေနွေးကြမ်းသောက် . . . ဆီထမင်း ကြိုက်တယ် မဟုတ်လား. . . စား"

ဟု ဦးစောရှီးရှိုက ပြောလိုက်လေသည်။

"ဟုတ်ကဲ့ပါ"

မောင်အောင်က ခပ်သုတ်သုတ်ဖြေသည်။

"စစ်ကြီးလည်း ပြီးတော့မှာပါ"

"လွတ်လပ်ရေးရဖို့တော့ မလွယ်သေးဘူးထင်တယ်"

"လွတ်လပ်ရေးမပေးလို့ကတော့ ဂျပန်ကိုလည်းပြန်တိုက်ရမှာပဲလို့ ရွာထဲမှာပြောနေကြပါတယ်"

မောင်အောင်က ဦးစောရှီးရှိုငှဲ့ပေးထားသော ရေနွေးကြမ်းပန်းကန်လုံးကို ကိုင်သောက်၍အပြီး ပြောလိုက်လေသည်။ သည်မှာပဲ ဦးစောရှီးရှိုက တစ်စုံတစ်ရာကို သတိရလိုက်လေဟန်နှင့်

"သြော်. . . မောင်အောင်ရေ မောင်မိုးဝေ ဖထီးတို့အိမ်ရောက်လာတဲ့အကြောင်း သိပြီးပြီလား"

ဟုမေးလိုက်လေသည်။ မောင်အောင်က ဦးညွတ်လျက် တလေးတစားဖြင့်

"သိပြီးပါပြီ"

ဟု ပြောလိုက်လေသည်။

"မင်းကိုဘယ်သူပြောတာလဲ"

"လုံမလေ. . . လုံမပြောတာပါ ဖထီး"

"သြော်. . . အေး. . . အေး. . . ဒါဆိုလည်း ငါပြောစရာမလိုတော့ဘူးပေါ့၊ အေးကွယ်. . . သူလည်း သေကံမရောက်လို့ တို့နဲ့တွေ့ရတာပေါ့၊ ဆေးဆရာဦးစံအေးကလည်း တော်ရှာပါတယ်ကွယ်"

မောင်အောင်က ကျွန်တော့်ခြေထောက်နှင့် အနားတွင် ချထားသော သစ်သားချိုင်းထောက်ကိုကြည့်ပြီး

“အစ်ကို. . . လမ်းလျှောက်လို့ရပြီလား”

ဟု မေးလိုက်သည်။

“လမ်းလျှောက်လို့တော့ရပါပြီ၊ ဒါပေမဲ့ ချိုင်းထောက်နဲ့ အဆင်မပြေသေးဘူးပေါ့”

“ဟုတ်တာပေါ့ အသားမှမကျသေးဘဲ၊ အားမငယ်ပါနဲ့ အစ်ကိုရာ ကျွန်တော်တို့ရှိပါတယ်”

“အေးကွာ. . . အခု ငါက ဒုက္ခိတဆိုတော့”

ကျွန်တော်စကားမဆုံးမီ ဦးစောရှီးရှူက-

“မောင်မိုးဝေ ဒါတွေမပြောနဲ့. . . တို့က မင်းကို ခုလို ပြုစုရတာကိုပဲ ကျေနပ်လှပါပြီ၊ မင်းက တကယ့်ကို တိုင်းပြည်အတွက် အသက်ပေးထားတဲ့ ဘီအိုင်အေတပ်မတော်သားတစ်ယောက် မဟုတ်လား”

သည်ညနေက စကားဝိုင်းကလေးမှာ အလွန်စိုပြည်ပြီး ငြိမ်းအေးလှပါသည်။ မောင်အောင်ပြန်သွား၍ ဦးစောရှီးရှူနှင့် ကျွန်တော်တို့နှစ်ယောက်တည်းကျန်သောအခါ ဦးစောရှီးရှူက မောင်အောင်မှာ ကျောင်းဆရာကလေးတစ်ယောက်ဖြစ်ကြောင်း၊ ပြီးတော့ လုံမနှင့် လူငယ်ဘာဝရည်ငံနေကြသည့်အကြောင်း ပွင့်လင်းစွာပဲ ပြောပြပါသည်။ ကျွန်တော်သည် ဦးစောရှီးရှူတို့အား-

“သူတို့ဘဝလမ်းသာယာဖြောင့်ဖြူးမှာပါ”

ဟုပြောလိုက်ပါ၏။

သည်မှာပင် ဦးစောရှီးရှူက ဘာစိတ်ကူးပေါက်သည်မသိ။



“ဒါထက်. . . မောင်မိုးဝေက အိမ်ထောင်ရှိလား”

ဟုမေးသည်။ ရုတ်တရက်တော့ ဘာပြန်ပြောရမည်မသိ။ သို့သော် ကျွန်တော်ပါးစပ်က-

“မရှိပါဘူး. . . ဖထီး”

ဟုပြောလိုက်မိလေသည်။ ကျွန်တော်က မဟုတ်မမှန်သော စကားကိုပြောလိုက်မိပေမယ့် ဦးစောရှီးရှူက ကျွန်တော့်စကားကို သံသယပင် မဝင်။ ကျွန်တော့်မှာကား စိတ်မကောင်းဖြစ်နေရပါသည်။

“မောင်မိုးဝေ မိဘတွေကရော”

ထိုအခါ ကျွန်တော်က အဖေတို့အမေတို့အကြောင်းကို ရှင်းလင်းပြောပြလိုက်ပါသည်။ ဒေါ်ဖွားရှင်က-

“အဒေါ်တို့မှာ သားတစ်ယောက်လျော့သွားလို့ သားတစ်ယောက်ရလာသလိုပါပဲကွယ်. . . ဒါလည်း အဒေါ်တို့ဆန္ဒ ပြောတာပါ. . . လူလေးက အိမ်ပြန်ရဦးမှာပဲပေါ့”

ဒေါ်ဖွားရှင်ကလည်း ကျေးလက်နေ တောသူတောင်သားများ၏ အရိုးခံစိတ်ဖြင့် ပြောနေပါသည်။ ကျွန်တော့်အဖို့ ကံကောင်းသည်ပဲလား။ ကံဆိုးသည်ပဲလား။ ကျွန်တော့်အနေမှာကတော့ စဉ်းစား၍မရတော့ပါ။ မိန်းမဆီကို ပြန်ချင်ပါသော်လည်း ကျွန်တော့်မှာ ဒုက္ခိတဘဝ၊ ခင်ဖုန်းဆွေရှေ့က ထွက်လာတုန်းက ကျွန်တော့်မှာ ခြေနှစ်ချောင်းနှင့်၊ အခု ခြေတစ်ချောင်းပဲ ကျန်ရှိပါတော့သည်။ သည်ဘဝမျိုးနှင့် ခင်ဖုန်းဆွေဆီကိုပြန်လျှင် ကျွန်တော်သည် ခင်ဖုန်းဆွေကို ချစ်ရာမရောက်၊ နှစ်ရာရောက်ပေတော့မည်။

အမေ့ဆီကိုပြန်လျှင်ရော အမေက မျက်ရည်တွေပိုးပိုး ပေါက်ပေါက်ကျရုံမက မဆုံးနိုင်သောငိုကြွေးခြင်း၊ ပူဆွေးခြင်းတွေ ရင်မှာပွေ့ပိုက်ထားပေလိမ့်မည်။ အမေ့ကိုလည်း ကျွန်တော့် အတွက် စိတ်မကောင်းမဖြစ်စေချင်သည်မှာ အမှန်။

"ခင်ဖုန်းရယ်. . . နင်ငါ့ကို. . . ခွင့်လွှတ်ပါကွယ်. . . "

"အမေလည်း. . . ကျွန်တော့်ကို သေပြီသာမှတ်လိုက်ပါတော့"

ကျွန်တော်သည် တစ်ယောက်တည်းရှိနေသည့်အချိန်တိုင်း အတွေးစတွေက ခေါင်းထဲမှာ ဗလောင်ဆူနေပါ၏။

သည်လိုနှင့်ပဲ ကျွန်တော်နှင့် သစ်ဆိမ့်ကုန်းရွာကလေးမှာ အပေးအယူညီညွတ်မျှတ၍ လာပါတော့သည်။ ညာဘက်ခြေထောက်မှာ ဒူးဆစ်အောက်ပိုင်းမရှိတော့။ ဒဏ်ရာသည် အသားတက်နေပြီဖြစ်သော်လည်း အသားနုပိုင်းဖြစ်နေပါသေးသည်။ တစ်စုံတစ်ခုနှင့်ထိခိုက်မိလျှင် အလွန်နာကျင်ရပါသည်။ အပေါ်ရေ အသားက မမာသေးပါ။ အပေါ်လွှာအရေပြားမာဖို့ဆိုတာကလည်း အချိန်ကြာမြင့်ဦးမည် ဖြစ်ပါသည်။

ဦးစောရှီးရှိုက သူလုပ်ပေးသောချိုင်းထောက်အချိုးအစားမကျ ဟုထင်ပြီး ပခုက္ကူမြို့သို့တက်၍ အိမ်သုံးပစ္စည်းများဝယ်စဉ်က ဆေးရုံသို့သွားပြီး ချိုင်းထောက်ဝယ်ယူလိုကြောင်း သူနာပြုဆရာမကြီးတစ်ဦးကို ပြောပြ၍ ထိုသူနာပြုဆရာမကြီးကပင် တာဝန်ယူပြီး ချိုင်းထောက်တစ်ခု ဝယ်ပေးခဲ့လေသည်။ အမှန်တော့ ဦးစောရှီးရှို တို့တစ်မိသားစုလုံး၏ စေတနာသဒ္ဒါတရားမှာ ရှားပါးသည့်အရာ ဟုပင် မှတ်ယူချင်ပါသည်။ ကျွန်တော့်မှာ သူတို့လေးစားစရာဆို၍ တပ်သားတစ်ယောက်ဆိုတာပဲ ရှိသည်။ သို့သော်လည်း သူတို့က



ကျွန်တော့်လို ဒုက္ခိတတစ်ယောက်ကို သူတို့ သားအရင်းနှင့်မခြား ချစ်ခင်နေသည်။ သံယောဇဉ်ထားသည်။

အမှန်တော့ ကျွန်တော်သည် မိခင်တပ်ရင်းကိုလည်း သတင်းမပို့။ မိဘတွေဆီကိုလည်း မပြန်ဘဲနေသည်ကို ဦးစောရှီးရှို တို့ နားလည်သဘောပေါက်လာပုံရလေသည်။ ကျွန်တော့်မှာ ဇနီးမယားနှင့် သားသမီးမရှိသည့်တိုင် ချစ်သူခင်သူမိန်းကလေး တစ်ဦးတော့ ရှိရမည်ဆိုတာ ရိပ်မိနေပါသည်။ ခင်ဖုန်းဆွေဓာတ်ပုံ တစ်ပုံက ကျွန်တော်နှင့်အတူ ရှိနေသည်မဟုတ်လား။ သည်ဓာတ်ပုံကို လုံမက အရင်ဆုံးတွေ့မြင်လိမ့်မည်ဟု ကျွန်တော်ယုံကြည်ထားပါသည်။

ခုတော့လည်း မောင်အောင်သည် ကျွန်တော့်ကို အများဆုံး အကူအညီပေးသူ လူငယ်တစ်ယောက်ဖြစ်လာပါသည်။ သူမြို့ပေါ်တက်သည့်အခါ ကျွန်တော်ဖတ်ဖို့စာအုပ်များ သတင်းစာဟောင်းများဝယ်ယူလာပြီး ပေးပါသည်။ တစ်ခါတစ်ခါ မဂ္ဂဇင်းတွေပါလာတတ်ပါသေးသည်။ သတင်းစာဟောင်းများကို ဖတ်ကြည့်ရာမှ စစ်အခြေအနေကို သိလာရပါသည်။ မှန်ပါသည်။ ဦးစောရှီးရှို ထင်မြင်ခဲ့သည့်အတိုင်း စစ်ကတော့ ပြီးသလောက်ဖြစ်နေသည်။ မြန်မာ့လွတ်လပ်ရေးကတော့ မရသေးပါ။

ကျွန်တော်တို့တွေ မန္တလေးအနောက်ဘက်ခြမ်းမှာ လက်ကျန် ဗြိတိသျှတပ်တွေကို သေသေကျေကျေ၊ အကြိတ်အနယ်တိုက်ခိုက်နေစဉ်မှာပဲ တပ်တစ်တပ်က မြစ်ဝကျွန်းပေါ်ဘက်ချီတက်၍ သွားကြသည်။ ငြိမ်ဝပ်ပိပြားရေးအတွက် ဖြစ်သည်။ မကြာသေးခင်က ဗိုလ်မှူးကြီးစုဇူကီးက ရန်ကုန်မှာတပ်စွဲသည်။ ဗိုလ်ကျော်ဇောက

မြစ်ဝကျွန်းပေါ်ဒေသမှာ တာဝန်ယူရသည်။ ဒေသခံအချင်းချင်း ဆူပူလှုပ်ရှားမှုများ ဖြစ်လာသဖြင့် ဗိုလ်ကျော်ဇောက ဒေသခံတွေအားလုံးကို သိမ်းသွင်းခဲ့ရလေသည်။ အမှန်စင်စစ် အင်္ဂလိပ်တပ်များ ဆုတ်ခွာနေချိန်၌ အရာရှိများက ကြိုတင်စုံစမ်းထောက်လှမ်းခြင်း ဖြစ်သည်။

မြောက်ပိုင်းသို့ချီတက်သွားသော ဂျပန်တပ်များက သိမ်းပိုက်ထားပြီဖြစ်သော မန္တလေးသို့မချီတက်တော့ဘဲ ဗန်းမော်ဘက်သို့ ဆက်လက်ချီတက်သွားလေသည်။ တပ်များကို မြန်မာပြည်မြောက်ပိုင်းက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ချီတက်လာရာ လမ်းတစ်လျှောက်တွင်ကား ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များက မိန့်ခွန်းများပြောကြားခဲ့လေသည်။ တပ်သည် မြန်မာနိုင်ငံလွတ်မြောက်ရေးတပ်မတော်အဖြစ် မှတ်ယူနိုင်ခဲ့လေပြီ။

တပ်ဆုတ်နေသော အင်္ဂလိပ်တပ်များ၏လမ်းကြောင်းများကို ဖြတ်တောက်ရန် တပ်များက ချင်းတွင်းမြစ်ညာတမန်သီသို့ ချီတက်၏။ ထမန်သီဒေသသည် မြန်မာ-အိန္ဒိယနယ်စပ် ဖြစ်သည်။ ဇီးဖြူတောင်ကို ဖြတ်ကျော်ရန်လမ်းသည် မရှိပါ။ ဗိုလ်ကြီးဗိုလ်ဖုန်းမြင့် ခေါင်းဆောင်သောတပ်ဖွဲ့ကတော့ တောလမ်းကိုခုတ်ထွင်ရှင်းလင်း၍ ချီတက်၏။ အမှန်တော့ ကျွန်တော်တို့တပ်သည် မြန်မာ့လွတ်လပ်ရေးရရန် တိုက်ပွဲဝင်နေကြခြင်း ဖြစ်သည်။ ပင်ပန်းရမှာကိုမမှု၊ အသက်ပေးဆပ်ရမှာကိုလည်း မကြောက်ပါ။ သည်လိုသံမဏိစိတ်ဓာတ်နှင့် ကျွန်တော်တို့တပ်သားများ ရောဂါရကာ တိုက်ရင်းခိုက်ရင်း အသက်ပေးခဲ့ကြရသည်မှာ အများအပြားပင်။ သူတို့က သူတို့ဘဝ၊ သူတို့အသက်တွေ ပေးဆပ်ခဲ့ရာ၌ ဝမ်းမနည်းသော်လည်း



မြန်မာ့လွတ်လပ်ရေးရရှိခဲ့သည့်အဖြစ်ကို မသိရဘဲ ကျဆုံးသွားကြရသည့်အတွက် ကျွန်တော်တို့တွေ ဝမ်းနည်းကြေကွဲနေရပါသည်။

သူတို့သည် တောင်တန်းကို ဖြတ်ကျော်နိုင်ခဲ့သည်။ ကန္တာရတွေကိုလည်း ဖြတ်ကျော်နိုင်ခဲ့သည်။ ဉရုမြစ်ဖျားဒေသသို့ရောက်လာသည်။ မရပ်နားသေးပါ။ ဟုမ္မလင်းသို့အရောက် ဆက်လက်ချီတက်၏။ ဟုမ္မလင်းမှာ တမန်သီတောင်ဘက် ကီလိုမီတာ ၅၀ တွင်ရှိသည်။ တမန်သီသို့ရောက်လျှင်ရောက်ချင်း တိုက်ခိုက်ရမည်ထင်သော်လည်း မတိုက်ခိုက်ရပါ။ သို့သော်လည်း ခရီးလမ်းက အလွန်မတန်ကြမ်းတမ်းသောကြောင့် ရဲဘော်များ မမာမကျန်းဖြစ်ကြသည်။ ရဲဘော်များအား ကလေးဝစစ်မြေပြင်ဆေးရုံသို့ ပို့ပြီး ဆေးကုသမှုခံယူခဲ့ကြရသည်။ မိမိတို့တပ်စခန်းမှ ကလေးဝစစ်မြေပြင်ဆေးရုံသို့ ပို့ဆောင်ရသောတာဝန်ကလည်း ကြီးလှပါသည်။ သည်ခရီးလမ်း ကြမ်းတမ်းလွန်း၍ မကျန်းမာသော လူနာရဲဘော်အချို့မှာ ဆေးကုသမှုခံယူရမည့်နေရာသို့ပင် မရောက်လာနိုင်။ လမ်းမှာပဲ အသက်ဆုံးရှုံးခဲ့ကြရပါ၏။

စစ်သမိုင်းတွင် ဤဒေသစစ်ချီတက်ခြင်းသည် ရွှေတောင်တိုက်ပွဲနည်းတူ တပ်၏စွမ်းဆောင်ခြင်းများမှာ စစ်သမိုင်းဝင်ခဲ့ရလေသည်။ နှစ်လခန့်အကြာတွင် ထိုစစ်ဆင်ရေးကို အဆုံးသတ်နိုင်ခဲ့ပါသည်။ အင်္ဂလိပ်တပ်များနှင့် ချိုကင်းတပ်များသည် မရှိတော့။ မြန်မာနိုင်ငံမှ ထွက်ပြေးသွားကြပြီ ဖြစ်သည်။ မြန်မာနိုင်ငံနေရာအနှံ့ စစ်မီးလျှံများကား မရှိတော့ပြီ။ လုံးဝချုပ်ငြိမ်းသွားပြီဟုပင် ပြောနိုင်သောအခြေအနေသို့ ရောက်ရှိလာပြီ ဖြစ်သည်။

ဤသို့သောသတင်းများကို ကြားရသောအခါ ကျွန်တော်သည် မိမိနိုင်ငံနှင့်လူမျိုးအတွက် အသက်သွေးတွေ ဘဝတွေပေးဆပ်ခဲ့သူများကို ကျွန်တော်သတိရနေမိ၏။ စစ်မီးလျှံတွေ အရှိန်လျော့ကျသွားပြီဆိုသည့်အကြောင်း သူတို့မသိသွားရပါ။ သိသွားစေချင်သည်မှာ အမှန်ပါ။

ကျွန်တော်သည် ပျဉ်းမပင်အောက်တွင်တစ်ယောက်တည်း ထိုင်နေရင်း တွေးချင်ရာတွေးနေသည့်အခိုက် နောက်ကြောဘက်က ခြေသံကြား၍ လှည့်ကြည့်လိုက်သောအခါ လုံမကိုတွေ့လိုက်ရလေသည်။

"အကိုက ဒီမှာရောက်နေတာကိုး"

လုံမက စကားပြောရင်း ကျွန်တော့်ဆီကိုလျှောက်လာသည်။ အချိန်မှာ နေ့လယ်ခင်းပိုင်း ဖြစ်သည်။ အညာနွေ အညာနေက ပူပြင်းခြောက်သွေ့လွန်း၏။ သို့သော်လည်း တောရိပ်တောင်ရိပ်များကြောင့် ငြိမ်း၍နေသည်။

"ရွာထဲမှာချည်းနေရတာ ညောင်းနေလို့လေ၊ အပြင်ထွက်လျှောက်ရင်း ဒီနေရာရောက်လာတာပါ"

အမှန်အတိုင်းပြောပြလိုက်သည်။ လုံမသည် ကျွန်တော့်အနီးတွင် ဝင်ထိုင်လိုက်ပြီး-

"ခုတလော. . . အစ်ကို့ကိုကြည့်ရတာ. . . လုံမတို့ဆီမှာ မပျော်သလိုဘဲ. . ."

"လုံမပြောတာ. . . မှန်သင့်သလောက် မှန်ပါတယ်"

"အစ်ကို့မှာ မိသားစုရှိတယ် မဟုတ်လား"



ကျွန်တော် ဘာပြန်ပြောရမည်မသိ ဖြစ်သွားပါသည်။ လုံမ ခုလိုမေးလာလိမ့်မည်ဟုလည်း ကြိုတွေးမထားသောကြောင့် ဖြစ်နိုင်သည်။ ခုတော့လည်း ကျွန်တော့်ဘဝမှန်ကို ကြာရှည်ထိမ်ချန်ထားရန် မသင့်မှန်းသိလိုက်သဖြင့် ပြောသင့်သလောက်ပြောထားမှ သင့်မည်ဟု ကျွန်တော်တွေးလိုက်မိပါသည်။

"ဟုတ်တယ်. . . ငါ့မှာမိသားစု ရှိပါတယ်. . ."

"မိဘတွေကို ပြောချင်တာလား အစ်ကို. . ."

လုံမက ကျွန်တော့်ဘဝအတိအကျကို သိလိုဟန်တူသည်။

"ဒီလိုလေ. . . ငါ့မိသားစုဆိုတာက. . . အဖေရယ်. . . အမေရယ်. . . ညီမလေးရယ် ရှိကြတာ. . . အဖေက တော်လှန်ရေးတပ်သားတစ်ယောက်ပဲ. . . အခုဘယ်မှာ. . . ဘာတွေလုပ်နေသလဲ. . . ငါမသိရသေးဘူး. . . အမေနဲ့ညီမလေးကတော့ တောင်ငူမှာပဲရှိတယ်"

သည်နေရာမှာ ကျွန်တော်က စကားဆက်မပြောဘဲ ရပ်ထားလိုက်သည်။ လုံမက ကျွန်တော့်စကားမဆုံးသေးမှန်း သိနေပုံရသည်။ ငြိမ်နေသည်။

"တောင်ငူက. . . ငါတို့ထွက်လာတော့ သုံးယောက်. . . တကယ်က မိန်းမခိုးလာတာလို့ ပြောနိုင်ပါတယ်. . . ဒါကလည်း. . . ငါ့ချစ်သူခင်ဖုန်းဆွေက သူ့အဖေပုလိပ်အရာရှိသဘောမတူလို့ ထွက်ပြေးလာရတာ. . . ငါ့သူငယ်ချင်း ရဲလှကအဖော်ပါလာတာ"

"အစ်ကိုက. . . တပ်ထဲ ဘယ်လိုလုပ်ပြီး ရောက်လာရတာလဲ"

ဟု လုံမက မေးလိုက်ပါသည်။

"ငါတို့က အစကတည်းက တပ်ထဲဝင်ဖို့အစီအစဉ်ရှိပြီး သားလေ. . . ဒါကြောင့် မိန်းမကို ထောက်ကြန့်က တို့ဘကြီးအိမ်မှာ ထားခဲ့ပြီး တပ်ထဲဝင်လိုက်တာ. . . ရဲလှက အရင်တပ်ထဲဝင်လို့ တပ်ချင်းမတူဘဲဖြစ်သွားတာ. . . ငါထွက်လာတော့ ငါ့မိန်းမ ကိုယ်ဝန်ရှိနေပြီ. . . အခုဆို မွေးလောက်ပြီပေါ့"

"ဒါဆို. . . အစ်ကို. . . အစ်ကို့မိန်းမဆီပြန်ရမှာပေါ့"

ကျွန်တော်ဘာပြောရမည်မသိ ဖြစ်နေသည်။ သက်ပြင်းချ လိုက်သည်။ လေပြည်တစ်သိုက် ဘယ်ကတိုက်ခတ်လာသည်မသိ။ သစ်ရွက်ခြောက်တွေ ဟိုတစ်ရွက်သည်တစ်ရွက် ပြုတ်ကြွေကျလာ ကြသည်။ သစ်ရွက်ကလေးတစ်ရွက်က ခြေပေါ်ရောက်လာကာမှ လေတစ်သုတ်က တိုက်လာသဖြင့် အခြားတစ်ဘက်သို့ လွင့်သွား လေသည်။

"ဒီအကြောင်း. . . လုံမကို အရင်ဆုံးပြောရမှာပဲ. . . ဘာလဲ ဆိုတော့ ငါက ဆုံးဖြတ်ချက်ချထားတယ်. . . အမေ့ဆီလည်း မပြန်တော့ဘူး. . . ခင်ဖုန်းဆီကိုလည်း မပြန်တော့ဘူး. . . ဒီလို ဘဝနဲ့ အမေ့ကိုလည်း မမြင်စေချင်ဘူး. . . ခင်ဖုန်းကိုလည်း မတွေ့ စေချင်တော့ဘူး. . . လုံမတို့ဆီမှာလည်း မနေတော့ဘူး. . . အဲဒါ ငါ့ဆုံးဖြတ်ချက်ပဲ လုံမ. . ."

သည်တစ်ခါ ငြိမ်သွားသူမှာ လုံမဖြစ်သွားပါတော့သည်။ သို့သော် သိပ်မကြာ-

"အစ်ကို့မိန်းမ. . . ကလေးမွေးလောက်ပြီဆို. . ."

ဟု ပြောလိုက်သဖြင့် ကျွန်တော်က-



"သားလေးလား. . . သမီးလေးလားတော့ မသိပါဘူး. . . ငါမပြန်တော့ဘူးဆိုတာ ဒီကလေးအတွက်လည်း စဉ်းစားမိလို့ပါ"

ဟုပြောလိုက်ပါသည်။

"အစ်ကို မဟုတ်သေးဘူးထင်တယ်၊ လုံမတို့အိမ်မှာ အစ်ကို မနေတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကိုတော့ ပြင်ပေးပါ"

ထိုအခိုက် မောင်အောင်လိုက်လာလေသည်။ မောင်အောင် လိုလူငယ်မျိုးကိုလည်း ကျွန်တော်သည် အခုမှတွေ့ဖူးသည်ဟု ဆိုရမည်ထင်သည်။ သူသည် လုံမကို အကြွင်းမဲ့ယုံကြည်ထားသူ ဖြစ်သည်။ လုံမတို့အိမ်မှာ လူစိမ်းတစ်ယောက် ရောက်နေသည်ကို မောင်အောင် သိနေပါလျက် သည်ကိစ္စနှင့်ပတ်သက်၍ လုံမကို စိုးရိမ်စကား လုံးဝမပြောပါပေ။

မောင်အောင် ရောက်လာသောအခါ လုံမက စောစောပိုင်းက ကျွန်တော်တို့ပြောခဲ့သောအကြောင်းအရာများကို ပြန်ပြောလိုက် လေသည်။

"ဟုတ်တယ်အစ်ကို. . . လုံမပြောတာ မှန်ပါတယ်၊ ဒီက ထွက်သွားဖို့ ဆုံးဖြတ်ချက်ကိုတော့ မချလိုက်ပါနဲ့ဦး၊ အစ်ကို့ ကျန်းမာရေးက စိတ်ချရသေးတာမှ မဟုတ်တာဘဲ"

"ငါ့ကြောင့် ဘယ်သူမှ စိတ်အနှောင့်အယှက် မဖြစ်စေချင် လို့ပါကွာ"

"ဘာလို့ စိတ်အနှောင့်အယှက်ဖြစ်ရမှာလဲအစ်ကိုရယ်. . . အစ်ကို ခုလိုဖြစ်ရတာ မြင့်မြတ်တဲ့အလုပ်ပါ၊ လူတိုင်း အစ်ကို့လို စွန့်လွှတ်ရဲတာမှတ်လို့"

"ကိုအောင်ပြောတာ လုံမ ထောက်ခံပါတယ်အစ်ကို. . . လုံမတို့နဲ့ ပျော်သလောက်နေပါ"

"ဟုတ်တယ်အစ်ကို. . . အခု ကျွန်တော်မြို့က ပြန်လာတာ . . . လုံမအစ်ကို ကိုအေးထွန်းတိုက်ပွဲမှာ ကျသွားတယ်လို့ကြား တယ်. . . ဒီသတင်း မှန် မမှန်ကိုတော့ အတည်ပြုလို့မရသေးဘူး လုံမ. . ."

ထိုအခါ လုံမ စကားမပြောနိုင်တော့ပါ။ သူမမျက်နှာကလေး ညှိုးငယ်၍သွားရုံမက မျက်လုံးအိမ်တွင် မျက်ရည်ကြည်များ ပြည့်၍လာပါတော့၏။

ကိုအေးထွန်းဆိုသောနာမည်ကို ကြားလိုက်လျှင်ကား ကျွန်တော့်ရင်၌လည်း အခုန်မြန်၍လာပါတော့၏။ ရဲဘော် အေးထွန်းနောက်ကြောမှာ လက်ပစ်ဗုံးတစ်လုံး ကျရောက် ပေါက်ကွဲပြီး ရဲဘော်အေးထွန်း ကျဆုံးသွားပုံကို ကျွန်တော် မြင်ယောင်၍လာပါလေတော့သည်။ ကျွန်တော်သည် အံကိုကြိတ် လိုက်မိ၏။ အသက်ကို ပြင်းပြင်းရှူသွင်းမှုတ်ထုတ်လိုက်မိပြန်၏။ မောင်အောင်က ကျွန်တော့်ကို အကဲခတ်ကြည့်ရှုနေပါသည်။

"မောင်အောင်"

"ဟုတ်ကဲ့ အစ်ကို"

"မင်းပြောတဲ့ ကိုအေးထွန်းဟာ အရပ်ရှည်တယ်၊ ပြီးတော့ မဟုတ်မခံ"

"ဟုတ်. . . ဟုတ်တယ် အစ်ကို. . . အဲဒါ လုံမအစ်ကိုပါပဲ၊ အစ်ကိုနဲ့ သူ ဘယ်မှာတွေ့ခဲ့လဲဟင်"



ရဲဘော်အေးထွန်းနှင့်ပတ်သက်၍ ကျွန်တော် ပြန်မပြောချင် သော်လည်း မနေသာတော့ပါ။ ရဲဘော်အေးထွန်း ကျွန်တော်နှင့် အတူ တိုက်ပွဲဝင်ခဲ့ပုံများကို ကျွန်တော် မှတ်မိသမျှ အကုန်ပြောပြ လိုက်ရပါတော့သည်။

လုံမမှာကား ရှိုက်၍ ရှိုက်၍ငိုလျက်။

❒❒❒

## အခန်း (၁၈)

နွေလေသည် တမာပင်များကြားမှ တိုက်ခတ်၍လာလေသည်။ တမာရနံ့က ကျွန်တော့်နှာခေါင်းဝကို လာရောက်ထိတွေ့၏။ တမာရွက်ကလေးတွေ ရွှေဝါရောင်သမ်းနေပေမယ့်လည်း တမာရနံ့ကတော့ သင်းမြသင်းနေလေသည်။ တီဘီအဆုတ်ရောဂါသည်များအဖို့ တမာရနံ့ကို ရှူရှိုက်လာလျှင် ထိုရောဂါကို သက်သာပျောက်ကင်းစေသည်ဟု သိခဲ့ရဖူးသည်။

သစ်ဆိမ့်ကုန်းရွာကလေးထဲက ကလေးတွေ ရေပက်ကစားနေသည်ကို တွေ့လိုက်ရတော့မှပဲ သည်ကနေ့ သင်္ကြန်အကြိုနေ့ပါတကားဟု ကျွန်တော် အတွေးရောက်လိုက်မိ၏။ သည်တော့လည်း ကျွန်တော်တို့ငယ်ဘဝက သင်္ကြန်မှာ ရေကစားခဲ့ပုံများကို အတွေးရောက်လိုက်မိလေသည်။ ကျွန်တော်တို့မြို့မှာက သင်္ကြန်မှာ ရေပက်ခံကားနှင့် သံချပ်ပြိုင်ကြရသည်ကို အဓိကထားတတ်ကြသည်။ သံချပ်ကို သူငယ်ချင်းတွေ စုပေါင်းစပ်ပေါင်း ရေးစပ်ကြသည်။ ထို့ကြောင့် သံချပ်ရေးစပ်တော့မည်ဆိုလျှင် တစ်နှစ်လုံးက ထူးခြားဖြစ်စဉ်တွေကို ပြန်ရှာရသည်။

သင်္ကြန်ကျ၍ သံချပ်တိုင်ကြသောအခါ ကျွန်တော်တို့မှာ အသံဝင်နေကြပြီ။ တစ်လလောက်ကြိုပြီး သံချပ်တိုက်ခဲ့ကြရသောကြောင့်ပါပေ။ သို့သော်လည်း "ဘလတ်ရှင်" ဆေးပြား ငုံကြရသည်။





ကျွန်တော်တို့ငယ်ဘဝက နောင်ချပ်ချပ်နှင့် သံချပ်တိုင်ကြသည်။ နောင်ချပ်ချပ်မှာ ကြေးမောင်းကလေးထုပြီး ရယ်ကွင်းကို "ချပ်ချပ်" အသံထွက်အောင် တီးရခြင်းဖြစ်သည်။ သစ်ဆိမ့်ကုန်းကျေးရွာကလေးမှာ ကျွန်တော် ရောက်သည်မှစ၍ သင်္ကြန် ငါးကြိမ်ကျခဲ့ပြီပဲ။ အချိန်တွေကလည်း အကုန်မြန်ပါပကော။

ငါးနှစ်တာဆိုသောအချိန်အတောအတွင်းမှာပဲ အဖြစ်အပျက်တွေက များလှပါဘိ။ သို့သော်လည်း ကျွန်တော်က ပြောင်းလဲနေသော အဖြစ်အပျက်တွေကို ငေးကြည့်နေရခြင်းသာ ဖြစ်သည်။ ဦးစောရိုးရှိုတို့အိမ်ကလေးသို့ ကျွန်တော်ရောက်လာပြီး တစ်နှစ်အကြာမှာ လုံမနှင့် မောင်အောင်တို့ လက်ထပ်လိုက်ကြသည်။ ဒါလည်း အပြောင်းအလဲတစ်ခု မဟုတ်ပါလား။ မောင်အောင်လို ရိုးရိုးအေးအေးနှင့် စီးပွားရေးအလုပ် လုပ်ရသည်ကို မပျင်းသော လူငယ်နှင့် လုံမလို အိမ်မှုကိစ္စနိုင်သော မိန်းကလေး လက်ထပ်ဖြစ်သည်ကို ကျွန်တော်စိတ် ကြည်နူးမိသည်။ လွန်ခဲ့သော သုံးနှစ်က လုံမတို့အမေ ဒေါ်ဖွားရှင် ကွယ်လွန်သည်။ ဒါလည်း သိသာသော အပြောင်းအလဲတစ်ခုဖြစ်ပါသည်။ အစာအိမ်ရောဂါဟု သိရသည်။ ပခုက္ကူမြို့ ပြည်သူ့ဆေးရုံမှာ တက်ရောက်ကုသပေမယ့် မရ။ လုံမအမေ ကွယ်လွန်သွားလေသည်။ ထောင်ဖောက်ပြေးသော်လည်း မလွတ်သော အကျဉ်းသမား ထောင်ထဲပြန်ပြန်ရောက်ရသလို ကျွန်တော်လည်း လုံမတို့အိမ်သားတွေ ဘယ်လောက်စိတ်ကောင်းရှိရှိ ကြာလာလေလေ အားနာလာလေမို့ လုံမတို့အိမ်က ထွက်ခွာဖို့ ကြိုးစားသည်မှာ သုံးကြိမ်ရှိပြီ။ မရခဲ့ပါ။

ဦးစောရှီးရှိုက ကျွန်တော့်ကို သူ့သားရဲဘော်အေးထွန်းအဖြစ် တစ်သက်လုံးနေဖို့ ဖွင့်ပြောထားပါသည်။ တစ်ဦးမေတ္တာ တစ်ဦး မှာမို့ ထင်၏။ ကျွန်တော်တို့သည် မိသားစုအသိုက်အဝန်းတစ်ခု ဖြစ်ခဲ့ရ၏။ ပြီးသည့်နှစ်ပိုင်းတွေမှာ အင်ဖာစစ်ဆင်ရေး စတင်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များက လူငယ်များနှင့်အတူ ဂျပန်ကို ပြန်လည်တော်လှန်ဖို့ ဆုံးဖြတ်ပြီးဖြစ်သည်။ ဂျပန်စစ်ထွက် ချိန်ကိုပင် အငိုက်ဖမ်းတိုက်ဖို့ ပြောလေသည်။

ဂျပန်တပ်တွေကို တော်လှန်တိုက်ခိုက်ရန် ဗြိတိသျှမဟာမိတ် တပ်တွေကို ပြန်လည်အကူအညီရယူရန် ကြိုးစားလာကြသည်။ သို့သော်လည်း ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ကို အရင်ဆုံး ဖွဲ့စည်းလိုက်သည်။ ထိုအချိန်၌ ဂျပန်တို့၏အင်ဖာ စစ်ဆင်ရေးက အရေးနိမ့်နေပြီ။ ဆုတ်ခွာလာရသည်ပင် ကစဥ့်ကလျား။ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွင် သခင်စိုးက နိုင်ငံရေးခေါင်းဆောင်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းက စစ်ရေး ခေါင်းဆောင်ဖြစ်သည်။

မဟာမိတ်စစ်ဦးစီးချုပ်ရေတပ်ဗိုလ်ချုပ် မောင်ဘက်တန်နှင့် နားလည်မှုယူသည်။ နောက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးစားမှု များကြောင့် ဗြိတိသျှတပ်များက လွတ်လပ်ရေးပေးပါမည်ကတိကို မပေးမဖြစ်သောအခြေအနေသို့ ဆိုက်ရောက်လာလေသည်။ ဂျပန် တပ်များသည် ဧပြီလနောက်ဆုံးသီတင်းပတ်၌ပင် ရန်ကုန်မှ ဆုတ်ခွာခဲ့လေသည်။ သို့နှင့် မော်လမြိုင်မြို့သို့ ရောက်လေတော့၏။ သည်အကြောင်းတွေကို ကျွန်တော်က ဘယ်လိုလုပ်သိလဲဆိုတော့ သစ်ဆိမ့်ကုန်းရွာသို့ ပြန်ရောက်လာသော ရဲဘော်ကျော်စိန်က



ကျွန်တော့်ကို ပြောပြသောကြောင့် သိရခြင်းပင်။ စာရွက်စာတမ်း ဖတ်စရာတွေကိုလည်း ပေးသည်။ ကျွန်တော်သည် ရဲဘော်ကျော်စိန် ကို အလွန်ကျေးဇူးတင်၍ နေရပါတော့သည်။

"မော်လမြိုင်မှာ BIA တပ်နဲ့ ဂျပန်တပ် စိတ်ဝမ်းကွဲရတယ်။ အခုတော့ ဂျပန်တပ်တွေ မော်လမြိုင်ကို ပြန်ဆုတ်နေကြပြီး သူတို့ ဖက်က အရေးနိမ့်နေပြီမဟုတ်လား"

ရဲဘော်ကျော်စိန်က အာပေါင်အာရင်းသန်သန်ဖြင့် ပြော နေသည်။ စကားပြောနားလျှင် ရေနွေးကြမ်းပန်းကန်လုံးကို ကောက်ကိုင်သောက်သည်။ ရေနွေးကြမ်း ပူ၍သာ နွေးနွေးသာဆို မော့သောက်ချမည့်ပုံပါပေ။

လုံမက ပဲသုတ်ပန်းကန်ကို လာချပေမယ့် ရဲဘော်ကျော်စိန် ပဲသုတ်ကို မနှိုက်သေး။ ဆေးပေါ့လိပ်တို့ကို မီးညှိရှိုက်ဖွာလိုက်လေ သည်။

"ဂျပန်တွေ အထိနာပုံရတယ်၊ အဲဒီလိုဆိုတော့လည်း စိတ် မကောင်းပါဘူး၊ တိုက်ပွဲကျတာရော၊ ဝမ်းရောဂါဖြစ်လို့ရော သေတာ သုံးသိန်းကျော်တဲ့၊ သုံးပုံနှစ်ပုံ သေတယ်လို့ပြောကြတာပဲ"

"ဒေါက်တာဗမော်နဲ့ သခင်မြရောက်နေတယ် မဟုတ်လား"

"နိုင်ငံတော်အဓိပတိ ဒေါက်တာဗမော် အစိုးရအဖွဲ့လေ၊ ရန်ကုန်မှာနေခဲ့လို့ ဘယ်ဖြစ်မှာလဲ၊ သခင်မြကိုတော့ ဂျပန်တပ်က စေတနာထားတယ်၊ ထိုင်းမှာ ရှောင်နေဖို့ ဖန်တီးပေးမယ်လို့ ပြောတယ်၊ ဒါပေမဲ့ သခင်မြက ငြင်းတယ်၊ လေးစားဖို့ ကောင်း လိုက်တာဗျာ. . . သေရမှာ မကြောက်ပါဘူးတဲ့၊ ဗြိတိသျှတပ်မှူးနဲ့ တွေ့ပြီး လွတ်လပ်ရေးအတွက် အရေးဆိုဦးမယ်တဲ့. . . ကဲ"

ရဲဘော်ကျော်စိန်က ပဲသုတ်ကို ခုမှ နှိုက်စားသည်။ လုံမ ပဲသုတ်ကလည်း စားချင်စရာ။ ပဲကြီးလှော်ကို အခွံခွာပြီး ခြမ်းထား သည်။ ပဲခြမ်းကိုမှ ကြက်သွန်နီအကွင်းလိုက်လှီးထည့်ပြီး ဆီဆမ်း သုတ်ထားသည်။ ဆားကို အနေတော်ပေါက်ထားသည်။ ကျွန်တော် က လုံမပဲသုတ်ကို အမြဲစားနေကျ။

"ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်ရယ်၊ သခင်မြရယ်၊ သခင်ကိုယ်တော်မှိုင်းရယ် အတော့်ကို ကျေးဇူးကြီးတယ်ဗျာ. . . တကယ့်မျိုးချစ်စိတ်ခေါင်းဆောင်ကြီးတွေပဲ"

ဤစကားကို ကျွန်တော်ပြောလိုက်သောအခါ ရဲဘော်ကျော်စိန် သည် သူ၏ ဘယ်ဘက်လက်ပြတ်ကို ကြည့်လိုက်မိပြီး ငေးငိုင်၍သွား ပါတော့သည်။ သည်တော့မှ ကျွန်တော်က

"ကျွန်တော်တို့လည်း ကျွန်တော်တို့ဘဝကို တိုင်းပြည်နဲ့လူမျိုး အတွက် ပေးဆပ်ခဲ့ကြတဲ့ မျိုးချစ်ရဲဘော်တွေပါပဲ၊ အားမငယ်ပါနဲ့၊ ဂုဏ်ယူလိုက်စမ်းပါဗျာ"

ဟု ပြောလိုက်ရပေမယ့် ကျွန်တော့်ရင်မှာလည်း လှုပ်ရှား၍ လာပါတော့၏။

ဤအချိန်ကစတင်၍ ပြည်တွင်းမငြိမ်မသက်မှုတွေ ဖြစ်လာ ပါတော့သည်။ တစ်လျှောက်လုံး အေးအေးဆေးဆေး ငြိမ်းငြိမ်း ချမ်းချမ်း နေလာခဲ့သော ကျေးလက်သဘာဝမှာ ပြောင်းလဲ၍ လာပါတော့၏။ အကြောင်းရင်းမှာကား ၁၉၄၇ ခုနှစ်တွင် အကြမ်းဖက် ဝါဒီသမား ဂဠုန်ဦးစော လုပ်ကြံခြင်းကြောင့် ဗိုလ်ချုပ်အောင်ဆန်း နှင့် သခင်မြ၊ ဦးဘဝင်း၊ ဦးရာဇတ်၊ မန်းဘခိုင်၊ စောစံထွန်း၊ ဦးဘချို တို့ လုပ်ကြံခြင်းခံရသည့်အဖြစ်ဆိုးက အစပြုခဲ့ရခြင်းပင်။



မြန်မာ့လွတ်လပ်ရေးကတော့ ရပါ၏။ နိုင်ငံတော် ပြန်လည် တည်ဆောက်ရေး များများပြုလုပ်မည့် စီမံကိန်းများ ရေးဆွဲနေကြစဉ် အခိုက်မှာပဲ သခင်စိုး၊ သခင်သန်းထွန်းတို့က တောခိုသည်။ လက်နက်ကိုင် တိုက်ခိုက်လာကြသည်။ ငြိမ်းချမ်းသော ကျေးလက် များ ပူလောင်ရခြင်း၏အကြောင်းပါပေ။

အဖွဲ့အစည်းတွေက များလာသည်။ ရောင်စုံသူပုန်များဟုပင် သတ်မှတ်လိုက်ရတော့၏။ သူ့ဒေသနှင့်သူ သူတို့ဘာသာ သူတို့ သဘောနှင့် သတ်မှတ်ကာ ခြေကုပ်စခန်းတွေ ယူကြသည်။ သူတစ်လူ ငါတစ်မင်းသဘော ဆောင်လာသည်။ သူတို့ကို အပြစ်မဲ့ ကျေးလက်ပြည်သူများက ဆက်ကြေးပေးရသည်။ ဆက်ကြေးမပေး နိုင်လျှင် ဘာကြောင့် ဆက်ကြေးမပေးနိုင်သည့်အကြောင်းပြချက် ကို လက်မခံ။ ရွာကို မီးတိုက်သည်။ အာခံလျှင် သတ်သည်။ အစိုးရ တပ်များက တိုက်လာလျှင် ရှောင်တိမ်းကာ သူပုန်သက်ကို ရှည်စေခဲ့သည်။

ရောင်စုံသူပုန်တို့သည် လွတ်လပ်ရေးရပါလျက် အတူလက်တွဲ မလုပ်။ မင်းသားကြီးမလုပ်ရ၍ ပတ်မကြီးထိုးဖောက်သည့်သဘော။ ကောင်းတာ ဘာတစ်ခုမှမလုပ်။ ခိုးဆိုးတိုက်ခိုက်သည်။ လမ်းတံတားတွေ၊ မိုင်းဗုံးထောင်ကြသည်။ သည်လိုနှင့် ကျေးလက် မှာ ပြည်တွင်းစစ် မီးတောက်လောင်၍လာသည်။

သည်တော့လည်း ၁၉၄၉-၅၀ပြည့်နှစ်မှာ ကျေးလက်က တောသူ တောင်သား၊ လယ်သမား၊ ကိုင်းသမားတွေ၊ တံငါသည်တွေ ကိုယ့် အလုပ်ကိုယ်လုပ်မရ။ ဘုန်းတော်ကြီးကျောင်းကန်ဇရပ်များကိုပင် မီးတိုက်နေကြပြီ။ သူတို့စွဲကိုင်သော ဝါဒတွေကလည်း သူတို့ကို

မှိုင်းတိုက်နေကြရပြီမဟုတ်ပါလား။ သည်မှာပဲ မြန်မာပြည်အထက်အောက် ကျေးလက်နေပြည်သူအားလုံး တိုင်ပင်ထားဘိသကဲ့သို့ ကျေးလက်မှ မြို့ပြပေါ်သို့ အစုလိုက်အပြုံလိုက် တက်လာကြပါတော့သည်။

စစ်ဖြစ်စဉ်မှာ မြို့ပြက မြို့ကြီးသူ မြို့ကြီးသားတွေ စစ်ရှောင်ရန် ကျေးလက်ပြေးကြစဉ် ကျေးလက်ပြည်သူတို့က မေတ္တာဖြင့် ကြိုဆိုသည်။ စေတနာများဖြင့် ထွေးပိုက်ခဲ့သည်။ အခု ပြည်တွင်းစစ်ကြောင့် မြို့ပြတက်လာသော ကျေးလက်ပြည်သူများကို မြို့ပြနေ မြို့ကြီးသူ၊ မြို့ကြီးသားများက သူတို့ခြံ သူတို့တိုက်အနားကိုပင် မလာစေရ။ သူတို့က ကျေးလက်ပြည်သူတွေကို စစ်ဘေးဒုက္ခသည်တွေဟု မမြင်။ အောက်တန်းစားတွေ၊ ပညာမဲ့တွေ၊ စည်းမရှိ ကမ်းမရှိသူတွေဟု သတ်မှတ်သည်။

တောကျေးလက်ပြည်သူ ပြည်တွင်းစစ်ဘေးဒုက္ခသည်အပေါင်းသည် ငှါဝမ်းပူဆာ မနေသာသည့်သဘောဖြင့် တွေ့ရာနေရာမှာပဲ တဲထိုးနေသည်။ သည်လိုနှင့် ကွက်သစ်တွေ အများအပြား ပေါ်ပေါက်လာပါတော့သည်။ ပိုင်ရှင်မရှိသေးဘဲ နေထိုင်သူမရှိသော တိုက်တွေ၊ ပျဉ်ထောင်အိမ်ကြီးတွေကိုပင်မထား။ ကျေးလက်ပြည်သူများ တက်ရောက်နေကြသည်။ သည်အချိန်မှာ ဖဆပလအစိုးရကတော့ သူတို့ကို အရေးမယူ။ ကြည့်နေသည်။ စက်ရုံအလုပ်ရုံများ၌ပင် အလုပ်တွေပေးခဲ့သည်။

ကျွန်တော်တို့လည်း သစ်ဆိမ့်ကုန်းကျေးရွာကလေးမှာ ဆက်လက်နေ၍မရတော့ပါ။ ဆက်လက်နေလျှင် ကျွန်တော်တို့ပဲ ကျန်နေတော့မည်မဟုတ်လား။ သည်တော့ အခါအခွင့်သင့်တုန်း



သူများတွေလိုပဲ စောင်တစ်ထည်၊ ခေါင်းအုံးတစ်လုံး၊ ဖျာတစ်ချပ်ဖြင့် ရန်ကုန်မြို့သို့မရောက် ရောက်အောင် အခက်အခဲပေါင်းများစွာကို ဖြတ်ကျော်၍ လာခဲ့ရလေသည်။ လုံမတို့မှာ သမီးမိနီ လေးနှစ်ကျော် ရှိနေပြီ။ မိနီ လေးနှစ်ကျော်ပေမယ့် စာသင်ခန်း မရောက်သေးပါ။ ကျွန်တော်ကပဲ မိနီကို စာသင်ပေးနေရသည်။

သစ်ဆိမ့်ကုန်းကျေးရွာကလေးမှာတုန်းကတော့ ရွာက ဆရာတော်ကို ကျွန်တော်ကပဲ

"အရှင်ဘုရား. . . ဒီရွာက ကလေးတွေကို စာသင်ပေးချင်လို့ အရှင်ဘုရားကျောင်းက ဆွမ်းစားဇရပ်မှာ စာသင်ပေးချင်ပါတယ် ဘုရား"

ဟု လျှောက်ထားခဲ့ရာ ဆရာတော်ဘုရားက ကျွန်တော့်ကို ခွင့်ပေးခဲ့ပါသည်။

သို့သော်လည်း သစ်ဆိမ့်ကျေးရွာက ကလေးတွေ အကြောင်းမလှခဲ့ပါ။ ကလေးတွေကို ကျွန်တော်က ဘုန်းကြီးကျောင်း ဆွမ်းစားဇရပ်မှာ စာစသင်သည့်နေ့မှာပဲ သူပုန်တွေ သစ်ဆိမ့်ကုန်း ကျေးရွာထဲ ဝင်လာပြီး အိမ်တွေကို မီးတင်ရှို့သွားကြလေသည်။ အကြောင်းက အခြားမဟုတ်ပါ။ အခြားရွာနီးချုပ်စပ်က ရွာများ နည်းတူ သူတို့တောင်းသော ဆက်ကြေးငွေ အပြည့်မပေးသော ကြောင့်ပင် ဖြစ်ပါသည်။ မပေးနိုင်၍ မပေးခဲ့သည့်အကြောင်း သူတို့ လက်မခံ။

ထိုနေ့ညကပဲ ကျွန်တော်တို့ သစ်ဆိမ့်ကုန်းကျေးရွာ တစ်ရွာလုံး ရွာကို စွန့်ခွာလာခဲ့ကြပါသည်။ သူတို့တွေ ဘယ်ကို သွားကြမှာလဲ မေး၍မရပါ။ ကျွန်တော်တို့ကို သူတို့က ဘယ်သွား

ကြမှာလဲ မေးပါကလည်း ကျွန်တော်တို့ အဖြေပေးနိုင်မည်မဟုတ်သေးပါ။ ပခုက္ကူရောက်သည်အထိ ကျွန်တော်တို့သည် ဘုရားရိပ်ကျောင်းရိပ် ခိုခဲ့ရပါသည်။ ဦးစောရွှီးရှိုက အသက်ကြီးပြီမို့ အပင်ပန်းမခံနိုင်။

မောင်အောင်တို့လင်မယားက ကျွန်တော့်ကို အများဆုံး အကူအညီပေးသည်။ ပခုက္ကူမှာကတည်းက

"လုံမ. . . ငါ ဒီမှာ နေခဲ့မယ်"

ဟု ပြောပေမယ့် မရခဲ့။

"မဖြစ်ဘူးအစ်ကို. . . သမီးက အစ်ကိုပါမလာရင် လွမ်းဖျားလွမ်းနာကျသေမှာ"

ဟုပြော၍ ကျွန်တော့်မှာ လုံမတို့ မေတ္တာစေတနာကို မလွန်ဆန်နိုင်ဘဲ လိုက်ခဲ့ရပါသည်။ သို့သော်လည်း ကျွန်တော်တို့တွေ ဘယ်အရပ်ကို ဦးတည်သွားရမည် မသိသေးပါ။

မီးရထားတွဲရှည်ကြီးသည် တဝေါဝေါမြည်ဟိန်းသံနှင့်အတူ ကျွန်တော်တို့အနီးမှ ဖြတ်ကျော်၍ မောင်းနှင်သွားလေသည်။ ထိုအခါ မြေကြီးသည် တုန်လှုပ်၍သွား၏။ အမြန်စာပို့ရထားဟုလည်း ပြောကြသည်။ ည ရှစ်နာရီဆိုလျှင် ထိုပြည်မီးရထား ကျွန်တော်တို့အိမ်တန်းများကို ဖြတ်မြဲပါပေ။

ကျွန်တော်တို့သည် မီးရထားသံလမ်းဘေးရပ်ကွက်တစ်ခုမှာ နေကြရသည်။ အရှေ့မှာ မီးရထားသံလမ်းတွေ အပြိုင်ရှိနေသော တောင်ကုန်းကြီးရှိသည်။ သစ်ပင်တွေ၊ ချုံတောတွေရှိသည်။ အနောက်ဘက်မှာကတော့ မြောင်းကြီးတစ်ခုရှိသည်။ ကွေ့ကောက်လျက်စီးဆင်းနေသည်။ ရေက ရေချိုရေသန့်မဟုတ်။ အမှိုက်သရိုက်



များ မြောင်းရေကို ဖုံးအုပ်၍ထားသလို ရှိသည်။ ရေစီးအတော်လေး အီနေသည်။ စီးနေသည်ဟုပင် မထင်ရ။ မြောင်းဘေးတစ်လျှောက် ဝါးပင်တွေ ထူထပ်စွာ ပေါက်ရောက်နေ၏။

ဤမြေကွက်လပ်များသည် ဘယ်သူတွေ ပိုင်ဆိုင်သည်မသိ။ ကျွန်တော်တို့လို ကျေးလက်မှာ မငြိမ်မသက်သောကြောင့် မြို့တက်ပြေးလာကြသူများက ဘယ်သူ့ကိုမှ အခွင့်မတောင်း။ ဝါး၊ ဓနိ၊ ကျူထရံဝယ်ပြီး တဲထိုးနေလိုက်ကြသည်။ တဲတိုင်က မဒမတိုင်၊ လက်မောင်းလောက်ပေမယ့် ဖြောင့်လည်း ဖြောင့်သည်။ ခိုင်လည်း ခိုင်သည်။ ကျွန်တော်တို့သည် ကွက်သစ်ကို ရောက်လာသည်မှာ လပိုင်းပဲရှိသည်။ မျက်မှန်းတန်းမိသူတွေကတော့ အတော်များသွားပြီ ဖြစ်သည်။

တဲကလေးတစ်လုံးထဲမှာ မိသားစုက ငါးယောက်ရှိသည်။ အမှန်ကတော့ သည်မိသားစုမှာ ကျွန်တော် နေစရာမလို။ လူပိုသက်သက်ဖြစ်နေသည်။ မိနီမကို ကျွန်တော်က စာသင်ပေးသည်။ ကျွန်တော် မိနီမကို စာသင်ပေးနေသဖြင့် ဦးစောရွှီးရှိုတို့မိသားစုက ကျွန်တော့်ကို အရင်ကထက်ပင် ပို၍ခင်မင်မှုတွေ ပိုနေသည်။ ကျွန်တော့်စိတ်နှင့်ကျွန်တော် ထွက်သွားမည်စိုး၍ သူတို့က ကျွန်တော့်ကို အမြဲစောင့်ကြည့်နေသည်။ ရန်ကုန်ရောက်ရောက်ချင်း မောင်အောင်က သစ်စက်မှာ အလုပ်ရသည်။

လုံမက လမ်းထိပ်ထွက်ပြီး ဘူးသီးကြော် ကြော်ချင်သည်ဟု ပြောပေမယ့် မောင်အောင်က မလုပ်ခိုင်းပါ။

"အိမ်မှာပဲ အေးအေးဆေးဆေး ထိုင်စားပါကွာ. . . လောလောဆယ် ကိုယ်ရှာတာလောက်သားပဲ"

ဟု ပြော၏။

ကျွန်တော် မိနီမကို စာသင်ပေးနေသည့်အချိန်မှာ မိနီမက

"ဦးဦးက တခြားသွားနေမလို့ဆို. . . မေမေက ပြောတယ် . . . မသွားပါနဲ့ ဦးဦးရယ်"

ဟု တီတီတာတာပြောလျှင် ကျွန်တော်က စိတ်ထဲနာကျင်သလို ခံစားလာရတတ်၏။

"ဦးဦး ဘယ်ကိုမှ မသွားပါဘူးသမီးရယ်"

စကားကိုပဲ ပြောလိုက်ရလေသည်။ အမှန်တော့ လူတွေဟာ တွေ့ဆုံ ကြုံကွဲ၊ မမြဲသောဓမ္မတာသဘော မဟုတ်ပါလား။ သည်သဘောသဘာဝကို သည်ကလေးမလေးလည်း တစ်နေ့မှာ သိလာမှာပါဟုလည်း ကျွန်တော် တွေးလိုက်မိလေသည်။

ရန်ကုန်ကွက်သစ်နေသူ ကျွန်တော်တို့မှာ အမှန်တော့ မရှိဆင်းရဲသား နေ့လုပ် နေ့စားများသာ များသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် လမ်းထိပ်များမှာ တရုတ်၊ ကုလားများ၏ ကုန်စုံဆိုင်ကလေးများမှာ သွားဝယ်ရသည်။ ဆန်၊ ဆီ၊ ဆား၊ ဘဲဥ၊ ကြက်ဥ၊ ပဲ၊ အခြေခံကုန်ပစ္စည်းဆိုလျှင် လိုလေသေးမရှိ ရသည်။ ထိုဈေးဆိုင်ကို ကျွန်တော်က ချိုင်းထောက်ကြီး တဒေါက်ဒေါက်နှင့် သွားတာကို လုံမမြင်လျှင်

"အိမ်မှာပဲနေပါ အစ်ကိုရယ်. . . လုံမတို့က အားနာရမယ့်လူတွေမှ မဟုတ်တာ" ဟုပြောမြဲ။ ပြီးတော့ သူ့သမီးမိနီမကို

"သမီး မိနီမ. . . ဦးကို ဈေးဝယ်ခိုင်းတာ နင် မဟုတ်လား"

ဟုဆက်ပြောလျှင် မိနီမမျက်နှာကလေး ငုံ့ထားတတ်သည်။ မိနီမက ထန်းလျက်ဆုပ်လုံးကို အလွန်ကြိုက်သည်မဟုတ်လား။



သူခိုင်းခိုင်း မခိုင်းခိုင်း ကျွန်တော်ဝယ်ပေးနေကျ။ လုံမက သူ့သမီးမိနီမကို အလိုမလိုက်ဖို့အကြောင်းကိုတော့ မပြောတော့ပါ။

သို့သော်လည်း လုံမက

"အစ်ကို့ကို ပြောရဦးမယ်"

ဟု ပြောလာသည်။

"ဘာလဲ လုံမ"

လုံမစကား ထူးခြားနေသလားအထင်နှင့် ချက်ချင်းပဲ ပြန်မေးလိုက်ရလေသည်။

သည်တော့လည်း လုံမက သူပြောမည့်စကားကို မပြောချင်သလိုလို ငုံ့လင့်နေသည်။

"ပြောလေ. . . လုံမ"

ပြောလိုက်တော့မှ လုံမက သူ့အဖေ ဦးစောရှိုးရှိုကို တစ်ချက်ကြည့်လိုက်သည်။ ဦးစောရှိုးရှိုက မိနီမ တက်နေပြီဖြစ်သော မြူနီစပယ်ကျောင်းမှာ ကျောင်းစောင့်အလုပ် လုပ်နေသဖြင့် အိမ်မှာရှိခဲ့သည်။ ဦးစောရှိုးရှိုက

"ပြောစရာရှိနေတာပဲ ပြောလိုက်ပေ့ါဟယ်"

ဟု အသံခပ်ဝဲဝဲဖြင့် ပြောလေသည်။ သည်တော့မှ လုံမက ကျွန်တော့်ဘက် ပြန်လှည့်ကာ

"အမျိုးသမီးတစ်ယောက် လုံမနောက်ကို လိုက်လိုက်လာတာ သုံးလေးခါလောက် ရှိပြီ. . . အဲဒါ အစ်ကို့မိန်းမများလားလို့"

လုံမစကားက ကျွန်တော့်ရင်ကို တလှပ်လှပ်ဖြစ်သွားစေသည်ထင်၏။ ထိုအခိုက် အလုပ်က ပြန်လာသော မောင်အောင်ကလည်း

"ဟုတ်တယ်. . . ကျွန်တော်လည်း အဲဒီအမျိုးသမီးကို တွေ့တွေ့နေတာ မကြာမကြာပဲ"

ဟု ပြောလာပါသည်။ ကျွန်တော့်မှာ ဘာပြောရမည်မသိ ဖြစ်နေမိသည်။ မိနီမက ကျွန်တော့်ဘေးမှာ ဝင်ထိုင်လာသဖြင့် ကျွန်တော်သည် မိနီမခေါင်းက ဆံစကလေးတွေကို သိမ်းသပ်ပေးနေမိလေသည်။

အတန်ကြာမှ

"အသားဖြူလား"

ဟု မေးလိုက်ရသည်။

"အသားဖြူတယ်၊ အရပ်မြင့်မြင့်၊ လက်ပြင်နည်းနည်းကုန်းတယ်"

"ခင်ဖုန်းဆွေ ဖြစ်မှာပါ၊ ဒါပေမဲ့ ခင်ဖုန်းက ငါ့ကို ဘာဖြစ်လို့လာမတွေ့တာလဲ"

"လုံမအထင်ကတော့ သူ အစ်ကို့ကို မိနီမနဲ့ ရှိနေတာကို မြင်သွားပုံရတယ်၊ ပြီးတော့ လုံမကိုလည်း အစ်ကို့ဇနီးလို့ ထင်သွားသလားလို့"

"ဖြစ်နိုင်တယ် လုံမ"

မောင်အောင်က မှတ်ချက်ပေးလိုက်လေသည်။

သည်ညက ကျွန်တော် အိပ်ရာစောစောဝင်လိုက်ရပါတော့သည်။ အိပ်ရာပေါ်ရောက်တော့လည်း အိပ်မရ။ ကျွန်တော့်ဝေဒနာကို လုံမတို့မိသားစု နားလည်ထားကြပါသည်။

ခုတော့လည်း ကျွန်တော်သည်ပင် အမှတ်မဲ့မနေ၊ ခပ်လှမ်းလှမ်းရှိ ရေဘုံဘိုင်ဘေးက ဗာဒံပင်ရိပ်ကို သတိထား၍ ကြည့်နေမိသည်။



တကယ်ပဲ ခင်ဖုန်းဆွေပဲလား သို့မဟုတ် အခြားသူစိမ်းတရံစာ အမျိုးသမီးတစ်ဦးတစ်ယောက်ပေပဲလား။ သည်မနက်ပိုင်းမှာကား အမျိုးသမီးတစ်ဦးကို သူမ၏သမီးဟု ထင်ရသောကလေးမကလေး လက်ဆွဲကိုင်လျက် မီးရထားသံလမ်းကုန်းပေါ်၏ မြေကြီးထစ်လှေကားမှ ဂရုတစိုက်ဆင်း၍လာနေသည်ကို ကျွန်တော် တွေ့လိုက်ရလေသည်။

သူမကို တွေ့လိုက်လျှင်တွေ့လိုက်ချင်း ခင်ဖုန်းဆွေမှန်း ကျွန်တော်သိလိုက်ရပါသည်။ ကျွန်တော့်ဘဝကို ပုံအပ်ခဲ့ရပါသော ခင်ဖုန်းဆွေပဲ မဟုတ်ပါလား။ သည်အချိန်မှာ အနီးသို့ ဘယ်အချိန်က ရောက်နေမှန်းမသိရသော လုံမက

"အဲဒီ အမျိုးသမီးပဲ အစ်ကို"

ဟု အသိပေးလာပါသည်။ ကျွန်တော်သည် လုံမကို အဖြေမပေးနိုင်တော့ပါ။ ရင်ထဲ လှုပ်ရှား၍လာသည်နှင့် ချိုင်းထောက်ကို ဆွဲယူပြီး ထိုင်ရာမှ ရုတ်တရက်ထလိုက်မိပါသည်။ ကျွန်တော့်ကို မြင်လိုက်သော ခင်ဖုန်းဆွေသည် ခြေလှမ်းများ တန့်၍ရပ်သွားပြီး ကျွန်တော့်ကို အငေးသားကြည့်နေသည်။ မိနီမက ဆော့ကစားနေရာမှ ထ၍ ကျွန်တော့်ရှေ့ရောက်လာကာ

"ဦးဦး. . . ဘယ်သွားမလို့လဲ"

ဟု မေးလိုက်လေသည်။ သည်တော့လည်း ကျွန်တော်သည် မိနီမလက်တစ်ဖက်ကို ဆုပ်ကိုင်လျက် မင်သက်နေမိ၏။ သို့သော်လည်း ကျွန်တော့်အကြည့်က ခင်ဖုန်းဆွေနှင့်အတူရှိနေသော မိနီမအရွယ်ကလေးမလေးဆီသို့ ရောက်နေသည်။ ကျွန်တော့်သမီးကလေးပဲဟု အသိတစ်ခု ခေါင်းထဲတိုးဝင်လာသည်။ မိဘမေတ္တာပဲ ထင်ပါသည်။

ခံစားမှုတစ်မျိုးကို ခံစားလာရပြန်သည်။ မျက်ရည်စတွေက ပိုးပိုးပေါက်ပေါက် ကျနေပြီ။

ခင်ဖုန်းဆွေတို့သားအမိလည်း ရပ်မနေတော့ဘဲ ကျွန်တော်တို့ရှေ့သို့ ရောက်လာပါတော့၏။ ခင်ဖုန်းဆွေက ကျွန်တော့်ကို သိုင်းဖက်ပြီး ချုံးပွဲချငိုချလိုက်ပါတော့သည်။ ကျွန်တော်သည်လည်း မျက်ရည်များကို မထိန်းသိမ်းနိုင်တော့ပါ။ လုံမက ကလေးမလေး နှစ်ယောက်စလုံးကို ခေါ်ထားလိုက်ပါသည်။ ကလေးမလေး နှစ်ယောက်မှာ အဖြစ်အပျက်ကို ဘာမျှမသိနားမလည်ဘဲ အငေးသား ကြည့်၍သာ။

ဤသို့ဖြင့် ကျွန်တော်သည် ခင်ဖုန်းဆွေတို့သားအမိနှင့် ပြန်လည်ဆုံတွေ့ခဲ့ရခြင်းပါပေ။ ဤသည်ပင် ခင်ဖုန်းဆွေက

"အသားကျနေတဲ့နင့်ဘဝကို အနှောင့်အယှက်ပေးချင်လို့ မဟုတ်ပါဘူး မိုးဝေ"

စကားကို ပြောဖြစ်ခဲ့ပါသေးသည်။

"ခင်ဖုန်းရယ်. . . နင်က ထင်ချင်သလို ထင်လိုက်တာပဲကို . . . လုံမတို့မိသားစုက ငါ့ကျေးဇူးရှင်တွေပါ"

ဟု ကျွန်တော် ပြောနေခိုက်မှာ လုံမက

"ဒီလိုပါ အစ်မရယ်"

ဟု အစချီကာ အဖြစ်မှန်ကို ခင်ဖုန်းဆွေ လိပ်ပတ်လည်သည်အထိ ရှင်းလင်းပြောပြလိုက်ပါတော့၏။

သည်တော့မှ ခင်ဖုန်းဆွေက သမီးလေးကို ကျွန်တော့်ရှေ့ တွန်းပို့ကာ



"မိုးဝေ. . . နင့်သမီးလေးလေ. . . နင်က သမီးလေးမွေးရင်း ခင်ဖုန်းဝေ နာမည်ပေးရမယ်ဆို. . . သမီးလေးက ခင်ဖုန်းဝေတဲ့"

ကျွန်တော်သည် သမီးလေးခင်ဖုန်းဝေကို ပွေ့ဖက်ထားလိုက်ပါသည်။ မိနီမမျက်ရည်စတွေ သွယ်နေတာကို တွေ့တော့လည်း ကျွန်တော်မနေနိုင်။ မိနီမကို လက်လှမ်းခေါ်ယူပြီး နှစ်ယောက်စလုံးကိုပဲ ပွေ့ဖက်ထားလိုက်ရပါတော့၏။

**ကေတုလှနိုင်**



၂၀၁၄ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု ဝတ္ထုရှည် တတိယဆုရ

# ရင်ဆိုင်တိုက်ပွဲ

## ကေတုလုနိုင်

အဖ ဦးအေး၊ အမိ ဒေါ်မယ်ပုတို့က ၆-၄-၁၉၃၇ ခုနှစ်တွင် တောင်ငူမြို့၌ မွေးဖွားသည်။ တောင်ငူမြို့ စိန့်ဂျိုးဇက် ကွန်ဗန့်၊ တောင်ငူမြို့ အမျိုးသားကျောင်း၊ ရန်ကုန်မြို့ စမ်းချောင်း (၃) ဈေးကွက်သစ် အလယ်တန်းကျောင်း၊ အင်းစိန် အထက်တန်းကျောင်း၊ တက်တိုးကျူတိုရီရယ် ၁၉၆၁ ခုနှစ်တွင် တက္ကသိုလ် ဝင်တန်းအောင်မြင်ခဲ့သည်။ ဘာသာပြန်သင်တန်း (အင်္ဂလိပ်-မြန်မာ) တက်ရောက် အောင်မြင်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် အေဝမ်းရုပ်ရှင်ကုမ္ပဏီတွင် ရုပ်ရှင်ဇာတ်ညွှန်းရေးသား ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် စာပေနယ်သို့ ကေတုလုနိုင် ကလောင်အမည်ဖြင့် ဝင်ရောက်ခဲ့သည်။ ရုပ်ရှင်ဝေဖန်ရေး၊ စာပေဝေဖန်ရေးဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို/ရှည်၊ အက်ဆေး၊ ပြဇာတ်၊ ဘာသာပြန်စာအုပ်များရေးခဲ့သည်။ ပုဂံစာအုပ်တိုက်အဖွဲ့ဝင် အယ်ဒီတာလုပ်ခဲ့သည်။ ခရစ်စတင်ကီးလား အရုပ်တော်ပုံ ဘာသာပြန် (ပုဂံစာအုပ်တိုက်) ရုပ်ရှင်ပဒေသာ၊ ရုပ်ရှင်မျက်မှန်၊ ရုပ်ရှင်အောင်လံ၊ မြင်ကွင်းကျယ်၊ အောင်မြေမဂ္ဂဇင်းတို့တွင် အဖွဲ့ဝင်အယ်ဒီတာ၊ တာဝန်ခံအယ်ဒီတာအဖြစ် လုပ်ခဲ့သည်။ မြောက်ဥက္ကလာပမြို့နယ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် အတွင်းရေးမှူး (၁၂) နှစ်လုပ်ခဲ့ပြီး ယခုအခါ အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည်။ ရုပ်ရှင်စိန်ရတုသဘင်ရုပ်ရှင် ဇာတ်ညွှန်းဆောင်းပါးဆု၊ ဗီဒီယို ဇာတ်ကားဆု၊ ဗီဒီယိုဇာတ်ညွှန်းဆုတို့ ရရှိခဲ့ သည်။“

၂၀၁၁ ခုနှစ်တွင် စာပေဗိမာန်စာမူ ဝတ္ထုရှည် ဒုတိယဆုရရှိခဲ့သည်။ ယခုအခါ ဇနီးဒေါ်ကြင်သန်း၊ သားသမီး ခုနစ်ယောက်နှင့်အတူ စာပေများ ရေးသားလျက်ရှိသည်။

အမည်ရင်း - ဦးလုမြင့် ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၃၉၁၊ ရူပါရုံလမ်း၊ ၄၇ ရပ်ကွက်၊
ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။